www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကလျာ (ဝိဇ္ဇာ/သိပ္ပံ)

# ချစ်ရာနှုန်းတစ်ရာ့တစ်

ပထမအကြိမ် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ
ဒုတိယအကြိမ် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၁)

သို့

ဒေါ်ခင်သီတာ

အထက်တန်းပြဆရာမ

အစိုးရအထက်တန်းကျောင်း

ဟိုပင်မြို့

ကချင်ပြည်နယ်

မေမေ. . .

သမီးရဲ့ သေစာ စာရေးလိုက်ပါတယ်။ မေမေ့စာနှစ်စောင်လုံးရပါတယ်။ ချက်ချင်းစာမပြန်နိုင်တာတို့တော့ မေမေ ခွင့်လွှတ်ပါ။

ကြောင့်မှုစိတောင်စာဆုံးမြီး

www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့စာတမ်း (Term-Paper) အတွက် အသေအလဲ လုံးပမ်းနေရလို့ပါမေမေ။

ခုတော့ ပြီးသွားပါပြီ။

သမီးကို ရေးခွင့်ပေးတဲ့ စာရေးဆရာဟာ သိပ်သဘောကောင်းတာပဲ မေမေရယ်၊ သမီးရဲ့ စာတမ်းကိစ္စကို သူ အစအဆုံး ကူညီရှာပါတယ်၊ အခွယ်က မေမေ့ လောက်ရှိပါပြီ၊

ဒီစာနဲ့အတူ အဲဒီဆရာ ခက်ဝေ (ကျွန်းနုမြေ)ရဲ့ စာပေတွေ၊ သူ့ရဲ့အယူအဆ၊ အတွေးအခေါ်ကအစ သူရဲ့ အတ္ထုပ္ပတ္တိ အစုံအလင်လဲ ပါရှိပါတယ်။

မေမေဖတ်ရအောင် သမီးပြုစုထားတဲ့ စာတမ်းကြီးပါ ...က်နှိပ်စက်ရိုက်ပြီးပို့ပေးလိုက်ပါတယ်။

ဆရာ့ကို မေမေသာ တွေ့ရရင်လဲ ခင်မင်မိမှာပါ၊

သိပ်သဘောကောင်းပါတယ် မေမေ၊ သမီးမှာလဲ အသေးစိတ်ကူညီရှာတယ်၊ သိပ်လဲ ...ထားပါတယ်။

မေမေ သမီးဆီမလာနိုင်သေးရင်လဲ၊ ဆရာ ...ခက်ဝေဆီကို ကျေးဇူးတင်ကြောင်းဖြစ်ဖြစ် စာတစ်စောင်လောက် ရေးပို့ပေးလိုက်ပါလား မေမေ နော်။

စာတမ်းကိစ္စပြီးသွားရင် သမီးဟိုပင်ကို ပြန်လာခဲ့ရမလား၊ မေမေ ရန်ကုန်လာမလားဆိုတာ ကြိုတင်ပြီး စာရေးလိုက်ပါနော်။

အန်တီကြည်ပြာတို့ မိသားစုအားလုံးလဲ ကျန်းမာ...ကြပါတယ်။

မေမေလဲ ကျန်းမာရွှင်လန်းပါစေ...။

ပန်းအိဖြူ

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်

ရန်ကုန်မြို့

သမီးလေးရဲ့စာကို ဒုတိယမြောက်အဖြစ် နှစ်ခေါက်ဖတ်ပြီး ...ာမှ သမီး၏ 'စာတမ်း' လွှာ တစ်ထပ်ကြီးကို ယူကြည့်လိုက်မိသည်။

ပထမ ဒေါ်ခင်သီတာ စိတ်မပါလှသော်လည်း မြန်မာစာ ...နောက်ဆုံးနှစ်တွင် တင်ရသည်ဆိုသော သမီးလေး၏ကြိုးပမ်းမှု ...ကိုဖြင့် ဒေါ်ခင်သီတာ ဖတ်ကြည့်ရပါဦးမည်။

စာတမ်းပြုစုသူ . . . မပန်းအိဖြူ။

ခုံအမှတ် . . . မာ ၄၆။

အကြောင်းအရာ စာတမ်းမှာ

'စာဆို၏ အတ္ထုပ္ပတ္တိနှင့်စာပေ'

သည့်အောက်တွင် စာတမ်းပါ အချက်အလက်များ ...ပါဝင်သည်၊ ဤစာတမ်းမှာ မဟာဝိဇ္ဇာအတွက် 'ကျမ်းပြုစာတမ်း' ...ဟုတ်ပါပဲ၊ ဝိဇ္ဇာဘွဲ့(မြန်မာစာအဓိက)အတွက် သက်ဆိုင်ရာဌာနမှူး ...က ချပေးသော ခေါင်းစဉ်အောက်တွင် တင်သွင်းရသော 'စာတမ်း' ...ဖြစ်ပါ၏။

ကျေးဇူးစကား၊ စကားချီး၊ စာရေးဆရာ၏ အတ္ထုပ္ပတ္တိ၊





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စာပေနှင့် ပတ်သက်၍ တင်ပြချက်၊ ဝတ္ထု တစ်ပုဒ်ချင်းအပေါ် ထင်မြင်ချက်၊ စာရေးဆရာ၏ စိတ်ကြိုက်ဝတ္ထုများအပေါ် လေ့လာဝေဖန်ခြင်း၊ ဝတ္ထုအားလုံးအပေါ် ခြုံငုံဝေဖန်ခြင်းများနှင့် နောက်ဆက်တွဲ၊ ဝန်ခံစကား . . . စသည့်အချက်အလက် အစုံအလင်ပါရှိပါ၏။

ဒေါ်ခင်သီတာမှာ သမီးလေး တရင်းတနှီး တလေးတစား ရှိနေသော စာရေးဆရာ ခက်ဝေ (ကျွန်းနုမြေ) ဆိုသူ၏ အကြောင်းကို သိချင်လာသည်နှင့် အမှတ်မထင်ပင် စတင်ဖတ်ရှု လိုက်မိသည်။

**ခက်ဝေ (ကျွန်းနုမြေ)** ဟူသော ကလောင်အမည်ဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော စာဆိုရှင်၏အမည်ရင်းမှာ '**ဦးတာရာ**' ဖြစ်ပါ၏။

"ဟင် . . . ဦး . . . တာရာဆိုပါလား"

ဆရာခက်ဝေသည် မြစ်ဝကျွန်းပေါ်၊ ပုသိမ်သားဇာတိဖြစ်ပါ၍ သူ့ကလောင်အမည်ကို 'ကျွန်းနုမြေ'မှ 'ကိုခက်ဝေ' ဟူ၍ . . .။

'အို . . . ပုသိမ်ကတဲ့၊ သူ . . . သူဟာ ကိုတာရာဟာ 'သိန်းထိုက်ရတနာ'က ကိုတာရာများလား'

ဒေါ်ခင်သီတာမှာ စာကို အလောတကြီး ဆက်ဖတ်နေမိသည်။ အတိတ်၏ဒီလှိုင်းများသည် ပစ္စုပ္ပန်မှ ဒေါ်သီတာ၏ နှလုံးသားကမ်းပါးကို အရှိန်ပြင်းစွာရိုက်ပုတ်လာနေပါပြီတည်း။

အဖအမည် 'ဦးအောင်ကြီး'၊ အမိအမည်က 'ဒေါ်ခင်မေ' ပညာအရည်အချင်းက ဘီအေဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့ပြီး

ရန်ကုန်မြို့တွင်ပင် ကြီးပြင်းကာ ဦးလေးဖြစ်သူ





ဦးသန်းထိုက်၏ 'သိန်းထိုက်ရတနာ' နိုင်လွန်စက်ကြီးတွင် မန်နေဂျာအဖြစ် . . .

"အမလေး . . . ဟုတ်ပါပြီ၊ သူ . . . သူမှ သူပါပဲလား"

ဒေါ်ခင်သီတာမှာ စာတမ်း စာရွက်ထပ်ကြီးကို သက်ရှိတစ်ယောက်ပမာ ကြောက်လန့်တကြား တွန်းပစ်လိုက်သည်။

အနှစ် နှစ်ဆယ်နီးပါးမျှ ငြိမ်သက်နေခဲ့ရသော မိမိ၏ ရင်တွင်းမှ နှလုံးသားသည် **အတိတ်၏** ချောက်လှန့်မှုကြောင့် တုန်လှုပ်စွာ နိုးကြားလာခဲ့ရပါပြီ။

"ဩော် . . . ကိုတာရာ . . . ကိုတာရာ . . .၊ ရှင် . . . ရှင် . . . မသေသေးဘဲကို"

"ကျွန်မဟာ ကိုတာရာတို့ရဲ့ 'သိန်းထိုက်ရတနာ နိုင်လွန်စက်ကြီး' ရှိရာ ရှစ်မိုင်ခြံကြီးကို စွန့်ခွာလာခဲ့တာ အနှစ်နှစ်ဆယ်တိတိ ရှိပါပြီရှင်"

"ဒါပေမယ့် . . . သီတာရဲ့ရင်ထဲမှာတော့ ဒီလိုကြောက်မက်ဖွယ်၊ နာကျည်းဖွယ်၊ ရွံ့မုန်းဖွယ်တွေနဲ့အတူ ကြည်နူးရခြင်း၊ ကြင်နာရခြင်း၊ မေတ္တာထားရခြင်း ဆိုတဲ့ . . .

ခံစားမှုပေါင်းဆုံရာ နယ်မြေကိုတော့ တစ်နေ့တစ်ရက်မှ မမေ့နိုင်ခဲ့တာ၊ ဒီနေ့ထိအောင်ပါ"

"သမီးလေး ပန်းအိဖြူတောင် ဘွဲ့ရတော့မယ့်အရွယ် ရောက်နေပါပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတာရာရယ်. . . ဒီအကြောင်းအရာတွေကို ရှင့်စိတ်ထဲမှာ မေ့ပျောက်သွားပြီလား ဟင်. . ."

"ကျွန်မစိတ်ထဲမှာတော့ရှင် . . . ကျောက်ထက်အက္ခရာနဲ့ ကမ္ပည်း တင်ထားသလို နိုင်မာမြဲမြံလှပါဟယ်"

"ကျွန်မ ရန်ကုန်လိုက်ခဲ့မယ်"

"ကျွန်မသမီးနဲ့ရှင်နဲ့ ဒီ့ထက်ပိုပြီး ရင်းရင်းနှီးနှီးမရှိခင်မှာ ကျွန်မ အမှီလိုက်လာခဲ့မယ် ကိုတာရာ"

ဩော် . . . အနယ်ထိုင်နေပြီဖြစ်တဲ့ . . . တည်ငြိမ်၊ ရင့်ကျက် နေပြီဖြစ်တဲ့ ဒေါ်သီတာရဲ့. . .

နှလုံးသား သောင်ကမ်းဆီသို့ ဝေးလံသော အရပ်ဆီမှ 'အတိတ်လှိုင်း' များသည်. . .

တစ်လိမ့်ချင်း . . . တစ်လိပ်ချင်း ဖြည်းညှင်းစွာ ရိုက်ခတ်ထိတိုက် လာချေပါပြီတည်း။

❖ ❖ ❖



● အခန်း (၂)

မန္တလေး - ရန်ကုန် နေ့ချင်းပေါက်ရထားမရှိသေးချိန်။

နေ့လယ်ပိုင်းထဲက ဆိုက်ရောက်ရန် ဖြစ်သော်လည်း ရထားလမ်း ရေကျော်နေမှုကြောင့် ည (၇) နာရီခွဲမှ မန္တလေး အစုန်ရထားမှာ ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာတော့သည်။

ရာသီက ဆောင်းဝင်စမို့ (၆) နာရီခွဲလောက် ဆိုလျှင်ပင် ပိန်းပိတ်အောင် မှောင်နေခဲ့လေပြီ။

ခင်သီတာမှာ လာကြိုမည်ဆိုသော သူများကို ဝိုင်းဝိုင်းလည်သော အကြည့်များဖြင့် လူအုပ်များကြားတွင် ရှာဖွေမိသည်။

ဖောရှိန်မြင့်နေသော လူအုပ်ကြီးမှာ သူကိုယ်တိုက်၊ ကိုယ့်သူတိုက်ဖြင့် လိုက်ပါလာသည့် ခရီးသည်ကို ရှာကြသည်။ ခရီးသည်မှ



www.burmeseclassic.com

www.burmeseclassic.com



ကြိုဆိုမည့် လူများကို ကြည့်ကြရသည်။ ပစ္စည်းသယ်ချင်သူ၊ ကားငှား စေချင်သူများကလည်း ကိုယ့်ဇောနှင့်ကိုယ် . . .။

"ခင်သီတာ ဆိုတာလား"

"အာ. . . အင်. . . ဟုတ်. . . ဟုတ်တယ်"

လူအုပ်များကြားမှ ထိုးထွက်လာသော အသံကြီးကြောင့် ခင်သီတာ အလန့်တကြား အဖြန့်ဖြန့် ဖြစ်သွားရသည်။

"ဒါဖြင့် လာ. . . သွားကြမယ်"

"ရှင်. . ."

"သိန်းထိုက်ရတနာ ကို လာတာ မဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်"

"အဲ. . . ဟုတ်ရင် လာလေ. . .၊ ဦးသိန်းထိုက်က ကြိုခိုင်း လိုက်တာပဲ"

ခင်သီတာမှာ မယုံရဲ၊ ယုံရဲစိတ်ဖြင့် . . .

"ဦး . . . ဦးသိန်းထိုက် ကိုယ်တိုင် လာကြိုမယ် ဆိုပြီး တော့. . ."

"ဟုတ်ပါတယ်. . . သူမအားလို့ ကြိုခဲ့ပါဆိုပြီး ကျွန်တော့် ကိုလွှတ်လိုက်တာ၊ ဒီမှာ တွေ့လား"

ယုံကြည်ထိုက်စရာမကောင်းသောအင်္ကျီရုပ်နှင့် လူနှစ် ယောက်က ထုတ်ပြသော ဓာတ်ပုံကို ခင်သီတာ လှမ်းကြည့်မိသည်။

အမှန်ပါပဲ၊ ဦးသိန်းထိုက် ကြည့်ဖို့အတွက် ကြိုတင်ပို့ ပေးထားခဲ့သော ခင်သီတာ၏ဓာတ်ပုံ။

ဒါဖြင့် သေချာပါပြီ. . .။





ဟူသော ယုံကြည် စိတ်ချစိတ်ဖြင့် ထိုသူနှစ်ယောက်၏ နောက်မှ ခင်သီတာလိုက်ဖြစ်ခဲ့ရသည်။

ဂျစ်ကားတစ်စီးနှင့် . . .

ဤလူနှစ်ယောက်သာ။

ခင်သီတာမှာ မိမိ၏ ဓာတ်ပုံကို ပြနိုင်ကြသူများ အဖြစ်နှင့် ယုံကြည် ကိုးစားစိတ်ထားပြီး ဂျစ်ကားပေါ်သို့ တက်လိုက်ရသည်။

မောင်းသူ၏ ဘေးတွင် ခင်သီတာ။

နောက်တစ်ယောက်က ခင်သီတာ၏ နောက်မှာ။

ကားပေါ်တွင် စကားတစ်လုံးမှ မပြောဖြစ်ကြ။ ခင်သီတာ က ဘာမှမမေးရဲ။

တကယ်ဆိုလျှင် အိမ့်ရှင် သူတို့အနေနှင့် တစ်စုံတစ်ခုသော ပဋိသန္ထာရ စကားမျိုးဆိုထိုက်ပါသည်ဟု ခင်သီတာထင်မိသည်။

"လူဆိုးတွေများ ဖြစ်နေမလား"

"ကြိုခိုင်းလိုက်တာမှ ဟုတ်ရဲ့လား"

"ရန်ကုန်မြို့ သိပ်ရှုပ်တယ်တဲ့။ ငါ့ကိုဘယ်များ ခေါ်သွား ကြမလို့ပါလိမ့်"

ယင်း သံသယစိတ်များသည် ကားဘီးလည်ပတ်နေသည် သို့ပင်။ ခင်သီတာ၏ရင်မှာ အရှိန်ပြင်းစွာ လည်ပတ်နေရပါ၏။

ဦးဝိစာရလမ်းမှ ထွက်ပြီး လက်ယာဘက်ချိုးကာ ပြည်လမ်း သို့ ဦးတည်နေ၍ မှန်ကန်နေပါကြောင်း ခင်သီတာ သိရှိလာသည်။

ကားရှိန်က ပိုမြင့်လာသည်။

မြေနီကုန်း၊ ကမာရွတ်၊ သီရိ၊ မာလာဆောင်နှင့်အင်းလျား



www.burmeseclassic.com

www.burmeseclassic.com



ကန့်ပေါင်ကြီးဘေးမှ ဖြတ်ပြီး ခြောက်မိုင်ခွဲ၊ ခုနစ်မိုင်သို့ ရောက်ခဲ့ပါပြီ။

"ရှေ့မှာ မှောင်လှချည်လား"

ကားမီးရောင်တန်း နှစ်သွယ်သည်သာ အလင်းစွယ်အဖြစ်နှင့် ရှေ့လျားနေသည်။

"မ. . . မရောက်သေးဘူးလား"

ထိန်း၍ ပြောပါလျက်နှင့် အသံက တုန်ရသည်။ စကားက ထစ်သွားရပါ၏။

"နီးပြီ"

ဤ စကားနှစ်လုံးအပြီး၊ ဘာသံမှ ဆက်၍မလာကြတော့။ နှစ်ယောက်စလုံး ကျောက်ဆစ်ရုပ်များ ဖြစ်သွားကြပြီလား။

ဤပုံစံအတိုင်း ဆယ်မိနစ်မျှ ဆက်၍ သွားပြီးသည့်အခါတွင်

"ဟ. . . ဟ"

ကားမောင်းသူက အော်လိုက်သည်။

ကားက ပရမ်းပတာဖြစ်သွားသည်။

" အမယ်လေး . . . အမယ်လေး"

ခင်သီတာမှာ ကားရှေ့ကကြိုးကို မြဲမြဲကိုင်ပြီး ခြေနှင့်တွန်းကန်ထားရင်း ကြုံးအော်လိုက်မိသည်။ ကားက ကွေ့ဝိုက်၍ အရှိန်နှင့် သွားနေသည် ထိန်းမရတော့။

"ရပ်. . . ရပ်လိုက်"

နောက်ကလူကအော်သည်။ ကားမောင်းသူက. . .





"ဘရိတ်ပေါက်သွားပြီ"

"ဟာ. . . ဟာ. . . ဒုက္ခပဲ"

"ဒိန်း. . . "

အော်သံနှင့်အတူ ကုက္ကိုပင်စည်ကြီးကို ကားဝင်တိုက်သံတို့ တစ်ဆက်တည်း ပေါ်လာရပါ၏။

"အမယ်လေး. . . "

ခင်သီတာမှာ ကားပေါ်မှ အရှိန်ဖြင့် လိမ့်ကျသွားတော့သည်။

တော်ပါသေးသည်၊ မြက်ခင်းပြင်အောက်တွင် မြေပျော့ရှိနေသော နေရာဖြစ်၍ နာကျင်မှုက မကြီးမားလှ။

"မင်းလုပ်လိုက်ရင် နည်းနည်းမှမသေချာဘူး၊ ဘယ့်နဲ့လဲ အမျိုးသမီး ထနိုင်လား"

နောက်ကလူက နှစ်ယောက်စလုံးကို တစ်ဆက်တည်း ပြောလိုက်သည်။

ခင်သီတာမှာ မြေကြီးထဲမှ ကြုံး၍ထလိုက်ရသည်။ ရက်ကြောက်ခြင်းများသည် ခင်သီတာ၏ ရင်ထဲမှစကားလုံးများကို ပိတ်ဆည်းထားကြသလို ဖြစ်နေသည်။ ဘာမှ ပြန်မပြောဖြစ်မိ။ ကားမောင်းသူက. . .

"ကဲ. . . ကားဘရိတ်တော့ ပေါက်သွားပြီ၊ မောင်းလို့မရတော့ဘူး"

"ရှင်. . . "

"မဝေးတော့ပါဘူး၊ အဲဒါသိန်းထိုက်ရတနာ နိုင်လွန်စက်ကို သွားတဲ့ လမ်းကြားထိပ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဘာသာ လျှောက်သွား၊ သုံးခြံလောက်ကျော်ရင် ရောက်ပြီ"

"အို. . ."

သူ ညွှန်သောလမ်းထဲသို့ လှမ်းကြည့်မိသည်။ အမှောင် ပကတိ။

"ခင်ဗျားသေတ္တာ ထားခဲ့၊ ကျွန်တော်တို့ ကားပြင်ပြီးတော့ ယူလာခဲ့မယ်။ သွားတော့လေ"

ရုတ်တရက် ခင်သီတာ မဝေခွဲနိုင်။

အမှောင်လမ်းကို စမ်းတဝါးဝါးဖြင့် တစ်ယောက်ထဲသွားရ ကောင်းမလား။

ဤသူ နှစ်ယောက်နားတွင် ဆက်၍နေရကောင်းမလား။

"သွားလေဗျာ. . . ရထားက နောက်ကျတဲ့အထဲ ဟိုက စောင့်လှရောပေါ့"

မိမိ၏ခရီးဆုံးမှာ သိန်းထိုက်ရတနာ ဖြစ်ပါ၍ အမြန် ဝင်ရောက် နားခိုချင်စိတ်က ကြီးစိုးလာမိသည်နှင့်. . .

သူတို့ကိုလဲ မနှုတ်ဆက်တော့ပါဘဲနှင့်၊ မြေနီလမ်းလေး အတိုင်း ခပ်သုတ်သုတ် လျှောက်လာမိသည်။

ဤလမ်းမှာ ကုန်းမြင့် လမ်းလေး၊ အောက်ခြေရှိတဲအိမ်ငယ် လေးများဆီမှ မီးရောင် လက်လက်ကလေးများကို မြင်နေရသည်။

ညို့မှိုင်း မဲမှောင်နေသောနေရာများမှာ၊ လျှိုနှင့်သစ်ပင် အုပ်များဖြစ်ပါသည်။

ညဦး၏ အအေးဓာတ်သည် ခင်သီတာကို မလွှမ်းမိုးနိုင်





ဇောချွေးလေးများ ခိုသီးလျက် ကသုတ်ကရက် လျှောက်လာ နေရသော ခင်သီတာ၏ နောက်ဘက်ဆီမှ. . .

"အို. . . ကားတစ်စင်း . . . အရှိန်ပြင်းလှချည်လား"

ယင်းအသိဖြင့် လမ်းဘေးသို့ တိမ်းရှောင်ပေးမိသည်။

"အို. . . ဘယ်လိုလဲ"

စက္ကန့်ပိုင်းမျှ အဖြစ်အပျက်ပါ. . .

စောစောက ခင်သီတာစီးလာသော ဂျစ်ကားဟုပင်ထင်မိ ပါသည်။

တောင်စောင်းငယ်ထိပ်တွင် ရပ်နေသော ခင်သီတာ၏ တည့်တည့်သို့ တမင်ဝင်တိုက်ပါ၍. . .

နောက်ဖက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရသည်။

ဤခြေတစ်လှမ်းသည် ခင်သီတာ၏ဟန်ချက်ကို လွတ်ထွက် သွားစေတော့သည်။

တမင်ဝင်တိုက်သောကားနှင့် မတိုက်မိပါသော်လည်း ကုန်းမြင့်ပေါ်မှ အရှိန်ပြင်းစွာ ကစဉ့်ကလျား လိမ့်ကျသွားရပါပြီ။

လေထဲတွင် အရှိန်ပြင်းစွာ ခြေလွတ်လက်လွတ် မြောက်သွား ပြီးသည့်နောက်တွင်. . .

မာကျောသော အရာတစ်ခုနှင့် ကိုင်ရိုက်လိုက်သလို တစ်ကိုယ်လုံး ထိမိပြီးနောက် လိမ့်ကျခြင်းမှ ရပ်တန့်သွားတော့သည်။

တစ်ကိုယ်လုံး နာကျင်မဆုံး။ အနာကျင်ဆုံးနေရာက ဦးခေါင်း၏ရှေ့ပိုင်း . . .

သည့်နောက်တွင်ဖြင့် ခင်သီတာ၏ သိမြင်တွေးဆနိုင်သော



www.burmeseclassic.com

www.burmeseclassic.com

အသိဉာဏ်တရားအားလုံးသို့ အနက်ရောင် မှောင်နေသော ကန့်လန့်ကာကြီး ဖုံးအုပ်လိုက်လေပြီတကား။

❖ ❖ ❖



● အခန်း (၃)

"မခင်သီတာ"

"မခင်သီတာ သတိရပြီလား"

ပထမ ဝိုးတဝါး၊ နောက်မှအားယူ၍ အသိဉာဏ်ကိုစုစည်း သည်။

ဝေးလံသော အရပ်ဆီမှပြန်လာရသည်လို တဖြည်းဖြည်း ...းသာ သိမှတ်လာရပါ၏။

"ဟော. . . မျက်စိဖွင့်ကြည့်ပြီ . . . သတိရလာပြီ"

အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားနှစ်ယောက်၏ ...နှာမှာ မှုံဝါးရာမှကြည်လင်လာသည်။

အမျိုးသမီး၏ လက်တွင် ကတ်ပြားတစ်ခုကို ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖြူရောင်အင်္ကျီနှင့် နက်ပြာရောင်ထမိန်ပြောင်ကို ဝတ်ဆင်ထားပြီး ခေါင်းတွင် ဖြူဖွေးကော့ပြန်နေသော ကက်(ပ်)ကို ဆောင်းထားပါ၍ . . .

"ဆရာမ . . . ဒါ . . . ဒါ ဆေးရုံလားဟင်"

"ပရိုက်ဗိုက်ကလင်းနစ်(က)ပါ၊ "ချမ်းသာဆေးကုခန်း" လို့ ခေါ်ပါတယ်"

"ကျွန်မ . . . ကျွန်မ ဘာဖြစ်လို့လဲဟင်"

"ညကလေ . . . ကားပေါ်ကလိမ့်ကျလို့တဲ့၊ ဆေးရုံလာတော့ သတိမေ့နေတယ်"

"ဩော်"

"ကျွန်မတို့ရဲ့ ဆရာဝန်ကြီးက အသေအချာစစ်ဆေးပြီးပါပြီ"

"ဟုတ် . . . ဟုတ်ကဲ့"

"နည်းနည်းပါးပါးပွန်းပဲ့တာကလွဲလို့ ဘာဒဏ်ရာမှ မရှိပါဘူးတဲ့"

"ဩော်"

"အဲ . . . ခေါင်းမှာသာ ဒဏ်ရာ နည်းနည်းရလို့ ဆေးထည့်ပြီး ပတ်တီးစည်းပေးထားတယ်၊ နေ့စဉ် ဆေးလာထည့်ရင်ရပါပြီ"

"ဟုတ်ကဲ့"

"အခုတော့ အိမ်ကိုပြန်လိုက်သွားလို့ရပါပြီ၊ ဆေးသောက်ဖို့တော့ ကိုကျော်သူကို မှာလိုက်ပြီးပြီ"

"ရှင် . . . အိမ်ကို"

"ဟုတ်တယ်လေ . . . ကောင်းနေပြီပဲ၊ ဆေးခန်းမှာ ဘာလုပ်ဆက်နေတော့မှာလဲ၊ အိမ်ကိုပဲ ပြန်တော့ပေါ့၊ မမ ဟိုဘက်ခန်းကို သွားလိုက်ဦးမယ်နော်"

အထက်တန်းသူနာပြုဆရာမက လှည့်ထွက်သွားသည်။

သန့်ရှင်းသော အခန်းကျဉ်းလေးထဲတွင် ရှိနေသော အမျိုးသားနှစ်ယောက်၏မျက်နှာကို ခင်သီတာ အလန့်တကြား ကြည့်လိုက်မိသည်။

သူတို့သည် ခင်သီတာအတွက် မျက်နှာစိမ်းများချည်းသာ၊ တစ်ခါမှ မမြင်တွေ့ဘူးခဲ့။

"ဆရာမ . . . ဆရာမ နေပါဦး"

အခန်းဝမှ ကွယ်ပျောက်ခါနီးဆဲဆဲ သူနာပြု ဆရာမကို ခင်သီတာ အဖောတကော လှမ်းခေါ်လိုက်မိသည်။

သူနာပြု ဆရာမမှာ အလန့်တကြားနှင့် ပြန်လှည့်ဝင်လာသည်။

"သူတို့ . . . သူတို့ ဘယ်သူတွေလဲဟင်၊ ကျွန်မ . . . ကျွန်မ ဘယ်ကိုလိုက်သွားရမှာလဲရှင်"

"ဟင် . . . သူတို့ကို မသိဘူးလား"

"ဟင့်အင်း . . . မသိဘူး . . . ကျွန်မ . . . မသိဘူး၊ တစ်ခါမှလဲ မမြင်ဖူးဘူး"

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့၏မျက်နှာမှာ အပြောင်းအလဲများစွာ ဖြစ်သွားကြောင်း၊ ခင်သီတာ သတိထားလိုက်မိသည်။





www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူဆိုသော ခေါင်းဆောင်ဖြစ်ပုံရသူကပြည်းလေးစွာ ခေါင်းညိတ်ရင်း စဉ်းစားဟန်ဖြင့် . . .

"ကျွန်တော့်ကို တစ်ခါမှ မမြင်ဖူးဘူးလား၊ စဉ်းစားပါဦး"

"ဟင့်အင်း . . . မမြင်ဘူးပါဘူးရှင်"

သူက ရှင်ကြည်စွာပြုံးရင်း . . . ဆရာမသို့လှည့်ကြည့်လိုက်ပြီး . . .

"သူ အတိတ်ကိုများ မေ့သွားပြီလား"

"ရှင် . . ."

"ကဲ ညီမရယ် ပြန်စဉ်းစားကြည့်စမ်း၊ ညီမဘယ်ကလာသလဲ ဘယ်သွားမှာလဲ၊ ခုလို မမေ့ခင်ကအထိ ဘာတွေသတိရသလဲဟင်"

"ကျွန်မ . . . ကျွန်မ"

ခင်သီတာ၏ ကြည်လဲ့သော မျက်ဝန်းမှာ မျက်ရည်များဝေ့ဝဲလာသည်၊ အတိတ်ဖြစ်ရပ်များကို အပြေးအလွှား စဉ်းစားရပါသည်၊ ပြောရပါသည်။

"ကျွန်မ . . . ကျွန်မ ရထားက ဆင်းလာတယ်"

"ဟုတ်ပြီ"

"လူနှစ်ယောက် လာကြိုတယ်"

"သူတို့တွေလား"

ဆရာမက လက်ညှိုးညွှန်၍ ကိုကျော်သူတို့ကို ပြသည်။

"မဟုတ်ပါဘူး"

"ဒါဖြင့် ဆက်ပြောပါဦး"

"အဲ . . . ဟို . . . ဂျစ်ကားနဲ့ ကြိုလာတယ်၊ ကားထောက်ရိုက်ပေါက်သွားတယ်"

ကိုကျော်သူ၏ စူးစိုက်မှုက လွန်ကဲလာသည်၊ ခင်သီတာကိုကြည့်နေသော မျက်ဝန်းမှာ၊ မျက်တောင်မှ ခတ်ပါရဲ့လားမသိ၊ ပြူးကြည့်နေပါ၏။

"အင်း . . . ဆက်ပြောပါဦး"

"ဒါ . . . ဒါနဲ့ . . . ကျွန်မကို သူတို့က သွားခိုင်းတယ်"

"ဟုတ်ပြီ ပြောပါ"

"မှောင်ထဲမှာ ကျွန်မလျှောက်လာတော့ အဲဒီကားပဲနောက်ကလိုက်တိုက်တယ်"

"ဟင် . . . တကယ်မှတ်မိသလား၊ ဟုတ်ရဲ့လား"

"မှတ် . . . မှတ်မိပါတယ်၊ ဟုတ်ပါတယ်ရှင်၊ အဲဒီဂျစ်ကားကြီးက ကျွန်မကိုတိုက်ဖို့တိုးလာတော့ ကျွန်မလဲနောက်ဆုတ်ပြီးရှောင်လိုက်တာ၊ တောင်ကုန်းလေးပေါ်က လိမ့်ကျသွားပါတယ်"

"အင်း . . . ဒီနောက်တော့ မေ့သွားရောလား"

"ဟုတ်ပါတယ်ရှင်"

"ညီမနာမည် ဘယ်လိုခေါ်လဲ"

"ရှင် . . . ခင် . . . ခင်သီတာလို့ ထင်တာပဲ"

"ဟုတ်တာပေါ့ . . . ခင်သီတာပဲ . . . မှန်ပါတယ်"

ခင်သီတာ သက်ပြင်းရှိုက်လိုက်မိသည်။ မိမိဘဝမပျောက်သေးပါလား ဟူသော အသိရှိနေစဉ်မှာပင် . . .

"ညီမ ပြောတော့ မီးရထားနဲ့ လာတယ်လို့ ပြောတယ်





www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့"

"အဲဒါ ဘယ်ကပြန်လာတာလဲ"

"ရှင်. . . ရှင်"

ခင်သီတာ စဉ်းစားပါသည်၊ မီးရထားဆိုက်ချိန် မြင်ကွင်းမှ လွဲ၍ မိမိစတင်စီးနင်းလိုက်ပါလာခဲ့သည့် နေရာကို လုံးဝစဉ်းစား၍ မရတော့ပါလား။

"အို. . . ကျွန်မ. . . ကျွန်မ စဉ်းစားလို့ မရတော့ဘူး ကျွန်မ ဘယ်က လာတာလဲရှင်"

"ကဲလေ. . . ဒါ ထားလိုက်တော့၊ သွားရမဲ့နေရာရော စဉ်းစားလို့ရလား"

"ကျွန်မ. . . ကျွန်မ သွားမယ့်နေရာကလေ. . ."

ခင်သီတာမှာ မျက်ရည်များ ကျဆင်းလာသည်၊ မှုန်ဝေနေသော မှန်တစ်ချပ်ကို ပွတ်သုတ်လိုက်ရသလိုပင် ဝိုးတဝါးဖြစ်နေသော အသိအာရုံများကို ကြည်လင်လာစေရအောင် မနည်းအားယူ၍ စဉ်းစား လိုက်သည့်အခါတွင်. . .

"စက်. . . စက်ရုံ. . . နိုင်လွန်စက်ရုံ"

"အဲ. . . ဟုတ်ပြီ၊ နာမည် စဉ်းစားပါဦး"

"သိန်း. . . သိန်းထိုက်ရတနာ"

ပထမဆုံး ပြုံးလာသူက ကိုကျော်သူ။

ခင်သီတာ၏အဖြစ်မှာ ရထားပေါ်က ဆင်းပြီး၊ ဂျစ်ကား တစ်စင်းနှင့် လာခဲ့သည်၊ ကားဘရိတ် ပေါက်သည်ဟု ဆိုပြီး ရပ်သွားသည်၊ အမှောင်ထဲတွင် လျှောက်လာရစဉ်၊ ကားနှင့် လိုက်တိုက်ခံရ၍





လိမ့်ကျသွားခဲ့သည်။

မိမိဦးတည်သွားရာနေရာသည် သိန်းထိုက်ရတနာ နိုင်လွန် စက် ရှိရာ မြို့ကြီးဆီသို့. . .

ယင်းအကြောင်းအရာမှလွဲ၍ ဤမြို့သို့ ဘာလာလုပ်မှန်း လည်း စဉ်းစား၍မရ။

မိမိဘယ်အရပ်မှ လာခဲ့သည်ဟုလည်း တွေး၍ မရခဲ့ပါချေ တကား။

"ဟုတ်တယ်လေ. . . ခင်သီတာ စဉ်းစားလို့ရတာ မှန်ပါ တယ်၊ ဒါဆို တဖြည်းဖြည်းတော့ အားလုံး သိလာမှာပါ၊ သူတို့က သိန်းထိုက်ရတနာနိုင်လွန်စက်ကပဲ၊ ခင်သီတာ သူတို့နဲ့ပဲ လိုက်သွားပေါ့၊ ဟိုကျတော့ အားလုံး ပြန်သတိရလာမှာပါ"

အေးဆေးစွာ ပြောပြီး၊ အေးဆေးစွာ ပြန်ထွက်သွားသော၊ သူနာပြုဆရာမ၏ နောက်ကျောပြင်ကို မျက်ရည်များကြားမှ အားကိုး တကြီးပင် ခင်သီတာ မျှော်ကြည့်နေမိပါသေးသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၄)

"သိန်းထိုက် ရတနာ နိုင်လွန်စက်ကြီး"

ဤအမည်ကို အဘယ်ကြောင့်များ သိမှတ်ရွတ်ဖတ်ခဲ့မိပါလိမ့်။

ယခု မြင်ရသော မြင်ကွင်းအားလုံးမှာ ခင်သီတာအတွက် အားလုံး အစိမ်းသက်သက်။

တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး၊ မမြင်ဘူးသောနေရာ ဖြစ်နေကြောင်း သေချာလှပါသည်။

ဝင်ဝင်ချင်း ပန်းခင်းအလှများ စိုက်ထားသည်။ ပန်းပွင့်ရောင်စုံများကို မျက်နှာစာပြုထားသည့် နှစ်ထပ်တိုက် အကြီးကြီး။

သည့်နောက်တွင် စက်ရုံများ၊ ဂိုဒေါင်များ၏ ခေါင်မိုးများကို







အနှံ့အပြား မြင်နေရသည်။

စက်ရုံနေရာမှာ မြေနိမ့်ပိုင်းမှာ ဖြစ်ဟန်တူပါ၏။ ခြံကြီးမှာ ကြီးမား ကျယ်ဝန်းလွန်းလှသည်။

"ဘယ်နဲ့လဲ ခင်သီတာ၊ ပြန်မှတ်မိလာပြီလားဟင်"

အိမ်တွင်းသို့ ခေါ်ဆောင်လာသော ကိုကျော်သူက စတင်မေးမြန်းသည်။

ခင်သီတာမှာ ခမ်းနား ထယ်ဝါသော တိုက်ကြီးနှင့် အဆောင်အယောင်များကို ဝဲလည်ကြည့်ရင်း. . .

"သိ. . . သီတာဟာ ဒီအိမ်ကလား. . . ဟုတ်လားဟင်"

သိလိုဇောနှင့် မေးမိသည်၊ ဤအိမ်သား တစ်ယောက်ဆိုပါလျှင် မိမိသည် ဤအိမ် မိသားစုနှင့် မည်သို့ တော်စပ်ပါသည်လဲ။ သမီးလား၊ ဇနီးလား၊ နှမလား။

ယခုကိုကျော်သူ ဆိုသူနှင့် မည်သို့ ပတ်သက်ပါသည်လဲ။

"တဖြည်းဖြည်းတော့ ပေါ်လာမှာပေါ့၊ လောလောဆယ်ဘာကိုမှ မစဉ်းစားပါနဲ့အုံးလေ. . ."

ရှင်. . .

"လာ. . . သီတာ့အခန်းမှာ နားနား နေနေ နေပါဦးလေ"

ခင်သီတာ၏လက်ကို ညင်သာနူးညံ့စွာ ဆွဲယူ တွဲခေါ်လျက် ကိုကျော်သူက လှေကားမှ အပေါ်သို့ တက်ဆိုက်သည်။

မငြင်းသာ၊ မရုန်းသာပါဘဲနှင့် ခင်သီတာလိုက်လာရပါ၏။

လှေကားထိပ်တွင် ဘုရားခန်း၊ သည့်နောက်တွင် အဆောင်ဆောင် အခန်းခန်းများရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်သီတာကို ခြေရင်းဘက်ရှိ သီးခြား ထွက်နေသော အဆောင်ဝိုင်းဝိုင်းကြီးဘက်သို့ ခေါ်သွားသည်။

စာကြည့်ခန်းနှင့် အိပ်ခန်းတစ်ခုကို တွဲဆက်ထားသော နေရာ၊ ဤအခန်း၏ ထောင့်ယောက်အိပ်ကုတင်မှာ ခင်သီတာ့ကို နားနေစေသည်။

"ဟောဒါ ကိုယ့်အမေပဲ "ဒေါ်သက်ဦး"တဲ့၊ ဒီခြံနဲ့ကုမ္ပဏီ ပိုင်ရှင်ကြီး ဦးသိန်းထိုက်ရဲ့ ဇနီးပေါ့"

အသက်ငါးဆယ်ကျော်ရွယ်ခန့် ရှိလေပြီ၊ ဆံပင်က အနက်နှင့် အဖြူတစ်ဝက်စီ ရောယှက်လျက် အရပ်ကခပ်ပုပု ကိုယ်လုံးပြည့်ပြည့်နှင့် မြင့်ရုံနှင့်ပင် အကြင်နာတရားခေါင်းပါးမည့် ခက်ထန်မည့် ရုပ်အသွင်မျိုး။

"အင်းလေ. . . ဟိုက ပြန်လာတဲ့အထိတော့ ဒီမှာပဲ နေပေါ့၊ ဘယ်သူနဲ့မှတော့ မရောယှက်နဲ့၊ စကားရှုပ်ရင်လဲ ကြိုးကြိုးက မကြိုက်ဘူး"

"မေမေကလဲ"

ကိုကျော်သူက သူ့မိခင်၏စကားကို ခင်သီတာ စိတ်ညစ်ညူး မသွားစေလို၍ ဟန့်တားလိုက်သည်။

"မင်းကလဲ ပြောသင့်တာတော့ ပြောထားရမှာပေါ့၊ ဟောဟိုမှာ ရပ်နေတာ "လုလု"၊ ညဉ်းလိုသမျှ သူ့ကိုခိုင်းနိုင်တယ်၊ စားချင်တာမှာနိုင်တယ်"

"ဟုတ်. . . ဟုတ်ကဲ့ပါရှင်"

ဒေါ်သက်ဦး ထွက်သွားသည်။





ကြင်နာပုံရသော. . . ပြေလည်ဟန်ရှိသော လုလုသည် ခင်သီတာသို့ အပြုံးမျက်ဝန်းလေးများနှင့် လှမ်းကြည့်ပြီး ဒေါ်သက်ဦး၏ နောက်မှ ခပ်ရှိုရှိုလေး လိုက်သွားရရှာပါ၏။

အခန်းဝမှ အမျိုးသားတစ်ယောက် ပေါ်လာသည်။ ကျစ်လစ်ရှည်သွယ်သော အရပ်နှင့် တည်ကြည်မာန်တင်းသော မျက်နှာနှင့်။

"လာလေ ကိုတာရာ၊ ခင်သီတာ ရောက်လာပြီ"

သူအခန်းတွင်းသို့ ဝင်လာသည်။ သူ့ကို မြင်ရသည်မှစ၍ပင် ခင်သီတာ၏ရင်မှာ တလှပ်လှပ်ခုန်လာရပါ၏။

သူကလည်း ခင်သီတာသို့ များစွာအာရုံစူးစိုက်၍ ကြည့်လာသည်။

သူ့အကြည့်သည် သာမန်မိန်းမချောလေးတစ်ယောက်သို့ ရှုကြည့်သည်ထက် ပိုကဲနေဟန်ရှိသည်။ တစ်ခုခုကို လေ့လာနေသည့် ပုံစံမျိုး၊ အကဲခပ်နေသည့် ဟန်မျိုးပါ။

"မခင်သီတာ နေကောင်းပါရဲ့လား ခင်ဗျာ"

ကြည်လင် ပြတ်သားသော သူ့အသံကို ပထမဆုံး စတင် ကြားလိုက်ရသည်။

"နေ. . . နေတော့ကောင်းပါရဲ့ ဒါပေမယ့်"

ခင်သီတာ စကားမဆက်နိုင်မီ ကိုကျော်သူက. . .

"ဒါပေမယ့် သူဘာကိုမှ ပြန်ပြီး သတိမရသေးဘူး"

"ဟုတ်လား"

ကိုတာရာ၏ အာရုံစူးစိုက်မှုက ပိုကဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် ကိုကျော်သူ. . . ဟိုက ပြန်လာတဲ့ အထိတော့ ကျွန်တော်တို့ သူ့ကို ပြုစုထားကြရမှာပဲပေါ့"

"ဟိုက ပြန်လာတဲ့အထိ. . ."

ကြားရသည်မှာ နှစ်ကြိမ်ရှိပါပြီ။ ကိုကျော်သူ မပြောမီက ဒေါ်သက်ဦးလည်း ပြောသွားပါသေးသည်။

"ဟိုက. . . ဟိုက. . . ဆိုတာ ဘယ်ကလဲ၊ ဘယ်သူများလဲ"

ခင်သီတာ၏ အတွေးမှာ ချာချာလည် ဝဲနေစဉ်မှာပင် အခန်းဝမှ လုလု ပေါ်လာပါသည်။

"တယ်လီဖုန်း လာနေပါတယ်၊ မမမာဆီကတဲ့. . ."

'မမမာ' ဆိုသော အမျိုးသမီးသည် ကိုကျော်သူ့အတွက် အရေးကြီးသော သူဖြစ်ဟန်တူသည်။

သူ့ကို ရိုကျိုးစွာ ပြောလာသော လုလုနှင့်. . .

လက်ရှိဝန်းကျင်ကို သူရုတ်တရက် လစ်လျူရှုဖြစ်သွားသည်။ မေ့လျော့သွားပုံရပါ၏။

လျင်မြန်သော ခြေလှမ်းများဖြင့် အခန်းတွင်းမှ ထွက်သွားသည်။

သူပျောက်ကွယ်သွားသည်နှင့် ကိုတာရာဆိုသူက ခင်သီတာ၏ အနားသို့ ပြေးကပ်လာသည်။

သူ့အမူအရာက အရေးတကြီးပုံစံမျိုးကြီးနှင့်. . .

"မခင်သီတာ. . . မခင်သီတာ. . . ဘာမှစဉ်းစားလို့ မရဘူးဆိုတာ တကယ်လားဟင်"

"ရှင်. . ."



"သူ. . . သူတို့ကြောင့် ဟန်ဆောင်နေတာလား"

"သီတာ တကယ်မသိတာပါ၊ ဘာဖြစ်လို့လဲရှင်. . . ဟင်"

အခြေအနေကို ရိပ်စားမိသော ခင်သီတာကလည်း လေသံတိုးတိုးနှင့် တုန်တုန်ရီရီလေး ပြန်မေးလိုက်မိသည်။

"ခင်သီတာ့ကို ချောက်ထဲက ပြန်ကောက်ယူကြတဲ့အထဲမှာ ကျွန်တော်လဲပါတယ်"

"ဟုတ်ပါပြီ၊ သီတာ. . . အို. . . ကျွန်မ ဘယ်ရောက်နေတာလဲရှင်. . .၊ ဒါ ကျွန်မအိမ်လား. . . ဟင်"

"ခင်သီတာ တကယ်ပဲ အားလုံးကို မေ့နေတယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်မ ဘာကိုမှ ပြန်စဉ်းစားလို့မရဘူး၊ ကျွန်မ ဘယ်သူလဲဆိုတာတောင် ကျွန်မ မသိဘူး"

"ကောင်းတယ် မခင်သီတာ. . . ကောင်းတယ်"

"ရှင်. . ."

"သတိရအောင် မကြိုးစားပါနဲ့"

"အို. . ."

"မခင်သီတာ အားလုံးကို သတိပြန်ရလာတဲ့နေ့ဟာ မခင်သီတာအတွက် အန္တရာယ်ကျရောက်လာမယ့်နေ့ပဲ"

"ရှင်. . . ကျွန်မ. . . ကျွန်မ. . ."

ခင်သီတာ၏အသံတုန်တုန်လေးများ စကားမဆက်နိုင်မီ အခန်းရှေ့မှ အရိပ်တစ်ခု ဖြတ်သွားသည်။ ကိုတာရာက နောက်ဆုတ်လိုက်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com



လုလုပါပင်။

မကြာမီတွင် ကိုကျော်သူ ပြန်ရောက်လာသည်။

အမှတ်တမဲ့ ထွက်သွားရာမှ သတိရပြီး ပြန်လာဟန်မျိုးနှင့် ခင်သီတာကိုရော ကိုတာရာကိုပါ တစ်လှည့်စီ အကဲခပ်ရင်း ကြည့်လိုက်သည်။

ခင်သီတာက လှုပ်ရှားမြဲ လှုပ်ရှားဆဲ ဖြစ်ပါသော်လည်း ကိုတာရာမှာ တည်ငြိမ်၍ နေပါ၏။

သူ့ဘာမှ မပြောရ၊ မဆိုရ သေးသလို စောစောက ပုံစံအတိုင်း ရပ်မြဲရပ်နေသည်။

ကိုတာရာမှာ ဟန်ဆောင်ကောင်းသော သူတစ်ယောက် ဖြစ်ကြောင်း ခင်သီတာ သိမှတ်ထားလိုက်ရပါပြီတည်း။

"ကဲ. . . ဒီအိမ်မှာ ခင်သီတာ သိသင့်သိထိုက်တဲ့ လူ အဲဒီလေးယောက်ပဲ ရှိတယ်၊ အားလုံးနဲ့မိတ်ဆက်ပြီးပြီ။ နားနား နေနေ နေပေတော့. . ."

ခင်သီတာ ခေါင်းညိတ်ပြမိသည်။

ကိုကျော်သူက ကိုတာရာ သို့လက်ညှိုးညွှန်လျက်. . .

"မနေ့ညက ခင်သီတာ ချောက်ထဲကျသွားတာကို ပထမဆုံးမြင်လိုက်တဲ့လူဟာ အဲဒီကိုတာရာပဲ"

"ဪ. . ."

"သူက ညဘက်ကြီး အပြင်ထွက်သွားချိန်မှာ ခင်သီတာ အော်သံနဲ့လိမ့်ကျသံကို ကြားခဲ့ရတယ်၊ အဲ. . . သူပဲ အောက်ချိုင့်ထဲ မှာ နေတဲ့ အိမ်က လူတွေနဲ့အတူ ဆယ်ယူပြီး ချမ်းသာဆေးခန်းကို ပို့ပေးခဲ့တဲ့ အထဲမှာလဲ အဲဒီ ကိုတာရာပါပါတယ်"

"ဟုတ်ကဲ့. . . သီတာ့ကို သီတာလို့ သိတယ်လား"

"သီတာကို ဝိုင်းပြီးမ. တင်ကြတုန်းက "သီတာ့ကို ကယ်ပါ၊ ...န်းထိုက်ရတနာကို ပို့ပေးကြပါ" လို့ သီတာက ကယောင်ကတမ်း ...အော်တယ်လေ"

"ကို. . . ကိုတာရာ"

"အင်း. . ."

"သီတာ. . . သီတာဟာ ဒီအိမ်ကလား ဟင်. . .၊ သီတာ့ဟာ ဘယ်သူလဲ ရှင်"

ကိုတာရာက ကိုကျော်သူကို လှမ်းကြည့်လိုက်သည်။

"ဘယ်လိုလဲ. . . ပြောလိုက်ရမလား"

ဟူသော အမေးကို နှုတ်က မမေး၊ မျက်ဝန်းနှင့် မေးလိုက် ...သလားပင်။

"ဒီမှာ ခင်သီတာ"

တည်ကြည်ဟန်နှင့် ခက်ထန်နေသော ကိုကျော်သူသို့ ...ည့်ကြည့်ရပြန်သည်။

"ဆရာဝန်ကလဲ မစဉ်းစားစေချင်သေးဘူး။ ဟိုက ...မလာခင်လဲ ကျွန်တော်တို့မှာ ဘာမှပြောပိုင်ခွင့်၊ လုပ်ပိုင်ခွင့် ...ဘူး၊ ကိုတာရာကလဲ ဘာမှ မပြောပါနဲ့ဦး. . .၊ ကဲ. . . ...န်တော်တို့သွားကြဖို့ သင့်ပြီ"

ကိုကျော်သူက ရှေ့မှ ထွက်သွားနှင့်သည်။

ကိုတာရာမှာ အခိပ္ပာယ်ဖော်နိုင်ရန် ခက်ခဲသောအပြုံး





www.burmeseclassic.com

www.burmeseclassic.com


တစ်ခုကို ပြုံးရင်း အခန်းတွင်းမှ လိုက်ထွက်သွားသည်။
သူ့ခင်သီတာကို မကြည့်တော့။

❖ ❖ ❖



● အခန်း (၅)

"စားမကောင်းဘူးလား"

"လုလု ချက်တဲ့ ဟင်းတွေကအရသာ မတွေ့လို့လား သီတာ"

စေတနာမေးခွန်း နှစ်ခုဆင့်လာသော လုလုကို ခင်သီတာ ...သည်။ သူ့မျက်နှာလေးမှာ ကြည်ကြည် လွင်လွင်ပြုံးလို့ပါ။

"စားကောင်းပါတယ်၊ စားချင်စိတ်မရှိလို့ပါ လုလုရယ်"

"ဘာပဲဖြစ်ဖြစ် အားရှိအောင်စားလေ၊ ဒါမှ ဘာရောဂါမှ ...လာနိုင်မှာပေါ့"

စကားသံဝဲဝဲနှင့် ချစ်စရာလုလုကို ခင်သီတာ အားကိုးစိတ် ကြည့်လိုက်မိသည်။


www.burmeseclassic.com

www.burmeseclassic.com



"လုလု"

"ဘာလုပ်ပေးရမလဲ သီတာ"

"ဒါ. . . ဒါ. . . သီတာ့အိမ်လားဟင်၊ အရင်ထဲက ဒီ[illegible]
သီတာနေတာလား"

"ဝမ်းနည်းပါတယ် သီတာရယ်၊ လုလုမှာ ပြောခွင့်မရှိလို့[illegible]

ခင်သီတာမှာ စိတ်ပျက်အားလျော့စွာ လုလုကို ကြည့်လို[illegible]
ပြီးမှ နောက်ဆုံးကြိုးစားခြင်းအဖြစ်မျိုးနှင့်. . .

"သီတာ တစ်ခုထပ်ပြီးမေးပါရစေလားရှင်"

"လုလု ဖြေလို့ရတာဖြေပါ့မယ်"

"ဟိုက. . . ပြန်မလာခင်ဆိုပြီး ပြောပြောနေကြတဲ့၊ ဟို[illegible]
ဆိုတာဘယ်သူလဲဟင်"

ခင်သီတာ၏အသံဆုံးပြီး လုလု၏အသံ မစရသေးမီ ကြ[illegible]
ကာလအတွင်းမှာ. . .

"အဟမ်း . . . ဟမ်း"

ဟူသောချောင်းဟန့်သံထွက်လာသည်။ အသံလာရာဆီ[illegible]
ခင်သီတာတို့နှစ်ယောက် ကြောက်ရွံ့ထိတ်လန့်စွာ လှမ်းကြည့် လိုက်[illegible]
ကြသည်။

"ဒေါ်သက်ဦး"

စာကြည့်ခန်းထဲရှိ ကုလားထိုင်ပေါ်တွင် သူတိုင်နေသည်[illegible]
သူ့ကိုယ်တစ်ပိုင်းသာ မြင်ရပါသော်လည်း . . .

လုလုထံမှစကားသံများကို လှမ်း၍ ဟန့်တားနိုင်စွမ်းအ[illegible]
ရှိသော မိန်းမကြီး။





လုလုမှာ ခင်သီတာစားပြီးသော ပန်းကန်များကို အသံ
[illegible]ည်အောင် ထိထပ်သိမ်းဆည်းရင်းက ခင်သီတာ၏နားနားသို့
[illegible]ပ်လျက် တိုးတိတ်သောလေသံလေးနှင့် . . .

"ဟိုကဆိုတာ ဦးသိန်းထိုက်ကို ပြောတာ၊ ဒီခြံပိုင်ရှင်
[illegible]ဌေးကြီး"

"ဟင်. . . သူ. . . သူက. . ."

ခင်သီတာ၏ လေသံတိုးလေးများကို လုလုနားမထောင်နိုင်
[illegible]ားတော့။ အခန်းတွင်းမှ ထွက်သွားခဲ့လေပြီ။

"သိန်းထိုက်ရတနာခြံကြီး"

"ဩော်. . . ဟုတ်ပြီ။ ဒီခြံပိုင်ရှင်သူဌေးကြီး ဦးသိန်းထိုက်ဟာ
[illegible]နဲ့ဘယ်လိုများ ပတ်သက်ပါလိမ့်"

ခင်သီတာမှာ ဦးနှောက်ပျက်မတတ် တွေးဆပါသော်လည်း
[illegible]ရေးမှုမပေါ်ပါ၍ အားလျော့စွာ အိပ်ရာဝယ် လှဲလိုက်မိသည်။

"လုလု. . . . လုလု"

ခဏအကြာတွင် ခင်သီတာ၏ခေါ်သံကြောင့် တစ်ဘက်ခန်းမှ
[illegible]ါ်သက်ဦးက အခန်းဝမှပြူကြည့်လာပြီး . . .

"ဘာလုပ်မလို့လဲ"

"ချွေးတွေသိပ်စိုနေလို့ အကျီလဲချင်လို့ပါ"

ဒေါ်သက်ဦးသည် ခင်သီတာ့ကို ဘေးစောင်းအနေထားနှင့်
[illegible]၍ကြည့်နေလိုက်သေးသည်။

ဒကယ်၍ ဒေါ်သက်ဦးသည်သာ နဂါးတစ်ကောင်ဖြစ်
[illegible]လျှင် ခင်သီတာ ပြာဖြစ်သွားလောက်သောအကြည့်မျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဤမိန်းမကြီးနှင့်ဆုံရလေတိုင်း၊ စိတ်ဝယ် ပိုမို၍ကျဉ်းကြ
လာမိသည်။ သူ့မျက်ဝန်းဆီမှ မလိုမုန်းထားခြင်း အကြည့်များ
ပေါ်လွင်သိသာလှပါ၏။

"ညီးကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ တွေ့ကြရတာ
ဘာအဝတ်အပိုမှ မပါဘူး"

"ဟင်. . ."

"အခုတော့ လုလုရဲ့အဝတ်တွေပဲဝတ်ထားဦး၊ ပြီးတော့
ကြည့်ချုပ်ပေးမယ်"

လက်မှဖတ်လက်စ စာအုပ်ကို စားပွဲပေါ်သို့ ပစ်ချ
ဒေါ်သက်ဦး ထွက်သွားသည်။

"ညည်းကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ တွေ့ကြရတာလေ"

ဒေါ်သက်ဦး၏စကားကို ပြန်လည်ကြားနာမိသည်။

"ဒါ. . . ဒါဆို ငါဟာ ဒီအိမ်သားမဟုတ်တာ သေချာ

"ဒါဖြင့် ငါဘယ်ကလာတာလဲ"

"ငါ့အိမ် ဘယ်မှာလဲ"

"အို. . . ငါ ဘယ်သူလဲကွယ်"

ခင်သီတာမှာ အားလျော့စွာငိုရှိုက်မိရင်း လုလုအလာ
မျှော်နေမိပါသော်လည်း . . .

ဆယ်နှစ်ရွယ်မျှရှိသော သျှောင်ထုံးလေးနှင့် ကလေးမလေး
တစ်ယောက်က သပ်ယပ်စွာ မီးပူတိုက်ထားပါသော အဝတ်တစ်စုံ
ကုတင်ပေါ်သို့ လာတင်ပေးသည်။

သည့်နောက်တွင် မိန်းကလေးမှာ အန္တရာယ်တစ်





လိုက်လာသည့်အလား၊ အပြေးအလွှား အခန်းတွင်းမှ ထွက်သွားပါ
တော့သည်။

လုလုမှာ ကိုယ်လုံးလှသူမို့ လော့ကျင့်ခန်းယူထားသည်ဟု
ထင်ရသော ခင်သီတာ၏ကိုယ်လုံးနှင့် မတိမ်းမယိမ်းရှိပါ၏။

သူ၏ ဘလောက်(စ်)ပန်းရောင်နှင့် မြန်မာပြည်မှာ ယက်သော
ချည်လုံချည်အနီပွင့်တို့မှာ ခင်သီတာနှင့် အံဝင်ခွင်ကျ နီးပါး
ရှိနေပါ၏။

ဤ သိန်းထိုက်ရတနာ ခြံပိုင်ရှင်တို့ နေသောတိုက်မှာ
"ယခု (၁၉၅၉) ခု"လောက်တွင် ဆောက်သော တိုက်မဟုတ်၊ စစ်ကြို
ခေတ်က အဆောက်အဦ ဖြစ်ဟန်တူပါ၏။

မဟောင်းနွမ်းသေး၊ ထုထည်က ခိုင်မာလှပါသော်လည်း
အပေါ်ထပ်တွင် ရေချိုးခန်းနှင့် အိမ်သာမရှိပါ။

ခင်သီတာမှာ အောက်ထပ်သို့ဆင်းလာခဲ့ရသည်။ အိမ်ရှေ့
ခန်းမှ ဒေါ်သက်ဦးက ကြည့်နေသော်လည်း ဘာမှမပြောပါ။

ရေချိုးခန်းနှင့် အိမ်သာသို့သွားရာ စင်္ကြန်လမ်းတွင်
ရာဇမတ်ကွက်ပုံစံ နှစ်တစ်လက်မသစ်သားချောင်းများ ခပ်စိပ်စိပ်
ရိုက်ထားပါ၏။

ခင်သီတာ၏ အပြန်လမ်းတွင်. . .

"ရှူး . . . ရှူး . . . ဟေး"

ဟူသော ပြင်ပခြံထဲမှခေါ်သံကြောင့် ခင်သီတာလှည့်ကြည့်
လိုက်ရသည်။

သစ်သားကွက်များခြားနေ၍ ဝလကွေ့ပင်းသော



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားတစ်ယောက်ဖြစ်ကြောင်းမှလွဲ၍ သူ့ပုံသဏ္ဌာန်က မသဲကွဲ။

သူလည်း သည်သို့ပင်ရှိမည်ထင်သည်။

"ရော့. . . ရော့ လုလု"

သစ်ကွက်ကြားမှ စာဖြူလေးတစ်ခေါက် ထိုးညှပ်ပြီး သူလျင်မြန်စွာ ကျောခိုင်း၍ ထွက်သွားပါတော့သည်။

ပထမတော့ ခင်သီတာ ကြောင်နေမိပါသေးသည်။

လုလု၏အဝတ်အစားဝတ်ထား၍ လုလုနှင့်မှားသွားကြောင်း သိရှိလာရ၍ စာကိုမယူဘဲ ထွက်သွားရန် ကြံမိပါသေးသည်။

"အို. . . ဘာပဲဖြစ်ဖြစ်"

ရုတ်တရက် ဆုံးဖြတ်ချက်များဖြင့် စာကိုဆတ်ကနဲဆွဲပြီး ဘလောက်(စ်)၏အောက်နားဆီမှ အိတ်တွင်းသို့ ထိုးထည့်ပြီး ဟန်မပျက် အပေါ်သို့ ပြန်တက်ခဲ့ရသည်။

ဒေါ်သက်ဦးက စောင့်ကြည့်နေဆဲ ဖြစ်ပါသော်လည်း စာကိစ္စကိုယုံးဝမြင်လိုက်ပုံမရ။

လုလုလည်း အပြင်သို့သွားနေဟန် ရှိ၏။

ခင်သီတာမှာ အခန်းတွင်း ရောက်ရောက်ချင်း စာအိတ်မပါသော စာရွက်ခေါက်လေးကို ဖြန့်ဖတ်လိုက်မိသည်။

***လုလု. . .***

***ဟိုနှစ်ကောင် ဂျစ်ကားနဲ့ ထွက်ပြေး သွားလို့ ငါ လိုက်ရှာရမယ်။***

***နင်အစ်ကိုလေးကို သတိထား စေနော်. . .။***

***နင့်ကို အမြဲချစ်တဲ့***
***စော်မောင်***

စာဖတ်ပြီးသည်နှင့် ခင်သီတာ၏အသိအာရုံတွင်းမှ ဝိုးတဝါးမြင်ရသော ဂျစ်ကားတစ်စင်းနှင့် လူနှစ်ယောက်၏ သဏ္ဌာန်က ပြန်လည် သက်ဝင်လှုပ်ရှားလာခဲ့သည်။

"အင်း . . . ဒီအိမ်ထဲမှာ အရှုပ်အထွေးတစ်ခုတော့ ရှိနေတာ အမှန်ပဲ"

"ငါ့ရဲ့ ဘဝမှန်ကို ပြန်ပြီးသတိရအောင် မကြိုးစားပါနဲ့လို့ ပြောသွားခဲ့တဲ့ ကိုတာရာဆိုသူရဲ့ စကားအဓိပ္ပာယ်ကို ငါသိချင်လိုက်တာ"

"ကိုတာရာဟာ တစ်စုံတစ်ခုကိုဖြစ်ဖြစ်၊ အားလုံးကိုဖြစ်ဖြစ် သိနေသလိုပဲ"

"ကိုတာရာနဲ့ ပြန်လည်ဆုံခွင့်ရရင် ကောင်းမှာပဲကွယ်"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၆)

ယနေ့ တနင်္ဂနွေမို့ စက်ရုံများအားလုံး ပိတ်ထားလျက် ရှိပါ၏။

ခြံတွင်းသို့ လုလုနှင့်အတူ လမ်းလျှောက်ခွင့်ရပါ၍ ခင်သီတာ၏စိတ်မှာ လန်းဆန်းနေမိသည်။

နံနက်က ဆရာဝန်လာသွားပါ၏။ ခင်သီတာ၏ကျန်းမာရေး အခြေအနေမှာ ဘာချို့ယွင်းချက်မှမရှိပါဟု မှတ်ချက်ချသွားသည်။

မမျှော်လင့်သော တစ်ချိန်ချိန်တွင် အားလုံးကို ပြန်လည် သတိရလာပါလိမ့်မည်ဟုလည်း နှစ်သိမ့်သွားပါ၏။

အိမ်တွင် ကိုကျော်သူမရှိ။ အစောကြီးထဲက ထွက်သွားနှင့်သည်။





ခင်သီတာနှင့်လုလုတို့ ခြံထဲ၌ရှိနေစဉ် အတွင်းမှာ ဒေါ်သက်ဦးထွက်လာသည်။

ဘရိုကိတ်လုံချည်နှင့်၊ ချထားသောဝဝါကလည်း ထဘီနှင့် ဆင်တူ၊ နိုင်လွန်အကျီနှင့် စိန်တစ်ဆင်စာနှင့်။ အရွယ်နှင့်မလိုက်အောင် မိတ်ကပ်များ၊ နှုတ်ခမ်းနီများအပြင် မျက်ခုံးမွေးကြီးကိုလည်း ထင်းနေအောင် ဆွဲထားလိုက်သေးသည်။

"ငါ မင်္ဂလာဆောင်သွားမလို့၊ လုလု ဆောဦး"

တိုက်၏ဆင်ဝင်အောက်မှ ကားပေါ်တက်ကာနီး လှမ်းခေါ်ပြီးနောက် လုလုသို့ တီးတိုးမှာကြားနေသည်။ အရေးတကြီးပုံစံဖြင့် အထပ်ထပ်အခါခါ မှာကြားနေပါ၏။

ဒေါ်သက်ဦး ထွက်သွားပြီးသည့်နောက် ခင်သီတာမှာ စိတ်ညစ်ညူးလွန်းစွာဖြင့် လုလုသို့ပင် စကားမပြောဖြစ်မိ။

"သီတာရယ် ပျော်ပျော်ရွှင်ရွှင်နေပါ၊ လုလုဘာလုပ်ပေးရမလဲဟင်"

"နေပါစေ လုလုရယ်၊ သီတာ့အဖြစ်က ပျော်ရွှင်နိုင်စရာရှိပါ့မလား၊ ဘဝပျောက်နေတဲ့ မိန်းကလေး တစ်ယောက်အနေနဲ့. . ."

"အို. . . မငိုနဲ့လေ"

ကြွေလာသော မျက်ရည်များကို သုတ်လိမ်းပြီး၊ နောက်ထပ် မျက်ရည်မကြွေဖြစ်ပါစေရန် အံကိုခဲ၍ ထိန်းထားရပါ၏။

"ဟိုဘက်နား လျှောက်မလားဟင်"

ခင်သီတာ ခေါင်းညိတ်ပြမိသည်။ လုလုက ခင်သီတာကို



www.burmeseclassic.com

www.burmeseclassic.com

လူမမာတစ်ယောက်ပမာ လက်တွဲ၍ဆွဲခေါ်လာပါ၏။

"ဟိုထိပ်က ခေါင်မိုးနီနီလေးနဲ့ဟာ ဘယ်သူနေတာလဲဟင်၊ တိုက်လေးက သပ်ရပ်တယ်နော်"

"အစ်ကိုလေး ကိုတာရာနေတာ"

"ဟင်. . ."

"ဘာဖြစ်လို့လဲ ခင်သီတာ"

"လုလုကကိုတာရာကို အစ်ကိုလေးလို့ ခေါ်တယ်လားဟင်"

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"ဟင်. . . ဘာ. . . ဘာမှမဖြစ်ပါဘူး လုလု"

ခင်သီတာ၏လက်တွင် ယခုတိုင် လျှို့ဝှက်သိမ်းဆည်းထားမိသော လုလု၏ချစ်သူ ကိုစောမောင်၏စာမှ. . .

"နင် အစ်ကိုလေးကို သတိထားနေ နော်. . ."

ဆိုသော သတိပေးစကားကို သတိရလာသည်။

ကိုကျော်သူနှင့် ကိုတာရာ ဆုံကြစဉ်က တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးလွန်းဟန်မရှိကြပဲ အလုပ်သဘောလောက်သာ ပြောဆိုနေကြပုံရကြောင်းကိုလည်း ခင်သီတာ သတိထားမိသည်။

"ဒီနေ့ စက်ရုံပိတ်လို့ အားလုံးတိတ်နေတယ်"

"စက်ရုံမှာ အလုပ်သမားတွေ အများကြီးလား"

"ဟုတ်ကဲ့၊ လူတစ်ရာကျော်လောက်ရှိမယ်ထင်ပါတယ် သီတာ"

"အလုပ်သမား တစ်ယောက်မှလဲ မမြင်မိပါလား"

"စက်ရုံရဲ့ ဟိုဘက်မှာ သီးသန့်လမ်း ရှိတယ်၊ ဒီဘက်ကို





ကျော်ပြီး အလုပ်သမားတစ်ယောက်မှ မလာရဘူး"

"အော်. . ."

"ဒေါ်သက်ဦးက မျက်စိရှုပ်လို့တဲ့"

"ဟုတ်လား"

"အစ်ကိုလေး . . . ကိုတာရာက စက်ရုံရဲ့ မန်နေဂျာဆိုတော့ တောင်ကုန်းထိပ်လေးမှာ သူ့အိမ်"

"ဟုတ်လား၊ ဟိုမှာတွေ့နေရတဲ့ အိမ်လေးနော်"

"ဟုတ်တယ်၊ သူက အပေါ်စီးကနေပြီး စက်ရုံကိစ္စအားလုံးကို ကြည့်ပေးနေရတာပေါ့"

"ဒါဖြင့် ကိုကျော်သူက စက်ရုံပိုင်ရှင်၊ သူဌေးသားပေါ့နော်"

"ဟုတ်ပါတယ်"

"ဒေါ်သက်ဦးဟာ တစ်မျိုးပဲ၊ သီတာ့ကိုမလိုလားသလိုပဲ။ သီတာဟာ သူတို့နဲ့ဘယ်လိုများ ပတ်သက်နေလို့လဲ လုလုရယ်"

"ခွင့်လွှတ်ပါ သီတာ၊ သီတာကိုဘာမှ မပြောရဘူးလို့ ခုနပဲ ဒေါ်သက်ဦးက မှာသွားပါတယ်"

"အဲဒါတွေကို မသိရချင်နေပါစေ လုလုရယ်၊ သီတာက ဘစ်ခုပဲ သိချင်လို့ပါတယ်"

"ဘာများလဲကွယ်"

"သီတာဟာ ဘယ်သူလဲ၊ ဘာကြောင့် ဒီကိုရောက်လာရတာလဲဆိုတာ တစ်ခုပါပဲ"

"အဲဒါတော့ လုလုကိုယ်တိုင်လဲ ဘာမှ တိတိကျကျမသိရပါဘူး သီတာ၊ အစ်ကိုလေးကတော့ ဟိုနေ့ကပြောသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတာရာလား"

"ဟုတ်တယ်"

"ဘာတဲ့လဲ"

"သီတာဟာ သူ့ဘဝကို သူပြန်ပြီး မသိပါစေနဲ့ဦးလို့ ဆုတောင်းရတာပဲတဲ့"

ရင်တွင်းမှာ တင်းကြပ်လာမိသည်။

"အားထားဖွယ်မရှိသော ခိုတွယ်စရာပျဉ်ပြားငယ်လေးနှင့် ပင်လယ်ပြင်ကျယ်အလယ်တွင် မျောနေရသူနှင့် ငါ့ဘဝ မခြားပါလား" ဟုလည်း မျှော်လင့်ခြင်း ကင်းမဲ့စွာ ခင်သီတာ တွေးမိလာသည်။

ထိုစဉ် ကိုတာရာ ခင်သီတာတို့ဘက်သို့ လျှောက်လာသည်။

"နေကောင်းရဲ့လား"

"လူကတော့ နေကောင်းပါတယ်"

ကိုတာရာကအသိအမှတ်ပြုရုံ ခေါင်းလေးညိတ်သည်။ မကောင်းတတ်၍ နှုတ်ဆက်ပုံမျိုးနှင့် စကားလုံးလေးလုံးသာပြော၍ သူ့ အိမ်ဘက်သို့ ဆက်လျှောက်သွားတော့သည်။

လုလုလို အိမ်ဖော် မိန်းကလေးတစ်ယောက်အတွက်တောင် သတိထားစရာလူ ဖြစ်နေသော ကိုတာရာ၏အပြုအမူကို မနှစ်မြို့စွာ ခင်သီတာ ကြည့်နေလိုက်သည်။

သူ ဘာပဲဖြစ်ဖြစ် တစ်စုံတစ်ယောက်နှင့် စကားပြောလိုသော ဆန္ဒ၊ မေးမြန်းလိုသောဆန္ဒများ ခင်သီတာတွင် ရှိနေခဲ့ပါ၏။

ကိုတာရာသည် မိမိထံသို့ လျှောက်လာသည်ဟု မျှော်လင့်





ခဲ့ရာမှ မိမိကို မထေမဲ့မြင် သဘောမျိုးနှင့် နှုတ်ဆက်ရုံသာပြောပြီး ခင်သီတာကို ကျော်ခိုင်းသွားသည်။

"အိမ်ထဲပြန်ဝင်ကြမလား သီတာ"

"မဝင်ချင်သေးဘူး လုလုရယ်၊ ဘဝက ကျဉ်းမြောင်းလွန်းရတဲ့အထဲ အခန်းထဲမှာ နေရတော့ ပိုဆိုးသလိုပဲ၊ ဒီခြံထဲမှာပဲ ခဏနေပါရစေဦးနော်"

"ဒါဆို ဒီခုံတန်းလျားမှာ ထိုင်နေဦးလေ၊ လုလု မနက်စာအတွက် မလှအေးကို နည်းနည်း သွားစီစဉ်ပေးလိုက်ဦးမယ်"

"သွား . . . သွား . . . လုလု"

အပွင့်များနှင့် ဝေနေသော ကျောက်နှင်းဆီပန်းနုရောင်ပန်းအိုးလေးဘေးတွင် ထိုင်ရင်း၊ နွမ်းနေသော နှင်းဆီပွင့်လေးကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေမိသည်။

"ခင်သီတာ"

"ဟင်. . . ကိုတာရာ"

"ခုန. . . လုလုရှိနေလို့ ကျွန်တော် စကားမပြောတာပါ၊ ခင်သီတာ မျက်နှာပျက်သွားတာ ကျွန်တော် သတိထားမိပါတယ်"

"ကိုတာရာဟာ ခင်သီတာ့အတွက် ကြယ်တာရာတစ်ပွင့်လို မျှော်လင့်ချက် ရောင်ခြည်လေးများလားလို့ မျှော်လင့်နေမိ ပါတယ်ရှင်"

"ဟင်. . ."

"ကိုတာရာက စကားမပြောချင်သလို ထွက်သွားတော့ သီတာ မျက်နှာပျက်သွားတာဟာ ဝမ်းနည်းသွားလို့ပါ"

"မသီတာအနေနဲ့ ဘယ်လောက်များ အားငယ်စွာခံစားနေ



www.burmeseclassic.com

www.burmeseclassic.com



မလဲဆိုတာ ကျွန်တော် နားလည်ပါတယ် မသီတာ"

"ကိုတာရာရယ် သီတာ့ ဘဝမှန်ကို သီတာ့ သိပါရစေလားရှင်"

"မသီတာ သိသွားရင် ပိုပြီး စိတ်ဆင်းရဲရလိမ့်မယ်၊ ခုလိုတကယ့်ကို ဘဝမေ့နေတာကမှ သီတာအတွက် ပိုပြီးကောင်းပါလိမ့်မယ်ဗျာ"

"အဲဒီလို ပြောလေ သီတာ့အသည်းနှလုံးကို ဆွဲခါနေသလိုပါပဲ၊ သီတာ့ဘက်က စာနာကြည့်ပါရှင်၊ ဘာမှန်းမသိရတဲ့အန္တရာယ်ဆိုတာကို ဘယ်လောက်များကြောက်နေမလဲ၊ သိချင်နေမလဲဆိုတာ"

"မသီတာ့အဖြစ်ကို ကျွန်တော် စာနာမိပါတယ်၊ ကျွန်တော့်အနေနဲ့ ဘယ်လိုနေရာကနေ ကူညီပေးလို့ ရနိုင်မလဲဆိုတာပဲ စဉ်းစားရခက်နေပါတယ်"

"ဒီမှာရှင့် သီတာ့ကို မကူချင်နေပါ၊ သီတာသိချင်တာလေး တစ်ခုထဲကိုပဲ ဖြေပေးပါကိုတာရာရယ်"

ခင်သီတာက မျှော်လင့်တကြီး ကြည့်ရင်း ဆက်ပြောမိသည်။

"သီတာဟာ ဒီအိမ်က မဟုတ်ဘူး မဟုတ်လားရှင်"

"မဟုတ်ပါဘူး"

"ဒါဖြင့် သီတာဟာ ဘယ်သူလဲ၊ ဘယ်က ရောက်လာတာလဲ ဟင်"

"အဲဒါကိုတော့ ကျွန်တော်မဖြေနိုင်ပါဘူးခင်ဗျ"

"လမ်းပျောက်နေတဲ့အဖြစ် ဘဝပျောက်နေတဲ့ ဒုက္ခနဲ့





အိမ်ကြီးမှာ သီတာအ[illegible]ယ်လိုလုပ်ပြီး ဆက်နေရမှာလဲရှင်"

ခင်သီတာမှာ [illegible]လှဲ့စွာ ဖိုမိသည်။

"ဒါတော့ မပူ[illegible] သူတို့ မသီတာကို စောင့်ရှောက်ထားကြမှာပါ

[illegible]အိုး... ဒီလိုဘဝကြီးနဲ့ နေရမယ့်အစား ဟိုညက ကားနဲ့တိုက်မိလို့ သေသွားရတာကမှ ပိုပြီးကောင်းပါလိမ့်ဦးမယ်"

"ဒီလိုလဲ မဟုတ်သေးပါဘူးလေ"

"ဟုတ်ပါတယ်... သီတာ့ကို ဆယ်ယူ ကူညီခဲ့တယ် ဆိုတဲ့ကိုတာရာကို သီတာ ကျေးဇူးမတင်တော့ဘူး"

မသီတာရဲ့ ဘဝကို မသီတာ သိလာရင် ကံအဆိုးဆုံးမိန်းကလေးတစ်ယောက် ဖြစ်သွားနိုင်သလို ဟိုက အချိန်မီရောက်လာခဲ့ရင်လဲ မသီတာဟာ ကံအကောင်းဆုံးနဲ့ အကြွယ်ဝဆုံးမိန်းကလေး တစ်ယောက်ဖြစ်ချင် ဖြစ်လာနိုင်မှာပါ"

"ရှင်..."

"လုလု လှမ်းကြည့်နေပြီ... ကျွန်တော်သွားမယ်၊ ခွင့်လွှတ်ပါ မသီတာရယ်"

ကိုတာရာက ခင်သီတာ၏အနီးမှ သွက်လက်စွာ ထွက်ခွာသွားပါ၏။

လုလုက ပြတင်းဝမှ လှမ်းကြည့်နေကြောင်းကိုလည်း သီတာမြင်လိုက်ရပါ၏။

ခဏအကြာတွင် သူ အတွင်းသို့ ပြန်ပြေးဝင်သွားသည်။

အလုပ်များ မပြီးပြတ်ပါဘဲနှင့် ခင်သီတာနှင့် ကိုတာရာတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်၏ အခြေအနေကို လာရောက်အကဲခတ်နေကြောင်း သိသာထင်ရှားလွန်းလှပါချေသည်။

တင်းကြပ်သော ရင်ဖြင့် ပြာလွင်သော ကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်မိသည်။

အဆုံးအစမရှိ ကျယ်ပြောလှပါဘိ။

ခင်သီတာ၏ ဘဝသည်လည်း . . .

အစမသိ. . . .

အဆုံးမည်သို့ရှိရပါမည်နည်း။

❖ ❖ ❖



● အခန်း (၇)

ဦးသိန်းထိုက်
သိန်းထိုက်ရတနာ နိုင်လွန်စက်ရုံ၊
၈-မိုင်၊ ပြည်လမ်း၊
ရန်ကုန်မြို့။

သမီးလေး ချောမောစွာ ရောက် ရဲ့လား။
အကြောင်းပြန်ပါ။

ဒေါ်တင့်တင့်
ဟိုပင်မြို့။



www.burmeseclassic.com

www.burmeseclassic.com



ဤကြေးနန်းစာကို လာရောက်ပြသသူမှာ ကိုတာရာ
ဖြစ်ပါ၏။

"ဟင်. . . ဒါ. . . ဒါဖြင့် သီတာဟာ ဟို. . . ဟိုပင်မြို့
လား ရှင်"

"ဒါဟာ မသီတာ့ အတွက် ရိုက်လိုက်တဲ့ ကြေးနန်းစာ
ဖြစ်မယ်ထင်လို့ ကျွန်တော်ယူလာပြတာပါ။ ဒေါ်တင့်တင့်ဆိုတာ
မသီတာရဲ့ မိခင်များလား"

"ဒေါ်တင့်တင့်. . . ဒေါ်တင့်တင့်. . . အို. . . သီတာ
. . . သီတာ မကြားဖူးဘူး. . . မသိဘူး"

ကိုတာရာ ကိုယ်တိုင် စိတ်ပျက်အားလျော့သော မျက်ဝန်း
များဖြင့် ခင်သီတာကို ကြည့်လာသည်။

"ကိုတာရာ"

"ဗျာ"

"သီတာ. . . အဲဒီ ဟိုပင်မြို့ကို သွားရရင် မကောင်းဘူး
လား ရှင်"

"ဒေါ်တင့်တင့်ဆိုတာ မသီတာရဲ့ မိခင်ပါလို့မှ မသီတာ
အတိအကျမသိဘဲနဲ့၊ ဘယ့်နဲ့လုပ်ပြီး သွားလို့ဖြစ်မှာလဲ"

"အို. . . သီတာတော့ ဒီအိမ်ကြီးထဲက ထွက်သွားရရင်
ပြီးတာပဲလို့ ထင်နေမိတယ်"

"သွားရမယ့် ဦးတည်ချက်လမ်းက ရှိဦးမှပေါ့"

"ဘာပဲဖြစ်ဖြစ်. . . သီတာတော့ ထွက်သာ ပြေးချင်တာပဲရှင်"

"တခြားနေရာသစ်ကိုရောက်သွားရင်လဲ မသီတာ အခုလို
အတိုင်းပဲ ဖြစ်နေမှာပဲပေါ့"

"ဒါ. . . ဒါဖြင့် သီတာ ဘာလုပ်ရမလဲ ကိုတာရာရယ်"

"အကောင်းဆုံးကတော့ သီတာ ဒီမှာပဲ ဆက်နေပါ"

ခင်သီတာမှာ ရှေ့တွင်ချထားသော ရေခဲစိမ် ပင်မှည့်
ငံမွှော်ရည်ကို မော့သောက်လိုက်သည်။ ပူလောင်နေသော
ရင်ဘတ်ကို "သောကရင်ပြင်" အညီ ရေခဲရည်ဖြင့်လည်း မအေးမြနိုင်ပါလား။

"အရေးထဲမှာ နောက်ကြေးနန်းကလဲ ဒီနေ့ပဲ ရောက်လာတယ်"

"ရှင်. . ."

"ဂျပန်ပြည်က ကြေးနန်းလေ"

"ဘာလဲ. . . ဘယ်သူ့ဆီကလဲ"

"ဦးသိန်းထိုက်ဆီက"

"ဘာကြေးနန်းလဲ"

"သူ ပြန်မလာနိုင်သေးဘူးတဲ့၊ စင်္ကာပူနိုင်ငံမှာ ဆယ်ရက်
လောက် ထပ်ကြာဦးမယ်ဆိုပဲ"

"ဪ. . ."

"အဲဒီကြေးနန်းနှစ်စောင်အကြောင်း မသီတာကို လာပြော
တာပါ၊ ကျွန်တော် သွားမယ် မသီတာ"

"နေပါဦး. . . ကိုတာရာ"

"ဗျာ. . ."

"အဲဒီကြေးနန်းတွေနဲ့ သီတာနဲ့ ဘာဆိုင်လို့လဲရှင်"

"ဪ. . . ဒေါ်တင့်တင့်ဆိုတာ မသီတာရဲ့ မိခင်လို့များ
ထင်ပြီး ပြန်ရလာမလား ဆိုတာရယ်. . ."





www.burmeseclassic.com

www.burmeseclassic.com

"ရှင်. . . ဟို. . . ဦးသိန်းထိုက်ကရော"

"ဦးသိန်းထိုက်ဆိုတာ မသိတာ့ကို ဒီကိုလာဘို့ မှာယူတဲ့ . . ."

"ဒီမှာ. . . ကိုတာရာ"

ကိုတာရာ၏ စကားမဆုံးခင် ထမင်းစားခန်းသို့ ကိုကျော်သူ ဝင်လာသည်။ သူ့လေသံအတိုင်း သူ့မျက်နှာကပါ ခက်ထန်နေပါ၏

"ဒါ. . . ကျွန်တော်တို့ မိသားစုကိစ္စပါ။ ခင်ဗျားနဲ့ ဘာမှမဆိုင်ပါဘူး"

"ဟုတ်တယ်. . . ကျွန်တော် မှားသွားတယ်. . . ဒါဟာလဲ မသိတာ့ကို ကူညီချင်တဲ့ စေတနာနဲ့ မှားတဲ့ အမှားပါ ကိုကျော်သူ"

"ခင်ဗျား ကူညီစရာ ဘာလိုလဲ၊ ခင်ဗျား အနေသာကြီးပဲ"

"ဟုတ်တော့ ဟုတ်တယ်ပေါ့ဗျာ၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဆိုပြီးလဲ စကားဆက်နေစရာလို မယ် မထင်ပါဘူး၊ ခင်ဗျားအလုပ်က ကျွန်တော့်ဖေဖေ တာဝန်ပေးထား တဲ့အတိုင်း စက်ရုံ အုပ်ချုပ်ဖို့ မန်နေဂျာအလုပ်ပဲ ရှိတယ်"

"ကောင်းပြီလေ. . . ကျွန်တော် သွားမယ်"

"ခင်ဗျား ခင်သီတာကိုလဲ လာပြီး ဖြားယောင်းသွေးဆော် နေစရာမလိုဘူး"

"ကျုပ်ကို ဒီလိုတော့ မစော်ကားနဲ့ ကိုကျော်သူ"

"ခင်ဗျားလဲ ကျုပ်တို့မိသားစုကိစ္စထဲမှာ ဝင်မပါပါနဲ့"

ကိုတာရာက ဒေါသမျက်ဝန်းများဖြင့် ကြည့်ပြီး သွက်လက် သော ခြေလှမ်းများဖြင့် ထွက်သွားလေတော့သည်။

"ခင်သီတာ"

ဒေါသပြေနေသော ကိုကျော်သူက သိမ်မွေ့စွာခေါ် ...ိုက်ပြီး . . .

"အဲဒီ ကိုတာရာဆိုတဲ့လူရဲ့စကားကို ဘာမှမယုံပါနဲ့၊ ဘာမှ ...က်မခံပါနဲ့"

"သူ လာပြောလို့ပါ"

"ဟုတ်ပါတယ်၊ သီတာ့မှာ အပြစ်မရှိပါဘူး၊ ဒီမှာ သီတာ"

"ဟုတ်ကဲ့"

"အဲဒီလူဟာ ဖေဖေ တစ်ယောက်ထဲကို ယုံကြည်အောင် ...ယ်လို သိမ်းသွင်းထားတယ် မသိဘူး၊ ဖေဖေဟာ သူ့ကိုမှ ယုံတယ်၊ ...စ္စအားလုံး ပုံအပ်ပြီး မန်နေဂျာခန့်ထားတယ်"

ခင်သီတာ ငေးကြည့်၍သာနေမိသည်။ စကားညှပ်ထောက် ...င်မခံမိ။

"ဖေဖေ မသိအောင် အမျိုးမျိုး လိမ်လည် လှည့်ပတ်ပြီး ...က်ရုံကပစ္စည်းတွေကို အမျိုးမျိုးခိုးထုတ် ရောင်းစားနေတဲ့လူ"

"ဟင်. . ."

"သူက လည်ပတ်တယ်။ စကားတတ်တယ်၊ အလုပ်အကိုင် ...ိတယ်၊ စည်းစနစ်ကောင်းတယ်၊ တရင်းဇယားနိုင်တယ်"

ကိုတာရာ၏ အရည်အချင်းများကိုလည်း ဖော်ထုတ်ပြ ...သားပါလား။

"ဒီတော့ တော်ရုံတန်ရုံ ကိစ္စလောက်ကို ဘယ်လိုမှ မ...ိုင် ...သိနိုင်ဘူး။ ပြီးတော့ အခက်ဆုံးက. . ."





www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ ဟင်"

"ဖေဖေကိုယ်တိုင်က သူ့ကို သိပ်ယုံကြည်နေလို့ပါပဲ"

"သူက ကိုကျော်သူတို့နဲ့ အမျိုးမတော်ဘူးလား၊ သူစိမ်း သက်သက်ပဲလား"

"ကျွန်တော်တို့နဲ့တော့ အမျိုးမတော်ပါဘူး၊ ဖေဖေနဲ့တော့ တစ်နွယ်ငင် တစ်စင်ပါလို့ ပြောရမလားပဲ၊ ဖေဖေရဲ့ဆုံးသွားတဲ့ ပထ မိန်းမရဲ့တူ တဲ့"

"ဪ. . ."

"အခု သီတာ့ကိစ္စမှာလဲ သူက ဘာမဆိုင် ညာမဆိုင် ဝင်ရှုပ်နေတယ်လေ"

"သူ လာပြောတာက. . ."

"ကိုယ် အကုန်ကြားပါတယ်"

"ရှင်. . ."

"ဒီတော့ ဒီအတိုင်းသာ သီတာ စိတ်အေးချမ်းသာ နေပါ ဖေဖေပြန်လာတာနဲ့ ကိစ္စအားလုံး ရှင်းသွားပါလိမ့်မယ်"

"ဦး. . . ဦးသိန်းထိုက် ပြန်လာရင်. . ."

"ဟုတ်တယ်"

"အဲဒီ ဦးသိန်းထိုက်က သီတာနဲ့ ဘယ်လိုများ ပတ်သက် ပါသလဲ ရှင်"

"သီတာ ဒီကိုလာခဲ့ဖို့ ဖေဖေ ကိုယ်တိုင်က မှာယူခဲ့တာပဲ"

"ရှင်. . ."

"ဒါပေမယ့် သီတာက အရောက်သိပ်နောက်ကျ သွား တယ်၊ ဒါကြောင့် ဖေဖေနဲ့ လွဲသွားရတာ"

"သီတာ့ကို. . . သီတာ့ကို အဲဒီ ဦးသိန်းထိုက်က ဘာကြောင့်မှာယူရတာလဲရှင်"

"အဲဒါတော့ ကျွန်တော်လဲ မသိဘူး၊ ခင်သီတာဆိုတဲ့ မိန်းခလေး ရောက်လာလိမ့်မယ်၊ သူကြေးနန်းရရင် မင်းတို့ သွားကြို ကြပါလို့ ဖေဖေ ဂျပန်ပြည်သွားခါနီးမှာ မှာသွားတယ်၊ ဒါပေမယ့်. . ."

"ဟင်. . . သီတာ့ကို လာကြိုတာ ဒီအိမ်က မဟုတ်ကြ ဘူးလား"

"မဟုတ်လို့ပေါ့၊ ကိုယ် ကိုယ်တိုင် လာကြိုတာ၊ ဘယ်လို ဘယ်လို လွဲသွားပြီး ဟိုလူနှစ်ယောက်ဆိုတဲ့ ဂျစ်ကားနောက်ကို ပါသွားရတာလဲ"

"ဟင်. . . သူတို့ကပြောတော့ သိန်းထိုက် ရတနာက လာကြိုခိုင်းတာဆို"

"ဘယ်ဟုတ်မလဲ၊ ဒါ သီတာ့ကိုကြားက ဖြတ်ခုတ်ခေါ်ထုတ် သွားမယ့် အစီအစဉ်နဲ့ ကိုယ့်အရင် သီတာ့ကို သူတို့ရှာပြီး ခေါ်သွားကြတာ"

"ဒါဆို သီတာလာမယ်ဆိုတာ အဲဒီလူတွေကလဲ သိနေလို့ ပေါ့နော်"

"ဒါပေါ့. . . အတွင်းလူလဲ ပါလို့ပေါ့"

"အတွင်းလူ"

ကိုကျော်သူက ဘာမှ ဆက်မပြောတော့။ ဂျစ်ကားပြန် ခင်သီတာကို လိုက်တိုက်၍ ချောက်ထဲသို့ လိမ့်ကျပြီး ပထမဆုံး





www.burmeseclassic.com

www.burmeseclassic.com

ဆယ်သူမှာလည်း ကိုတာရာဟု ပြန်လည်သိရှိခဲ့ရသည်။ သူနှင့်အတူ အခြားလူများပါ ဝိုင်းအုံလာကယ်ခဲ့ကြသည်။

ကိုကျော်သူက ဘာမှမပြောသော်လည်း သူ့ရည်ညွှန်းချက်က ကိုတာရာသို့မျှားလား။

"ဟုတ်လား"

"ကိုယ် အဲဒီနေ့က သီတာရဲ့ခတ်ပုံကို ကိုင်ပြီး မိန်းမချော လေးတွေကို လိုက်ကြည့်နေတာပဲ၊ လုလုတောင် ပါသေးတယ်"

"ဟုတ်လား"

"သီတာ မိန်းမဖော်ရအောင်ပေါ့"

"ဟုတ်ကဲ့"

"အဲ. . . ဒါနဲ့ ဘူတာရုံမှာ လူကုန်တော့မှပဲ မလာဖြစ်ဘူး ထင်ပြီး ပြန်လာခဲ့ကြတာ"

"ဪ. . ."

"လမ်းထဲလဲဝင်ရော ရုတ်ရုတ်သဲသဲ ဖြစ်နေကြတယ်၊ ကိုတာရာက ဦးဆောင်ပြီး သီတာ့ကို ချိုင့်ထဲက မ, တင် သယ်ယူနေကြတယ်"

"ဟုတ်ကဲ့"

"ဒါနဲ့ ကိုယ့် မာစီဒီးကားနဲ့ပဲ သီတာ့ကို ချမ်းသာဆေးတိုက်ကို လိုက်ပို့ခဲ့ရတာပါ"

"သီတာ့ကို လိုက်တိုက်တဲ့ ဂျစ်ကားဖြူရော"

"အဲဒါ သီတာပြောလို့သာ၊ ကိုယ်တို့ဖြင့် အဲဒီကားရဲ့ အရိပ်အယောင်တောင် မတွေ့ကြရပါဘူး"

"ခုထိပဲလား"



"ခုထိပေါ့"

ကိုစောမောင် လုလုသို့ ပေးခဲ့သောစာသည် ဤအကြောင်းအရာနှင့် သက်ဆိုင်လေသလား၊ သီးခြားစီလားဖြင့် မသိပါ။

ကိုကျော်သူ မသိသည်ကဖြင့် သေချာပါပြီ။

"သီတာ"

"ရှင်. . ."

"အစတုန်းကတော့ မေမေ ကိုယ်တိုင်က အရေးတယူမှာယူပြီး ဂရုတစိုက် ထားရမယ်လို့ တဖွဖွ မှာခဲ့လေတော့ မေမေနဲ့ ကျွန်တော်က နည်းနည်းတော့ မကျေမနပ် ဖြစ်မိခဲ့တယ်"

"ရှင်. . ."

"ဒါ ကိုယ် အမှန်အတိုင်း ဝန်ခံတာပါ သီတာ"

"ဟုတ်ကဲ့ပါ"

"ခုတော့လဲ မျက်ရည်တဝဲဝဲနဲ့ ညှိုးနွမ်းအားငယ်နေတဲ့ သီတာကို မြင်ရတော့ ကိုယ်စိတ်မကောင်းမိဘူး၊ သနားလာမိတယ်၊ ဒါကြောင့် မေမေ့ကိုပါ ဖျောင်းဖျထားရပါတယ်"

"ဒေါ်သက်ဦးက သီတာ့ကို မလိုလားဘူးလားရှင်"

"ဒီလိုရယ်တော့လဲ မဟုတ်ပါဘူး၊ ဒါပေမဲ့ မေမေမှ မဟုတ်ဘူး၊ မေမေ့ နေရာကနေပြီးကြည့်မယ်ဆိုရင်လဲ ဘယ်မိန်းမမျိုးမှကျေနပ်နိုင်စရာ ရှိမှာမဟုတ်ပါဘူးလေ"

"ရှင်. . . ဘယ်လိုပြောလိုက်တယ်၊ သီတာဟာ. . . သီတာဟာ ဘာဖြစ်လို့လဲရှင်"

"ကဲပါလေ. . . ဒါတွေ အသာထားလိုက်ပါဦး၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

သီတာ့ကို ကုပေးဖို့ ဆုံးဖြတ်လိုက်ပြီ"

"ခုလဲ ဆရာဝန်လာကြည့်နေတာပဲ"

"ဒါက ရိုးရိုးဆရာဝန်ပဲ၊ ကိုယ်ပြပေးမှာက ဆိုက်ကဲယားထရစ် (Psychiatrist) နဲ့"

"ရှင်. . ."

"ကိုယ် သီတာ့ကို သနားလာပြီ"

"ဆိုက်ကဲယားထရစ်ဆိုတာ ဘာလဲဟင်"

"ဩော် စိတ်ကျန်းမာရေးဆရာဝန်ကို ပြောတာပေါ့"

"သီတာရူးနေပြီလား၊ ဟုတ်လားဟင် ကိုကျော်သူ"

"မရူးပါဘူး၊ သီတာက အားလုံးကို သိနေတာပဲ၊ ကိုယ့်ဘဝကို မေ့နေကာလေးတစ်ခုပဲ မဟုတ်လား"

"အဲဒါက အဆိုးဆုံးပေါ့"

"အေးလေ. . . အဲဒါကြောင့် သီတာရဲ့ဘဝမှန်ကို ပြန်ပြီး သတိရလာနိုင်အောင် စိတ်ကျန်းမာရေးဆရာဝန်နဲ့ ပြပေးမယ်လို့ ပြောတာပေါ့"

"ကျေးဇူးတင်ပါတယ်၊ သီတာတကယ်ပဲ ကျေးဇူးတင်ပါတယ် ရှင့်"

"ကိုယ်ဟာ ဘယ်သူမဆို ကူညီတတ်တဲ့သူပါ သီတာရယ်"

"ဒါပေမယ့် သီတာတစ်ခုမေးပါရစေ"

"မေးပါ"

"သီတာ ဘယ်သူလဲ၊ ဘယ်ကလာတာလဲဆိုတာကို ကိုကျော်သူတို့ တကယ်ပဲ မသိကြဘူးလားရှင်. . ."





"မသိပါဘူး"

"သိမှာပါရှင်. . . ကိုယ့်အိမ်ကိုလာမယ့် ဧည့်သည်ဆိုပြီး လာတောင်ကြိုနေတာပဲ"

"သီတာဟာ ဘယ်သူလဲဆိုတာ ကိုယ်တို့တကယ်မသိပါဘူး သီတာ"

"ဟင်"

"ဖေဖေက. . . ခင်သီတာဆိုတဲ့မိန်းကလေး ရောက်လာလိမ့်မယ်၊ အဲဒါ သားကသွားကြိုပြီးတော့ ကောင်းကောင်း ပြုစုထားနှင့်ပါ၊ ဖေဖေပြန်လာမှ သူ့ပြဿနာကိုရှင်းမယ်ဆိုပြီး သီတာရဲ့ ဓာတ်ပုံလေး တစ်ပုံပေးခဲ့တယ်၊ ကိုယ်သိတာ ဒါအကုန်ပါပဲ သီတာ"

ခင်သီတာရောက်ပြီးသည်မှစ၍ ယခုတစ်ကြိမ်သာ ကိုကျော်သူသည် အေးအေးဆေးဆေးနှင့် ဆွေးဆွေးနွေးနွေး စကားပြောလာသည်။

သူလည်းအိမ်မှာ သိပ်မရှိလှ။

မာစီဒီးကားမဲကြီးတစ်စင်းနှင့် ထွက်သွားလိုက်၊ ပြန်ဝင်လာလိုက်၊ ပြန်မောင်းသွားလိုက်နှင့်ပါပင်။

ခင်သီတာကို ထာဝရမျက်ခြေမပြတ် စောင့်ကြည့်နေသူကတော့ ဒေါ်သက်ဦး. . .

ပြီးတော့ လုလု။

ခင်သီတာမှာ ဒေါ်သက်ဦး၏ စိမ်းလွန်းသော အကြည့်များကို ရင်မဆိုင်ရဲ။ ဆုံလေတိုင်း မျက်နှာလွှဲသွားမိသည်သာ။

ယခု သူ့သားက စေတနာပါသော စကားလေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com


တတ်ကျွမ်းသက်ဆိုင်သော ဆရာဝန်ထံ ပြသပေးမည်ဆိုပါ၍ ခင်သီတာ အားတက်လာမိသည်။

"ကိုယ့်ဘဝကို သိအောင်မစဉ်းစားပါနဲ့"

ဟူသော ကိုတာရာ၏စကားသည် စေတနာစကား ဖြစ်ချင်ဖြစ်မည်။

ခင်သီတာ မခန့်မှန်း မတွေးထင်တတ်ပါ။

ဘာပဲဖြစ်ဖြစ် ဘယ်လိုအန္တရာယ်မျိုးနှင့်ပင် ရင်ဆိုင်ရ ရင်ဆိုင်ရ၊ ကိုယ့်ဘဝမှန်ကို သိချင်လွန်းလှသော စိတ်သည်သာ ခင်သီတာ၏ရင်မှာ အပြင်းပြဆုံးသော ဆန္ဒဖြစ်ပါတော့သည် တကား။

❖ ❖ ❖



● အခန်း (၈)

"ကြည်ပြာလေ. . . မမသီတာရယ်. . . ကြည်ပြာ ကိုတောင် မသိတော့ဘူးလား"

ကြည်ပြာက အသံတုန်၍ မျက်ရည်များ ဝဲလာသည်။ ဆယ်ကျော်သက်ရွယ် နုနယ်သော အတွေ့အကြုံရင်မို့ သူ့ရင်လှုပ်ရှားမှုများကို ဘေးကပင် မြင်သာနိုင်နေပါ၏။

"ကြည်ပြာ. . . ကြည်ပြာ မဟုတ်လား"

"ဟုတ်တယ်လေ မမသီတာ"

"အို. . . ဒီနာမည်ကို သိပ်ကြားဘူးသလိုပဲ၊ ဒီမျက်နှာလေးကိုလဲ သိပ်ပြီး သိမှတ်မိဖူးသလိုပဲ"

"ကြည်ပြာရယ်လေ. . . မမသီတာရဲ့ညီမလေးရယ်လေ"


www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သိပြီမဟုတ်လား၊ မှတ်မိပြီမဟုတ်လားဟင်"

"ဟင့်အင်း. . . ဟင့်အင်း. . . မသိပါလား. . . အို. . . ဘာမှပြန်တွေးလို့ မရတော့ပါလား"

ခင်သီတာ ရှိုက်ကြီးတငင်ငိုယိုမိသည်။

"မငိုနဲ့လေ. . . သီတာမငိုပါနဲ့"

စိတ်ကျန်းမာရေးဆရာဝန်က ခင်သီတာ၏ ပခုံးလေးကို ပုတ်ပြီး ဖြေသိမ့်သည်။

"မကြည်ပြာနဲ့ပတ်သက်လို့ ဒီလောက်ကလေး. . . သိမှတ်ကြားဖူးလာတယ်ဆိုရင်ပဲ အားတက်စရာပါ"

ပြီးနောက် ခင်သီတာစိတ်ကြည်လင်စေမည့် မေးခွန်းပေါင်းများစွာကို မေးသည်။ စကားတွေပြောသည်။ ရောဂါနှင့် မဆိုင်သောကိစ္စများကို မိတ်ဆွေချင်း ကြုံရာဆုံရာ ပြောသလိုလျှောက်ပြောနေပြီးမှ ခင်သီတာ၏ အခန်းမှ ဆရာဝန်ထွက်သွားသည်။

အပြင်တွင်လည်း ကိုကျော်သူနှင့်ကြာမြင့်စွာ အကြေအလည် ဆွေးနွေးနေပုံရသည်။ အတော်ကြီးကြာမှ ဆရာဝန်၏ ကားထွက်သွားသံကြားလိုက်ရသည်။

ကြည်ပြာကိုလည်း ခင်သီတာ၏အခန်းတွင်းဝယ် ကြာရှည်နေခွင့်မပြုတော့။

ကြည်ပြာနှင့် ပတ်သက်၍ စဉ်းစားလေ ခေါင်းရှုပ်လေဖြစ်မနေအောင် စီစဉ်ကြခြင်းဖြစ်မည်ထင်ပါ၏။

"လုလု"

"ဘာလုပ်ပေးရမလဲ သီတာ"

"ကြည်ပြာဆိုတာရော ဟင်"

"ရှိပါတယ်"

"သူက သီတာ့ ညီမလေးတဲ့လား"

"ဟုတ်တယ်လို့ပြောပါတယ်"

"သီတာနဲ့ ခဏလောက်တွေ့ပါရစေ"

"သူပြန်သွားပြီ"

"ဟင်. . . ဒါနဲ့ ရှိပါတယ်ဆို"

"သူက ကမာရွတ်မှာတည်းတယ်လေ"

"တည်းတယ်ဆိုတော့ သူနယ်ကလာတာပေါ့နော်"

"ဟုတ်ပါလိမ့်မယ်"

"ဘယ်ကလာတာလဲ၊ ဟိုပင်ကလား ဟင်"

"ဟိုပင်"

"ဟုတ်တယ်. . . ဟိုပင်မြို့ကလာတာလား"

"သီတာက ဘယ်လိုလုပ်ပြီး သိနေလို့လဲ"

လုလုက အံ့သြဆန်းစစ်သော အကြည့်များဖြင့် မေးသည်။

"မေးကြည့်တာပါ၊ ဟုတ်လားဟင်"

"အဲဒါတော့ လုလုမသိဘူး၊ သီတာရဲ့ညီမလေး နယ်က...တ်လာတယ်၊ ကမာရွတ်မှာတည်းတယ်၊ သူ့အစ်မကိုလာတွေ့...မ့်မယ်လို့ အန်တီကြီးဒေါ်သက်ဦးတို့သားအမိ ပြောနေ...ားလို့ပါ"





www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဩော်"

လုလုကျူ ဤစကားစုကို အမြန်ပြောပြီး အမြန်ထွက်သွား ရှာလေသည်။

ခင်သီတာ၏အနီးအနားတွင် ကြာရှည်နေခွင့် ပြုမထား ကြောင်းကိုလည်း ခင်သီတာ နားလည်မိပါသည်။

နောင်တ တစ်ခုသည် ခင်သီတာ၏အသိအာရုံတွင်း ပြေးဝင်လာခဲ့သည်။

"ကြည်ပြာ. . . ကြည်ပြာဆိုတာ ငါ့ညီမလေး ဖြစ်နိုင်တယ် ငါ့မျက်နှာမျိုး ရိုးသားဘဲ့မျက်နှာ၊ ကြင်နာတဲ့မျက်ဝန်းလေးမှာ မျက်ရည်တွေနဲ့"

"ငါ ဘာလို့လိုက်မသွားမိပါလိမ့်"

"ငါ့ညီမလေးရဲ့လက်ကိုဆွဲပြီး ငါ ဒီအိမ်ကြီးက တစ်ခါတည်း ဘာကြောင့်များ ထွက်ပြေးမသွားမိပါလိမ့်"

နှောင်းလေသော နောင်တအတွေးများကြောင့် နွမ်းလျ အားလျော့စွာဖြင့် ခင်သီတာမှာ အိပ်ရာထက်သို့ နွဲ့နွဲ့ခွေခွေလေး လှဲချလိုက်ရပါတော့သည်။

"သီတာ"

ညင်သာသောခေါ်သံကြောင့် မျက်ရည်စိုလျက် ပိတ်ယှက် နေသော မျက်တောင်ကော့ကြီးနှစ်ခုကို ဖွင့်ခွာကြည့်လိုက်ရပါသည်။

"ဆေးသောက်ရအောင်နော်"

လက်တွင်ရေတစ်ခွက်နှင့် အခြားလက်ဖဝါးပေါ်တွင် ဆေးနှစ်ပြားတင်လျက် ခင်သီတာသို့ပြုံးကြည့်နေသော ကိုကျော်သူ



"သီတာ့အခြေအနေဟာ အများကြီး အားရလောက်စရာပါ ပြီတဲ့၊ 'ဒေါက်တာစန်းမောင်သွင်' က ပြောသွားပါတယ် သီတာ"

"သီတာ့အဖို့တော့ ဘာမှလဲမထူးခြားပါလားရှင်"

"ထူးခြားမှာပါ။ ကြည်ပြာ့ကို သီတာနည်းနည်းမှတ်မိလာပြီပဲ"

"အဲဒီ ကြည်ပြာဟာ"

"နေ. . . သီတာ၊ ဘာမှမစဉ်းစားနဲ့ဦးတဲ့၊ ရော့. . . ဆေးလေး သောက်လိုက်ပါဦး"

ခင်သီတာမှာ စိတ်မပါတပါနှင့် အိပ်ယာမှထပြီး ကိုကျော်သူ ပေးသောဆေးကို သောက်လိုက်ရသည်။

"ကဲ. . . ခဏနေရင် သီတာ ကောင်းကောင်း အိပ်ပျော် သွားတော့မှာပါ"

"သီတာကတော့ ဘယ်တော့မှနိုးမလာတဲ့အိပ်ခြင်းမျိုးနဲ့ပဲ အိပ်ချင်ပါပြီရှင်"

"အို. . . သီတာကလဲ မဟုတ်တာ၊ ဒေါက်တာက အစီအစဉ်သစ်တစ်ခုနဲ့ သီတာ့ကိုကုမလို့တဲ့။ ကဲ. . . ကဲ ပြန်လှဲ တော့၊ အိပ်မက်လှလှလေးတွေနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပါ စေဗျာ"

ကုတင်ခြေရင်းမှ ဝါဂွမ်းနုစောင်ကို ကိုကျော်သူက လွှမ်းခြုံ ပေးလိုက်သည်။

အစီအစဉ်သစ်တစ်ခုနဲ့ သီတာ့ကိုကုမလို့ဆိုတာ ဘာများပါ လိမ့်ဟုမေးချင်လှ၊ သိချင်လှပါသော်လည်း ခင်သီတာ မမေးဖြစ် တော့။ မေးမနေချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာဟန်နှင့် ပြုံး၍ကြည့်နေသော ကိုကျော်သူ မျက်နှာသည် တဖြည်းဖြည်းမှုန်ဝါးလာသည်။

သည့်နောက်တွင်ဖြင့် ခင်သီတာမှာ သောကပေါင်းစုံနှင့် ယှက်လိမ်ရှုပ်ထွေးနေသော ဘဝပျောက်မိန်းကလေးဖြစ်မှ. . .

ခေတ္တမျှ အေးငြိမ်းခြင်းကို တန်ဖိုးရှိစွာ ရရှိသွားပါတော့သတည်း။

❖ ❖ ❖



● အခန်း (၉)

"ဒီကောင်မ ပြန်သတိရလာအောင် မင်းက ဘာလို့များ ဒီလောက်ကြိုးစားနေရတာလဲဟင်"

"မေမေကလဲ"

"ဘာ. . . မေမေကလဲ. လဲ၊ ဘာကိစ္စ စိတ်ကျန်းမာရေး ဆရာဝန်ခေါ်ကုနေရတာလဲ၊ သူမေ့နေရင် ပိုမကောင်းဘူးလား"

"မေမေ မသိပါဘူးဗျာ၊ ခင်သီတာနဲ့ပတ်သက်ပြီး ကျွန်တော် စိတ်တစ်မျိုးပြောင်းသွားပြီ၊ သူ့ကို သူ့ဘဝမှန် ပြန်သိလာ အောင် ကျွန်တော်ကုယူမယ်"

"လုပ်မနေနဲ့ ကြည်ပြာဆိုတဲ့ သူ့ညီမနဲ့ ပြန်ထည့်လိုက်စမ်း၊ ဒီကောင်မ ဒီအိမ်မှာကြာကြာနေရင် ငါသေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စမှာ မေမေအသာနေစမ်းပါဗျာ"

"အောင်မာ"

"သား ကြည့်စီစဉ်ပါ့မယ်၊ သားသိပါတယ်"

"မင်းအကြောင်း မသိတာမှတ်လို့လား၊ မင်း ဒီကောင်မ

ကျနေပြန်ပြီမဟုတ်လား"

"ဟာ. . . မေမေကလဲ ကြားသွားပါမယ်၊ တိုးတိုးလုပ်စ

ပါ၊ မေမေ့ကြောင့်ခက်တယ်၊ ဒီအတိုင်းဆို ခက်ဦးမယ်"

အသံကိုထိန်းအုပ်၍ပြောလိုက်သော ကိုကျော်သူ

စကားလုံးများကို နောက်ဆုံးကြားလိုက်ရပြီးသည့်နောက်တွ

အသံများ တိတ်ဆိတ်သွားတော့သည်။

ရေချိုးခန်းသို့ ဆင်းလာသော ခင်သီတာမှာ ကြားလိုက်

သောစကားကြောင့် လှေကားလက်ကိုင်ကို ဆုပ်ကိုင်ထားလို

ရသည်။

အောက်သို့လည်း မဆင်းဖြစ်တော့။ ကျဉ်းမြောင်းလှ

သော ဗိမာန်၏အခန်းကျဉ်း ကမ္ဘာငယ်လေးဆီသို့သာ ပြန်ဝင်ခဲ့ရသည

သည်တိုင်းသာဆိုပါလျှင် ကိုကျော်သူ၏ စေတနာဖြင့်

မိမိမှာ ကောင်းမွန်စွာ နေထိုင်စားသောက်ခွင့်၊ ဆေးကုသ

ရနေရခြင်းပါလား။

* * * * *

ညနေစာကို အပေါ်ထပ်တင်ပေးရမလား၊ အောက်မှာ

င်းစား သွားဟင် သီတာ"

"သီတာ မဆာဘူး"

"ဝင်သလောက်တော့ စားပါဦး"

"လုလု အပေါ်ယူတင်လာပေးရမှာ အားတော့နာပါတယ်"

"အားမနာပါနဲ့လေ"

"အောက်မှာဆိုရင် ဒေါ်သက်ဦးကို သီတာကြောက်လို့ပါ"

"မရှိဘူး၊ သားအမိနှစ်ယောက်လုံး တစ်ယောက်ကား

စ်စင်းစီနဲ့ ထွက်သွားကြပြီ"

"ဟုတ်လား"

"ဒါဖြင့် အောက်ထပ် ဆင်းစားလေ"

"သီတာ ထမင်းတော့ မစားချင်သေးဘူး"

"ဘာလုပ်ချင်လဲ"

"ခြံထဲမှာဆင်းပြီး လမ်းလျှောက်ပါရစေလား လုလုရယ်"

"ကောင်းသားပဲ၊ လာလေသီတာ"

လူမမာ တစ်ယောက်ကို စောင့်ရှောက်သည့် ပုံစံမျိုးနှင့်ပင်

ုက ယုယဖေးမစွာ ဘေးမှလိုက်ပါလာသည်။

"သီတာခြံထဲဆင်းရင် အစ်ကိုလေးကတော့ လာစကားပြော

ာပဲ"

"ကိုတာရာလား"

"အင်းပေါ့"

"ကိုတာရာနဲ့စကားပြောတာ လုလုမကြိုက်ဘူး ားဟင်"





www.burmeseclassic.com

www.burmeseclassic.com



"လုလု မကြိုက်တာမဟုတ်ပါဘူး၊ သူတို့က သီတာ့ ဘယ်သူနဲ့မှ စကားမပြောစေချင်ကြဘူး"

ကိုတာရာနေသောအိမ်နှင့် ဆန့်ကျင်ဘက်အရပ် ခင်သီတာတို့ လျှောက်ဖြစ်ကြသည်။

"လုလု. . ."

"ရှင်. . ."

လုလုမှာ ခင်သီတာထက် သုံးလေးနှစ်မျှကြီးမည်ဖြစ်သေ လည်း အိမ်ဖော်တစ်ယောက်မို့ ခင်သီတာကို လေးစားရသည် မေတ္တာစိတ်လည်း ပါမည်ထင်ပါသည်။

"လုလုနဲ့ ပတ်သက်ပြီး ထိန်ချန်ထားတဲ့ကိစ္စတစ်ခု သီတာ့ ရှိနေတယ်"

"ဘာများလဲ သီတာ"

"ခွင့်လွှတ်ပါလို့ ကြိုပြီးပြောပါရစေ၊ လုလုအပြစ်တင်ရင် သီတာခံရမှာပါပဲ"

"အို. . . ပြောမှာသာပြောပါ သီတာ"

"ကိုစောမောင်ရဲ့စာ သီတာ့ဆီမှာ ရှိနေပါတယ်၊ အိတ်ထဲမှာ ပါလာပါတယ်"

"ဟင်. . . ဘယ်လို"

"သီတာ ရောက်လာကာစက လုလုအကျႌ လုံချည် ဝတ်ပြီး အောက်ဆင်းတော့ လုလုပဲထင်ပြီး ရာဇမတ်ကွက် ကြားက ပေးသွားခဲ့တဲ့စာ၊ ဒီမှာပါ လုလု"

လုလုက စာကို အရေးတကြီး ဖတ်ရှာသည်။





"အင်း . . . လုလုမှာ သူ့အတွက် စိတ်ပူလိုက်ရတာ၊ စော စောထဲကပေးရောပေါ့ သီတာရယ်"

"သီတာ့ကို အပြစ်တင်ပါ လုလု၊ ပေးဖို့သတိရတော့လဲ လူကမလစ်၊ လူလစ်တော့လဲ ကိုယ့်သောကနဲ့ကိုယ် မေ့နေလို့ပါ"

"ရပါတယ်လေ၊ သူပျောက်သွားလို့ လုလုစိတ်ပူနေတာ"

"ကိုစောမောင်ဆိုတာ လုလုချစ်သူလား"

"ဟုတ်ပါတယ်"

"ဪ. . ."

"သူက ဒီစက်ရုံမှာ အစောင့်အဖြစ်နဲ့ အလုပ်ဝင်နေတာ ကြာလှပြီလေ၊ နောက်မှ သူကပဲ လုလုကို ခေါ်သွင်းပေးတာ"

"ဒါပေမယ့် လုလုတို့ဘဝကို သူများပိုင်နေတော့ သိပ်ပြီး တွေ့ချိန်မရပါဘူး၊ လွတ်လွတ်လပ်လပ် မဆုံရပါဘူး"

"ဟုတ်မှာပေါ့နော်"

"လုလုတို့ ဒီဇင်ဘာကျရင် လက်ထပ်ကြတော့မှာ"

"ဟုတ်လား"

"ဟုတ်တယ်၊ သူက လုလုကို သိပ်ချစ်တာ"

သူ့ချစ်သူအကြောင်း၊ သူ့ချစ်သူထံမှရရှိသော ကျေနပ်ဖွယ် မေတ္တာအကြောင်းများ ပြောရ၍ လုလု၏မျက်နှာလေးမှာ ဝင်းပ ကြည်လန်း၍နေပေသည်။

"ကိုစောမောင်က ဘယ်သွားတာလဲ ဟင်"

"လုလုလဲမသိဘူးလေ. . . ဟိုနှစ်ကောင် ဂျစ်ကားနဲ့ထွက် ပြေးသွားလို့ ငါလိုက်ရှာရမယ်လို့ ပါတာပဲ၊ ဘယ်နှစ်ကောင်လဲ မသိ"



www.burmeseclassic.com

www.burmeseclassic.com



ခင်သီတာ၏ စိတ်ထဲတွင် မိမိကိုဂျစ်ကားနှင့် လိုက်တိုက်၍ သတ်သည်ဆိုသော လူနှစ်ယောက်နှင့်များ သက်ဆိုင်နေလေသလားဟု ကြံဖန်ဆက်စပ်၍ တွေးကြည့်မိသည်။

"စောမောင်တို့များ အရာရာ စိတ်မချဘူး၊ ကြည့်စမ်းပါဦး"

ငယ်ပေါင်းတွေဖြစ်ပြီးမှ ချစ်ကြသူများ ထင်ပါသည်။ စောမောင်တဲ့ . . .

လုလုက စာလေးကိုကိုင်ပြီး နှစ်နှစ်ခြိုက်ခြိုက်ကလေးရယ်မောရင်း . . .

"နင် အစ်ကိုလေးကို သတိထားနော်တဲ့၊ အစ်ကိုလေးက ဘာများ ဒုက္ခပေးမှာမှတ်လို့၊ လုလုကို သိပ်ညှာတာပဲဟာ"

"ကိုတာရာက လုလုကို အရာရာမှာ ညှာတာတယ်လား"

"ကိုတာရာ မဟုတ်ပါဘူး"

"ဟင် . . ."

"အစ်ကိုလေး . . . ကိုကျော်သူကိုပြောတာ"

"ဟော . . . ကိုကျော်သူကိုလဲ အစ်ကိုလေးလို့ပဲ ခေါ်တတ်တယ်လား"

"အင်းလေ . . . သူတို့ နှစ်ယောက်လုံးကို လုလုလဲ ဒီလိုပဲ ခေါ်လိုက်တာပဲ"

"ဒါဖြင့် နင့်အစ်ကိုလေးကို သတိထားနော်လို့ ရေးထားတာဟာ ကိုကျော်သူကို ရေးထားတာပေါ့၊ ဟုတ်လားဟင် လုလု"

"မပြောတတ်ဘူး၊ နှစ်ယောက်လုံးနဲ့ သူလဲခင်တယ် လုလုလဲ ခင်တာပဲ"





"သြော် . . . လုလုရယ်"

"ဒီစာ နှောင့်နှေးမှုအတွက် လုလု သီတာ့ကို ခွင့်လွှတ်နိုင်ရဲ့လားဟင်"

"ခွင့်လွှတ်နိုင်ပါတယ် သီတာ၊ ဘာဖြစ်လို့မှန်း မသိဘူး၊ လုလု သီတာကို ချစ်တယ်၊ သနားတယ်"

"မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်တဲ့ အရာပါ လုလု"

"ဟုတ်မှာပဲနော်"

"ပြီးတော့ လွှတ်သမျှ တွန်းကန်အားအတိုင်း တုန့်ပြန်တတ်တဲ့ သဘောတရားလဲ ရှိပါတယ်"

"လုလုသဘောပေါက်ပါပြီ၊ လုလုကိုလဲ သီတာ ချစ်တာပေါ့နော်"

"ချစ်ရုံ မဟုတ်ပါဘူး လုလုရယ်၊ အားလဲကိုးပါတယ်"

"စိတ်ချ လုလု ကူညီမယ်"

လုလုနှင့် ခင်သီတာတို့ မေတ္တာချင်း ဖလှယ်ရသောနေ့ ပြေလည်မှုရသောနေ့ပါတည်း။

"လုလု"

"ရှင် . . ."

"သီတာ့မှာ ဆန္ဒတစ်ခုရှိနေပါတယ်"

"ပြောလေ . . . လုလု ဘာလုပ်ပေးရမလဲ"

"သီတာ . . . ကိုတာရာနဲ့ စကားပြောချင်တယ်"

"ဟင် . . ."

လုလုက အကြံရခက်သွားဟန်လေးနှင့် ခင်သီတာတို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးမှ . . .

"အစ်ကိုလေးတို့ သားအမိက ကိုတာရာဒီကို လာလာပြီး စကားပြောနေတာကို မကြိုက်ဘူး သီတာရဲ့"

"ဒါပေမယ့် သူဟာ သီတာနဲ့ပတ်သက်ပြီး တစ်စုံတစ်ခု သိနေသလိုပဲ"

"ဒီလိုပဲ အစ်ကိုလေးကိုတာရာက ဘာဖြစ်ဖြစ် ပါတတ်တယ် တဲ့ ကိုစပ်စုလေ၊ စက်ရုံကိစ္စဆိုလဲ နေ့မအိပ်ညမအိပ် ကြိုးစား လုပ်တယ်"

"ဟုတ်လား"

"ဒါကြောင့် ဘဘကြီးက သိပ်ပြီး ကိုတာရာ့ကို ယုံကြည် တယ်လေ"

"ဩော်. . ."

"ကိုတာရာ့ကို ယုံကြည် အရေးပေးကြလေ၊ ဒီအိမ်က အန်တီကြီး ဒေါ်သက်ဦးတို့က မခံချင်ကြလေပေါ့"

လှပလွန်းသော ခင်သီတာ၏ မျက်နှာလေးမှာ စိတ်နောက် စရာကြောင့် မျက်မှောင်လေးကြုံ့သွားရသည်။

ကိုယ့်ဘဝ ကိုယ်စိတ်ညစ်ရသည့်အထဲ သူတို့ချင်း မ... လည်မှုများကို မကြားလိုပါ။

"သီတာ. . . စိတ်ညစ်သွားပြီလား"

လုလုကို အားနာ၍ ဘာမှမဖြေမိ။

"လုလု အစ်ကိုလေး ကိုတာရာကို သွားကြည့်ပေးပါမယ်"

"သီတာ့ဘက်က ရပ်တည်တော့မည့် လုလုက ကိုတာရာ...



သွားရန် ခြေလှမ်းကိုစတင်လိုက်သည်။ သည်တော့လည်း ခင်သီတာ မှာ မိန်းမသားတစ်ယောက်၏ သိက္ခာဆိုသည်ကို သတိရလာမိ ပါ၍. . .

"လုလု"

"ရှင်. . . ဘာလဲ သီတာ"

"နေပါဦး"

"ဘာလုပ်မလို့လဲ"

"ဩော်. . . သီတာ့ဆီကို လာခဲ့ဖို့ သူ့ကို သွားခေါ်ရင် ကောင်းပါ့မလားလို့ပါ"

"ကောင်းပါတယ်"

"ဟင့်အင်း . . . ဟင့်အင်း . . . နေပါစေတော့"

"သီတာ့စိတ်ထဲမှာ သူနဲ့စကားလဲပြောချင်တယ်၊ သီတာ စကားပြောချင်ပါတယ်လို့ သူသိသွားမှာလဲ စိုးရိမ်နေတယ်လေ ဒီလိုမဟုတ်လား"

"လုလုကလဲ"

လုလုစကား မှန်နေ၍ ခင်သီတာပြုံးရင်း ပြောလိုက်ရသည်။

"အသာနေ အဆင်ပြေအောင် လုလုကြည့်ပြီး ပြောခဲ့မယ်"

ဖျတ်လတ်သွက်လက်သောလုလုသည် ခင်သီတာ၏အပါးမှ ခွာမရ ဆည်းမရနိုင်ခင် ရုတ်တရက် ထွက်ပြေးသွားတော့သည်။

မကြာခင်မှာပင် သွက်လက်စွာ သူပြန်လာသည်။

"သီတာ တစ်ယောက် ခြံထဲမှာ လမ်းလျှောက်နေတယ် လုလုလဲ နောက်ဖေးမှာ လုပ်စရာတွေရှိလို့ အစ်ကိုလေးသူ့ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ထားပေးစမ်းပါ၊ သူထွက်ပြေးသွားရင် အခက်ပဲ အိမ်မှာလဲ ဘယ်သူမှ မရှိကြဘူးလို့ လိမ့်ပစ်ခဲ့တယ် အဟဲ. . ."

"လုလုက တကယ်စကားတတ်တာပဲ"

"ကဲ. . . သီတာက ခြံထိပ်ဘက်နားကို သွားတော့မလိုလို ဘာလိုလိုနဲ့ လျှောက်သွားပေတော့၊ သူဟာသူ ရောက်လာလိမ့်မယ်"

သီတာရော လုလုပါ ပေါ့ပါးစွာ ပြုံးရယ်မိကြသည်။

"အစ်ကိုလေး ကိုတာရာ ကိုယ်တိုင်ကလဲ သီတာ့ကို စကား ပြောချင်နေတာပါ"

လုလု အိမ်ထဲသို့ မဝင်မီ ပြောကြားသွားသော နောက်ဆုံး စကား။

ကောင်းကင်ပြင်တွင် ညိုမှောင်သောမိုးသားများ ရွေ့လျား လာနေသည်။ မြာဆင်းလာသော အလင်းရောင်ကြားတွင် ဝင်ရောက် ကာကွယ်လိုက်၍ ဝန်းကျင်တစ်ခုလုံး မှိုင်းညို့မှုန်ဝေ သွားရပေသည်။

မကြာမီ မိုးရွာပေတော့မည်။

လေက ကျစ်လစ်သိပ်သည်းစွာ တိုက်ခတ်ရင်း အေးမြ ချမ်းစိမ့်စေခြင်းများကိုပါ သယ်ဆောင်လာပါ၏။

"အကျႌပါးလေးနဲ့ မသီတာ အေးနေမှာပေါ့ အနွေးထည် ဝတ်ထားမလား၊ လုလုကို ယူခိုင်းပေးမယ်လေ"

ခင်သီတာ့ အနားသို့ စေတနာစကားများ ဆက်တိုက် ပြောကြားရင်း ရောက်လာလေသူ ကိုတာရာ။

"အို. . . နေပါစေ"

"မသီတာ မချမ်းဘူးလား၊ လေတွေ သိပ်တိုက်နေတယ်"





"ဟင်အင်း . . . မချမ်းပါဘူး"

ပြောမယ့်သာပြောရသည်။ ခင်သီတာ ကိုင်မိသော ကိုယ့် လက်မောင်းလေး တစ်ဖက်မှာ အေးစက်လို့ပါလား။

ကိုတာရာသည် ပထမဆုံးအကြိမ် တွေ့ရစဉ်ကသာ 'မခင်သီတာ' ဟုခေါ်ပြီး၊ နောက်ပိုင်းတွင် ခင်သီတာကိုယ်တိုင် ထည့်ပြောလေ့ရှိသော အများခေါ်ကြသော 'သီတာ'၏ရှေ့တွင် 'မ'တလုံးထည့်၍ ခေါ်သည်မှာ တစ်မျိုးဆန်းသစ်၍ နှစ်ခြိုက်စရာပါ။

"မသီတာ"

"ရှင်. . ."

"ဟိုနေ့က ရောက်လာတဲ့ ကြည်ပြာဆိုတဲ့ မသီတာရဲ့ ညီမ လေးကို မသီတာ မမှတ်မိဘူးလားဟင်"

"အသေအချာ မသီတာတော့ အမှန်ပါပဲ ကိုတာရာ၊ ဒါပေမယ့် သီတာ့စိတ်ထဲမှာ သိဖူးသလိုလို၊ ကြားဖူးသလိုလို၊ မြင်ဖူး သလိုလိုနဲ့ ဝေဝါးနေပါတယ်ရှင်"

"အဲဒီ ကြည်ပြာဆိုတာ ဒေါ်တင့်တင့်ရဲ့သမီးပါပဲ မသီတာ"

"အို. . . ဒါဖြင့် ဟိုပင်ကကြေးနန်းရိုက်လိုက်တဲ့ ဒေါ်တင့်တင့်ဆိုတာ သီတာ့ရဲ့ မေမေပေါ့နော်. . . ဟုတ်လားဟင် ကိုတာရာ"

"ဟုတ်မယ်လို့ ကျွန်တော်ထင်မိတယ်"

"ရှင်. . ."

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေ့က လာကြတဲ့ ကြည်ပြာရယ် ဘမာရွတ်က အဒေါ်ဝမ်းကွဲဆိုတဲ့ အမျိုးသမီးကြီးရယ် တို့ဟာ



www.burmeseclassic.com

www.burmeseclassic.com

တကယ် ရိုးသားကြပုံရတယ်။ ဟန်ဆောင်ထားကြတဲ့ အရိပ်လက္ခဏာ ဘာမှမတွေ့ရဘူး"

"ဟုတ်လား သီတာဖြင့်ငိုလိုက်ရတာနဲ့ ဘာမှအကဲမခတ်လိုက်နိုင်ပါဘူးရှင်"

"မသီတာ"

"ကြည်ပြာဟာ မသီတာရဲ့ ညီမလေးလို့ လက်မခံနိုင်ဘူးလားဟင်"

"ဒီအတိုင်းဆို ဟုတ်မှာပေါ့"

"ဒါဆိုရင် ကြည်ပြာနဲ့ ပြန်လိုက်သွားပါလားဗျာ"

"ရှင်. . ."

"ကိုယ့်ဘဝမှန်ကို ပြန်သိချင်တယ်ဆို"

"သီတာမှ မသိရသေးပဲ"

"ဒါပေမယ့် ယုံကြည်လောက်နေပြီပဲ၊ ကိုယ့်လာရာလမ်းအတိုင်း ပြန်ပြီး ကိုယ့်ဘဝအိမ်ထဲမှာပဲ လုံလုံခြုံခြုံ ပြန်နေပါလား မသီတာရယ်"

"ကိုတာရာ ပြောတဲ့ အမိဗ္ဗာယ်က ကျယ်ဝန်းလွန်းမယ်ထင်တယ်နော်"

"ဒီအိမ်မှာက မသီတာအတွက် အန္တရာယ် များလာနိုင်စရာရှိလို့ပါ မသီတာ"

"ဒါနဲ့သီတာကိုပြောတော့ ကိုယ့်ဘဝကို ပြန်မစဉ်းစားပါနဲ့ ဦးသိန်းထိုက် လာတဲ့အထိစောင့်ပါ။ ကုသိုလ်ကောင်းရင် သီတာဟာ သူဌေးမလေးတောင် ဖြစ်သွားနိုင်တဲ့ပုံမျိုး ပြောခဲ့ဖူးပါတယ်နော်"



"ကျွန်တော့်ကို အထင်မလွဲပါနဲ့၊ ကျွန်တော်ဟာ မသီတာ့အပေါ်မှာ စေတနာအရှိဆုံးလူပါလို့ မသီတာ မှတ်ယူပြီး ကျွန်တော့်ရဲ့ စကားကို မသီတာ နားထောင်ပါဗျာ"

"ရှင်. . . ဘာကိုလဲဟင်"

"မသီတာ ဒီခြံက အမြန်ဆုံး ပြန်သွားပါ"

"အို. . ."

"ဒါပဲ မသီတာ ကျွန်တော်သွားမယ်"

"နေ. . . နေပါအုံး ကိုတာရာရယ်"

"ကျွန်တော် အနေနဲ့ ပြောစရာကုန်သွားပါပြီ မသီတာ"

"ဒါပေမယ့် ရှင် သီတာ. . . သီတာလေ"

"အင်း . . . ပြောပါ"

"အို. . . သီတာ ဘာမေးလို့ ဘာပြောရမှန်းလဲ မသိတော့ပါဘူး"

"လေတွေသိပ်တိုက်လာပြီ၊ မိုးစက်ကလေးတွေတောင် ပွင့်လာပြီ၊ မသီတာအအေးမိလိမ့်မယ်ကွယ်၊ အိမ်ထဲပြန်ဝင်ပါ"

"သီတာ့ရင်ထဲမှာတော့ ပြောချင်တာတွေ၊ သိချင်တာတွေ၊ မေးချင်တာတွေဟာ အစိုင်လိုက် အခဲလိုက်ကြီးရှိနေပါတယ်။ ဒါပေမယ့် ကိုတာရာက သီတာ့နဲ့ စကားမပြောလိုပါဘူး ဆိုရင်လဲ ပြန်ပါတော့လေ ရှင်ရယ်"

"ကျွန်တော်ဟာ မသီတာရဲ့ အရိပ်လေးဖြစ်ခွင့် ရရင်တောင် ချင်တဲ့သူပါဗျာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်တွဲ ရှိနေကြမှာတ တစ်စုံတစ်ယောက်က အမြဲစောင့်ကြည့်နေပါလိမ့်မယ် မသီတာ"

"ဟင်"

"ဒါကြောင့် မသီတာ့ကို အရေးအကြီးဆုံး စကားတစ်ခွ လာသတိပေးရုံလေး ရော်က်လာခဲ့တာပါ၊ ကျွန်တော်သွားမေ မသီတာ"

စကားဆုံးပြီးမှ သူထွက်သွားခြင်းမဟုတ်၊ သူနောက်ဆုံ စကားလုံးများက သူ့ခြေလှမ်းများနှင့်အတူ လိုက်ပါသွားသည်။

အန္တရာယ်တော တစ်ခုမှ ထွက်သွားရသူလို သွက်လက်စွ လျှောက်သွားသော သူ့နောက်ပိုင်းသဏ္ဌာန်ကို ခင်သီတာ မေ့လျော့စွာ ငေးကြည့်နေမိသည်။

"ကျွန်တော်ဟာ မသီတာရဲ့ အရိပ်ကလေး ဖြစ်ခွင့်ရရ တောင်. . ."

"အရိပ်. . . အရိပ်ဆိုတာ ငါ့ရဲ့ကိုယ်ပွားပဲ၊ ငါနားမှာ အမြ ရှိနေချင်ပါတယ်လို့ ပြောသွားတာပါလား"

ကိုတာရာ ကွယ်ပျောက်သွားသော်လည်း မိုးမှုန်များကြားမှ သူ့သဏ္ဌာန်က ကျန်နေရစ်သည်။ ခင်သီတာ၏ ရှေ့တည တည့်မှာ. . .

ရီဝေသော မျက်ဝန်းအစုံမှ အကြင်နာရောင်ခြည်တန်း လေးများ ဖြာဆင်းလာသည်ဟု ခင်သီတာ ထင်မိသည်။

ယင်းအကြင်နာရောင်ခြည်တန်းသည် ခင်သီတာ၏ တစ်ကိုယ်စာပေါ်သို့ လုံခြုံစွာဖြာကျရုံမက အသည်းနှလုံးနေရာ



ဒိုင် ထိုးဖောက်စူးနစ် ဝင်ရောက်သွားလေသလားပင်။

ယခုတစ်ကြိမ် ကိုတာရာနှင့်ဆုံစည်းရခြင်းသည် ခင်သီတာ၏ င်ကို လှုပ်ခတ်ရဆုံးဖြစ်ချေသည်။

သူ့မျက်နှာသည် ကိုကျော်သူ့လို ချိုမြသော အပြုံးများနှင့် ည့်တွဲမနေတတ်။

ခင်သီတာနှင့် တွေ့ဆုံရလေတိုင်း မှုန်မှိုင်းသောအကြည့် များနှင့် တစ်စုံတစ်ခုကို သိနေသလို ရှိနေခဲ့သည်။

တည်ကြည်ငြိမ်သက်သောမျက်နှာ အလယ်မှ အကြင်နာ မျက်ဝန်းကို ခင်သီတာ ဒီနေ့ ပိုမို၍ ပြက်ပြက်ထင်ထင် မြင်တွေ့ ရသည်။

ကိုကျော်သူသည် ခင်သီတာနှင့် တစ်စုံတစ်ခုသောအတိုင်း အတာအထိ ပတ်သက်သူသာ ဖြစ်ရပါချေမည်။ သို့ပါသော်လည်း ရေးသားချယ်မှုန်းထားသော ဟန်ဆောင်မှုအပြုံးမျက်နှာဖုံးလား ဆိုသည်များကိုလည်း ခင်သီတာ မဝေခွဲတတ်နိုင်။

ခင်သီတာအတွက် တာဝန်ယူ ဆောင်ရွက်နေသူမှာလည်း ကိုကျော်သူပါပင်။

ကိုတာရာသည် ဤစက်ရုံ၏မန်နေဂျာမို့ အဆင့်မြင့် သခစားအလုပ်သမားတစ်ယောက်သာ။

ခင်သီတာကို ကားနှင့်လိုက်၍တိုက်သတ်သည်ဆိုသော ညကစတင်ကယ်ယူသူမှာ ကိုတာရာဟု ဆိုသည်။

ခင်သီတာကို လာကြိုရာမှ လွဲသွားပြီး မာစီဒီးကြီးနှင့်ပြန် လာခဲ့သော ကိုကျော်သူက ခင်သီတာကို ကိုတာရာက ကယ်တင်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်ဆိုသော အပြုံအမူကို သံသယဝင်နေဟန်ရှိသည်။

ထိုအချိန်က လုလုလည်းပါသည်။ သက်သေရှိသည်။

ထိုညက မေ့နေသော ခင်သီတာနှင့် ကိုတာရာသာရှိသည် မဆိုင်သော ရုပ်ကွက်လူထုကိုဖြင့် အသာထားလိုက်ပါတော့။

ဂျစ်ကားဖြူနှင့် လူနှစ်ယောက်က ဘယ်သို့ ပျောက်သွား ရပါသည်လဲ။

လုလုချစ်သူလိုက်သွားရသော ကိစ္စသည်လည်း ဤဂျစ်ကား ဖြူနှင့် လူနှစ်ယောက်ဆီသို့လား။

သီးခြားလား. . . ခင်သီတာတွေးတော၍ ရနိုင်သော ပြဿနာတစ်ရပ်မဟုတ်ခဲ့။

ထိုညက အဖြစ်အပျက်နှင့် ပတ်သက်၍ ကိုကျော်သူသည် ကိုတာရာ့အပေါ်တွင်များစွာ သံသယရှိနေကြောင်း ပေါ်လွင် သည်။

ခင်သီတာနှင့် ကိုတာရာကို လုံးဝမပတ်သက်စေချ ကြောင်း သုံးဦးသား ပြောပြီးသား စကားများကို ခင်သီတာပြန်လည် ကြားယောင်လာမိသည်။

ယခုကျပြန်တော့. . .

သည်ခြံမှ အမြန်ဆုံးပြန်ခိုင်းနေသူက ကိုတာရာ။

သူ့အကြင်နာမျက်ဝန်း၏ နောက်ကွယ်မှ ဆက်သွယ်နေ သော အသည်းနှလုံးအတွင်းမှ တကယ့်စေတနာနှင့် သည်နေရာ ထွက်ခွာသွားစေချင်သည်လား။

သို့မဟုတ်. . .



တစ်စုံတစ်ခုကို သိနေသော ကိုတာရာသည် စဉ်းလဲသော ကြံအစည်ဖြင့်ပင် ခင်သီတာ သည်မြေမှာ ရှိမနေစေချင်သည် း။

နက်နဲခြင်း တူညီသော ပဟေဠိပုစ္ဆာနှစ်ရပ်သည် မျဉ်းပြိုင် ်ခုပမာ အရှိန်ညီမျှစွာဖြင့် ခင်သီတာ၏ အတွေးအာရုံဆီသို့ းဖောက် ဝင်ရောက်လာခဲ့ပါပြီတည်း။

"ဟယ်. . . အမလေး. . . သီတာရယ်"

လုလုက အော်ရင်း တိုက်တွင်းမှ ပြေးထွက်လာသည်။

ဘာအရေးအခင်းမှန်း ခင်သီတာ မသိ၊ လန့်ထိတ်စွာ အလာကို စောင့်ငေးကြည့်နေမိဆဲ. . .

"လုလုက ပြန်ဝင်လာပြီ မှတ်နေတာ၊ ကြည့်ပါဦး မိုးတွေ ်ကိုယ်လုံးရွှဲနေပြီ. . . လာ. . . လာ"

လုလုက အေးစက်နေသော ခင်သီတာ၏ လက်ကိုဆွဲလျက် ာရာလမ်းအတိုင်း ပြန်ပြေးသည်။

သူ့အရှိန်နှုန်းအတိုင်း ခင်သီတာလည်း ပြေးလိုက်ရပါ၏။ ်ကျင်များကို ဖြတ်သန်း၍ပါ။

"ကြည့်ပါဦး. . . တစ်ကိုယ်လုံး ရွှဲလို့၊ ဆံပင်တွေပါ စိုလို့၊ အေးမိတော့မှာပဲ၊ လာ. . . လာ. . . အဝတ်အမြန်လဲရအောင်"

မိုးရွာမှန်း နေပူမှန်း မသိသော၊ အေးခြင်းနှင့် ပူခြင်း ်ရားကို နားမလည်သော 'အရုပ်မလေး' အဖြစ်နှင့်။ လုလုက ်သီတာ၏ကိုယ်မှ အဝတ်များကို ချွတ်သူခြင်း၊ အဝတ်သစ်လဲခြင်း၊ း‌တွေးသော ဆွယ်တာဝတ်စေခြင်းများကို အရေးတကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက် လုပ်ပေးနေရှာသည်။

အမှန်က. . . မိုးရွာလျှင် မိုးစိုမည်။ အအေးမိမည် ဆိုသည့်
မှုလောက်ကိုဖြင့် ခင်သီတာ မသိနိုင်လောက်အောင် မရူးသေး

မေ့လျော့သွားမိခြင်းပါ။

အတွေးများစွာထဲတွင် နစ်မြုပ်သွားရခြင်းသာပါ။

ကိုတာရာနှင့် ကိုကျော်သူဆိုသူ နှစ်ယောက် အကြောင်း
အနီးကပ်ဆုံး ယှဉ်တွဲ တွေးတောနေမိ၍သာ. . .

ရာသီဥတု၏လုပ်ငန်းရပ်များကို သတိမထားနိုင်အားခြင်း
ပါ။

မိုးစက်လေးများ ကိုယ်ပေါ်သို့ ကျရောက်လာသည်အထိ
မသိရှိမိအောင် အတွေးလွန်နယ်မြေသို့ ရောက်ရှိနေခြင်းကြော
သာပါ။

ယခုဖြင့် အနွေးထည်များက ခင်သီတာ၏ကိုယ်ခန္ဓာပေါ်
အအေးဒဏ်ကို ကာကွယ်ပေးနိုင်စွမ်းမရှိတော့။

ခင်သီတာ၏ ပြင်ပအရေပြားမှတဆင့် ခန္ဓာကိုယ်အတွင်း
ပိုင်းသို့တိုင် အအေးဓာတ်က ပြန့်နှံ့စိမ့်ဝင်သွားပါချေပြီတည်း။

❖ ❖ ❖



● အခန်း (၁၀)

သ

အဖျားဒီဂရီက ၁၀၅။

နားထဲတွင်ကြားသည်။

ဆေးထိုးခံရသည်ကို သိသည်။

သို့ပါသော်လည်း ခင်သီတာမျက်စိဖွင့်မကြည့်နိုင်တော့။

"လုလုရယ် သူ့ကို အတတ်နိုင်ဆုံး ဂရုစိုက်ကြည့်ပေးပါ
ကြည်"

လုလုသို့ တိုးလျှိုးသော ညင်ညင်သာသာအသံလေး
ကိုလည်း သတိထားမိလိုက်သည်။

အကြင်နာပါ၍ ညင်သာသော်အသံရှင်မှာ ကိုတာရာပင်
ဖြစ်ကြောင်းလည်း ခင်သီတာကြားသိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . လှအေး. . . ရေခဲအိတ်ကို နဖူးပြင်တည့်တည့်မှာ သေသေချာချာကပ်ထားစမ်း"

ကိုကျော်သူ၏ မာန်ဝင့်သောလေသံနှင့် ဆူပူဟန်မှာလည်း ပူပန်သည့် သောကသံနှောနေလေသည်သာ။

"ဆရာဝန်ကလဲ ကြာလိုက်တာ"

"အိမ်က ကားတစ်စင်းထပ်လွှတ်လိုက်စမ်း"

ယောက်ယက်ခတ်စေသော သောကစိတ်များဖြင့် ကိုကျော်သူလှုပ်ရှားနေသည်။

ဆရာဝန်လာသည်၊ ကြိုးစားကုသသည်၊ အဖျားကမကျ။

သူတို့ချင်းတီးတိုးတိုင်ပင်၍ တစ်ခုခုစီစဉ်နေကြပုံရသည်။

ကိုကျော်သူ၏ ပူပန်စိတ်များကြောင့် တက်ကြွလျင်မြန်စွာ စီစဉ်ကြဟန်ရှိ၏။

လျင်မြန်စွာ ဆိုပါသော်လည်း . . . ခင်သီတာ စတင်အဖျားဝင်ခဲ့သည်မှာ တစ်ပတ်မျှကြာညောင်းခဲ့လေပြီ။

မိမိကိုယ်ကို ပွေ့ယူချီမ၍ တစ်နေရာသို့ ရွှေ့ကြသည်ကို ခင်သီတာသိလိုက်သည်။

ပြီးတော့၊ ကားနှင့်တင်သည်။ ကားပေါ်တွင် ဒေါ်သက်ဦးနှင့် လှလှက တစ်ဖက်တစ်ချက်ဆီမှ ပွေ့မှီထားကြသည်။

ဒရိုင်ဘာသေးနေရာမှ ကိုကျော်သူက နောက်သို့လှည့်ကြည့်လျက်ပင် ကားကစတင်ထွက်ခွာသည်။

ပေါ်တီကို၏ ထောင့်စွန်းတွင်မမေးသာ၊ မခေါ်သာ၊ မပြောသာ ပါသော်လည်း ရာထောင်ပေါင်းများစွာသော စကားလုံးများဖြင့်





ပြည့်သိပ်နေသည့် ကိုတာရာ၏ မျက်ဝန်းအစုံကို ခင်သီတာ မြင်ခဲ့ရပါသည်။

ကား၏နောက်တွင် သောကမျက်နှာဖြင့် မျှော်ငေးစွာကျန်ရစ်နေရှာမည့် ကိုတာရာ. . .'

"ဘယ်ကိုသွားကြမှာလဲ ဟင်"

"သီတာ့ကို ဆေးကုဖို့လေ"

"ဆေးရုံလား"

"မဟုတ်ဘူး သီတာ၊ ကိုယ်ပိုင်ဆေးတိုက်တစ်ခုကိုပါ၊ ပြီတော့ အကောင်းဆုံး 'ဖီစီရှင်'နဲ့ ကုမယ်၊ သီတာ နေကောင်းသွားမှာပါ၊ အသာလေး မှိန်းလိုက်ခဲ့နော်"

ကိုယ်တိုင်လည်း မဟန်နိုင်တော့၊ လှလှ၏ပုခုံးကိုမှီ၍ လိုက်ခဲ့ရသည်။ အကောင်းဆုံးသမားတော်နှင့် ကုသပေးမည်ဆိုသော ကိုကျော်သူ၏ စကားများကိုလည်း အားမတက်နိုင်တော့၊ နွံ့ယိုင်နေလေပြီ။

အမှန်ပင် ဆေးတိုက်တစ်ခုသို့ သူတို့ပို့ကြသည်။

ကိုယ်ပိုင်ဆေးခန်းမို့ ထင်ပါရဲ့၊ အပြာဝတ်စတပ်(ဖ်)နပ်(စ်)များက ကိုယ့်သွေးသား လူမမာတစ်ယောက်အလား ယုယုယယ ဖေးမပြုစုကြသည်။

ရှင်းသန့် သပ်ရပ်လှန်းသော အခန်းတစ်ခုတွင်းသို့ ပွေ့သွင်းကြသည်၊ ထိုညကလည်း ခင်သီတာအဖျားမကျ။ တစ်ရာ့လေး ဒီဂရီ ကျော်ကျော် တစ်ရာ့ငါးနီးပါး။

ဘာဆေးတွေနှင့်ကုသကြသည်ဖြင့်မသိ။ နား[illegible]တွင် စကား



www.burmeseclassic.com

www.burmeseclassic.com



သံများကြားရသည်၊ ပြုစုသည်ကို သိသည်။

မှတ်မိသော အသံတစ်သံကိုပါ ကြားရသည်။ သူ. . .

သူ. . . ဘယ်သူပါလိမ့်။

မျက်စိ မဖွင့်နိုင်ပါပဲလျက် အနိုင်နိုင် တွေးယူကြည့်မိသည့်

အခါ အဖြေရလာသည်။

"ဒေါက်တာစန်းမောင်သွင်"

ခင်သီတာ၏ လျှောက်လာခဲ့ရာ ဘဝလမ်းကို မေ့လျော့

နေစဉ်က အိမ်တွင် ခေါ်ယူ၍ ကုသခဲ့သော ဆရာဝန်။

မေးခွန်းပေါင်းများစွာနှင့် ခင်သီတာကို ခေါင်းရှုပ်စေခဲ့သော

(Psychiatrist) ဆိုသော စိတ်ပညာပါရဂူ။

သူတို့ချင်း ပူးတွဲတိုင်ပင်၍ ကုသနေကြလေသည်လား။

ခင်သီတာ၏ဘဝကို ဆုံးရှုံးမသွားဖြစ်စေနိုင်သည့်တိုင်၊ ပိုမို

ဆိုးရွားလာအောင်များ ကြံဆောင်နေကြလေသည်လား။

အတွေးများက လေနှင်ရာတိမ်ဆိုင်များနှယ် လွင့်ပြယ်

ပြန့်ကျဲကုန်ရသည်။

အပူလွန် အဖျားကြောင့်လား။

ဆေးကြောင့်လားဖြစ်မှမသိ။

ခင်သီတာ ဘာကိုမျှ သတိမရတော့၊ အသိတရားအားလုံး

နှင့် ခေတ္တမျှ ကွာဟသွားရချေပြီတည်း။

❖ ❖ ❖



● အခန်း (၁၁)

ကွယ်လွန်လေပြီးသော ပန်းချီဆရာ ဦးလေးတစ်ယောက်

ရေးဆွဲပေးခဲ့သည့်. . .

"အင်းတော်ကြီးပုံ ပန်းချီကားချပ်"

ဟိုပင်မြို့မှ မိုင် (၃၀) ကျော်မျှသွားရသော "အင်းတော်ကြီး

ရွှေမဉ္ဇူဘုရား"၏ တပေါင်းလ ဘုရားပွဲ ရှုခင်းပန်းချီကား။

လက်ရာပြောင်မြောက်လှသည်ဟု ပညာရှင်တို့မချီးမွမ်း

နိုင်သည့်တိုင် ဘုရားပွဲဈေး ရှုခင်း၏ သရုပ်က ပီပြင်လှသည်။

မြန်မာပြည်၏ အကျယ်ဝန်းဆုံး အင်းကြီးကို နောက်ခံထား

လျက်၊ ရွှေမဉ္ဇူဘုရားပုံက ခပ်ဝါးဝါး။ အနီးအနားမှ တဲ[illegible]

ရဟန်း သပ်သပ်၊ လူသီးသန့်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့မှဇာတ်၊ အငြိမ့်၊ နယ်စုံမှ စျေးတန်းကြီးများနှင့် အကြော်ဆိုင်တစ်ခုကို အနီးကပ် ရေးဆွဲထားသော ရေဆေး ပန်းချီကား။

"ဦးလေး "ဦးထန်မန်း" မသေခင် ဆွဲသွားတဲ့အထဲက အကောင်းဆုံး ပန်းချီကားချပ်ကို သူ့အမ၊ ငါ့မေမေ ဒေါ်ဘင့်တင့်ကို ပေးခဲ့တာပဲ"

ပထမဆုံးသော ခင်သီတာ၏ သိမှတ်မှု။

အခန်းထောင့်တွင် မေမေ "နဘားဘူတာ" မှ ဝယ်လာသော မြေသောက်ရေအိုးနှင့် ရေအိုးစင်။

ခင်သီတာ၏ ခုတင်ဘေးတွင် စာအုပ်စင်နှင့် မြေပန်း အိုးလေး။

ပန်းအိုးထဲတွင် ခင်သီတာကြိုက်တတ်သော ခရမ်းပြာရောင် သစ်ခွပန်းလေး နှစ်ခက်နှင့် စွယ်တော်ရွက်ကလေးများ။

"ကြည့်စမ်း၊ ဒီပန်းအိုး ငါမနေ့ကထဲက ရေမလဲမိတာ လန်းတုန်းပါပဲလား"

ကုတင်ထက်မှ ထလိုက်ပါသည်။

လှဲရာမှ ထိုင်ဖို့ပင် အနိုင်နိုင် အားယူရလောက်အောင် ငါဘာဖြစ်နေပါလိမ့်။

"ကြည့်စမ်း၊ ငါမနေ့ကဖတ်တဲ့ မြဝတီကလဲ ပိတ်တောင် မပိတ်မိသေးပဲကိုး"

တန်းမှာလည်း . . . လမ်းထွက်တုန်းက ဝတ်ထားတဲ့ ဂျော်ဂျက် အင်္ကျီခရမ်းပြာရောင်လေးက လွှားထားလျက်။





ကုတင်ခြေရင်း ထရံတွင် တန်းထားသော ထဘီတန်းမှာ ခင်သီတာ၏ ထဘီသုံးထည်က အစီအရီ လှန်းထားဆဲ။

ဒါ. . . ခင်သီတာ၏ အခန်း။

ဟိုပင်မြို့ အရှေ့ရပ်က ခင်သီတာတို့အိမ်ရှိ ခင်သီတာ အိပ်သောအခန်း။

"ငါ မနေ့က ဘူတာတောင် သွားသေးတာပဲ"

မြစ်ကြီးနားမှ စုန်လာမည့် ရထားတွင် သူငယ်ချင်း "ခင်းစန်းနု" ပါမည်ဆိုပါ၍ သွားစောင့်နေခဲ့သည့်အဖြစ်ကို၊ ယခု အိပ်ရာက နိုးမှ ပြန်သတိရလာသည်။

"နေစမ်းပါဦး . . . ငါမနေ့က အကောင်းပါ"

"ဒီနေ့တော့ ရင်ထဲမှာ ကတုန်ကယင်နဲ့ လှုပ်တောင်မလှုပ် နိုင် သလိုပဲ"

"ငါ ဘာဖြစ်နေတာလဲ"

ယင်းအတွေးများအဆုံးတွင် ခင်သီတာ၏အခန်းခေါင်းရင်း ဘက်ရှိ ဧည့်ခန်းဆီ၌ ရှိမည်ထင်သော မေမေ့ထံသို့ . . .

"မေမေ. . ."

"မေမေရေ"

"ဟော. . . ဟော. . . သွား . . . သွား"

မေမေနှင့်စကားပြောနေဟန်ရှိသော တစ်စုံတစ်ယောက်က တိုက်တွန်းလိုက်ပုံ ရသည်။

မေမေ. . . ဒေါ်တင့်တင့် ပြေးဝင်လာသည်။

"သမီး . . . သမီး . . . မသီတာ"



www.burmeseclassic.com

www.burmeseclassic.com





မေမေ့ အမူအရာက ထူးခြားနေသည်။ တစ်အိမ်ထဲ အတူ အသက်နှင့်အမျှ နေလာခဲ့ကြသော သားအမိအရင်း ပုံစံလို အမူအမှတ်မဲ့ ပုံစံမျိုးမဟုတ်၊ ပြောနေကျ ဆိုနေကျလို ခပ်ပေါ့ပေါ့ထဲက မဟုတ်

မေမေ့ အမူအယာက လေးနက်လွန်းနေသည်။ မေမေ အဝတ်အစားက သစ်လွင်နေသည်။

"မေမေ ဘယ်ကပြန်လာတာလဲဟင်"

"ဟင် ဘယ်. . . ဘယ်ကမှ မပြန်ပါဘူး"

"မေမေက ဘာဖြစ်နေတာလဲ"

"ဟင်. . . ဘာ. . . ဘာ. . . ဘာမှမဖြစ်ပါဘူး သမီးရယ်"

မျက်ရည်ဝဲနေသည့် မေမေ့ကို ခင်သီတာ အံ့ဩစွာတွေ့လိုက်ရသည်။

"မေမေသာ ဘာမှမဖြစ်တယ်၊ သမီးတော့ တစ်ခုခုဖြစ်ထသလိုဘဲ နိုးလိုက်တာ"

"ဟင်"

"သမီးအခန်းထဲမှာ သမီးဘယ်အချိန်ကအိပ်ပျော်သွားတာလဲ ဟင်. . . မေမေ. . ."

"ဘာ. . . ဘာ. . . သမီးအခန်းထဲမှာ ဟုတ်လား"

"မေမေဘာဖြစ်နေတာလဲ"

"ဒါ သမီးအခန်းနော်"

"အင်းလေ"



"ဒါ သမီးအိမ်နော်"

"ဟင်"

"ဟောတော့၊ မေမေကလဲ၊ ဘာဖြစ်နေတာလဲ"

"သမီး. . . သမီးငယ်. . . လာစမ်း"

အခန်းထဲသို့ မိန်းကလေး တစ်ယောက် ပြေးဝင်လာသည်။

"ဟင်. . . ကြည်ပြာ. . . ညီမလေး"

"ဟာ. . . မမသီတာ သတိရပြီ"

"နေစမ်းပါဦး၊ နင် မန္တလေးက ဘယ်တုံးကနေပြီး ဒီဟိုပင်အိမ်ကိုပြန်ရောက်နေတာလဲ ဟင်. . . ကြည်ပြာ"

ဒေါ်တင့်တင့်က ခင်သီတာကိုဖက်၍ ရှိုက်ငိုချလိုက်သည်။

ကြည်ပြာက လက်ကလေးနှစ်ဘက်ယှက်ကိုင်ပြီး. . .

"မမသီတာ သတိရပြီ. . . မမသီတာပြန်သတိရပြီ"

ကြည်ပြာအသံက ကျယ်လောင်သွားသည်။

နားမလည်နိုင်လွန်းစွာ ကြည့်နေသော ခင်သီတာ၏ အခန်းတွင်းသို့ ဘောင်းဘီနှင့်နက်ကတိုင်နှင့် မျက်မှန်နှင့် လူတစ်ယောက်ဝင်ရောက်လာပြီး. . .

"ကဲ. . . တော်လောက်ပြီ"

သူက ခင်သီတာနှင့် ဒေါ်တင့်တင့်ကို ကွဲကွာစေလိုက်ပြီး ခင်သီတာကို အိပ်ရာပေါ်သို့ ပြန်လှဲနေစေလိုက်သည်။

ထိုစဉ် နောက်လူတစ်ယောက်ဝင်လာသည်။ သူမျက်နှာတင်လို့။

"ဒေါက်တာ စန်းမောင်သွင် အောင်မြင်ပြီ၊ အောင်မြင်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ဝမ်းသာလိုက်တာ"

"နေဦး . . . သူ ကျွန်တော်တို့ကိုပါ တစ်ဆက်ထဲ ပြန်ပြီးမှတ်မိဖို့လိုသေးတယ်"

မှန်ရည်သောအမျိုးသားနှစ်ဦးကို ခင်သီတာ ရှုပ်ထွေးသောစိတ်များနှင့် ငေးမောကြည့်နေဆဲ၊ ပထမ ဝင်လာသူက . . .

"မခင်သီတာ"

"ရှင်"

"သူ့ကို သိသလား ဟင်"

နောက်ဝင်လာသူသို့ လက်ညိုးညွှန်၍ မေးလိုက်သည်။ ထိုသူ၏ မျက်ဝန်းဝယ် မျှော်လင့်ခြင်း တစ်စုံတရာ ကြီးမားစွာဖြင့် ခင်သီတာကို သူစောင့်ကြည့်နေသည်။

ခင်သီတာမှာ ရှုပ်ထွေးစွာ တွေးတောပြီး . . .

"ကို . . . ကိုကျော်သူ"

"ဟာ"

"ဆရာ . . . ဆရာကဒေါက်တာစန်းမောင်သွင်နော်"

"သိပ်ဟုတ်ပြီပေါ့ဗျာ"

"နေပါဦး၊ ကိုကျော်သူတို့က သီတာတို့နဲ့ ဟိုပင်မြို့ကလာလည်ကြတာလားဟင်"

သူတို့နှစ်ယောက်လုံးပြုံးနေသည်။

"သီတာ ရန်ကုန်မှာ ဖျားနေသေးတယ်နော်"

ခင်သီတာ၏ အမေးကြောင့် သူတို့၏အပြုံးများက ပိုမိုအားပြည့်လာသည်။





"ခု ဘယ်လို . . . ဘယ်လို သီတာ ဟိုပင်ကို ပြန်ရောက်လာတာလဲဟင်"

"ခင်သီတာ စိတ်စောပြီးမပြောနဲ့လေ . . . မောနေမယ်"

ဒေါက်တာ စန်းမောင်သွင်က သတိပေးရင်း ဆက်ပြောသည်။

"ရန်ကုန်မှာ ဖျားတယ်ဆိုတော့ မခင်သီတာ ရန်ကုန်ကို ဘာသွားလုပ်တာလဲ၊ ပြန်စဉ်းစားကြည့်စမ်းပါဦး၊ ဖြည်းဖြည်းပြောနော်"

"မေမေက သွားခိုင်းလို့"

"ဟုတ်ပြီ . . . ဘယ်သူ့ဆီကိုလဲ"

"ဖေဖေ့ဆီကိုတဲ့"

"ဖေဖေဆိုတာ ဘယ်သူလဲ၊ နာမည်ကိုရောသိလားဟင်"

"ဦး . . . ဦးသိန်းထိုက်"

"အဲဒီ ဦးသိန်းထိုက်အိမ်က ဘယ်မှာလဲ"

"ရှစ်မိုင်"

"ဟုတ်ပြီ လုပ်ငန်းရောသိလား"

"သိပါတယ် ဒေါက်တာ၊ နိုင်လွန်စက်ပါ"

"အဲဒီ . . . ဦးသိန်းထိုက်ဆိုတဲ့ သီတာ့ ဖေဖေနဲ့ရော တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူးလေ"

"အဲဒီ ရန်ကုန်အိမ်မှာ ဘယ်သူတွေရှိလဲ"

"ဒေါ်သက်ဦး . . . ကိုကျော်သူ၊ လုလုနဲ့ အိမ်ဖော်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့. . ."

"ဆက်ပြောလေ. . . ပြီးတော့ ဘယ်သူလဲ"

"ကိုတာရာ"

"ဟုတ်ပြီ. . . တစ်ခုဘဲ မေးစရာရှိပါတော့တယ်"

"မေးပါ"

"ခင်သီတာ ရန်ကုန်သွားတုန်းက ချောချောမောမော အဲဒီရှစ်မိုင်အိမ်ကိုရောက်သလား"

ခင်သီတာမှာ မျက်လုံးလေး စွေဝင့်၍ စဉ်းစားပြီး. . .

"မရောက်ဘူး၊ လူနှစ်ယောက်က ဂျစ်ကားဖြူနဲ့တင် ဘရိတ်ပေါက်တယ်ဆို ကားရပ်ပြီး လမ်းလျှောက်ခိုင်းတယ်"

"ဟုတ်ပြီ"

"ပြီးတော့ လိုက်တိုက်လို့ ချောက်ထဲကျသွားတယ်၊ သီတာ ကို ကိုတာရာက ဆယ်ယူခဲ့တယ်တဲ့. . ."

"အားလုံး ပြီးပြည့်စုံပါပြီ ဒေါက်တာခင်ဗျာ"

ကိုကျော်သူက ဒေါက်တာစန်းမောင်သွင်၏ လက် ဆွဲလျက် အားပါးတရ နှုတ်ဆက်လိုက်သည်။

"နေ. . . နေကြပါဦး"

"ဘာလဲဟင်. . . သီတာ"

"သီတာ ဘယ်လို ဟိုပင်ကိုပြန်ရောက်လာတာလဲ"

"ဒါ သီတာ့အိမ်က သီတာ့အခန်း ဟုတ်ရဲ့လား၊ ကြည့်ပါဦး"

"ဟုတ်ပါတယ်"

ဒေါက်တာစန်းမောင်သွင်က အောင်မြင်စွာ ပြုံးလိုက်ပြီး





"ဒါ ရန်ကုန်က 'ချမ်းသာဆေးကုခန်း' ပါပဲ ခင်သီတာ"

"ရှင်. . ."

"ခင်သီတာရဲ့ အခန်းဖြစ်အောင် ဒီက ဒေါ်တင့်တင့်ကို ယူပြီး ဟိုကပုံစံအတိုင်း ဒီမှာပြင်ဆင်ထားတဲ့ ဆေးခန်းပေါ်က ခင်သီတာရဲ့အခန်းအတုပါ"

"ရှင်. . ."

ခင်သီတာမှာ ဝန်းဝိုင်းသော မျက်လုံးအစုံဖြင့် အနီးရှိသူများ အားလုံးကို မယုံနိုင်ခြင်းနှင့် ယုံကြည်ခြင်းဟူသောပဋိပက္ခခံစားမှု ခံပြိုင်ဘူနှင့် ဝဲလှည့်ကြည့်လိုက်မိသည်။

"ကျွန်တော်တို့ စိတ်ပညာဆရာဝန်ဆိုတာ ပုံသေနည်းနဲ့ ည်း ကုသလို့ ပျောက်ကင်းတာလဲရှိတယ်၊ မပျောက်ကင်းတာလဲ ပါတယ်၊ အခုလို ကိုယ်ပိုင်တွေးဆချက်နဲ့ စမ်းသပ်ကြည့်ရင်း အောင်မြင်သွားတာတွေလဲ ရှိပါတယ်"

"ဟုတ်ကဲ့. . . ဆရာ"

"စိတ်ရောဂါ လူနာဆိုတာ သူ့တစ်ယောက်ထဲကိုချည်း ည့်ကုလို့ မရနိုင်ပါဘူး။ သူနဲ့ သူ့ပတ်ဝန်းကျင်က လူများ၊ ထိတွေ့မှု းကိုပါ လေ့လာရပါတယ်"

"သြော်. . ."

"ဒီတော့ ခင်သီတာဖြစ်နေတဲ့ အတိတ်မေ့ရောဂါဟာ ဘာမှ မကြီးကျယ်လှပါဘူး၊ တချို့ကို သတိရတယ်၊ တချို့က ကွက်ပြီး နေတယ်"

"ဟုတ်တယ်၊ သူ့လာရာလမ်း ပျောက်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com


"အဲဒီလာရာလမ်းပြန်ပေါ်လာရအောင် သူ့ကို သူနေခဲ့တဲ့ အခင်းအကျင်းအတိုင်း ဖြစ်ရအောင် ဒေါ်တင့်တင့်၊ ကျွန်တော် တို့မှာယူကြပြီး ပြင်ဆင်ကြရတယ်လေ"

"သူကလဲ အဖျားပြင်းနေလေတော့ သတိမေ့လို့ အိပ်ဆေးကြောင့်အိပ်ပျော်လိုက်ဖြစ်နေချိန်မှာ ပြင်ဖို့ဆင်ဖို့အချိန် ရသွားတာပေါ့ ဒေါက်တာ"

"ကိုကျော်သူတို့ကလဲ ဒီချမ်းသာဆေးတိုက်ကို ပိုင်လို့ပါ"

"ကျွန်တော်တော့ ခင်သီတာ ခုလိုပြန်ပြီး အားလုံးသိတာ သိပ်ဝမ်းသာတယ်ဗျာ၊ ဒေါက်တာရဲ့ပညာကိုလဲ အံ့ဩပါတယ်၊ ဖေဖေပြန်လာရင်လဲ သိပ်ဝမ်းသာမှာပါ၊ ကျေးဇူးအများကြီး တုန့်ပြန်မှာပါ"

"မလိုပါဘူးဗျာ"

ဒေါက်တာစန်းမောင်သွင်နှင့် ကိုကျော်သူတို့နှစ်ယောက်၊ ခင်သီတာတို့သားအမိသုံးယောက်က ငေးမောရင်း သူတို့စကား များကို နားထောင်နေကြရသည်။

"ကဲ . . . ကျွန်တော့်ရဲ့ 'မန်တယ်လီ' ကုသမှုတော့ ပြီးဆုံးပြီလို့ ဆိုကြပါစို့၊ ဒါပေမယ့် ခင်သီတာ့အတွက် 'ဖီစီကယ်' ကုသမှုတော့ လိုလိမ့်ဦးမယ်၊ အဖျားဒဏ်ကြောင့် သူသိပ်အားနည်း နေသေးတယ်"

"စိတ်ချပါ ဒေါက်တာစန်းမောင်သွင်ခင်ဗျာ၊ ဒီဆေးရုံ မှာပဲ သီတာ့ကိုထားပြီး အသေအချာကုသပြီး ပျောက်ကင်းမှ အိမ်ကိုပြန်ခေါ်သွားမှာပါ"





"ကဲ . . . ဒါဖြင့် ကျွန်တော်ပြန်လိုက်ဦးမယ်"

"ကောင်းပါပြီ၊ ကျွန်တော် ပြန်လိုက်ပို့ပါ့မယ်"

ဒေါက်တာစန်းမောင်သွင်က ခင်သီတာကို ရွှန်းဝေ တောက်ပြောင်သောအပြုံးများဖြင့် နှုတ်ဆက်ပြီး ရှေ့ကထွက်သွားနှင့် သည်၊

ကိုကျော်သူက လှဲနေသော သီတာ၏အနီးသို့ ကိုယ်ကို ကိုင်းညွတ်၍ . . .

"သီတာ . . . ကိုယ် ခဏလိုက်ပို့လိုက်ဦးမယ်နော်"

"ကို . . . ကို . . . ကျော်သူ"

"ဘာပြောမလို့လဲ သီတာ"

"ဒါ . . . ဒါဖြင့် . . . ကို . . . ကိုကျော်သူဟာ . . ."

"ပြောလေ"

"သီတာရဲ့ အစ်ကိုပေ့ါနော်"

သူက ဦးသိန်းထိုက်ရဲ့သား၊ ကိုယ်က ဦးသိန်းထိုက်ရဲ့သမီး၊ ခင်ချင်းသာ ကွာခြားပါသော်လည်း သီတာတို့ချင်းက မောင်နှမ ချင်းပါလား။

ကိုကျော်သူက ပြုံးလိုက်သည်။

သူ့အပြုံးက နက်ရှိုင်းလွန်းလှသည်။

ပြီးတော့ သူက မေမေဒေါ်တင့်တင့်သို့ပါ တစ်ချက်ဝင့်ကြည့် ကာ ထွက်သွားသော ဒေါက်တာစန်းမောင်သွင်၏ နောက်သို့အမီ လိုက်ထွက်သွားရပါတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၁၂)

အသက်ချင်းက လေးနှစ်မျှ ကွာခြားသော်လည်း ကျောင်းထားစော၍ ကြည်ပြာနှင့် နှစ်တန်းမျှသာကွာခြားသည်။

ခင်သီတာက စာမည့်လှသော်လည်း ရေ့တန်း... ဘယ်အခါမှ မရှိခဲ့ဘူးပါ။ လူသုံးဆယ်မျှလောက်အတန်းတွင် အဆင့်က ဆယ့်ငါးနှင့်နှစ်ဆယ်ကြားလောက်သာ ရှိခဲ့သူ။

ထိုစဉ်က မက်ထရစ် ဆိုသည်ကလည်း နယ်ကျောင်းများ အတွက် အောင်ချက်က (၅) ရာခိုင်နှုန်းထက်မပို။

ခင်သီတာ ပထမနှစ် မက်ထရစ်စာမေးပွဲ ကျရှုံးသည်။

ဒုတိယနှစ်တွင် အောင်မြင်ခဲ့သည်။

ထိုအချိန်တွင် ကြည်ပြာက ရှစ်တန်းသို့ ရောက်လာပြီ





...ောင်နှစ်တွင် သူမက်ထရစ်ခေါ် ဆယ်တန်းစာမေးပွဲကို တန်း၍ဖြေ ...ရပေလိမ့်မည်။ ကိုးတန်းမရှိ။

ကြည်ပြာသည် ကျောင်းစ၍ ထားသည်မှ ယခုအချိန်ထိ ...  မရရှိခဲ့သော နှစ်ဟူ၍မရှိခဲ့သေး။

မှတ်မှတ်ရရ ခြောက်တန်းတွင် တစ်ကြိမ်သာဖျား၍ ...ကျောင်းပျက်ခဲ့ရသည်။ ဖျားလျက်နှင့် ဖြေဆိုခဲ့ရသဖြင့် ဒုတိယသာ ...ခဲ့သည်။

ကြည်ပြာ ငို၍ မဆုံးခဲ့။

ရာဇဝင်နှင့် လာသော ကြည်ပြာသည် ဆယ်တန်း စာမေးပွဲ ... အဆင့်မြင့်စွာနှင့် အောင်မြင်ပါလိမ့်မည်။

ထိုစဉ်က ရှားပါးလှန်းသော ဂုဏ်ထူးများကိုပင် ဆွတ်ခူး ...င်မည့်သူဟု ကျောင်းမှဆရာများက အားထားမျှော်လင့်နေခဲ့ ...သည်။

သည်တွင် မေမေ ပြဿနာ တက်ရရှာလေပြီ။

ယခုနှစ် ဆယ်တန်းအောင်မြင်သော သမီးကြီး ခင်သီတာ ...မန္တလေး သို့မဟုတ် ရန်ကုန် တက္ကသိုလ်သို့ ပို့၍ ပညာသင်စရိတ် ...ထောက်ပံ့နိုင်အောင် သူရှာဖွေပါမည်။

ဖြစ်လည်းဖြစ်နိုင်ပါသည်။ ဈေးလယ်တွင် ဆိုင်ကလေး ...င်ဆိုင် ရှိသော မေမေ၏ဝင်ငွေကို ခြိုးခြံလိုက်လျှင် ခင်သီတာ၏ ...ကျောင်းစရိတ်ကို အကျဉ်းနည်းနှင့် ထောက်ပံ့နိုင်မည်ဖြစ်သော် ...ည်း . . .

နောင်တစ်နှစ် ကျိန်းသေအောင်လာမည့် ကြည်ပြာကို



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်သို့ မပို့နိုင်မှာ သေချာသည်။

သမီးနှစ်ယောက်စာ မေမေ မတတ်နိုင်ရှာ။

"ကြည်ပြာ ကျရင်တော့ ငါကတစ်လ လေးဆယ်ထော
မယ်။ ငါ့တူမက ဖြစ်ထွန်းမယ် တူမ"

ကြည်ပြာ၏ ကြီးကြီး အပျိုကြီး 'ဒေါ်နန်းမူ' က ကြိုတ
ကြေညာလိုက်သည်။ ထိုစဉ်က တက္ကသိုလ် ကျောင်းသူတစ်ယော
၏ စရိတ်က တစ်ရာကျော်မျှလောက်ဆိုလျှင် လောက်သည်။

သို့တစေ ကြည်ပြာ လိုငွေနှင့် သီတာ၏ ကျောင်းစရိတ
အတွက် မေမေ ခက်ခက်ခဲခဲ ရှိနေကြောင်း သေချာသည်။

"မနန်းမူလဲ ချောင်လည်လှတာ မဟုတ်ပေမယ့် ကြည်ပြ
ကို ထောက်ကူမယ်ဆိုတာ ကျေးဇူးတင်စရာပဲ"

"ဒါကတော့ သူ့တူမကိုး မေမေရဲ့"

ခင်သီတာ၏ စကားသည် မြားတစင်း စူးနစ်ဝင်သွာ
သည်သို့ပင် ဒေါ်တင့်တင့်၏ ရင်မှာ နာကျည်းသွားမိသည်။

မိခင်၏အဖြစ်၊ မိခင်၏ ကြင်နာခြင်းမှ ရလာသော၊ ရင်
ဝေဒနာကို မရိပ်စားမိသော ခင်သီတာက ဆက်၍ ပြောမိသည်။

"ကြည်ပြာ့ အဖေက သေဆုံးသွားပေမယ့် သူက ဟိုပင်သာ
ဆိုတော့ အမျိုးတွေ အများကြီး ရှိနေတယ်၊ ကြီးဒေါ်အရင်းက
ရှိတော့ ကြည်ပြာ့ကို ကူညီကြမှာပါ"

ဒေါ်တင့်တင့်၏ တင်းကြပ်သောရင်မှ သက်ပြင်းတစ်ချ
လျှို့ဖိတ် ထွက်ကျလာသည်။

"သမီးမှာတော့ မေမေရယ်. . . မေမေရဲ့ မတောင့်တာ



ဆင်းရဲလှတဲ့ အမျိုးတွေပဲ အားကိုးစရာ ရှိတာကိုး"

"သမီးကြီးရယ်"

"သမီးရဲ့အဖေဆိုတာ ရန်ကုန်က ဆိုပြီးတော့ မေမေ့ကိုလဲ
ပင်သွားပြီ၊ အဆက်အသွယ် ပြတ်သွားပြီဆိုတော့ ညီအစ်မချင်း
ပေမဲ့ ကြည်ပြာက ကံကောင်းတယ်နော် မေမေ"

"သမီးကြီးအပေါ်မှာ မေမေက အမြဲပဲ အသနားပိုခဲ့တာ
သမီးအသိပါလေ ကဲ. . . ဒီမှာသမီး"

"ရှင်. . ."

"နောင်နှစ်အတွက် နောင်နှစ်မှပဲ စဉ်းစားကြတာပေါ့၊ ဒီနှစ်
သမီးတက္ကသိုလ်ကိုသွား အမေထားမယ်"

တက္ကသိုလ်ဆိုသော ပညာရပ်တို့၏ ထိပ်ဆုံးလှေကားထစ်
နေရာကို ခင်သီတာ သွားလိုလှပါသည်။

မေမေ့ အဖြစ်ကိုလည်း သနားသည်။

စာတော်လွန်းသော ညီမလေးကိုလည်း ငဲ့ညှာသင့်ပါ၍ . . .

"သမီး မသွားတော့ပါဘူး မေမေရယ်၊ သမီးဆုံးဖြတ်လိုက်
ပါပြီ၊ သမီး တက္ကသိုလ်ကို မတက်တော့ပါဘူး၊ မေမေနဲ့အတူ
စီးပွားရှာပြီး ညီမလေး ကြည်ပြာရဲ့ပညာသင်စရိတ်ကို အလုံ
အလောက် ပို့ကြရအောင်ပါနော် မေမေ၊ သမီး ကျေနပ်ပါတယ်၊
မေမေ စိတ်မကောင်း မဖြစ်ပါနဲ့နော်"

ဒေါ်တင့်တင့်ထံမှ ဘာစကားသံမှ ပြန်ကြားနိုင်ခြင်း မရှိရှာ။

သမီးကြီး ခင်သီတာကို ဖက်လျက် ရှိုက်ကြီးတငင် ငိုကြွေး
ရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . ရင်တွင်းမှစေတနာနှင့်အညီ မိအောင်မဆောင်ရွက်ပေးနိုင်သော မိခင်တယောက်၏ ကရုဏာ မျက်ရည်များက တာကျိုးရေနှယ် ဆယ်သိမ်းရပ်တန့်ရန် မလွယ်ပါ ချေတကား

❖ ❖ ❖



● အခန်း (၁၃)

မြစ်ကြီးနား၊ ဟိုပင်မှ ကချင်ပစ္စည်းများကို သယ်ဆောင်သွားပြီး . . .

မန္တလေးမှ ပိုးချည်၊ ချိတ်လုံချည်၊ သနပ်ခါးမှုန့်မှ အစ ဒေါ်တင့်တင့်က ကုန်ကူးသည်။

ခင်သီတာက ဈေးတွင် ဒိုင်ခံရောင်းသည်။ အင်းတော်ကြီးဘုရားပွဲဈေးပင် ထွက်လိုက်သေးသည်။

ဤသားအမိနှစ်ယောက်ဝင်ငွေဖြင့် သင့်တင့်လုံလောက်သောငွေကို တက္ကသိုလ်ရောက် ညီမလေး ကြည်ပြာထံသို့ လုံလောက်စွာ ပို့နိုင်ခဲ့သည်။

ဆယ်တန်းအောင်မြင်ပါလျက် ဈေးသည်ဖြစ်နေရရှာသော



www.burmeseclassic.com

www.burmeseclassic.com

သမီးကြီးအတွက် ရင်နာနေရှာသော ဒေါ်တင့်တင့်သို့. . .

ကိုယ့်ရင်မှ ဝမ်းနည်းမှုများကို လျှို့ဝှက် ထိန်းချုပ်၍ ဟန်ဆောင်ရင်း ဖျောင်းဖျခဲ့ရသော ခင်သီတာ ရင်ပမ်းလှုပါဘိ။

ဤသို့သော သားအမိသုံးယောက်၏ တိုက်ပုံစံ ဆက်သွယ် ထောက်ပံ့ခြင်းများ ပြေလည်နေသောအချိန်ကာလတွင်. . .

မေမေ့ထံသို့ ရေစစ္စရီပြုလုပ်လျက် ရှည်လျားလှသော စာအိတ်ညိုညိုရှည်ရှည်ကြီးတစ်စောင် ရောက်ရှိလာခဲ့သည်။

ပေးပို့သူက. . .

ဦးသိန်းထိုက်

သိန်းထိုက်ရတနာ နိုင်လွန်စက်

ရှစ်မိုင်

ရန်ကုန်မြို့။

ဟူသတည်း။

* * * * *

တင့်တင့်. . .

မင်း ဟိုပင်မှာပဲ ရှိနေသေးတယ်၊ နောက်ထပ် အိမ်ထောင် ပြုတယ်၊ သမီးတစ်ယောက်ထပ်ရတယ်၊ ယောကျ်ား ဆုံးသွားတယ် ဆိုတဲ့ သတင်း အရပ်ရပ်တွေကို စုံစမ်း သိရှိရပြီး ငါဒီစာကို ရေးလိုက်ပါတယ်။

မင်းကလဲ ငယ်ငယ်. . . ငါကလဲ လူလည်. . . နဲ့





တွေ့ကြပြီး ခဏအတွင်းမှာ လက်ထပ်ဖြစ်ခဲ့ကြတယ်။ မင်းကို မန္တလေး ငါခေါ်လာခဲ့ပြီး ငါလဲ ကျရာအလုပ်တွေ လုပ်ခဲ့တာ မင်းအသိပါပဲ။

ဒီထဲမှာ မသမာမှုတွေနဲ့ တစ်ခါတလေ ပေါက်တိုးခဲ့ဖူးတယ်။ တစ်ခါတရံကျပြန်တော့လဲ ဒို့မှာ ညစာအတွက် ချက်စရာ ဆန်တောင်မရှိတဲ့ အဖြစ်မျိုးထိ ရောက်ခဲ့ကြဖူးတယ်။

ဒီလိုနဲ့ တို့သမီးလေး ခင်သီတာ တစ်နှစ်သမီး အရွယ်မှာ ငါဟာ ဖောက်ပြန်မိခဲ့ပြန်တယ်။

မန္တလေးသူတစ်ယောက်နဲ့ ယူလိုက်တာ မင်းသိ သွားတယ်။

သွားယိုက်ပြန်လိုက်လုပ်နေတဲ့ ငါ့ကို မင်းမျှော်လင့်နေ ရှာပါသေးတယ်။

ဒါပေမယ့် အချိန်ပြည့် ပွေနေခဲ့တဲ့ ငါဟာ မန္တလေးသူရော မင်းကိုပါ ပစ်ခဲ့ပြီး ရန်ကုန်ဆင်းလာ ခဲ့တော့တယ်။

ဒီတော့မှ တစ်နှစ်သမီးလေး သီတာ့ကို ရင်မှာ ပိုက်ရင်း မင်းမိဘတွေရှိရာ ဟိုပင်မြို့ကို မင်းပြန်သွားရ တော့တယ်။

ငါက ယုံအောင်ညာလို့ ယုံလာတဲ့ မိန်းမ တွေကို ငါရသမျှယူလိုက် စွန့်ပစ်လိုက် လုပ်နေရင်းက ငါ့ထက် အသက်ကြီးတဲ့ မုဆိုးမကြီး တစ်ယောက်နဲ့ ငါတွေ့ခဲ့ရတယ်၊ သူ့နာမည်က 'မသက်ဦး' တဲ့၊ ခုချိန်ထိ ငါနဲ့ပေါင်းနေသော မိန်းမပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါလဲအသက်ကြီးလာတော့ မိန်းမပွေမှုကိစ္စတွေကို လုံးဝရပ်ပစ် လိုက်ပါပြီလေ။

မတည်ငြိမ်တဲ့ငါဟာ စီးပွားရေးဘက်မှာ အစွမ်းကုန် စိတ်ဝင်စားပြီး လှုပ်ရှားပစ်လိုက်တယ်။အတွင်းပစ္စည်းတွေ ပါလာတဲ့ ငါ့ဇနီးရဲ့ ပစ္စည်းတွေကို ထုခွဲ အရင်းပြုပြီး စီးပွားရှာခဲ့တယ်။

အင်မတန်လည်ပြီး သိပ်ကြိုးစားတတ်တဲ့ ငါဟာ ကောင်းတဲ့ဘက် ရောက်သွားတော့လဲ ငါ့ရဲ့ကြိုးစားမှုဟာ အကြီးအကျယ် အောင်မြင် လာခဲ့ရပြီ တင့်တင့်။

ငါ့မိန်းမဆီက ပါလာတဲ့ ပစ္စည်းတွေရဲ့ သုံးလေးဆ မက သူ့လက်ထဲကို ပြန်ထည့်ထားနိုင်ခဲ့ပြီးပြီ။

မင်း ယုံမလား။

အခု ငါ့မှာ သိန်းနှစ်ဆယ်ကျော်တန်တဲ့ ခြံကျယ်ကြီးနဲ့ နိုင်လွန်စက်ရုံကြီးကို ပိုင်ဆိုင်ထားနိုင်နေပြီ တင့်တင့်။

ရှုန်းကန်ရမှုမရှိတော့ဘဲ ချမ်းသာကြွယ်ဝမှုတွေနဲ့ ပြီးပြည့်စုံလာတဲ့အချိန်မှာ ငါဟာ အသက်ငါးဆယ် ကျော်လာခဲ့ပြီ။

ကြောင်းကျိုးအမျိုးမျိုးကို ဆင်ခြင် တွေးချင့်နိုင်အောင် ရင့်ကျက်လာတဲ့ ငါဟာ ဘာကို တမ်းတလာမိသလဲ ဆိုတော့. . . "ငါ့သမီးလေး . . . "

ငါ့ရဲ့ တစ်ဦးတည်းသောရင်သွေးလေးရှိနေပါသေးလား ဆိုတဲ့ အသိတရားတွေ ငါ့ရင်ထဲကို ဝင်လာနေခဲ့ပြီ တင့်တင့်။





ဒီတော့ ငါ လူတစ်ယောက်ကို လွှတ်ပြီး စုံစမ်းခိုင်းတယ်။ အင်မတန် ချောမောလှပပြီး သိပ်ကို ယဉ်ကျေးသိမ်မွေ့တယ်၊ အိန္ဒြေရှိတယ်ဆိုတဲ့ ဂုဏ်သတင်း တွေနဲ့ ကျော်ကြားနေခဲ့တဲ့ ငါရဲ့တစ်ဦးတည်းသော ရင်သွေးသမီးလေး ဟာ. . . "ဈေးရောင်းနေရသတဲ့" "ဆယ်တန်း အောင်ပါလျက်နဲ့ ကျောင်းဆက်မတက်ရဘူး"

ဆိုတဲ့သတင်းတွေ ငါ့ဆီကို ပြန်လည်သယ်ယူ ရရှိလာတဲ့ ညက ငါအိပ်မပျော်နိုင်အောင် ခံစားခဲ့ရတယ် တင့်တင့်။

ငါ့ရဲ့အသည်းနှလုံးထဲမှာ ခုချိန်ကျမှပဲ ဖခင်စိတ်ဝင်လာတော့တယ်လို့ ဆိုပါတော့ကွာ။

ဒီတော့ငါ့ရဲ့ချမ်းသာကြွယ်ဝမှုတွေကို သမီးလေးမျှဝေခံစားစေရမယ်ဆိုတဲ့ စေတနာတွေနဲ့ ငါဒီစာကို ရေးလိုက်ပါတယ်။

ငါ့ဆီမှာအချမ်းသာဆုံးနေထိုင်ပြီး သမီးလေး တစ်သက်စာ နှစ်သက်စာမက အမွေတွေ ငါခွဲဝေ လွှဲပေးခဲ့မယ်၊ ကျောင်းနေလိုရင်လည်း ဆက်ထား ပေးမယ်။

ဒါကြောင့် သမီးကို အမြန်ဆုံး ငါ့ဆီကို ယုံယုံကြည်ကြည်နဲ့ ပို့လွှတ်ပေးလိုက်ပါ။ဘယ်နေ့ ဘယ်ရက်မှာ လာမယ်ဆိုတဲ့ အကြောင်းပြန်စာ နဲ့အတူ သူ့ဓာတ်ပုံပါ ထည့်ပေးလိုက်ပါ။

ငါကိုယ်တိုင် ဆီးကြိုမယ်။

မင်းတော့လိုက်လာဖို့ မလိုဘူး၊ မင်းအားလည်းပါ



www.burmeseclassic.com

www.burmeseclassic.com



*တင့်တင့်၊ ငါ့ကိုလဲ အစစခွင့်လွှတ်ပါ။*

*သမီးလေးမသိတာကို တွေ့ချင်လှပြီဖြစ်တဲ့. . .*

*သိန်းထိုက်*

*ရန်ကုန်မြို့*

သည်စာမှာ ထိုက်တန်မြင့်မားလွန်းစွာ ဝမ်းသာစ
ဖြစ်ပါသော်လည်း စာကိုဖတ်၍အပြီးတွင် ခင်သီတာ လှိုက်
မောဟိုက်စွာ ငိုရှိုက်မိပါလေသည်။

ဤစာရရှိပြီး တစ်ပတ်နှစ်ပတ်အတွင်းသာ ခင်သီတ
ရန်ကုန်မြို့သို့ ရောက်ရှိပြီးဖြစ်ပါလျှင် စေတနာရှင် ဖခင်ကြီး
လွဲသွားစရာ အကြောင်းမရှိပါ။

စာရရှိပြီး သုံးရက်အကြာတွင် မမေကိုယ်တိုင် ရေးသ
ပြန်ကြားသည်။

ဝမ်းသာ ကျေးဇူးတင်ပါကြောင်း . . . သမီးလေးကို
တစိုက်ထားရှိပါရန် အကြောင်းများ အထပ်ထပ်မှာကြား
သူ့အတွက်ဖြင့် ဘာမှမလိုအပ်ပါကြောင်းများနှင့်အတူ ခင်သီတာ
လှပသော ဓါတ်ပုံလေးနှစ်ပုံကိုပါ ထည့်ပေးလိုက်မိသည်။ သုံး
နှစ်ချိုးနှင့် မျက်နှာအနီးကပ်ပုံ၊ ကိုယ်ခန္ဓာရော မျက်နှာပါ၊ သိမြင်သ
ပါရန်. . .

သမီးအားလွှတ်လိုက်မည့်ရက်ကို ကြေးနန်းဖြင့် ထပ်
အကြောင်းကြားပါမည်။ ယခုလဆန်းပိုင်းတွင် လွှတ်ဖြစ်ပါမည်။



ဆိုသော နိဂုံးအပြီးတွင် ကျန်းမာ ချမ်းသာပါစေနှင့်
ဆုံးသပ်သော မမေ့စာကို ဖတ်ရပြီးတော့လည်း ခင်သီတာ
နည်းမိပြန်သည်။

"မမေနှင့် ခွဲခွာရတော့မှာပါလား"

သို့ပါသော်လည်း အစီအစဉ်များက မျှော်မှန်းသလို
လာခဲ့။

မမေ၏ ယောင်းမ "ဒေါ်နန်းမူ" ရုတ်တရက် သေဆုံးသွား
သည်။

လေဖြတ်၍ဟု မြန်မာတို့ သာမန်သတ်မှတ်လေ့ရှိသော
ဂါနှင့်ပါ။ အမှန်က သွေးတိုးပြီး ဦးနှောက်ကြောများ ပြတ်သွား
သာပါ။

တကယ်တော့ ခင်သီတာနှင့် ဘာမှမဆိုင်၊ သွေးမတော်
းမစပ်ပါသော်လည်း . . .

မမေ့၏ယောင်းမ ညီမလေးကြည်ပြာ၏ အဒေါ်အရင်းမို့
သီတာပါ တာဝန်ရှိသူလို ဖြစ်ရသည်။

"မန္တလေးတက္ကသိုလ် ကျောင်းတော်သူ ကြည်ပြာပင်
လာခဲ့ရသည်။

အသုဘကိစ္စပြီးပြန်တော့လည်း ကြည်ပြာနှင့်အတူ မမေ
လေးသို့ ဆင်းသွားခဲ့သည်။

မည်မျှကြာအောင် ခွဲခွာရမည်ဟု ခန့်မှန်းရန် ခက်ခဲသော
ကြီးမရှိချိန်တွင် ဆိုင်၌တင်ရောင်းရန် ကုန်ပစ္စည်းများ
ဆောင်းဝယ်ယူထားရှိရန် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့သော ကိစ္စရပ်များကြောင့် ဖေဖေဦးသိန်းထိုက်
စာရရှိပြီး တစ်လကျော်ကြာမြင့်ကာမှ ခင်သီတာ ရန်ကုန်မြို့
ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

ဒေါ်တင့်တင့်က ကြေးနန်းရိုက်ပြီး ခင်သီတာကို အဖော်
ထည့်လိုက်ချိန်တွင်. . .

ရန်ကုန်မြို့၌ ဦးသိန်းထိုက်မရှိတော့။ ခါတိုင်းလိုပင် နိုင်
စက်ရုံအတွက် ထုတ်လုပ်မှုပစ္စည်းများဝယ်ယူရန်အတွက် ဂျပန်နိုင်
ထွက်ခွာသွားရခြင်းဖြစ်ပါ၏။

မိမိတွင် သမီးတစ်ယောက်ရှိနေကြောင်း၊ ဒီမှာခေါ်ထား
ချမ်းသာစွာ နေစေရမည့်အပြင် အမွေများပါ ခွဲဝေပေးမည်
အကြောင်းများကို ဦးသိန်းထိုက်က. . .

ဒေါ်သက်ဦးနှင့် သားကိုကျော်သူသို့ လေသံလေးမျှ မလ
ဟခဲ့။

ထိပ်တန်းလျှို့ဝှက်ချက်အဖြစ်နှင့် ထားရှိခဲ့သော ကိ
ရပ်သာ။

ဂျပန်ပြည်သို့ မသွားမီညကသာ ခင်သီတာ၏ ဓာတ်ပုံ
ကိုကျော်သူတို့သားအမိ၏လက်သို့ အပ်ပြီး . . .

"ခင်သီတာဆိုတဲ့ မိန်းကလေးတစ်ယောက် ဩဂုတ်
(၃၁) ရက်နေ့ မန္တလေးရထားနဲ့ ပါလာလိမ့်မယ်၊ သူ့ကိုသွားကြို

"သူက ဘယ်သူမို့လဲ"

ဒေါ်သက်ဦးက ခင်သီတာ၏ဓာတ်ပုံလှလှလေးကို ကြည့်
ငယ်ငယ်လေး ရှိသေးတာပဲ ဟူ၍ သံသယကင်းလွတ်စိတ်ဖြင့်



သိန်းထိုက်သို့ မေးလိုက်သည်။

"ဒါ သိပ်အရေးကြီးတဲ့ ကလေးမလေးပဲ၊ ငါ့အလုပ်နဲ့ သိပ်
သက်နေတယ်၊ သူ့မိဘ တွေက. . .။ အဲဒါ မင်းတို့အစွမ်းကုန်
ကြိုက်ပြုစုထားကြပါ၊ ငါပြန်လာရင် ဒီမိန်းကလေးဆီက
ကျနုပ်တဲ့လေသံလေး တစ်စွန်းတစ်စမှ မကြားချင်ဘူး . . . ဒါပဲ"

ငွေရှာနိုင်လွန်းသော လုပ်ငန်းရှင် အိမ်ထောင်ဦးစီးဖြစ်တော့
ည်း ကိုယ့်အိမ်ပေါ်တွင် ဩဇာအာဏာရှိပြီးသားပါလား။

ဒေါ်သက်ဦးတို့ သားအမိနှစ်ယောက်လုံး ငြိမ်နေကြသည်။

"စိတ်ချပါ. . . ဖေဖေ။ ကျွန်တော် ဆက်ဆက်သွားကြိုပြီး
မေ့ လက်အပ်ထားပါ့မယ်"

"သွားကြိုရင် မိန်းကလေးဖော်ရအောင် လုလုပ်ခေါ်သွား"

"ဟုတ်ကဲ့ပါဖေဖေ"

"အေး . . . ခင်သီတာကို အစွမ်းကုန်ဂရုစိုက်ကြပါ၊ ငါ
လာမှ သူ့ကိစ္စအဝဝကို ငါကိုယ်တိုင်ဆောင်ရွက်မယ်"

"စိတ်ချ. . . စိတ်ချပါ ဖေဖေ"

"ကျွန်မကိုယ်တိုင် စောင့်ရှောက်ထားပါမယ်"

ဒေါ်သက်ဦးတို့ သားအမိနှစ်ယောက်လုံး ကတိပေးကြ
သည်။ ဦးသိန်းထိုက်ကို စိတ်ချသွားစေရအောင် ပြောကြားကြသည်။

ခင်သီတာမှာ ဦးသိန်းထိုက်၏သမီး၊ အမွေရယူရန်
ောက်ရှိ လာမည့်သူ ဆိုသည်များကို သူတို့နည်းနည်းလေးမျှရိပ်မိကြ
မရှိကြ။

ယင်းကိစ္စအားလုံးကို သိရှိသူက တစ်ယောက်တည်းသာ



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ဦးသိန်းထိုက်၏အတွင်းအပြင် ကိစ္စရပ်များအားလုံး
တာဝန်ယူ ကူညီအကြံဉာဏ်ပေးရသောသူ. . .

ဦးသန်းထိုက်၏တူ ဆိုသောမန်နေဂျာကြီး . . .

"ကိုတာရာ"

❖ ❖ ❖



## ● အခန်း (၁၄)

ခမ်းနားသန့်ပြန့်သပ်ယပ်သော ချမ်းသာဆေးကုခန်းကို. . .

ဟိုပင်မြို့၊ ခင်သီတာ၏ မသပ်ယပ်၊ မခမ်းနားလှသော
. . .ခန်းငယ်လေးနှင့် တူအောင်တု၍ ဖွဲ့စည်းထားသော အခန်းတု
. . .အတွင်းမှာ. . .

ဒေါ်တင့်တင့်. . . ကြည်ပြာနှင့် ခင်သီတာတို့ သားအမိ
. . .ယောက်၏ အပြုံးပွင့်သွေးများ ကြွေဝေရပါပြီ။

ခင်သီတာ၏ အကြောင်းကို အသေးစိပ်ပြောကြားမှာယူခဲ့
. . . ဒေါ်တင့်တင့်၏ရင်မှ ပရိဒေဝလည်း လုံးဝနီးပါးမျှ ငြိမ်းအေး
. . .ပြီ

မန္တလေးဘက္ကသိုလ်မှရောက်ရှိလာသော ကြည်ပြာလည်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်မမသီတာ သူ့ကိုမမှတ်ပါဆိုစဉ်က မျက်ရည်စက်လက်နှင့် ထွ
ရသော်လည်း၊ ယခုအခါ ကြည်ပြာလည်း ပြုံး၍ရွှင်၍ပါ။

အဖျားလုံးဝကျ၍ အားပြတ်ခြင်းဝေဒနာသည် ဤချမ်း
ဆေးကုခန်း၌ပင် မကြာခင် ပျောက်ကင်းသွားပေလိမ့်မည်
သားအမိ သုံးယောက်လုံး ယုံမှတ်ထားကြပြီးသားပါ။

ယခုအခါတွင် ခင်သီတာ၏ ပျောက်ဆုံးနေခဲ့သော
ကွက်လပ်ဖြစ်နေခဲ့သော လစ်ဟာမှုများ၊ အားလုံး ဆက်စပ်ပေါင်း
သွားမိပါချေပြီတည်း။

"ကဲ. . . သီတာရေ. . . ဆေးတိုးရအောင်"

ပရိုက်ဗိတ်ကလင်းနစ်မှ နပ်(စ်)များ၏ဆက်ဆံမှုက ချို
ပါလားဟု ကြည်ပြာက ပြုံးနေသော သူနာပြုဆရာမလေးကို ကြည့်
မှတ်ချက်ချနေသည်။

"ဆရာမ"

"ဟင်. . . ဘာလဲ သီတာ"

"သီတာမေ့နေ၊ အိပ်နေတုန်းကလေ. . ."

"အင်း . . ."

"လူတစ်ယောက် သီတာ့ဆီ လာတွေ့သေးလားဟင်"

"ဘယ်သူလဲ သီတာ"

"ကိုတာရာ. . . တဲ့"

"ဟင့်အင်း . . . လာတာမတွေ့မိဘူး၊ ကိုကျော်သူ
ဒေါက်တာစန်းမောင်သွင်ပဲ လာတယ်၊ နောက်ပြီး လုလု
အစားအစာ လာပို့တယ်၊ ဒေါ်သက်ဦးက တစ်ခါလာကြည့်တယ်



လာကြည့်တာကတော့ ကိုကျော်သူပါပဲ"

ခင်သီတာမှာ တစ်စုံတစ်ခုကို ပြောသင့်မပြောသင့် ချင့်ချိန်
နေမိသည်။ "ပြောလိုက်ရ ကောင်းမလား"၊ "အို. . . နေပါစေတော့"
သော ဆန့်ကျင်မှု နှစ်ခု ရင်၌ လွန်ဆွဲနေဆဲ. . .

"သမီး . . . ဘာပြောချင်လို့လဲဟင်"

ဒေါ်တင့်တင့်က သမီးကြီး၏ ဆေးထိုးထားခြင်းခံရသော
င်ပါးနေရာကို ပွတ်ပေးနေရင်း မေးလိုက်သည်။ အပ်ကိုင်ထားဆဲ
ဆရာမက. . .

"အဲ. . . ဒီ. . . ကိုတာရာဆိုတဲ့လူကို သီတာတွေ့ချင်လို့
ားဟင်"

သီတာ. . . မဖြေနိုင်မိမှာပင်။

"သမီး"

"ရှင်. . ."

"ကိုတာရာ ဆိုတာဘယ်သူလဲ"

"စက်ရုံက မန်နေဂျာ"

"ဩော်. . . သမီးက သူ့ကိုတွေ့ချင်လို့လား"

"ဟုတ်တယ်. . . မေမေ၊ သမီး . . . သူ့ကိုမေးစရာရှိတယ်၊
သူကလဲ သမီးကို ပြောစရာရှိနေပုံရတယ်"

"ဒါဖြင့် မောင်ကျော်သူဆိုတာ ပြန်လာရင် မှာလိုက်ပါလား"

"သူ့ကိုမှာလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟာ. . . မေမေ မသိပါဘူး၊ ကိုကျော်သူနဲ့ အဲဒီမန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့က အဆင်မပြေဘူး မေမေရဲ့"

"ဟုတ်လား"

သားအမိနှစ်ယောက် အခက်အခဲကို သူနာပြု ဆရာမလေး

ဝင်ရောက်ကူညီအကြံပေးလေမှ ပြေရှင်းသွားရ တော့သည်။

"ဒါဖြင့် ဒီလိုလုပ်လေ"

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်မ တယ်လီဖုန်းဆက်ပေးမယ်လေ. . ."

"ရှင်. . . ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ သိန်းထိုက်ရတ်နာ နိုင်လွှန်စက်ကြီးရဲ့ ရုံး မန်နေဂျာရဲ့ ဖုန်းနံပါတ်ကို ရှာပြီး ဆက်ပေးမှာပေါ့"

"ဟာ. . . ဟုတ်တယ်နော်၊ ဒီလိုဆို ဖြစ်မှာနော်"

"ကျွန်မ ဆက်ပေးပါ့မယ်၊ ဘာပြောပေးရမလဲသာ ပြော ပါလေ"

"ဖြစ်နိုင်ရင် သီတာနဲ့ လာတွေ့ပါလို့"

"ကောင်းပြီလေ စိတ်ချ၊ ကျွန်မ ဆက်ပေးလိုက်ပါ့မယ်"

"ဩော်. . . ဆရာမ"

"ရက်(စ်)"

"ဖြစ်နိုင်ရင် ဆိုတာပါ ထည့်ပြောပါနော်"

"ကောင်းပြီ၊ ကိုတာရာ ဆိုတာနဲ့ ဒါရိုက်တွေ့မှ ခင်သီတာ မှာပါတယ်၊ ဖြစ်နိုင်ရင် သီတာနဲ့လာတွေ့ပါလို့. . . ဟုတ်တယ် မဟုတ်လား"

"အာ. . . ဟုတ်. . . ဟုတ်တယ်၊ ကျေးဇူးပဲနော်"





"ရပါတယ် သီတာအတွက်တော့ အနားယူဖို့ လိုလိမ့် ဦးမယ် နော်"

ဒေါ်တင့်တင့်သို့ ကြည့်ပြီး ဆရာမလေးက ပြောလိုက်သည်။

"ခဏနေရင် ဟောဒီ ဆေးနှစ်လုံးသောက်၊ ဟောလစ် လေးပါ နဲနဲကြိုးစားသောက်ပြီး အိပ်လိုက်ရင် ကောင်းမယ်နော်"

"ဟုတ်ကဲ့ ဆရာမ၊ ဆေးနဲ့ဟောလစ် ဖျော်တိုက်ပြီး ကျွန်မတို့ ပြန်ပါ့မယ်၊ ညနေမှ တစ်ခေါက် လာကြည့်ပါ့မယ်"

လူနာဘက်ကသာ ထာဝရ ကြည့်မြင်ရပါသော သူနာပြု ဆရာမ၏ စကားကို ဒေါ်တင့်တင့်က နားလည် လက်ခံစွာဖြင့် ပြန်လည် ဖြေကြားလိုက်ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၁၅)

"ဖြစ်နိုင်ရင် သီတာနဲ့ လာတွေ့ပါ ဆိုတဲ့ သတင်းစကား ကြားရပြီးကထဲက အကြီးမားဆုံး ဆန္ဒတွေနဲ့ လာချင်နေပါတယ် မသီတာ"

"ဒါပေမယ့် သုံးရက်ဘောင် ကြာမှာပဲ ကိုတာရာရောက်လာ တော့တယ်နော်"

ခင်သီတာ၏ အလှမျက်နှာကလေးကို နွမ်းလျမှုများနှင့် ဖုံးအုပ်ထားသော်လည်း အလှလေးများက မပျက်။ ကရုဏာ သက်ဖွယ်များ ခြယ်၍သနား ချစ်ခင်စရာ ခင်သီတာ၏ မျက်နှာ ကလေးကို ကိုတာရာက စိုက်ကြည့်ရင်း . . . ။

"လာဖို့ အချိန်ပြည့် ကြိုးစားပါတယ် သီတာ၊ ဒါပေမယ့်





ဆိုကျော်သူက ခွင့်မပြုဘူးလေ၊ ပြီးတော့လဲ သူက ကျွန်တော့်ကို အချိန်ပြည့် စောင့်ကြည့်ခိုင်းထားတယ်"

"ခုတော့ရော"

"ဒီနေ့တော့ စန်းဒေးဆိုတော့ ကျွန်တော်လဲအားတယ်၊ သူလဲ ပဲခူးထွက်သွားတယ်၊ ဒါကြောင့် ကျွန်တော် ပြေးလာတာပါ မသီတာ"

"ကျေးဇူးပါပဲ ရှင်. . ."

"မသီတာ ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ အကြောင်း ထူးရှိသလားဟင် မသီတာ"

"ရှိပါတယ် ကိုတာရာ"

ကုတင်ထက်မှ လဲလျောင်းနေသော ခင်သီတာက ထထိုင် လိုက်သည်။ ပြေလျောနေသော ဆံပင်တစ်ထွေးကြီးကို ရစ်ပတ် ထုံးဖွဲ့ လိုက်ပါ၏။

ယနေ့ တနင်္ဂနွေနေ့မို့ ဆေးတိုက်သို့ ဆရာဝန်ကြီးများ မလာကြ။ လူနာသစ်များလည်း ရောက်မလာကြပါ။ နေ့လယ် ခင်းမို့ လူသူများလည်း ရှင်းနေသည်။

တယ်လီဖုန်း ဆက်ပေးပါမည် ဆိုသော. . . ဆက်ပေးခဲ့ သော ဆရာမလေး၏ တာဝန်ကျချိန်မို့လည်း အကယ်၍ ခင်သီတာ့ ထံအခြားဧည့်သည် လာစေဦး၊ သူဟန့်တား ပေးထားမည်ဟု ဆိုလာသည်။

"လာ ကိုတာရာ ဒီမှာ ထိုင်ကြရအောင်"

"မသီတာ အတော့်ကို နေကောင်းလာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်စွာရှေ့ဆောင်၍ ကုတင်ထက်မှ ဆင်းသက်ကာ ကုလားထိုင်ပုလေးပေါ်သို့ သွားထိုင်သော ခင်သီတာကိုကြည့်ပြီး ကိုတာရာက မှတ်ချက်ချလိုက်သည်။

သူလည်း ခင်သီတာရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါ၏၊

သူတို့ကြားတွင် စားပွဲခုံဝိုင်းငယ်လေးတစ်ခု ရှိသည်။ ယင်းပေါ်တွင် လှပလန်းဆန်းသော နှင်းဆီ အနီရင့်ရောင်များ စိုက်ထိုးထားပါ၏။

ယခုအခါတွင် 'ချမ်းသာ ဆေးကုခန်း'၏ မူလပုံစံအတိုင်း သပ်ယပ်လှပ၍ စိတ်ချမ်းမြေ့ဖွယ်ရာ ပြန်လည်ဖြစ်သွားခဲ့ပါပြီ။

ဟိုပင်မြို့မှ ခင်သီတာ၏အခန်းတု မဟုတ်တော့။

ကိုတာရာမှာ အခြယ်အသနှင့်လုံးဝ ကင်းဝေးနေသော ခင်သီတာ၏ သဘာဝအလှမျက်နှာလေးကို မျှော်ငေးရင်း သူပြောကြားလာမည့် စကားကို စောင့်စားနေပါ၏။

"ကိုတာရာ"

"ခင်ဗျာ"

"သီတာဘယ်သူလဲဆိုတာ သီတာ အခုလို ပြန်ပြီးသတိမရခင်ထဲက ကိုတာရာ သိနေခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် မသီတာ"

"ဒါနဲ့များရှင်၊ ဘာဖြစ်လို့ မပြောချင်ရတာလဲ"

ကိုတာရာက ဘာမှမဖြေ၊ ငေး၍သာ ကြည့်နေသည်။

"သီတာရဲ့ ဘဝကို သီတာပြန်ပြီးသတိရအောင်





စဉ်းစားပါနဲ့လို့လဲ ကိုတာရာပဲ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒါ ဘာဖြစ်လို့လဲ"

"ကျွန်တော်မဖြေပါရစေနဲ့ မသီတာ"

"အခုလို အားလုံးပြန်သတိရလာပြီး အားလုံးပြန်ဆက်မိတဲ့အခါကျတော့လဲ အားလုံးဟာ သီတာ့အတွက် အဆိုးကမပါ၊ ပါလားရှင်"

ကိုတာရာ ဘာမှမဖြေ။

"ဒီမှာ ကိုတာရာ"

"ကျွန်တော် နားထောင်နေပါတယ်"

"ကိုတာရာတာ သီတာ့အဖေရဲ့ တစ်ယောက်သောမိန်းမဘူပဲဆိုတာ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဖြင့် သီတာ့အဖေ ဦးသိန်းထိုက်က ရှင့်ကိုရောသိပေးမယ်လို့ ပြောထားဖူးလို့လား"

"ခင်ဗျာ"

"အမွေပေးရမယ့် စာရင်းထဲမှာ ရှင်ပါနေလား ကိုတာရာရှင်"

"ဟာ. . . ကျွန်တော်နဲ့ဘာဆိုင်လို့လဲဗျာ၊ ကျွန်တော်က ခစား အလုပ်သမားပဲ၊ ဘာသွေးမှလဲမစပ်တဲ့ ဘေးလူ သက်သက်ပါ"

"သီတာ့အဖေကရော ရှင့်ကို ဘယ်ရွေ့ဘယ်မျှပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးသလား"

"မပြောဘူးပါလား မသီတာရယ်။ ဘာများ ဖြစ်နေပါလဲဗျာ"

"မသိပါဘူး၊ အမွေရမယ့် လူထဲမှာ ရှင်ပါနေလို့ သီတာကို သိန်းထိုက်ရတနာမှာ မနေစေချင်တာလားလို့"

"ဩော်. . . ခုမှပဲ မသီတာရဲ့ အမုန်းအညိုးအကြည့်တွေ ထဲလွင့်ကျလာတဲ့ စကားအဓိပ္ပာယ်ကို ကျွန်တော်သိရပါပေါ့လားဗျာ"

"ရှင် ဘာဆိုလိုတာလဲ ကိုတာရာ"

"ကျွန်တော် မဆိုလိုပါဘူး၊ မသီတာဆိုလိုတာကို နားလည် လာပါပြီလို့ ပြောတာပါ"

"ဘယ်လို နားလည်တာလဲ"

"ဩော်. . . ကျွန်တော်ဟာ အမွေရမယ့်လူ၊ မသီတာက အမွေရမယ့်လူ၊ ဒါကြောင့် မသီတာရောက်လာရင် ကျွန်တော် ရလာမယ့် အမွေထဲက ခွဲဝေပေးရမှာမို့ လျော့နည်းသွားမယ်လို့ ကျွန်တော့် ဘက်က အထင်ရှိနေလို့ မသီတာကို ကျွန်တော် ပြန်နှင်လွှတ်နေတယ်လို့ မသီတာ ထင်နေတယ်လားဗျာ"

"ဟုတ်တယ်. . . ကိုတာရာ၊ ဒီအတိုင်းဘဲ ထင်နေ တယ်လို့ ရှင်းရှင်းပဲ သီတာပြောပါရစေတော့"

"အော်. . . ထင်ရက်ပါပေ့ မသီတာရယ်"

သူကအသံက တိုးညင်သော်လည်း ဝေးလံသော အရပ် ကြားသလို၊ လှမ်းအော်ပြောလိုက်ရသလို တုန်ခါ၍ ထွက်လာသည်

"ကျွန်တော် အမြတ်နိုးမိဆုံး၊ အို. . . ကျွန်တော့် စ မှားသွားပါတယ်၊ ခွင့်လွှတ်ပါ မသီတာ"





ပေါ်လွင်လာသော ချစ်နိမိတ်စကားစွန်းလေးများကို အမြန်ဆုံး လိုက်လံဖုံးအုပ်ပြီးမှ. . .

"ကျွန်တော် အလေးစားမိဆုံး မိန်းကလေး တစ်ယောက်ဆီ က ဒီစကားမျိုးကြားရတာ ကျွန်တော်ဝမ်းနည်းမိလှပါတယ်။ ကျွန်တော် နည်းနည်းလောက်ရှင်းပြချင်ပါတယ်"

"သီတာကလဲ သိချင်ပါတယ်"

"ကျွန်တော့် ရဲ့ရိုးသားမှုကို သဘောကျတယ်ဆိုပြီး ဦးသိန်းထိုက်ကိုယ်တိုင် ကျွန်တော့်ကို ခေါ်ယူပြီး ဒီစက်ရုံမှာ ခန့်တာပါ၊ အလုပ်လုပ်ရင်း စာမေးပွဲဖြေလို့ ကျွန်တော် ဘွဲ့ရပါ တယ်"

"ကိုတာရာ ဘွဲ့ရပြီးပြီလား"

"ဟုတ်ကဲ့ ဝိဇ္ဇာဘွဲ့ပါ၊ မဟာဝိဇ္ဇာဘွဲ့အတွက် တစ်ဖက်က ကြိုးစားရင်း ဦးလေးရဲ့စက်ရုံက မီးသွေးမှုန့်တစ်စ မဆုံးရှုံးရအောင် ကျွန်တော်ထိန်းသိမ်းနေခဲ့ပါတယ်"

"အင်း. . . ပြောပါ"

"ဦးလေးက ကျွန်တော်စီးဖို့ကားတစ်စင်းဝယ်ပေးတာ ကျွန်တော် ငြင်းလိုက်တာနဲ့ အခုနေတဲ့အိမ်လေးကို ဆောက်ပေး တာပါ"

"ကဲ. . . ဆက်သာပြောပါ"

"ကျေးဇူးပြုပြီး စိတ်ရှည်စွာနားထောင်ပါ မသီတာရယ်၊ ဒါတွေဟာ ကျွန်တော်ရဲ့ ကိုယ်ရည်သွေးချက်တွေ မဟုတ်ပါဘူး၊ သက်သေပြချက်တွေသာပါ၊ မကြာခင် ဦးလေးပြန်လာရင်သာ



www.burmeseclassic.com

www.burmeseclassic.com



တာရာဆိုတာဘယ်လိုကောင်လဲလို့ မေးပြီးမှ မသိတာ ကျွန်တော့်ကို မှတ်ချက်ချပါလို့ တောင်းပန်ပါတယ်ဗျာ"

သူ ခင်သီထာသို့ တစ်ချက်မှ မကြည့်တော့ ပါပဲလျက် နှင်းဆီနီပွင့်ကိုသာ စူးစိုက်စွာကြည့်ရင်း တစ်လုံးချင်းတိုးတိုးလေးပြော ရှာသည်၊

"သိန်းထိုက်ရတနာရဲ့ စီးပွားရေးနဲ့ပတ်သက်ပြီး ကျွန်တော် ဟာ ဘာဆိုဘာမှ မဆိုင်တဲ့ကောင်ပါ"

"ပြီးတော့ ဘာကိုမှလဲ မမျှော်လင့်တဲ့လူပါဆိုတာ မသိတာ ယုံအောင် ကျွန်တော် ဘာတွေနဲ့ပြောရမလဲ ပြရမလဲ၊ ပြောချင်ပြခ လိုက်တာဗျာ"

တည်ကြည်သောသူ့မျက်နှာနှင့် ဝံ့ရဲပြတ်သားသော သူ့စကားများကြောင့် ခင်သီတာမှာ ချေဖျက်ဆန့်ကျင်သော စကားများ မပြောကြားရက်လာနိုင်အောင်ရှိရသည်။

"ဒါဖြင့် သီတာ့ကို ဘာလို့ အဲဒီအိမ်မှာ မနေစေချင် တာလဲ"

"ကျွန်တော် အကြောင်းစုံသိနေလို့ပါ"

"ရှင်. . ."

"တကယ်လို့ ဦးလေးသာရှိနေမယ်ဆိုရင် ကျွန်တော်ဘာ နေစရာလိုလဲ မသိတာ၊ လာကြိုမယ့်လူဟာလဲ ဦးလေးဦးသိန်းထို နဲ့ ကျွန်တော်နဲ့ပဲ ဖြစ်သွားမှာပါ"

"အကြောင်းစုံ သိနေတယ်ဆိုတာက ဘာကိုသိနေတာ ဟင် ကိုတာရာ"





"အားလုံးကိုပါပဲ"

"ဟင်"

"ဦးလေးရေးလိုက်တဲ့စာဟာ သူကပါးစပ်နဲ့ စီစဉ်ပေးရုံပါ၊ ျန်တော်ကိုယ်တိုင် လက်နှိပ်စက်နဲ့ ရိုက်ပေးလိုက်ရတာပါ"

"အို. . . သီတာ့ဖေဖေက ကိစ္စအားလုံး ကိုတာရာသိစေ ယ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဦးသိန်းထိုက်ရဲ့ သမီးအဖြစ်နဲ့ ရောက်လာမယ်ဆို ာ သိတဲ့သူဟာ ကိုတာရာတစ်ယောက်ထဲပေါ့ ဟုတ်လား"

ကိုတာရာက ငြိမ်သက်နေသည်။ သူ့အတွေးများနှင့်အတူ ပါ ဝေးလံသောအရပ်ဆီသို့ လွင့်မြောသွားသလိုရှိနေသည်။

သူစဉ်းစားနေပုံက သူ့ရှေ့မှ ခင်သီတာကို မေ့လျော့သွား သလား ထင်မှတ်မှားရသည်။

"ကိုတာရာ တစ်ယောက်ထဲသိတဲ့ ကိစ္စမဟုတ်လားလို့ နေပါတယ်"

"အမှန်ကတော့ ကျွန်တော်တစ်ယောက်တည်း သိရမယ့် ပါပဲ"

"ဒါဖြင့် အမှားက ဘာဖြစ်နေလို့လဲ"

"သူတို့ သားအမိပဲပေါ့"

"ဒေါ်သက်ဦးနဲ့ ကိုကျော်သူပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော့်ရဲ့ ပေါ့လျော့မှုကြောင့်များ ာတို့ အမေနဲ့ ဦးလေးနဲ့ ဆက်သွယ်မှုကို သိသွားကြလေ



www.burmeseclassic.com

www.burmeseclassic.com

သလားလို့ ကျွန်တော်လဲ စိတ်မကောင်း ဖြစ်နေမိပါတယ်"

"ဒါနဲ့ ဖြတ်မေးရအုံးမယ်"

"မေးပါသီတာ"

"ဟိုပင်မြို့က ဒေါ်တင့်တင့်ဆိုတဲ့ဆီက ကြေးနန်းလာတ
အဲဒါ သီတာနဲ့များ သိသလား၊ သက်ဆိုင် ပတ်သက်သလားဆို
အမေးစကားတွေ ဘာကြောင့် သိရက်သားနဲ့ လာမေးရတာလဲ"

"သြော်. . . သီတာများ ကိုယ့်ဘဝမှန်ကို ပြန်ပြီး သ
လာ မလားလို့ပါ"

"ဒါဖြင့်လဲ ဒီထဲက တစ်ခါတည်း အားလုံးပြောပြ လိုက်
ပြီးတာပဲဖှာ"

"အဲဒီနေ့က ကိုကျော်သူ ကိုယ်တိုင်ဝင်ပြီး သီတာ
မပတ်သက် မဆက်သွယ်ဖို့ ဟန့်တားခဲ့တာ သီတာ အသိပါ

"ကဲ. . . ထားပါတော့ရှင်. . . ကိုတာရာ အနေ
သီတာ့ကို ပြန်သွားစေချင်ရတာ ဘာသဘောလဲ"

"မသီတာ့ အပေါ်မှာ အန္တရာယ်တစ်ခုခု ကျရောက်လာ
စိုးရိမ်မိတဲ့ ကျွန်တော်ရဲ့ တကယ့် စေတနာဆိုတာတော့ မသီတာ
ယုံပါဗျာ"

"အန္တရာယ် တစ်ခုခုဆိုတာ သူတို့ သားအမိဆီက
ဆိုလိုတာလား"

"တပ်အပ်တော့ မစွပ်စွဲရဲပါဘူး၊ သူတို့သော်လည်းကော
မသီတာ ရောက်လာတဲ့ညက ကားဖြူနဲ့ လိုက်တိုက် သတ်တယ်ဆို
အန္တရာယ်မျိုးသော်လည်းကောင်း ပေါ့လေ၊ မတွေးထင် မမြင်အပ်



ာက မသီတာ့ကို ဒုက္ခပေးမှာ စိုးရိမ်လွန်းလို့ပါ"

"ဒါဆိုရင်တော့ ကိုတာရာက သက်သက် စိုးရိမ်လွန်နေတာ

"စိုးရိမ်ရတာပေါ့ မသီတာရယ်. . . ကျွန်တော်က မသီတာ
ကို သိဖွဲ့ခွင့်တောင် ရတဲ့ကောင်မှ မဟုတ်ဘဲဗျာ"

"သီတာ့နားမှာ အစ်ကို ကိုကျော်သူရှိနေသားပဲ"

"ဗျာ"

မုဆိုး၏ လေးညို့သံ ကြားမိသော သားကောင်ငယ်၏
ထိတ်လန့်သည့် အသွင်ဆိုသည်မှာ ယခု ကိုတာရာ ဖြစ်သွားပုံ
ားလားပဲ။

"ထားပါတော့ ဒေါ်သက်ဦးက သီတာ့ကို မကျေနပ်ဘူးပဲ"

"ဟုတ်ပါတယ် မကြေနပ်ပါဘူး"

"ဒါ ဖြစ်ထိုက်ပါတယ်၊ ဖြစ်ရမယ်လေ"

"အင်း"

"ဒါပေမဲ့ ကိုကျော်သူက သီတာရဲ့အစ်ကိုပဲ"

"သီတာ့ရဲ့ အစ်ကို"

"အင်းပေါ့. . . အဖေတူ အမေကွဲ မောင်နှမ အရင်းပေါ့
ာရာရဲ့၊ သူ ဒါကြောင့် သီတာ့ကို ဒီလောက်စောင့် ရှောက်. . ."

"မဟုတ်ဘူး မသီတာ၊ မဟုတ်ဘူး"

ခင်သီတာ၏ စကားမဆုံးမီ ကိုတာရာက အလန့်တကြား
ဖြတ်ဝင် ပြောလိုက်ပါသည်။ အနီးလေးမှ ဖြစ်သော်လည်း
ဝေးမှ အော်၍ သတိပေးလိုက်သလိုပင် သူ့အသံပါ



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင် သွားတော့သည်။

"ရှင်... ဘယ်လို... ဘယ်လို ကိုတာရာ"

"ဟုတ်သားပဲ၊ ဒီကိစ္စ မသိတာ ဘာမှ မသိသေးဘူး... စာထဲမှာလဲ ထည့်မရေးဖြစ်ခဲ့ဘူး"

"ရှင်... ဘာကိုလဲ"

"ကိုကျော်သူနဲ့ မသီတာနဲ့ ဘာမှ မတော်စပ်ဘူးဆိုတာ..."

"အို"

"ဒေါ်သက်ဦးနဲ့ဦးလေးနဲ့ အိမ်ထောင်ကျတော့ ကိုကျော်... က ဆယ်နှစ်သားအရွယ်တောင် ရှိနေပြီတဲ့"

"ဟင်"

"သီတာ့... မေမေ ဒေါ်တင့်တင့်ကရော ပြောမပြဘူးလား"

"မေမေ ကိုယ်တိုင်လဲ မသိဘူး ထင်တယ်"

"ဟုတ်နိုင်ပါတယ်"

"မေမေနဲ့ ဖေဖေ အဆက်အသွယ် ပြတ်နေတာလဲ သီ... အခါလည် သမီးထဲကပဲတဲ့လေ"

"ဟုတ်ပါတယ်၊ ဦးလေးရေးခိုင်းတဲ့ စာထဲမှာ ကျွန်... တွေ့ရပါတယ်"

"သူက သိပ်ဂရုစိုက်လို့ သီတာ့စိတ်ထဲမှာ အားလုံး... ပြန်သတိရလာတော့ ကိုယ့်အစ်ကိုအရင်းလို့ပဲ ထင်လိုက်မိပါတ..."

"သူ ဂရုစိုက်ခံရတဲ့ မိန်းကလေးတွေဟာ အို... ကျွန်... မပြောချင်တော့ပါဘူး၊ ကျွန်တော်အနေနဲ့လဲ မပြောအပ်သေး... စကားပါလေ"



"သီတာ နည်းနည်းတော့ နားလည်ပါပြီ ကိုတာရာ"

"ကျွန်တော့်ကို များများနားလည် လာနိုင်ပါစေလို့... ...န်တော် ဆုတောင်းပါတယ် မသီတာရယ်၊ ကျွန်တော် မသီတာ့ကို ...ခိုင်းတာ ကလေ..."

"ဟုတ်ကဲ့"

"ဦးလေး ပြန်မရောက်ခင်လေးအတွင်းတင်ပါဗျာ၊ ဦးလေး ...ရောက်တာနဲ့ မသီတာ့ကို ချက်ခြင်းပြန်ခေါ်ဖို့ ပြောပြမယ်၊ သီတာ့ ...ဒီအိမ်က လွတ်ငြိမ်းစွာထွက်သွားစေချင်တဲ့ဆန္ဒနဲ့ မဟုတ်ရပါဘူး"

"သီတာ သဘောပေါက်ပါပြီ ကိုတာရာရယ်"

"ဦးလေး မြန်မြန်ပြန်ရောက်ပါစေလို့၊ ကျွန်တော် ...တောင်း ပါတယ်၊ ဒါမှလဲ ကျွန်တော့်အပေါ်မှာ သီတာပိုပြီး ...သယကင်းလာမှာပါ"

"နယ်မြေသစ်ကို ရောက်လာစ သီတာ့မှာ အတွေးများ၊ ...မြင်များတွေများ ဖြစ်သွားခဲ့ရင်လဲ ခွင့်လွှတ်ပါလေ"

"အို... မသီတာ့ပေါ်မှာ ခွင့်လွှတ်ယူရလောက်အောင် ...ယ်သောအခါမှ အပြစ်မြင်မှာ မဟုတ်တဲ့ ကျွန်တော်ပါ မသီတာ ...ရယ်"

သူ့မျက်ဝန်းမှာ ချစ်နိမိတ် ရွှေပြေးရိပ်လေးတွေများ ...ဟပ်နေပေ သလား။

ကိုတာရာနှင့် ပတ်သက်၍ 'ယုံကြည်ခြင်း' နှင့် 'သံသယ ...နိုင်စရာရှိခြင်း' ဆိုသော ဆန့်ကျင်ဘက် အင်အားနှစ်ရပ်မှ ...ခုခုကိုဆုံးဖြတ်ရန် အချိန်စောလွန်းလှသေးသည်ဟု ...သီတာ



www.burmeseclassic.com

www.burmeseclassic.com



ထင်မိပါသည်။

"မသီတာ"

"ရှင်..."

"ကျွန်တော့်ကို မယုံကြည်ချင်နေပါဦး၊ သံသယ ဖြစ်နေရင်လဲ ဖြစ်နေနိုင်ထားပါဦး"

"အို..."

အသည်းနှလုံးတွင်းမှာ သိမ်းမြှုပ် ကွယ်ဝှက်ထားတတ်သော အရာကို ဖောက်ထွင်း မြင်နိုင်စွမ်းသော အတတ်ပညာရှင်များလ ကိုတာရာရယ်။

"ဒါတွေ အားလုံးဟာ ဦးလေးပြန်လာတဲ့အခါမှာ ရှင်းသွာ ပါလိမ့်မယ်"

"ဟုတ်...ဟုတ်ကဲ့"

"မသီတာရဲ့ ဖေဖေဆီကနေတစ်ဆင့် ကျွန်တော့်အပေါ် မသီတာရဲ့ သံသယစိတ်တွေ ပြီးပြေ ပျောက်ကွယ်လာမယ့် အချိန် ကျွန်တော်မျှော်လင့်နေမိပါတယ် မသီတာ"

"ဟုတ်ကဲ့...သီတာကလဲ တစ်ခါမှ မမြင်ဘူးသေး ဖေဖေဆိုတာ ပြန်လာစေချင်လှပါပြီရှင်"

"ကျွန်တော့်စိတ်ထင်တော့ တစ်ပတ်လောက်နေ ပြန်ရောက် လာပြီထင်ပါတယ်"

ခင်သီတာ ခေါင်းညိတ်ပြလိုက်မိပါသည်။ သူက သီတာ မကြည့်၊ လက်နှစ်ဖက်ကို ပူးယှက်ပြီး စားပွဲငယ်ဆီသို့ ဦးတည်ကာ မျက်လွှာချထားပါ၏။



ရှည်လျားမြင့်မားရှ်၊ သန်မာ၍၊ ကျစ်လစ်သော ကိုယ်ခန္ဓာ နှင့် တည်ငြိမ်သော မျက်နှာထားတို့ ရှိရုံမက စကားပြောလျှင် အသံလှိုင်းက ညီညာ၍ ဖြည်းဖြည်းမှန်မှန်နှင့် အိန္ဒြေရရ ပြောတတ် သော ကိုတာရာ။

ဖေဖေလာမှ သူ့ကိုဆုံးဖြတ်ပါဟုဆိုသော သူ့စကားများ သည် ဖေဖေ မလာမီ အခုချက်ခြင်းပင် ခင်သီတာ၏ ရင်မှ သံသယ တ်များကို ဆေးကြောပစ်လိုက်သလို ရှိသွားရသည်။

"ကျွန်တော့်ကို ဘာများ ပြောစရာရှိပါသေးလဲ မသီတာ"

"ဪ...မရှိတော့ပါဘူး"

"ဒါဖြင့် ကျွန်တော်ပြန်မယ်လေ၊ မသီတာ အနားယူလိုက် ဦး"

"ဟုတ်ကဲ့ပါ...သီတာ ကိုတာရာ့ကို မေးချင်လွန်းလို့ မင်မှာယူရတာပါ"

"မသီတာ မေးချင်တဲ့အကြောင်းက စောစောက ပြောတဲ့ တာ့ကို ဘာလို့ ပြန်စေချင်ရတာလဲဆိုပြီး ကျွန်တော့်အပေါ်မှာ ကျေမချမ်း ဖြစ်နေလို့ မဟုတ်လား မသီတာ"

"စောစောကတော့ ဟုတ်ပါတယ်၊ ခုတော့ သီတာရင်ထဲက သယစိတ်တွေ ပြေသင့်သလောက် ပြေပါပြီလေ"

"ဟုတ်ကဲ့ခင်ဗျာ၊ ဝမ်းသာပါတယ်"

"ကိုကျော်သူဟာ သီတာနဲ့ ဘာမှ မတော်စပ်ဘူးဆိုတာ သိသွားရတဲ့အတွက် ကိုတာရာ့ကို သီတာကျေးဇူးတင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



သူကပြုံးပြီး ခေါင်းညိတ်လိုက်သည်။ သူ့အပြုံးက လှဲ့ရုံ
ဖြစ်သော်လည်း သူ့နှလုံးသား၏ ကြည်လင်ခြင်းများစွာ
တစ်စတလေ ကျလာသော လင်းရောင်ခြည်ငယ်လေးသ
ဖြစ်ကြောင်း ခင်သီတာ သိပါသည်။

"ကျွန်တော် မပြန်ခင် တစ်ခုတော့ ထပ်ပြီး အကြံ
ပါရစေဦး"

"ပြောပါကိုတာရာ"

"ဒီဆေးခန်းဟာ လွတ်လပ်သန့်ပြန့်တဲ့ နေရာကောင်း
တစ်ခုပါပဲ"

"ဟုတ်ကဲ့"

"ဦးလေးပြန်မလာခင်အတွင်း မသီတာ့ကို ဒီဆေးတိုက်
ပဲဆက်ပြီး နေစေချင်ပါတယ်"

"ကောင်းပါပြီ ကိုတာရာ၊ သီတာလဲ တကယ်နေမကော
လှသေးဘူး၊ အားဆေးတွေ ထိုးနေရတုန်းပါပဲ၊ ပြီးတော
ဒီဆေးတိုက်မှာဆိုရင် မေမေလဲ အမြဲလို လာကြည့်လို့ ရတ
မဟုတ်လား"

"အင်း. . . ဟုတ်တာပေါ့"

"ကိုတာရာ့ အကြံပေးချက်အတိုင်း သီတာ ဒီမှာဆက်
ခွင့်ရအောင် ကိုကျော်သူကိုပဲ ရအောင်ပြောရမှာပါ"

"သီတာပြောရင် ရလိမ့်မယ် ထင်ပါတယ်"

"ဟုတ်ကဲ့"

"ဒါဖြင့် ကျွန်တော်ပြန်တော့မယ်နော်"





"ကောင်းပါပြီရှင်"

"မသီတာနဲ့ ပတ်သက်ပြီး ကျွန်တော်ဟာ ဘေးကနေ မျှော်ငေး ကြည့်နေရရုံကလွဲပြီး ဘာမှကူညီခွင့်မရတဲ့ လူပါဆိုတာကို မသီတာ နားလည်စွာနဲ့ ခွင့်လွှတ်ပါဗျာ၊ ခုတောင် မသီတာက မှာတယ်ဆိုလို့ သူတို့ ပဲခူးသွားကြတုန်း ကျွန်တော်လာခဲ့ရတာပါ။ မသီတာ အမြန်ကျန်းမာပါစေဆိုတဲ့ စေတနာ ဆုတောင်းလေးသာ ထားခဲ့ပါရစေ၊ ခံယူရစ်ပါနော်. . . မသီတာ၊ ကဲ ကျွန်တော် သွားတော့မယ်"

လျှပ်ရောင်တစ်ချက် ပြိုးပြက်ချိန်မျှလောက်သာ ကြာသော မျက်ဝန်းနှစ်စုံ၏ ထိခတ်မှုအချိန်လေးအတွင်းတွင် အသည်းရင်ပြင်မှာ ရောင်စဉ်လွှာလေးများ လင်းလက်သွားကြလေသလားပင်။

ခင်သီတာ၏ရင်မှာ တုန်ခါမှုများဖြင့် ကိုတာရာ၏ နောက်ကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်ရသည်။

ဩော်. . . ခင်သီတာ၏ အတွေးနယ်မြေကို ကျယ်သည်ထက်ကျယ်ပြန့်စေရအောင် ခွဲထွင် ပြုပြင်နေလေတဲ့ ဥယျာဉ်မှူးကြီး ကိုတာရာရယ်. . .။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၁၆)

"အန်တီကြီးက ပြောခိုင်းနေတာတော့ ကြာပြီ၊ ဒါပေမယ့် အစ်ကိုလေးက သီတာ စိတ်မကောင်းဖြစ်သွားပါ့မယ်၊ မပြောရဘူး ဆိုလို့"

"ဘာလဲဟင်. . . လုလု"

"ခုတော့ ပြောမှပဲ ဖြစ်တော့မယ်. . .၊ အန်တီကြီးကလဲ ဟိုကောင် ဘာပြောပြော၊ ခုပဲ ပြောခဲ့ရမယ်ဆိုလို့ ထမင်းပို့ရင်း . . ."

"ဘာများလဲ လုလုရဲ့၊ မြန်မြန်ပြောစမ်းပါ"

"ဟိုလေ. . . ဘဘကြီး ပြန်လာတော့မယ် မဟုတ်လား"

"အင်းလေ. . . သဘက်ခါ ရောက်တော့မယ်ဆို. . . အဲဒါ ဘာဖြစ်လဲ ဟင်"





"အဲဒီအချိန်မှာတဲ့၊ ဒေါ်တင့်တင့် မကြိုရဘူးတဲ့"

"ဘာ. . . ဘယ်လို"

"လုလုကို စိတ်မဆိုးနဲ့နော်. . .။ လုလုမှာလဲ သူပြောခိုင်းလို့ပါ"

"အင်းပါ. . . ဘာပဲဖြစ်ဖြစ် ရှင်းရှင်းသာ ပြောစမ်းပါ"

"အဲဒီလို ရှင်းရှင်းပြောရမယ်ဆိုရင်တော့ ရောက်လာမယ့် ဘဘကြီးနဲ့ သီတာရဲ့မေမေနဲ့ မဆုံစေချင်ဘူးတဲ့၊ ပြန်ပါစေတော့တဲ့"

"အောင်မာ"

ကိုယ့်အမေအတွက် နောက်မိထွေးထံမှ ပက်ပက်စက်စက် နှင်လွှတ်သံကြောင့် ခင်သီတာ၏ ရင်တွင်းသို့ ချက်ချင်းပင် ဒေါသတရားများ ပြေးဝင်လာကြသည်။

ဆေးခန်းမှနေ၍ ယခုပင်အိမ်သို့ပြန်ပြီး ဒေါ်သက်ဦးကို ရန်တွေ့ပစ်လိုက်ချင်သည်။

"သူနှင်တိုင်း သီတာ့မေမေက ပြန်ရအောင် သူ့အိမ်ပေါ် တက်နေလို့လား၊ ကမာရွတ်က သူ့ညီမအိမ်မှာ သူ့ဟာသူနေတာပဲ"

"ဟုတ်ပါတယ် သီတာရယ်"

"သီတာ သေမလောက် နေမကောင်းဖြစ်နေလို့ မှာလို့ မေမေက လိုက်လာတာပါ၊ သူတို့နဲ့များ ပတ်သက်ချင်လို့ မှတ်နေသလားဟင်း . . .၊ သူနှင်တိုင်း မေမေက မပြန်ပါဘူး၊ လမ်းစရိတ်လဲ ပေးစရာမလိုပါဘူး၊ မေမေ့ဟာ မေမေပြန်ချင်တဲ့ အချိန်ကျမှ ပြန်လိမ့်မပေါ့"

"ဟော. . . လုလုကို စိတ်မဆိုးပါနဲ့လို့ တောင်းပန်ထားရက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သီတာ လုလုကို စိတ်ဆိုးပြီကွယ်"

ဒေါသနှင့် မတုံ့ပြန်ရှာ။ "ငါနဲ့ဘာဆိုင်လို့ ငါ့ကိုရန်တွေ့နေရတာလဲ" ဟူသော မျက်ဝန်းလေးမှတစ်ဆင့် ပြန်ရန်မတွေ့ရှာသော လုလု၏ အပြုံးမျက်နှာလေးကို စိတ်မကောင်းစွာ ကြည့်လိုက် ပြီးမှ. . .

"ခွင့်လွှတ်ပါ လုလုရယ်၊ ဒေါသက်ဦးကို ပြောချင်တဲ့ စကားတွေ လုလုကို ပြောမိရက်သား ဖြစ်သွားရတာပါ"

"အဟဲ. . . ဟဲ. . . လုလုကို တောင်းပန်စရာ မလိုပါဘူး သီတာရယ်"

"ဒီမှာ လုလု. . . သီတာပြောမယ်"

"အင်း . . ."

"မေမေဟာ ဖေဖေ့ကို စိတ်နာနေတဲ့သူပါ၊ သူတို့က မှာလိုက်လာခဲ့တဲ့ မေမေဟာလဲ ဖေဖေ ခွင့်တောင်းရင်တောင် လုံးဝ အတွေ့မခံပါဘူး ဆိုတာသာ ပြန်ပြောပြ လိုက်စမ်းပါ လုလုရယ်"

"ကောင်းပါပြီ သီတာ၊ လုလုပြန်ပြောပြပါ့မယ်"

"မေမေဟာ ငယ်ငယ်တုန်းက ရူးရူးမိုက်မိုက် မဆင်မခြင် ကိုယ်ထင်တာ ကိုယ်လုပ်ခဲ့မိလို့၊ လှည့်စားတတ်တဲ့ ချစ်သူကိုယုံစားမိခဲ့လို့ သူလဲ ဒုက္ခရောက်ခဲ့ရတယ်၊ သီတာလဲ တစ်သက်လုံး အဖမဲ့ သမီးအဖြစ်နဲ့ နေခဲ့ရတယ်ဆိုပြီး ဖေဖေ့ကို စိတ်အနာကြီး နာခဲ့သူပါ"

"ဩော်. . ."

"သမီးငယ်ကို ရင်မှာပိုက်ပြီး မိဘတွေဆီ ပြန်လာခဲ့ရတဲ့ သမီးမိုက်ကို အိမ်ထောင် ချပေးခဲ့ကြတယ်၊ မေမေက နာခံခဲ့တယ် ကြည်ပြာတို့အဖေ သီတာ့ ပထွေးကလဲ ကောင်းရှာပါတယ်"

"ဟုတ်ကဲ့ သီတာ"

"သီတာ ကိုယ်တိုင်ကလည်း ငယ်ငယ်က ပထွေးကို ဖအေပဲ ဆင်နေခဲ့မိတယ်၊ သီတာ့ကိုလဲ သူ့သမီးလောက် မချစ်ပေမယ့် ကြင်နာရှာပါတယ်၊ ဘာပဲ ဝယ်ပေးပေး နှစ်ခုစာ အမြဲဝယ်ပေးခဲ့တယ်၊ ဒါပေမယ့် သီတာတို့ ညီအစ်မရဲ့ ကံက ဆိုးလေတော့ ကြည်ပြာ့ အဖေဟာ အသက်သုံးဆယ်ကျော်အရွယ်မှာပဲ သေဆုံးသွားခဲ့ပါတယ်"

"ဩော်. . . သနားပါတယ်နော်"

"လုလုကို အခုလိုရှင်းပြနေတာဟာ လုလုက တစ်ဆင့် သူတို့ သိကြစေချင်လို့ပါ၊ မေမေဟာ သူ့ဘဝအတွက် တစ်ကွက်ကျော်သွားတဲ့ ယောက်ျားကို မမျှော်လင့်ပါဘူး၊ သူ့ကို ပစ်သွားတဲ့ ခင်ပွန်းမို့လဲ မတွေ့ချင်ပဲ စိတ်နာဆဲပါပဲ လုလုရဲ့"

"အေးပေါ့ကွယ်. . . ဟိုတုန်းက ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဘဘကြီးဟာ ခုတော့ သိပ်ကိုသဘောထားကောင်းနေရှာတယ်၊ အရွယ်က ဆုံးမလာတယ် ထင်ပါရဲ့နော်"

"အင်းလေ. . . ဖေဖေဆိုတဲ့ ဦးသိန်းထိုက် ပြန်လာပြီး သီတာ့အပေါ်မှာ ဆက်ဆံတာကို ကြည့်မယ်၊ သူမှာယူတဲ့အတိုင်း ခင်မပီသရင်တော့ သီတာပြန်ရုံပဲ"

"ဟင်"

"ဟုတ်တယ်၊ မေမေကလဲ ဒီအတိုင်းပဲ မှာထားတယ် လုလုရဲ့"





www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သီတာရယ် ဒေါ်တွေ ပွနေရတာနဲ့ပဲ ဆာတာတွေ တောင် မေ့ကုန်ပြီလား၊ ထမင်းစားရအောင်သီတာ ထည့်လိုက်မယ် နော်"

ဆေးရုံရှိ ဇီရိုလေးထဲတွင်လည်း ငှက်ပျောသီး၊ မိုင်လို့ အစ ဖျော်စရာ အစုံနှင့် မုန့်မျိုးစုံ။ ပန်းသီးကလည်း စား၍ပင်မကုန်။

ဒါတွေအားလုံး ကိုကျော်သူ၏ အစီအမံချည်းသာ ဖြစ်ချေ သည်။ ဒေါ်သက်ဦး တစ်ဦးတည်း၏ စေတနာအတိုင်းသာ ဆိုပါလျှင် ပဲပြုတ်ကြော် တစ်ခွက်ပင်ပါမည်မထင်။

ဘာပဲဖြစ်ဖြစ် ယခုလို ချမ်းသာအေးမြိမ်းစွာ နေခွင့်ရခြင်းမှာ ကိုကျော်သူ၏ စောင့်ရှောက်မှုစေတနာ တစ်ခုတည်းသာပါဟု ခင်သီတာ အသိအမှတ်မပြု၍မရတော့။

ကိုတာရာနှင့်ပတ်သက်၍ သံသယအလွှာများ ကွာကျ သင့်သလောက် ကွာကျခဲ့ပါပြီ ဆိုသော်လည်း . . .

ဘာဖြစ်နေမှန်းမသိ၊ ကိုတာရာနှင့် ပတ်သက်လာလျှင် ရင်မှာတစ်ခုခုခံစားကျန်ရစ်ရသည်။ ခံစားမှုများကုန်ဆုံးသွားသည် တိုင် အတွေးလှိုင်းငြိမ့်လေးများက မပြီးပြေနိုင်၊ ရင်မှာကြာမြင့်စွာ ရိုက်ခတ်နေတတ်သည်သာ။

ကိုကျော်သူနှင့်ပတ်သက်၍ဖြင့် သည်သို့မဟုတ်ပါချေ။

သူ့ကိုပထမကျေးဇူးတင်သည်။ ဆရာဝန်ပြပေး ကုသကျွေး မွေး၍ . . .

ဒုတိယ အစ်ကိုထင်၍ ချစ်ခင်အားကိုးစိတ်ဝင်ခဲ့မိသည်။ အစ်ကိုမဟုတ်ပါ။





တစိမ်းတစ်ရံစာ ဆိုပြန်တော့လည်း ဆုံးရှုံးမှုတစ်ရပ်ကို ကြုံတွေ့လိုက်သလို ရင်မှာခံစားရခြင်းမရှိမိ။

ယခုလို သူ့စွမ်းဆောင်ချက်များ အားလုံးပေါ်တွင် ကျေးဇူး တင်မိရုံမှတပါး ခံစားရသည်ဆိုသောဝေဒနာ ခင်သီတာ၏ ရင်မှာ မရှိပါချေ။

ကိုကျော်သူဆိုသောသူနှင့် ဤမျှလောက်သော သာမန် စိတ်ထားမျိုးသာ ခင်သီတာတွင် ရှိနေပါလျက်နှင့် . . .

ကိုတာရာနှင့်ပတ်သက်လာလျှင် ဘာကြောင့်များတစ်ခုခု ခံစားကျန်ရစ်ရပါလိမ့်။

"စားလေ သီတာ ဘာတွေငေးပြီး တွေးနေတာလဲ၊ စား မကောင်းဘူးလားဟင်"

"ဩော် . . . ကောင်းပါတယ်လုလု၊ ဟိုလေ လုလုံကိုမေးချင် စရာရှိလို့ တွေးရင်းငေးသွားရတာပါ"

"မေးလေသီတာ ဘာလဲဟင်"

တွေးနေမိခြင်းအကြောင်းရင်းက တခြားပါ။

မေးစရာရှိသည်ဆိုခြင်းက တစ်မျိုးပါ။

သို့ပါသော်လည်း . . .

လုလု၏ အမေးအောက်တွင် သတိဝင်လာသော ခင်သီတာ မှာ ရောချလိုက်သည်။

"ဘာမေးမှာလဲဟင် သီတာ"

"သီတာ သိပ်ဖျားပြီးသတိမေ့တွေဘာတွေ လစ်နေတဲ့အချိန်က လူတစ်ယောက်ကိုလွှတ်ပြီးတော့ သီတာ့မေမေကို ခေါ်ပေးဦးမှန်း



www.burmeseclassic.com

www.burmeseclassic.com


ခေါ်ခိုင်းတယ်ဆို"

"ဟုတ်ပါတယ်၊ အရင်ရောက်နှင့်နေတဲ့ သီတာ့ညီမလေး
ကြည်ပြာနဲ့ တိုင်ပင်ပြီးတော့ပါ"

"အဲဒါ ဘယ်သူကခေါ်ခိုင်းတာလဲ"

"အစ်ကိုလေး ကိုကျော်သူပဲပေါ့"

"ဒေါ်သက်ဦးက သဘောတူလို့လား"

"ဒီတုန်းက သူလဲ လန့်သွားတယ်၊ ဘဘကြီး ပြန်မလာခ
ခင်သီတာများ တစ်ခုခုဖြစ်သွားရင် သူလဲ တာဝန်မကင်း ဖြစ်နေ
ဦးမယ်ဆိုပြီး သူပါ သဘောတူခေါ်ယူတာပါ"

"သြော်. . . သြော်"

"အစ်ကိုလေး, ကိုကျော်သူဟာ ဘဘကြီးမှာခဲ့တဲ့အတိုင်
သီတာ့ကို တကယ်စောင့်ရှောက်ရှာပါတယ် နော်"

"နေပါဦး လုလုရဲ့၊ သီတာမရှင်းလို့"

"အင်း . . . ဘာများလဲ"

"သီတာဟာ ဦးသိန်းထိုက်ရဲ့ သမီးပါလို့ အခုဆိုအားလုံးက
သိသွားကြပြီနော်"

"အင်းပေါ့ သိကြပြီ"

"အရင်တုန်းကရော"

"ဟင့်အင်း . . . ဘယ်သူမှမသိကြဘူး၊ ကိုတာရာ
ဖွင့်ပြောမှ သိကြတာ"

"ဟင်. . . ကိုတာရာက ဘာတွေဖွင့်ပြောလဲ"

"သီတာ သိပ်ဖျားလာတော့ သီတာ့ကို ဆေးရုံ သို့မဟုတ်





ဆေးခန်းမှာတင်ပြီး ကုကြပါ၊ တစ်ခုခုဖြစ်သွားရင် ခင်ဗျားတို့
ခံရမယ်ဘူး၊ ဒါ. . . ဦးသိန်းထိုက်ရဲ့သမီးပဲလို့ သူက အပြတ်လာ
ပြောတာ"

"ဟုတ်လား"

"ဟုတ်တယ် သီတာ"

"ဒီတော့ ဒေါ်သက်ဦးက သီတာကို သေစေချင်အောင်
ဖြစ်သွားမှာပဲ"

"ဟင့်အင်း . . . သူက သီတာသေမှာတောင် ကြောက်ပါ
တယ်ဆို. . ."

ခင်သီတာရောက်လာခါစ၊ ဘဝမေ့နေဆဲ ကာလကပင်
ကြည်လင်ရှင်ပျသော မျက်နှာနှင့် ဆက်ဆံခြင်းမရှိသော ဒေါ်သက်ဦး၏
မျက်နှာကို ပြန်လည်ပုံဖော်ကြည့်မိသည်။

"ငါဟာ ဖေဖေ့သမီးပါလို့ မသိခင်ထဲက ဒီမိန်းမကြီးက
ကြည်မလင်ဖြစ်နေတာ ဘာကြောင့်များပါလိမ့်ကွယ်"

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

● အခန်း (၁

"သီတာ နေကောင်းရဲ့လားကွယ်"

"ကောင်းပါတယ် ကိုကျော်သူ"

"နေကောင်းပါတယ်ဆိုရင်တော့ လေယာဉ်ကွင်း လိုက် ပါလားဟင်"

ရွှန်းဝေသော အပြုံးများဖြင့်၊ ရွှင်ရွှင်သောသော ပြောတ သော စကားလုံးများဖြင့် ခင်သီတာနားသို့ ကပ်လာရင်း ကိုကျော်သူ မေးလာသည်။

ခင်သီတာ စဉ်းစားရပါမည်။

သူတို့အားလုံး ဦးသိန်းထိုက်ကို သွား၍ကြိုဆိုကြပါမည်

ကိုယ့်ဖခင်ဆိုသော်လည်း မမြင်ဘူးသောဖခင်မို့ မိမိအတွ





းလွန်းနေပါလိမ့်ဦးမည်။

ပြီးတော့လည်း မတွေ့ရဲသလိုလို၊ တွေ့ချင်သလိုလိုနှင့် ရင်ဖို ခြင်းကလည်း အားငယ်စိတ်များကြောင့်ပါ။

နောက်တစ်ခုက ဒေါ်သက်ဦးနှင့်အတူ ခင်သီတာ းမကြိုလိုပါ။ သူကလည်း သူ့ခင်ပွန်းကို ကြိုဆိုချင်ရှာပေလိမ့်မည်။

သူနှင့် သူ့ခင်ပွန်းကြားသို့ အတင်းဖြတ်တိုး၍ ဝင်ရောက် လေသူ ခင်သီတာကို ပါစေချင်မည်မထင်။

"လိုက်ခဲ့ပါနော် သီတာ၊ ဖေဖေက သီတာဆိုတဲ့သမီးချော းကို တွေ့လိုက်ရင် သိပ်ကိုဝမ်းသာသွားမှာပါ"

ခင်သီတာ ဖြည်းညင်းစွာ ခေါင်းခါရမ်းမိပါသည်။

မလိုက်လိုတော့ပါ။ လိုက်လည်းလိုက်သင့်မည် မထင်ပါ။

"မနက်ကမှ ဆေးတိုက်ကဆင်းလာတဲ့သီတာဟာ အိမ်မှာပဲ နားယူနေဦးမှ ကောင်းမယ်ထင်ပါတယ်"

"သီတာ မလိုက်ချင်လို့ပါ"

"လုလုလဲ ကျန်ခဲ့မှာပဲ၊ သီတာ နေခဲ့ပါရစေတော့နော်"

"ကိုယ်ကတော့ သီတာနဲ့ပါ တစ်ခါထဲအတူ သွားကြိုချင်တာ"

"သီတာ့ကို ခွင့်လွှတ်ပါ ကိုကျော်သူ"

"ဒါဖြင့်လဲ ကောင်းပါပြီတဲ့ဗျာ"

ဖေဖေ့ကို ကြိုဆိုရေးအတွက် ရှုပ်ယှက်ခတ်နေကြသည်။

မရောက်လာမီကပင် ကြိုနှင့်ဟန်ရှိသော ကိစ္စများစွာ တွက်လည်း တယ်လီဖုန်းက တစ်ချိန်လုံးခေါ်နေသည်။

ညနေဦးတွင် လေယာဉ်ဆိုက်မည်ဟု ဆိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ် နှစ်နာရီလောက်တွင် ကိုတာရာ ရောက်လာသည်။ ခင်သီတာ ဧည့်ခန်းမှာ ထိုင်နေသည်ကို သူမြင်သော်လည်း နှုတ်မဆက်ပါပဲလျက် ဒေါ်သက်ဦးသို့သာ. . .

"ကားတွေ အဆင်သင့်ဖြစ်နေပါပြီ၊ နှစ် နာရီသွားကြမယ် ဆိုလို့ပါ"

"အေး . . . အေး၊ တို့လဲ အဆင်သင့်ပဲ သွားကြရုံပေ့ ဟဲ့. . . ငါ့လက်ကိုင်အိတ်ပေးစမ်း လုလု"

ဒေါ်သက်ဦး ကျောခိုင်းသွားလေမှ. . .

"မသီတာ နေကောင်းတယ်နော်"

"ဟုတ်ကဲ့ ကိုတာရာ"

သူက ဘာမှဆက်မပြောတော့ပါပဲ ပြန်လှည့်ထွက်သွားသည်။

ခင်သီတာကို ကျောမခိုင်းမီ သူပြုံးလိုက်သော အပြုံး တောက်ပလွန်းလှသည်။

သည်လိုအပြုံးမျိုး ကိုတာရာ၏မျက်နှာတွင် သည်တစ်ကြိမ်သာ ခင်သီတာ မြင်ဖူးမိသည်။

အေးငြိမ်းရွှင်လန်းသော အသည်းနှလုံးမှလာသည့် လိုက်ဖက်ခြင်း အပြုံးပါလား။

"ဩော်. . . ဖေဖေရောက်လာတော့မယ်ဆိုလို့ သူ့ငါ့အတွက် အားတက်ဝမ်းသာနေရှာတာများလား ရှင်ရယ်"

သူတို့ သုံးယောက်နှင့် စက်ရုံမှအရေးပါအရာရောက်သူလား မိတ်ဆွေများလားမသိ ကားနှစ်စင်းနှင့် ထွက်သွားကြတော့သည်။



ကိုကျော်သူတို့သားအမိ၏ မာစီဒီးကားနောက်မှ ကိုတာရာ ပါသွားသောကားက မော်စကိုဗစ်ဖြစ်သည်။ ကြမ်းတမ်းသော စက်သည်ပတ်ခြင်းအသံက ဆူညံစွာကျန်ရစ်သည်။

အကယ်၍ ခင်သီတာ၏နှလုံးသည်သာ စက်တစ်ခုဖြစ်ခဲ့ပါလျှင် ဤအသံထက်. . . ဤအလျင်ထက် ပိုမိုကျယ်လောင်မြန်ဆန်နေ ပေလိမ့်မည်သာ။

"ဖေဖေ လာတော့မယ်"

"ငါ့အဖေဆိုသူနဲ့ တွေ့ရတော့မယ်"

ဟူသော ခံစားမှုသစ်က ခင်သီတာ၏နှလုံးသားကို ပြင်းပျစွာ လှုပ်ရှားနေစေသည်။

မမြင်ဘူးသော ဖခင်ဆိုသူနှင့်တွေ့ရမည်ကို ကြောက်ရွံ့ခြင်း၊ အားငယ်ခြင်းနှင့် ဝမ်းနည်းခြင်းများ ခံစားနေရသလို. . .

လက်ရှိအကျဉ်းအကြပ်မှ ဆွဲထုတ်မြှင့်တင်ပေးနိုင်မည့်သူ ရောက်ရှိလာတော့မည်ဟူ၍လည်း . . .

မျှော်လင့်ခြင်း၊ အားကိုးခြင်း၊ ဝမ်းမြောက်ခြင်း စသော ဆန့်ကျင်ဖက် ခံစားမှုနှစ်ခုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ခံစားနေရသော ခင်သီတာ၏ နှလုံးသားနုနုလေးမှာ ဘယ်သို့ ရှိရှာမည်ကို စာနာကြည့်တတ်ပါလျှင် သိသာမည်ထင်ပါသည်။

"သီတာ ဝမ်းသာနေပြီလား"

နေ့လယ်စာ အိုဗာတင်းနှင့် ရှားမီးကိတ်မုန့်၊ ပန်းသီးတိ... ပါသော လင်ပန်းကလေးကို လာချပေးရင်း လုလုကမေးလာသည်။

"အင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သီတာ နေရေးကောင်းရဲ့လား"

"ကောင်းပါတယ်"

"ကောင်းတယ်သာဆိုတယ်၊ သီတာ့ ကြည့်ရတာ မှိုင်တို့တိုင်နဲ့"

သည်တော့မှ ခင်သီတာ ပြုံးလိုက်မိသည်။ ခင်သီတာ၏ ရင်မှ ဆန့်ကျင်ဘက် ခံစားမှုနှစ်ခုအကြောင်းကို လုလုအား ရှင်း မနေတော့ပါ။

ခင်သီတာပြုံးလာသည့်အတွက်လည်း သူပါဝမ်းသာ ရော၍ပြုံးရှာသည်။

"ဘဘကြီးရောက်လာရင် သီတာ့အတွက် အားလုံးအဆင် ပြေသွားမှာပါ"

"ဖြစ်ပါစေ"

"ဖြစ်ရမှာပေါ့၊ အမှန်က သီတာ သွားကြိုဖို့တော ကောင်းတယ်"

"သီတာလဲ မနက်ကမှ ဆေးရုံကဆင်းရတယ်လေ ခဏကြာရင် တွေ့ရတော့မှာပဲ"

အမှန်က သီတာ နေကောင်းလှပါပြီ။ ဆေးရုံက ဆင်းလာ မျက်နှာတွင် သွေးရောင်လေးများလွှမ်းလျက် နည်းနည်းတော ပေါင်ချိန်တက်လာသည်။

"ဟုတ်တယ်၊ အစ်ကိုလေး ကိုကျော်သူက သီတာ့ကို လိုက်ကြိုစေချင်ရှာတာ၊ အဘွားကြီးကြောင့်"

"အင်းပေါ့လေ. . . ဒေါ်သက်ဦးဘက်က ဘယ်လို ရှိမ



သီတာ သီတာ နားလည်ပါတယ်"

"ဘဘကြီးက ဒီအိမ်မှာ ဩဇာရှိလွန်းလို့၊ မဟုတ်ရင် ဒီအိမ်မှာ နေရမှာတောင် မဟုတ်ဘူး"

"သီတာ သိပါတယ်"

"ဒီအိမ်က အစေခံတွေအားလုံးကအစ အစ်ကိုလေးနဲ့ ဘဘကြီး မျက်နှာကြောင့် နေကြတာ၊ ဒေါ်သက်ဦးကြီး ဩဇာသာဆို ပြေးကြတာကြာပြီ"

"အင်း"

"ဒီမှာ တွေ့လား၊ လုလုဝတ်ထားတဲ့ လုံချည်လေး ဘယ်လောက်လှလဲ၊ အစ်ကိုလေး ဝယ်ပေးတာ"

"ဟုတ်လား"

"စောဖောင် ပြန်မလာလို့ လုလုဝမ်းနည်း အားငယ်နေမှာ စိုးလို့ဆိုပြီး သနားလို့ ဝယ်ပေးတာ၊ နင့်အန်တီကြီး မသိစေနဲ့တဲ့"

သူပြသော တူတယ်လုံချည်နီညိုရောင် အဆင်စိပ်စိပ်လေးကို ကြည့်ရင်း ခေါင်းညိတ်ပြလိုက်ရပါသည်။

"တို့သွားနေတုန်း သီတာ့ကို နေ့လယ်စာ ကျွေးရင် ရေခဲ သေတ္တာထဲက ပန်းသီးပါ ခွဲစိပ်ကျွေးလိုက်နော်ဆိုပြီး နောက်ဖေးမှာ လာပြောသွားတယ်"

"ကိုကျော်သူကလား"

"ဟုတ်တယ်၊ အစ်ကိုလေးက သိပ်သဘောကောင်းတာ သီတာရယ်၊ သီတာရဲ့ ဆေးခန်းက ကုန်ကျလာတဲ့ စာရင်းကိုလည်းပြီး ချေပြီတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . ."

ကိုတာရာ၏ အကြံပေးချက်ကြောင့် မလိုအပ်ပါပဲလျက် ဆေးခန်းတွင် အချိန်ဖြုန်းနေမိသော မိမိ၏အဖြစ်ကို အားနာသလို ရှိလာရသည်။

"ဒါနဲ့ လုလုကို မေးရဦးမယ်၊ စပ်စုတယ်တော့ မထင်နဲ့နော်"

"မထင်ပါဘူး၊ မေးပါ"

"ကိုစောမောင် ပြန်မလာသေးဘူးနော်"

"အင်းလေ . . . ဒါကြောင့် လုလုလဲ ဆွေးနေရတာပေါ့"

"သူ ဘယ်သွားနေတာလဲ"

"မသိဘူး"

"ဟင် . . ."

"သီတာ့ကို သူ စာမှာပြီးပေးတဲ့နေ့ကစပြီးပဲ၊ သူဒီခြံက ပျောက်သွားတယ်လေ"

"ကြာပြီပဲ . . . သီတာရောက်စထဲကနော်"

"ဟုတ်တယ် လုလုလဲ သူ့တစ်နေ့လာနိုး၊ တစ်နေ့လာနိုးနဲ့ စောင့်နေတာကြာပြီ"

လွမ်းရိပ်လေးများ လုလု၏မျက်ဝန်းမှာ ကျရောက်လာသည်။

"သူ ဒီလိုပဲ သွားနေကျလား"

"ခါတိုင်း စက်ရုံကိစ္စနဲ့ ခိုင်းရင်တော့ သွားတတ်ပါတယ် ဒါပေမယ့် ဒီလောက်ကြာအောင် တစ်ခါမှ မသွားဘူးပါဘူး"



"ဟုတ်လား"

"ဟုတ်တယ်၊ သွားရင် အလွန်ဆုံး တစ်ညအိပ်၊ နှစ်ညအိပ်ပဲ သူ ဘာများ ဖြစ်နေလဲ မသိဘူးနော်"

လွမ်းရိပ်တွင် စိုးရိမ်စိတ်များပါ ရောနှောလာသည့်အခါ လုလု၏မျက်ဝန်းမှာ မျက်ရည်ကြည်လေးများပါ သီဝဲလာတော့သည်။

*ဟိုနှစ်ကောင် ဂျစ်ကားနဲ့ထွက်ပြေးသွားလို့ ငါ လိုက်ရှာရမယ်။*

*နှင်း . . . အစ်ကိုလေးကို သတိထားနေနော်။*

*နှင့်ကို အမြဲချစ်တဲ့*

*စောမောင်*

ဆိုသော စာရွက်တိုလေးမှ မသေမသပ်သော စာလုံးများနှင့် အမြန်ရေးခြစ်ထားခဲ့ပုံရသော ကိုစောမောင်၏ စာကိုပါ ခင်သီတာ ပြန်လည်မြင်ယောင်လာမိသည်။

"ကိုစောမောင်ကို ဘယ်သူက ခိုင်းလိုက်တာလဲဟင် လုလု"

"အဲဒါလဲ လုလုမသိဘူး"

"ခါတိုင်း ခိုင်းနေကျက ဘယ်သူလဲ၊ သူ့အထက်က တာဝန်ရှိသူကရော ဘယ်သူလဲဟင်"

"အဲဒါကတော့ အားလုံးပဲ"

"ဩော် . . . လုလုရယ်"

"ဟိုနှစ်ကောင်ဂျစ်ကားနဲ့ ထွက်ပြေးသွားလို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော စာမှာ ခင်သီတာ သိန်းထိုက်ရတနာ လာစဉ်က ဝင်ရောက် ဒုက္ခပေးခဲ့သောသူ နှစ်ယောက်သို့မျှား ရည်ညွှန်းနေ သလား။

သည်သို့လျှင် ကြိုတင်ကြံစည်ကြမည့် ဂျစ်ကားနှင့် လူနှစ်ယောက်၏အကြံအစည်ကို ပိုမိုကြိုတင်၍ သိရှိလေသူမှာ ဤဖြူကျယ်ကြီးအတွင်းမှာ ရှိနေလေသည်လား။

"သီတာ"

မိမိ၏အန္တရာယ်နှင့် ဆက်စပ်၍ တွေးနေမိသော ခင်သီတာ၏ လျှို့ဝှက် ခက်ခဲသော အတွေးအာရုံကို လုလု၏ ခေါ်သံက ပြတ်လပ်သွားစေသည်။

"ဟုတ်တယ်နော်. . . သူ့ကို တစ်ယောက်ယောက်က ခိုင်းလို့သာ သူသွားရတာပဲ၊ ကြည့်ရတာ အန္တရာယ်လမ်း သို့မဟုတ် လျှို့ဝှက်လမ်းတစ်ခုခုဆီကို သွားခိုင်းထားသလိုပဲနော်၊ သူ့စာအရ ဆိုရင်တော့"

လုလု၏အတွေးက မှန်ကန်ခြင်း မျဉ်းဖြောင့် လမ်းပေါ်တွင် တည့်မတ်စွာ ဖြတ်သွားနေမည်ဟု ခင်သီတာ ယုံကြည်လာမိသည်။

"သူက ဒီခြံရဲ့အစောင့် ပြီးတော့ ဒီခြံထဲမှာပဲ နေခွင့်ရ နေတဲ့ လူယုံလဲဖြစ်တယ်၊ သူ့တန်းလျား အခန်းငယ်လေးက အစ်ကိုလေး ကိုတာရာရဲ့ ကုန်းမြင့် အိမ်အောက်ဘက်မှာလေ၊ နီးနီးလေး"

"ဟုတ်လား၊ သီတာ အဲဒီဘက်ကို မရောက်ဘူးသေးဘူး"

"သူတို့နှစ်အိမ်က လှမ်းခေါ်ရင်တောင် ကြားရတယ် ညဘက်ဆိုလဲ လူလွတ်နှစ်ယောက်ဆိုတော့ စကားပြောနေကျ"

"ဪ. . ."

"အစ်ကိုလေး ကိုကျော်သူကတော့ ဘဘကြီးမှာခဲ့လို့သာ ငြိမ်နေတာ၊ မဟုတ်ရင် ညဆိုလည်ပြီ၊ ပါတီတိုင်း သူတက်တယ်၊ သည်ခြံနက်မှ ပြန်လာတတ်တာ"

"ဪ. . . ဪ"

"အင်းလေ. . . ဒါပေမယ့် စောမောင်ကိုတော့ ဒီအိမ်ကလဲ ခိုင်း၊ ဘဘကြီးနဲ့ အစ်ကိုလေးတာရာကလဲ ခိုင်းနေကြတာပါပဲ၊ ပြီးတော့ စက်ရုံရဲ့ တာရင်းကိုင်ကြီး 'ဦးအောင်ဒွန်း' ကဆို ပိုတောင် ခိုင်းသေးတယ်"

"ဦးအောင်ဒွန်း"

ပထမဆုံး စတင် ကြားဖူးလိုက်ရသော နာမည်သစ်တစ်ခု။

"ဒီစက်ရုံမှာဆိုရင် ဘဘကြီးပြီး အစ်ကိုလေးကိုတာရာ၊ အစ်ကိုလေးပြီးရင် အဲဒီ ဦးအောင်ဒွန်းကြီးက အာဏာအရှိဆုံးပဲ၊ အားလုံးထဲမှာ စောမောင်ကို အခိုင်းဆုံးက သူပဲ"

လုလု၏ ခံစားမှုများတွင်းသို့ ဒေါသများပါ ဝင်ရောက်လာ ခဲ့ဟန် ရှိသည်။ ဦးအောင်ဒွန်းဆိုသူကို သူ မကျေမချမ်း ဖြစ်နေပုံ ရသည်။

"စောမောင်တစ်ယောက် တစ်ခုခုများ ဖြစ်နေပြီလားလို့ စိတ်ပူမိတိုင်း အစ်ကိုလေးက ဖျောင်းဖျရှာပါတယ်၊ ပြန်လာမှာ ပေါ့ဟာတဲ့၊ လိုတာရှိရင် ငါ့ကို ပြောပေါ့လို့ အားပေးရှာပါတယ်"

"အစ်ကိုလေးဆိုတာ ကိုတာရာလား"

"မဟုတ်ဘူး အစ်ကိုလေး ကိုကျော်သူ"





www.burmeseclassic.com

www.burmeseclassic.com



ကိုစောမောင်၏ စာတွင်းမှ အစ်ကိုလေးဆိုသော ရည်ညွှန်းခံရသူသည် ကိုကျော်သူများလေလား။

ငါ ဒီရန်ကုန်မြေကို ရောက်တဲ့နေ့က ငါ့ကို အသေသတ်ကြံတာ ကိုစောမောင် အပါအဝင် ဦးအောင်ဒွန်းဆိုသူများလား။

ကိုကျော်သူဟာ ငါ့အပေါ် တကယ်ကောင်းသူ စေတနာထားသူလား။

ကိုတာရာဟာ ငါ့အပေါ် ကြင်နာစိတ်နဲ့ အန္တရာယ်ကာကွယ်ပေးသူလား။

သူတို့နှစ်ယောက်လုံး လူကောင်းတွေလား။

သူတို့ထဲက တစ်ယောက်ယောက်ဟာ လူကောင်းလား။

အို. . . သူတို့နှစ်ယောက်လုံး ဟန်ဆောင်ခြင်း ဝတ်ရုံကြီးတွေခြုံထားကြတဲ့ လူဆိုးတွေလားကွယ်။

"ဟင်း. . . ဒါတွေ စဉ်းစား မနေတော့ပါဘူးလေ"

"ဖေဖေလာတော့မယ်"

"ငါ့အဖေ ရောက်လာရင် အရာတွေအားလုံး ဖြေရှင်းကာကွယ်ပေးမှာပါ"

"ဟုတ်ပါ့မလား"

"ဒေါ်သက်ဦး စကားများ နားယောင် သွားလေမလား"

"အို. . . ဟုတ်မှာပါ"

"သူကိုယ်တိုင် ငါ့ကိုမှာယူခေါ်ခဲ့တာပဲ၊ ငါ့အပေါ်မှာကောင်းရှာမှာပါလေ"

"အို. . . ဦးသိန်းထိုက်ဆိုတဲ့ သီတာ့ဖေဖေဆိုသူရယ်"



"သမီးကိုတွေ့ရင် ရင်သွေးဆိုတဲ့ စိတ်နဲ့ မေမေ့လိုပဲကြီးမားတဲ့ အကြင်နာ မေတ္တာတွေ သမီးအပေါ်မှာ သွန်းလောင်းဆွတ်ဖျန်းပေးနိုင်ပါစေသားရှင်. . ."

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၁

ငြိမ့်ခနဲ ရပ်လာသော မာစီးဒီးကား၏ ဘီးသည် မိမိ၏ အသည်းနှလုံးပေါ်သို့များ ဖြတ်ကြိတ် သွားလေသလားဟု ခင်သီတာ ထင်လိုက်မိသည်။

မကြည့်ဝံ့ပါ။

ဖေဖေဆိုသူကို ရင်မဆိုင်ရဲသလိုပါ။

ဒေါ်သက်ဦး၏ အညိုးမျက်နှာကိုလည်း မမြင်ချင်ပါ။

ဧည့်ခန်း၏ ဇာခန်းဆီးနောက်တွင် ခေါင်းငုံ့လျက် ခင်သီတာ ရပ်နေမိသည်။

နှုတ်ဆက်သံ၊ ရယ်မောပြောဆိုသံ၊ ဂိုဒေါင်ဖက်သို့ ကား ပြန်ထွက်သွားသံများ ကြားအပြီးတွင်. . .

"သူ ဘယ်မှာလဲ"

အောင်မြင်ကြည်လင်သော လူကြီးလူကောင်းတစ်ယောက်



၏ အသံကို ကြားလိုက်ရသည်။ ပြောင်လက်နေသော ရွှေဖိနပ်နှင့် သက္ကလပ်ဘောင်းဘီ အညိုရောင်နှင့် လှမ်းဝင်လာသည့် ခြေထောက်ပိုင်းကို စတင်မြင်ရသည်။

"ဒီမှာလေ. . . ဖေဖေ့ သမီး ခင်သီတာ"

ဇာခန်းဆီးကို မ,လှစ်၍ ကိုကျော်သူက ပြလိုက်သည်။

ခင်သီတာ၏ ရင်မှာ စောစောဆီက ခံစားနေရခြင်းများထက် အဆပေါင်းများစွာ ခံစားလိုက်ရသည်။

"သမီး"

'ဖခင်' ဟူသော ယောက်ျား တစ်ယောက်ထံမှ ပထမဆုံး ကြားလိုက်ရသော အသံသည် ခင်သီတာ၏ ရင်ကို ဖွင့်ခွဲလျက် အသည်းနှလုံး၏ နက်ရှိုင်းသော အတွင်းပိုင်းမှာ ရပ်တန့် တည်ကိန်း သွားသည်။

"သမီး. . . ခင်သီတာ"

ပခုံးပေါ်သို့ညင်သာ အကြင်နာလက်နှင့် ဆုပ်ကိုင်လာသေမှ ဖြည်းညှင်းစွာ မော့ကြည့်လိုက်မိသည်။

"အို. . ."

"ဟိုကလူချောလေ၊ ငါ့သမီးက ညီးအဖေရုပ်နဲ့ ချွပ်စွပ်"

ဟူသော မေမေ၏စကားကို ကြားယောင်လာမိသည်။

အိုမင်းခြင်းနှင့် နုပျိုခြင်း. . .

သက်ရင့် အမျိုးသားနှင့် သက်နု အမျိုးသမီးငယ်. . .

ဤသည်တို့သာ ကွာခြားသည်။ ကြေးမုံပြင်တွင် ထင်ဟပ်ခြင်းနေရသော မိမိ၏ မျက်နှာနှင့် တူလှချေပါလား။



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . . ဖေဖေ့ကို နှုတ်ဆက်ဦးလေ"

တည်ကြည်ရင့်ကျက်သောမျက်နှာနှင့် ပြုံး၍ပြောလိုက်သော ဖေဖေ့မျက်နှာ။ အို. . . ကျက်သရေရှိလိုက်ပါဘိတော့။

မေမေကြည့်လေ့ရှိသော မျက်ဝန်းအတိုင်းပါပဲလား။

မေမေနှင့်ညီမျှသော ဖခင်မေတ္တာမျိုးဖြင့် မိမိကို ကြည့်နေဝ်လားဟုသော အသိများဖြင့်. . .

ဖေဖေ့ဆန္ဒအတိုင်း နှုတ်ဆက်ချင်ပါသည်။ ပြောချင်ဆိုချင်လှပါသည်။ 'ဆယ့်ရှစ်နှစ်' စာ ကွဲကွာနေရသည့်ကာလတာကို တစ်ခါတည်းနှင့် ပြောကြားပစ်လိုက်ချင်ပါသော်လည်း. . .

နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်ရီနေသော ခင်သီတာထံမှ ဘာစကားသံမျှ ထွက်မလာ။

မျက်ဝန်းအစုံမှသာ မျက်ရည်ဥများ တစ်ဆင့်ပြီးတစ်ဆင့် လိမ့်ဆင်းလာတော့သည်။

"အိုး. . . သီတာက ဝမ်းသာရမှာ ဘာလို့ငိုနေတာလဲ"

ကိုကျော်သူက ဝင်ပြောသည်။

"သမီးရင်ထဲမှာ ဝမ်းသာခြင်းနဲ့ ဝမ်းနည်းခြင်းတွေ ရောထွေးခံစားနေရတယ်ဆိုတာ ဖေဖေနားလည်ပါတယ်ကွယ်"

"ရှင်"

"သမီးဟာ ဖေဖေနဲ့တူတဲ့ သမီးပါပဲလား၊ ပြီးတော့ ခင်သီတာဆိုတဲ့ နာမည်လေးကိုလဲ ဖေဖေကိုယ်တိုင် ပေးခဲ့တာကပါလေ. . . ဝမ်းနည်းစိတ်ကိုထိန်းချုပ်လိုက်ပါ သမီးလေးနော်"

"ဖေ. . . ဖေဖေ"



အသည်းနှလုံးတွင်းမှ တိုက်ရိုက်လွင့်စင်ကျလာသော ...မဆုံး စကားလုံးပါ။

"လာ. . . ထိုင်သမီး ထိုင်ဦး၊ ငါ့သမီး သိပ်စိတ်လှုပ်ရှား ...တယ်"

ခင်သီတာ၏လက်များကို ဦးသိန်းထိုက်ကိုယ်တိုင် ဆွဲယူပြီး ...ဘေပေါ်တွင် ထိုင်စေသည်။

ကိုကျော်သူလည်း အတူပါရှိလာပြီး ပြုံးရွှင်စွာရှိနေသည်။ ...သီတာ့အတွက် သူအမှန်ပင်ဝမ်းသာနေဟန်ရှိပါ၏။ အားပေး...စကားတစ်ခုခု ဝင်၍ပြောကြားတော့မည်ဟုသော သူ့သဏ္ဌာန် ...ပေါ်လွင်နေဆဲမှာ. . .

"ဒုံး. . . ဒုံး. . . ဒုံး. . ."

ဆိုသောအသံကို ကြားလိုက်ကြရသည်။ ဒေါ်သက်ဦး ...ခေါင်းထက်သို့ ခြေဆောင့်နင်းလျက် တက်သွားသံပါတည်း။

"သား. . ."

"ဟုတ်ကဲ့. . . ဖေဖေ"

"ဟိုက ဆုကေ့(စ်) နှစ်လုံးယူပြီး အပေါ်လိုက်သွား"

"ဟုတ်ကဲ့"

"အထဲကပါလာတာတွေ မင်းအမေကိုဖွင့်ပြလိုက်၊ ရော့ ...ဒီမှာ သေတ္တာဖွင့်ဖို့သော့"

"မေမေဖို့ ဂျပန်ပြည်က ပစ္စည်းတွေ ပါလာတယ်လား"

"အေး"

"ဒါဆို အဘွားကြီးအိုကေသွားမှာပါ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့. . . သားရယ်၊ ညှိယူကြရမှာပေါ့"

"သီတာဟာ သားတို့အိမ်စလာထဲက ပြဿနာတွေ ပြီး... တစ်ချိန်လုံးလဲ နေမကောင်းရှာဘူး"

"တာရာ နည်းနည်းပြောထားတယ်"

"သီတာ့ကိုသာ အားပေးလိုက်ပါနော် ဖေဖေ၊ သာ အဘွားကြီးကို သွားချော့ထားလိုက်မယ်"

"အေး. . . အေး"

ဦးသိန်းထိုက်က ပြုံးလိုက်ရင်း ခေါင်းညိတ်ပြသည် ကိုကျော်သူ အပေါ်ထပ်သို့ ဖျတ်လတ်စွာ ပြေးတက်သွားပါ၏။

ဦးသိန်းထိုက်နှင့် ကိုကျော်သူတို့၏ဆက်ဆံရေးမှာ တကယ် သားအဖအရင်းလိုပါပဲလား။

ဩော်. . . ဆယ်နှစ်သားအရွယ်ထဲက အတူတ နေထိုင်ခဲ့ကြရ၍ သံယောဇဉ်ကြိုးမျှင်များ ကြီးမားခိုင်ကျည်နေကြ ထင်ပါ၏။

"သမီး"

ဒုတိယအကြိမ် ချိုမြအေးငြိမ်းလှသော ဖခင်၏မေတ္တာသံ အသည်းထဲသို့ စိမ့်ဝင်လာပြန်သည်။

"မသီတာ"

"ရှင်. . . ဖေ. . . ဖေဖေ"

ကြည်နူးချမ်းမြေ့ရလွန်းခြင်း အဟုန်ဖြင့် တုန်ဟည်းသွား အောင် ရင်ထဲမှ အော်ခေါ်လိုက်မိခြင်း ဖြစ်ပါသော်လည်း ပွင့်ထွက်လာသော ခင်သီတာ၏အသံက ကြားသာရုံလေးသာ



သွင်းတုန်ရီစွာ ထွက်လာခဲ့သည်။

"ဖေဖေက သမီးကို ငယ်ငယ်တုန်းက အေးလွန်းလို့ 'သီတာ' လို့မှည့်ခဲ့တာ၊ သမီးမေမေက ရိုးပါတယ်ဆိုပြီး ရှေ့က တစ်လုံးထည့်ဦးမယ်ဆိုလို့၊ ဖေဖေကတော့ ဖေဖေ့ သမီးကို 'သီတာ' လို့ပဲ ခေါ်မယ်နော်"

ကြည်လင်ပြတ်သားသော၊ ဩဇာတိက္ကမ ရှိသော အသံရှင် မှ မေတ္တာသံများ ပါရှိလာသည့်အခါ အချိုမြဆုံးသော အလင်္ကာ ကို နားဆင်လိုက်ရသည်သို့ပါ။

ခင်သီတာမှာ ဆွံ့အနေသူတစ်ယောက်ပမာ ဖခင်၏ မျက်နှာ ကို ကြည်ညိုမြတ်နိုးခြင်းများဖြင့် ငေးစိုက်ကြည့်နေမိသည်။ ကျလုလု မျက်ရည်များကလည်း မျက်ဝန်းနှင့်အပြည့်ပါ။

"ငါ့သမီး ဒီအိမ်ကို ရောက်လာပြီးနောက် ခံစားရတာတွေ ဖေဖေ့ကို ပြောပြစမ်းပါဦးကွဲ့"

"သမီး. . . သမီးဖျားတယ်"

"အင်း. . . ပြောပါဦး"

"ပြီး. . . ပြီးတော့မေ့နေတယ်"

ဦးသိန်းထိုက်က တုန်ရီနေသော နှုတ်ခမ်းလေးများနှင့် နည်း အားယူ၍ပြောနေရှာသော သမီးငယ်၏အဖြစ်ကို ကြင်နာစွာ ကြည့်နေဆဲပါ။

"ဒီ. . . ဒီနေ့မှ ဆေးရုံက ဆင်း. . . ဆင်းလာတယ်"

စာမရသော ခလေးငယ်တယောက် ကြောက်ရွံ့စိတ်နှင့် ယွင်းထစ်ငေါ့စွာ ပြောဆိုနေမိသလိုပါ။



www.burmeseclassic.com

www.burmeseclassic.com

ခင်သီတာ၏အဖြေများက မရေမရာ၊ အစီအစဉ်ကမကျ
ဘာမှမသိရသေးသူအဖို့ အဓိပ္ပာယ်ဆက်စပ်ရန်မလွယ်။

ဦးသိန်းထိုက်က ထိုင်ရာမှ ထလိုက်သည်။ ဧည့်ခန်းထော
စက်ရုံခြံဝင်းတွင်းသာသုံးသော အင်တာနယ်(လ်) တယ်လီဖုန်း
လက်နှင့် ကိုင်လှည့်လိုက်ပြီးနောက်. . .

"ကိုအောင်ဒွန်းလား"

". . .   . . .   . . ."

"တာရာ ရှိသလား"

". . .   . . .   . . ."

"ခဏ ခေါ်ပေးပါ"

". . .   . . .   . . ."

"စာရင်းတွေတော့ နက်ဖြန် ရုံးချိန်ကျမှပဲ ကျွန်တေ
စစ်ဆေးမယ်"

". . .   . . .   . . ."

ကိုတာရာနှင့် ပြောဆိုမည့် ဖခင်၏စကားသံကို စိတ်ဝင်
စွာဖြင့် ခင်သီတာ ငေးမောနေမိသည်။

"တာရာလား"

". . .   . . .   . . ."

"မင်း ဘာလုပ်နေလဲ"

". . .   . . .   . . ."

"အေး. . . ထားခဲ့ရတယ်၊ မင်း အခုပဲ လာခဲ့စမ်း"

တယ်လီဖုန်းချပြီး ပြုံး၍ပြန်လှည့်လာသော ဦးသိန်းထို





. . .

"ဖေဖေ အဝတ် ခဏ လဲလိုက်ဦးမယ်နော် သမီး"

ဟုတ်ပါရဲ့ ဖေဖေ့ကိုယ်ပေါ်မှာ သက္ကလပ် ညိုရောင်
နောက်တိုင်းဝတ်စုံနဲ့ပါပဲလား။ ကုတ်အကျႌ၊ ဘောင်းဘီ၊ နက္ကတိုင်
နဲ့ အိုက်နေရှာမှာပဲ။

ဖေဖေအပေါ်ထပ်သို့ တက်သွားသည်။

"ငါ. . . ငါပြောတဲ့ စကားတွေဟာ မရေမရာနဲ့မို့ ဖေဖေ
များ စိတ်ပျက်သွားပြီလား"

"အို. . . ဟုတ်မှာ မဟုတ်ပါဘူးလေ၊ ဖေဖေ့ မျက်လုံး
က ငါ့ကို အကြင်နာကြည့်နဲ့ပါ၊ စကားတွေထဲမှာလဲ မေတ္တာသံ
ပါတယ်"

အရိပ်တစ်ခုထိုးကျလာ၍ အခန်းဝသို့ လှမ်းကြည့်မိသည်။

"ကိုတာရာ ပါလား"

မျက်ရည်တွေနှင့် ခင်သီတာကို၊ သူက အံ့သြတွေဝေစွာဖြင့်
ကြင်နာမျက်ဝန်းများနှင့်ပင် အဝေးမှ မျှော်ကြည့်နေသည်။

အခန်းတွင်းသို့ သူ ဝင်မလာ။ အခန်းဝမှ မျှော်ကြည့်နေသည်။

တစ်ချက်ငုံ့ပြီး တစ်ချက်ကြည့်လိုက်မိသည်တွင်လည်း
ကြည့် နေဆဲပါပဲလား။

"မသီတာရယ် ဝမ်းသာရမယ့် အချိန်မှာ ဘာဖြစ်လို့ ငိုနေ
သလဲ၊ ဘာတွေများ ပြဿနာဖြစ်ကြလို့လဲ ဟင်"

ဟူသော အသည်းနှလုံးတွင်းမှ သူ၏အကြင်နာ၊ အ ရိပ်
မျာများကို အဝေးမှ ခင်သီတာကြားနေရသလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းချင်း ထပ်မံမဆုံဖြစ်အောင် ခင်သီတာတည်ငြိမ်စွာ ငုံ့နေလိုက်မိသည်။

ခဏမျှ ကြာသွားပြီးနောက်

"လာ. . . တာရာ"

ရှပ်အင်္ကျီလက်တိုနှင့်၊ ပုဆိုးနှင့် ပေါ့ပါးစွာ ဦးသိန်းထိုက် အပေါ်ထပ်မှ ပြန်လည်ဆင်းသက်လာသည်။ ဒေါ်သက်ဦး ကိုလည်း တစ်ခုခုနှစ်သိမ့်ခဲ့လေမည် ထင်ပါသည်။

ခင်သီတာ၏ရှေ့မှ၊ ဖေဖေ၏ဘေးတွင် ရိုကျိုးစွာဖြင့် ကိုတာရာ ဝင်ထိုင်လိုက်သည်။

"ငါ့ သမီး မသီတာက သိပ်စိတ်လှုပ်ရှားနေတယ်ကွယ် ဘာမှလဲ မေးလို့မရဘူး"

"အဖြစ်မှန်အားလုံး ဦးလေးကို ဖွင့်ပြောပြလိုက်ပါလားဟင်"

"ခွင့်. . . ခွင့်လွှတ်ပါဖေဖေ"

"ဖေဖေ နားလည်တယ် သမီး"

"သမီး . . . သမီးရင်ထဲမှာ ပြောချင်တာတွေ အများကြီး ဖေဖေ့ကိုလဲ သိပ်. . . သိပ်ပြီး စကားတွေပြောချင်ပါတယ်"

"မငိုနဲ့လေ၊ သမီးလေး မသီတာ"

"သမီး သိပ်ပြီး ဝမ်းနည်းတယ်"

"ဟင်. . ."

"ပြီးတော့ သိပ်လဲ ဝမ်းသာတယ်"

"အို. . ."

"သမီးတစ်သက်မှာ ဒီခံစားမှုမျိုးမကြုံဖူးလို့ သမီးဘာ...လည်အောင် မပြောနိုင်တာပါ၊ သမီးကို ခွင့်လွှတ်ပါ ဖေဖေရယ်"

"တိတ်. . . တိတ်. . . မငိုနဲ့ သမီး ငါ့သမီးလေးရဲ့ ခံစားမှုအားလုံးကို ဖေဖေ နားလည်တယ်၊ ခွင့်လွှတ်တယ်"

"ဖေဖေရယ်"

"ဖခင်ကို တွေ့ချင်စိတ်နဲ့ မျှော်လင့်တကြီး ရောက်လာတယ် ...တွေ့ရဘူး၊ ဒီနေ့ကျတော့လဲ မြန်းစားကြီး တွေ့လိုက်ရပြန်တယ် ...မ်းမှာ စကားပြောနိုင်လောက်တဲ့ အင်အား မရှိရှာဘူးဆိုတာ ...ဖေသိလို့ သနားလို့ တာရာ့ကို ခေါ်လိုက်တာ"

ဦးသိန်းထိုက်ရော၊ ခင်သီတာပါ ကိုတာရာကို ကြည့်လိုက်မိ ...သော်လည်း ကိုတာရာက လျှောကျသွားသော ခင်သီတာ၏ ...တ်ရည်တန်းလေးများကို၊ ငွေရည်စက်များ ကျဆုံးသွားသလို နှမြော ...သစိတ်များနှင့် ငေးကြည့်နေသလိုပါ။

"ကဲ. . . တာရာ"

"ဟုတ်. . . ဟုတ်ကဲ့ ဦးလေး"

"ငါ့သမီး မသီတာနဲ့ ပတ်သက်ပြီး မင်းသိသမျှ ငါ့ကိုပြောပြ ...စမ်းကွာ"

"ဟုတ်ကဲ့ ဦးလေး၊ အားလုံးလောက်နီးနီးပဲ ကျွန်တော် ...သိပါတယ်"

"အေး . . . ဟုတ်ပြီ၊ ဒီမှာ သမီး"

"ရှင်. . ."

"တာရာဟာ ဖေဖေနဲ့ ဘာမှမတော်စပ်ဘူး၊ ဒါပေမယ့် ...ငယ်ငယ်လေးထဲက သူ့ကို တွေ့ဆုံရတာ၊ ဖေဖေ ကျောင်းထား





www.burmeseclassic.com

www.burmeseclassic.com



ပေးလို့ သူဘွဲ့ရခဲ့တယ်"

"ဟုတ်ကဲ့"

"ဖေဖေ့ ပတ်ဝန်းကျင်မှာ ကျေးဇူးအသိတတ်ဆုံးလူကို ပြ
ဆိုရင် ဒီကောင်ကိုပဲ ပြရမှာပဲ"

ဒီစက်ရုံခြံဝင်းကြီး တစ်ခုလုံးထဲမှာ ဖေဖေ အယုံကြည်ရဆုံး
အားအထားရဆုံးလူဟာလဲ တာရာပါပဲ"

ခင်သီတာ ကိုတာရာသို့ လှမ်းကြည့်လိုက်မိသည်။

"ကဲ. . .ကျွန်တော် မပြောလား၊ ဦးလေးလာရင် သီတာ
ကျွန်တော့်ကို ယုံကြည်သွားမှာပါလို့"

ဟူသော ဝင့်ကြွားသည့် အကြည့်များနှင့်ပြုံးလျက်ပြန်ကြည့်
နေသင့်သော ကိုတာရာမှာ. . .

ခေါင်းငုံ့လျက်၊ မျက်လွှာချလျက်နှင့် ပါလား။

"ကဲ. . . တာရာ. . . ပြောစမ်းပါဦး"

"မခင်သီတာ ရောက်လာမယ်လို့ ကြေးနန်းရပြီး သွားကြို
ရမယ့်နေ့က ကိုကျော်သူနဲ့လုလု သွားကြိုပါတယ်"

"ဟုတ်တယ်၊ ငါပဲမှာခဲ့တာ"

"သူတို့ဟာ ရောက်သင့်တဲ့အချိန်ထက်၊ အများကြီး
နောက်ကျနေတာနဲ့ ကျွန်တော်လဲ စိတ်ပူပြီး လမ်းထိပ်
လိုက်အသွား မှာ. . ."

❖ ❖ ❖



● အခန်း (၁၉)

ရပ်ကွက်မှလူများ အကူအညီနှင့် သူကိုယ်တိုင် ကယ်ယူ၍ လမ်းပေါ်သို့ တင်နေချိန်တွင် ရောက်မလာဖြစ်ဘူးအထင်နှင့် ပြန်လာသော ကိုကျော်သူ၏ကား ရောက်လာပုံ. . .

ယင်းကားနှင့် ချမ်းသာဆေးတိုက်ပို့ရခြင်း အကြောင်းများနှင့် ခင်သီတာ ဘဝမေ့နေစဉ်အချိန်က အဖြစ်အပျက်များ၊ ...ိမိ၍အပြင်း ဖျားခြင်း၊ ချမ်းသာဆေးတိုက်သို့ ပြန်ပို့ရခြင်းများနှင့် ဒေါ်တင့်တင့် တို့ကို မှာယူရသည့် အကြောင်းများ အပြင်. . .

စိတ်ကျန်းမာရေးဆရာဝန်၏ကုသမှုကြောင့် ပြန်လည် သတိရလာပုံများမှစ၍ ယနေ့အထိ အကြောင်းများ အားလုံးကို ကိုတာရာက သူ့သဘာဝအတိုင်း တည်ငြိမ်အေးဆေး ပြတ်သားစွာ ...ှင်းပြရှာသည်။

သူ့စကားများထဲတွင် ဒေါ်သက်ဦးအလွန်အမင်း ကြေည်



www.burmeseclassic.com

www.burmeseclassic.com



ဖြူသည့် အကြောင်းများ . . .

ကိုကျော်သူ လွန်ကဲစွာ ဂရုစိုက်လွန်းသည့် အကြောင်းများနှင့် . . .

သူကိုယ်တိုင် ယနေ့မှ ဆေးရုံက ဆင်းလာပါဟု အကြံပေးခဲ့သည့် အကြောင်းများကို ထည့်သွင်းပြောကြားခြင်း မရှိပါ။

ကိုစောမောင်၏ စာလွှာနှင့် ကိုစောမောင်တစ်ယောက် သနေ့တိုင် ပျောက်ဆုံးနေသည့် အကြောင်းများကိုမူ သူကိုယ်တိုင် မသိ၍လားမသိ၊ ကိုတာရာက ပြောမပြပါ။

"ဒါနဲ့ သမီး မေမေ ပြန်သွားပြီလား"

ကိုတာရာ၏ ရှည်လျားသော ရှင်းပြချက်များ အဆုံးတွင် ပထမဆုံး မေးလိုက်သော ဖေဖေ၏ မေးခွန်းပါ။ ခင်သီတာ ခေါင်းညိတ်၍သာ ပြလိုက်ရပါသည်။

ဩော် . . အနှစ်နှစ်ဆယ်နီးပါးမျှ ကာလက ချစ်ခဲ့ဖူးသော မိန်းမသားတစ်ဦးကို ဖေဖေသံယောဇဉ်ရှိရှာပါသေးလား။

"အေးလေ . . နောက်တော့မှပဲ သူ့အားငြိမ်းနိုင်မှုအတွက် ဖေဖေတို့ တစ်ခုခုစီစဉ်ပေးကြတာပေါ့"

"ဟုတ်ကဲ့ပါ ဖေဖေ"

"သူကတော့ ဖေဖေ့ကို စိတ်နာနေမှာပဲ"

"ဖေဖေ့ အပြစ်တွေပါလေ"

"ဖေဖေ့ကို စိတ်နာလို့ မဟုတ်ပါဘူး ဖေဖေ၊ သမီးကို ခေါ်ယူတဲ့အတွက် ဖေဖေ့ကို မေမေက ကျေးဇူးတောင် တင်နေပါသေးတယ်"





"ဟုတ်လား"

"ဒါပေမယ့် ဒေါ်သက်ဦးက ဖေဖေပြန်မလာခင် မေမေ ပြန်သွားပါလို့ လုလုကတစ်ဆင့် ပြောခိုင်းလို့ ဒီနေ့မနက်ရထားနဲ့ပဲ ပြန်သွားပါတယ်၊ လမ်းစရိတ်ပေးလိုက် ပြန်ပါစေဆိုပေမယ့် မေမေက ယူမသွားပါဘူး"

"ဟင်"

ကိုယ့်မိခင်အတွက် နာကျည်းချက်ဖြင့် မိထွေးဖြစ်သူ၏ အတင်းကို တွေ့တွေ့ချင်းပင် ပြောပြလိုက်မိတော့သည်။

ဦးသိန်းထိုက်၏ မျက်နှာပြင်ပေါ်တွင် တင်းမာမှုလေးတစ်ခု ဖြတ်သန်းသွားသော်လည်း သူ့ဇနီးဒေါ်သက်ဦးနှင့် ပတ်သက်၍ ဘာမှတ်ချက်မှ မပေးပါပေ။

ထိုစဉ် လှေကားမှ ကိုကျော်သူပြေးဆင်းလာသည်။ သူ့လက်တွင်း၌ လှပသော ရောင်စုံစက္ကူအိတ်ထုကြီးတစ်လုံးကို ပွေ့ကိုင်ဆင်းလာသည်။

"ဖေဖေ . . . ကျွန်တော်"

သူ့မျက်နှာတွင် မလုံလဲသော အပြုံးတစ်ခုကို ဆင်မြန်းလျက်နှင့် . . .

"မေမေတော့ ကြည်သွားပါပြီ၊ ကားအားလား ဖေဖေ"

"ငါသိပါတယ်ကွာ သွားစမ်းပါ၊ မင်းအမေ ကျေနပ်ရော် သူ့ပစ္စည်းထဲက အကုန်ပဲယူသွားသွား"

ကိုကျော်သူသို့ ဖေဖေကပြုံး၍ပြောလိုက်သည်။ ကျွန်ုပ်ပြန် လက်ဆောင်ကို တစ်နေရာရာသို့ အမြန်သွားပို့မည်ဆင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူက အားလုံးကို နှုတ်ဆက်ပြီး မာစီးဒီးကို ကိုယ်တိုင်မောင်းလျက် ထွက်ခွာသွားလေမှ လက်ရှိစကားဝိုင်းကို ပြန်၍စသည်။

“နေစမ်းပါဦး တာရာရဲ့”

“ဟုတ်ကဲ့. . . ဦးလေး”

“မသီတာဟာ ဂါသမီးပါလို့ သူတို့သားအမိ ဘယ်တုန်းက သိသွားတာလဲ”

ကိုတာရာက လက်ပါးနှစ်ဖက်ကိုယှက်ထိပြီး ဒူးပေါ်သို့ ထောက်လျက် အောက်သို့ငုံ့နေရင်း စဉ်းစားသလို လုပ်နေပြီးမှ. . .

“ကျွန်တော်ထင်တာတော့ သူ့ရောက်မလာခင်ထဲက သိနေကြတယ် ထင်တာပဲ”

“ဘာ”

“ကျွန်တော့် ဉာဏ်မှီသလောက်တွေးထင်တာကို တင်ပြကြည့်တာပါ ဦးလေး”

ဤနှစ်ယောက်၏ စကားဝိုင်းများသို့ ခင်သီတာဝင်လိုက်သည်။

“ကိုတာရာ ပြောတာမှန်ပါလိမ့်မယ် ဖေဖေ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးဒီအိမ်ကို ရောက်လာတဲ့နေ့ကစပြီး ဒေါ်သက်ဦးဟာ တစ်ခါမှ မကြည်သာပါဘူး”

“ဟုတ်လား . . . တခြား ဧည့်သည်သာဆိုရင် သူ့အနေနဲ့ ဘာမကြည်သာစရာရှိသလဲ”

ဦးသိန်းထိုက်က နက်နဲစွာ စဉ်းစားသလိုရှိနေပြီးမှ. . .

“ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းဘယ်လိုထင်သလဲ တာရာ”





“တစ်ခုခုတော့ အများအယွင်းရှိနေတာ သေချာပါတယ် ဦးလေး”

“ဘာအထောက်အထားလဲ”

“မခင်သီတာကို တစ်ဖက်လှည့်နဲ့ ခေါ်ထုတ်သွားကြတယ်ဆိုတဲ့ လူနှစ်ယောက်မှာ မခင်သီတာပို့လိုက်တဲ့ ဓာတ်ပုံတစ်ပုံ ပြနိုင်ကြပါတယ်”

“ဟာ. . .”

ဦးသိန်းထိုက်၏ မျက်နှာ များစွာပြောင်းလဲသွားသည်။ အန္တရာယ်တစ်စုံတစ်ခုနှင့် ရင်ဆိုင်လိုက်ရသည်သို့ပါ။

“ဒါဖြင့် သမီးဓာတ်ပုံတစ်ပုံပဲ အိမ်မှာ ရှိနေတယ်လား”

“မဟုတ်ပါဘူး ဦးလေး၊ အခု နှစ်ပုံလုံးပဲ ရှိနေပါတယ်”

“အို. . . ဘယ်လိုလဲကွ”

“အခြေအနေကတော့ နဲနဲရှုပ်ထွေးမယ်ထင်ပါတယ်၊ ကျွန်တော် အကြံပေးပါရစေ ဦးလေး”

“ပြော. . . တာရာ”

“ဦးလေး ခရီးပမ်းလာပါတယ် ခင်ဗျာ. . .၊ ဦးလေးရော ခင်သီတာပါ သက်တောင့်သက်သာ နေစေချင်ပါသေးတယ်”

ကောင်းမြတ် သင့်တော်လွန်းသော အကြံဉာဏ်ကို ဦးသိန်းထိုက်က ခေါင်းညိတ်ပြရှာသည်။

ခင်သီတာကလည်း သည်တော့မှ သတိရလာသည်။

“ဟုတ်ပါတယ်. . . ဖေဖေလဲ ခရီးရောက်မဆိုက်ကြီးပါ ေနပါဦး . . .။ သမီးအတွက် ဘာမှ မစဉ်းစားပေးပါနဲ့ဦးလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလဲ ဘယ်ဟုတ်မလဲကွယ်"

"ဟုတ်ပါတယ် ဖေဖေ. . . ဖေဖေ ပင်ပန်းနွမ်းနယ်လာပါ တယ်၊ ဘာပဲဖြစ်ဖြစ် သမီးအနေနဲ့ ဖေဖေ ရောက်လာတာ အားရှိ လှပါပြီ"

"ဟုတ်ပါတယ် ဦးလေး. . . အခြေအနေအရပ်ရပ်ကို သိ ရှိသာ ဦးလေးကြားနာပါ"

"အင်း. . ."

"စဉ်းစား ဝေဖန်ဆုံးဖြတ်တဲ့ အပိုင်းကိုတော့ နက်ဖြ သို့မဟုတ် နောက်ရက်တွေမှ ဆက်ပြီး ဆွေးနွေးကြတာပေါ့ ခင်ဗျာ"

"ဒီအတိုင်းဆို ငါ့သမီးအတွက် လုံခြုံရေးတော့ လို တာရာ"

ကိုဟာရာက သက်ပြင်းလေးချရင်း ခေါင်းညိတ်ပြလိုက် သည်။

"သမီး မသီတာရဲ့ လုံခြုံရေးကိစ္စဆိုတာကလဲ တစ်ပိုင်းပဲ ပြီးတော့ သူ့ကို ဒီအိမ်မှာ မသက်နဲ့အတူထားလို့ကလဲ မဖြစ်သေးဘူး"

"သမီးအတွက်နဲ့ ဖေဖေမှာ သိပ်ပြီးများ တာဝန်ကြီး နေရင်. . ."

"နေစမ်း သမီး"

ဦးသိန်းထိုက်က လက်ဝါးကာ၍ တားလိုက်ပြီးမှ. . .

"သမီးရောက်လာရင် ဒီပြဿနာတွေ ရင်ဆိုင်ရမယ်ဆိုတာ ဖေဖေသိပြီးသား၊ ဖေဖေသာ ရှိနေမယ်ဆိုရင်လဲ ခုလောက်ဆို နေသားတကျ ဖြစ်ပြီးနေပါပြီ"





"ဟုတ်ပါတယ်ခင်ဗျာ. . . မခင်သီတာ အနေနဲ့ ဘာကိုမှ တွေးပါနဲ့ စိတ်မညစ်ညူးပါနဲ့လေ၊ ဦးလေးကြည့်စီစဉ်ပေးပါ့ မိခ့်မယ်"

ယခင်က 'မသီတာ' ဟုခေါ်ခဲ့ရာမှ ဖေဖေ့ ရှေ့တွင် ခင်သီတာ' ဖြစ်လာရုံမက ခင်သီတာသို့ တစ်ချက်မျှဝင့်မကြည့်ပဲ ပြောနေသည်။ သူ့စေတနာ စကားသည် အရာအရောက်ဆုံးကို အတိုချုံး၍ ပြောလိုက်ခြင်းသာ ဖြစ်ပါ၏။

"တာရာ. . . ငါပြောချင်တယ်"

"ဟုတ်ကဲ့ ဦးလေး"

"ဒီညတော့ သမီး ဒီမှာပဲ နေပါစေတော့"

"ဟုတ်ကဲ့"

"မင်းအိမ်ကိုသာ ဒီညထဲက စောမောင်ခေါ်ပြီး ရှင်းခိုင်း ထားစမ်း"

"ကိုစောမောင်တော့ မရှိဘူး ကျွန်တော် ရှင်းထားပါ့မယ် လေး၊ ဘာအတွက်ပါလဲ"

"အဲဒီအိမ်မှာ သမီးကို ထားရလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဦးလေး"

"မင်းအတွက်တော့ ငါနေရာကောင်းကောင်းတစ်ခု စီစဉ် ပေးပါ့မယ်"

"မလိုပါဘူး ဦးလေး . . .၊ ကျွန်တော့်အတွက် ကုတင် တစ်လုံး ချစရာနဲ့ စာရေးစရာစားပွဲတစ်လုံးရှိရင် ပြီးတာပါပဲ၊ ကျွန်တော် ကိုစောမောင်တို့ တန်းလျားမှာပဲ ပြောင်းနေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com


"မကောင်းသေးပါဘူးကွာ"

"ကောင်းပါတယ် ဦးလေး၊ မခင်သီတာအတွက်လဲ မိန်း ဖော် တစ်ယောက်ယောက်ခေါ်ပြီး ကျွန်တော့်အိမ်မှာ နေစေမယ် ဆိုရင် အားလုံးအဆင်ပြေသွားပါလိမ့်မယ်"

"အေး . . . ကောင်းပြီလေ၊ နက်ဖြန်ကို ငါ့သမီးလေးအတွက် အားလုံးစီစဉ်ပြီးမှ ငါ့လုပ်ငန်းကိစ္စတွေကို ကိုင်မယ်လို့ ကိုအောင်ဒွန်း ကိုပါ ပြောလိုက်ပါ"

"ဟုတ်ကဲ့ ဦးလေး"

"ကောင်းပြီ တာရာ၊ မင်းပြန်နိုင်ပြီ"

"မခင်သီတာ နေဖို့အတွက် ကျွန်တော့်အိမ်ကို အသန့်ပြ ဆုံး ရှင်းလင်းထားပါမယ် ခင်ဗျာ"

❖ ❖ ❖

● အခန်း (၂၀)

"သီတာ"

"ဩော် . . . ကိုကျော်သူ"

သည်ရောက်မှ ချုပ်ရသော အဝတ်များနှင့် ဟိုပင်တွင် ...နှံနေ၍ မေမေလာစဉ်က ယူခဲ့သော အဝတ်အစားများကို ...သို့သိုနေစဉ် အခန်းဝမှ ကိုကျော်သူက ခန်းဆီးကို မပြီးခေါ်လိုက် ...သည်။

ခါတိုင်းလို ရဲရဲတင်းတင်း အခန်းအတွင်းသို့ ဝင်မလာပါ။

"ဟိုအိမ်ကို ပြောင်းနေမလို့ဆို"

"ဟုတ်ကဲ့"

"ဒီမှာ ဘာဖြစ်လို့တဲ့လဲ"


www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး ကိုကျော်သူ၊ ဖေဖေက ဟိုမှာသွားနေရမယ် ဆိုလို့ပါ"

"ကိုယ်သိပါတယ်၊ ဒါ. . . ကိုတာရာရဲ့ အကြံဉာဏ်ပါ"

"ရှင်"

"ဒီအိမ်မှာ နေလဲဖြစ်နေသားပဲ သီတာရဲ့၊ အခန်းက အပေါ် ထပ်ရဲ့ သီးသန့်ပဲ၊ ပြီးတော့ ဖေဖေကိုယ်တိုင်လဲ ပြန်လာနေပြီ သီတာဒီမှာပဲ ဆက်နေသင့်တာပေါ့"

"သီတာ့အတွက် ကိုယ်ပိုင်ဆန္ဒဆိုတာ မရှိပါဘူးရှင်၊ ဒီအိ ရှင်တွေ ထားသလို နေရမှာပါ"

"ဟုတ်ပါတယ်၊ သီတာ့ကို ကိုယ်အပြစ် မတင်လိုပါဘူး ကိုတာရာက သူဖယ်ပေးပြီး သူက စာမောင်ရဲ့ ဘေးခန်းမှာ သွားနေမယ်၊ ဒါမှ သီတာနဲ့လဲ အနေနီးသွားမယ်"

"အို. . ."

"ကိုတာရာ. . . သီတာ့ကို စိတ်ဝင်စားနေတယ် ဆိုတာ ယောက်ျားချင်းဆိုတော့ ကိုယ်က ပိုသိတာပေါ့ သီတာရဲ့"

"သီတာ မသိလိုပါဘူး ကိုကျော်သူ၊ ဖေဖေ နည်းနည်း အားသွားရင် ဖေဖေ့ကို ပြောလိုက်တော့မယ်"

"ဘာပြောမှာလဲ"

"သီတာ. . . ဟိုပင်ကိုပဲ ပြန်တော့မလို့"

"ဟင်. . ."

"ဟုတ်ပါတယ်၊ သီတာ သိပ်စိတ်ညစ်တယ်၊ ဒီအဆောင် အယောင်တွေကိုလဲ သီတာမမက်မောတာ အမှန်ပါရှင်၊ ကိုကျော်သူ





မေ မုန်းတီးနေရလောက်အောင်လဲ သီတာ့မှာ ဘာလောဘမှ ပါဘူးဆိုတာယုံပါ၊ ဖေဖေက မှာလို့ မေမေကလွှတ်လို့ လာခဲ့ရတဲ့ တာပါဆိုတာ ထည့်ပြောချင်ပါတယ်"

"ကိုယ် သီတာ့ကို နားလည်ပါတယ်၊ မေမေ့အတွက်လဲ လွှတ်ပါလို့ ပြောပါရစေ"

"ရပါတယ်လေ"

"မေမေ့အနေနဲ့ သူ့ရင်ထဲမှာ မကျေနပ်တာရှိချင်လဲ နေမှာပေါ့၊ ဒါပေမယ့် သီတာကို ဘာမှမပြောစေရပါဘူးလို့ ယ်ကတိပေးပါတယ်၊ မေမေက ကိုယ့်ကိုသိပ်ချစ်တာပါ၊ ယ်ဘာပြောပြောရပါတယ်၊ မေမေ့အတွက် သီတာ စိတ်မညစ် ပါဘူး၊ ဒီအိမ်မှာပဲ နေပါလားကွယ်"

"ကျေးဇူးတင်ပါတယ် ကိုကျော်သူ၊ ဒါပေမယ့် ဖေဖေ့ရဲ့ ...ပါ"

"အဲဒါ. . . ဟိုလူရဲ့ ဆန္ဒပါ"

"သီတာ့ရှေ့မှာတင် ဖေဖေစီစဉ်လိုက်တာပါ"

အမှန်အတိုင်းဖြစ်သော စကားကို ပြောလိုက်မိခြင်းကပင် တာရာအတွက် ကာကွယ်ပေးလိုက်သလိုများ ဖြစ်သွားလေ သား။

"မဟုတ်သေးဘူး သီတာ"

"ဘာကိုလဲ ရှင်"

"သူဟာဖေဖေ့ပေါ်မှာ ဩဇာရှိနေပြီ၊ သူ့ရဲ့သိမ်မွေ့... ဖေဖေကိုယ်တိုင်က ယုံကြည်နေပြီ၊ သူပြောသမျှ ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေက သီတာနဲ့မှ မဆိုင်ပဲရှင်"

"သီတာ သိအောင်ပြောပြတာပါ၊ သူပဲ စောမောင် နိုင်ငံလိုက်ပြီး ဘယ်သူမှ မရှိတော့တဲ့ သုံးခန်းတွဲမှာ သူတစ်ယောက် တစ်ခန်းနေမယ်၊ သီတာ့ကို သူနဲ့အနီးဆုံး အိမ်ပေါ်မှာထား အဲဒါက ပြဿနာတစ်ခု စဖို့အတွက် သူတီထွင်တာပါ၊ ကိုယ် တာကို ယုံစမ်းပါ"

ခင်သီတာမှာ ဝန်းဝိုင်းသောမျက်လုံးအစုံဖြင့် ကိုကျော်သူ လှမ်း၍ ကြည့်လိုက်မိသည်။

"စေတနာ မျက်ဝန်းလေလား"

ကြားဝင်လာသော၊ မလိုတမာ အဖျက်မျက်နှာလေး ခင်သီတာမသိ၊ မခွဲခြားတတ်နိုင်ပါ။

"ကိုယ်ပြောတာ နားထောင်ပါ သီတာ"

"ရှင်..."

"ဖေဖေပြန်လာရင်ပြောပါ၊ သီတာဒီမှာပဲနေပါရစေလို့"

ခင်သီတာက တည်ငြိမ်နေသော မျက်ဝန်းလေး ခေါင်းရမ်းပြလိုက်သည်။

"သီတာ မပြောရဲဘူး ကိုကျော်သူ"

"ဒါဖြင့် သီတာ့မှာ ဒီဆန္ဒရှိနေပါတယ်လို့ ကိုယ်ပြော ရမလား"

ကောင်းနိုးနိုးလားဟု စဉ်းစားပြီးမှ...

"အို... ငါ့အဖေကိုယ်တိုင် စီစဉ်တဲ့ကိစ္စကို ငါမ သင့်ဘူး၊ ပြီးတော့ ဖေဖေဟာ ငါ့အပေါ်မှာ တကယ့်ဖခင်စိတ်ဝ





နေရှာတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ဟုတ်ပါတယ် ကိုတာရာ ပြောသ လုပ်နေလောက်အောင်လဲ ညံ့ဖျင်းမှာ မဟုတ်ပါဘူးလေ၊ တော့ ငါနဲ့ ဒေါ်သက်ဦးနဲ့လဲ သီးခြားစီ နေသင့်ကြတယ်"

ယင်းအတွေးများ အပြီးတွင်...

"သီတာ့အပေါ် ထားတဲ့စေတနာအတွက် ကိုကျော်သူကို းဇူးတင်ပါတယ်၊ ဒါပေမယ့် နေပါစေတော့၊ ဘာမှမပြောပါနဲ့၊ ပေနေခိုင်းတဲ့ဆီမှာပဲ သွားနေတော့မယ်"

ခင်သီတာ သူ့ကိုလှည့်မကြည့်တော့ပါပဲနှင့်၊ သေတ္တာကို ပစ်လိုက်သည်။ သယ်ဆောင်သွားရန်အသင့်ဖြစ်အောင်ပါ။

အိမ်ပြောင်းရသော ခင်သီတာမှာ အပိုပစ္စည်း တစ်စုံတစ်ရာ မှ မပါရှိပါချေ။

"ကောင်းပြီလေ၊ ကိုယ်ကြိုသတိပေးပါရက်နဲ့ တစ်ခုခု လာ ရင်တော့လဲ ဝမ်းနည်းစရာ မကောင်းတော့ဘူးပေါ့"

"ရှင်..."

"လုလုကို ကြည့်လေ၊ သူ့ခမြာ တငိုငိုဖြစ်နေရပြီ"

"ဟင်... ဘာ... ဘာဖြစ်လို့လဲ"

"ကိုစောမောင် ပြန်မလာလို့"

"ဟင်... အဲ... အဲဒါ ကိုတာရာနဲ့ သက်ဆိုင်တယ်လား"

"ကိုစောမောင်က သူ့တပည့်ပဲလေ"

"အို..."

"သူ့လူနှစ်ယောက်နောက်ကို လိုက်ခိုင်းလိုက်တယ်တဲ့၊ အဲဒါ ပုံနဲ့မဆိုင်ဘူး၊ သူ့ရဲ့လျှို့ဝှက်တဲ့ကိစ္စတစ်ခု အတွက်"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်. . ."

"လုလုက စောမောင် ရေးထားခဲ့တဲ့ စာလေး ကိုယ့်ကို ပြတယ်"

"ဟုတ်. . . ဟုတ်လား"

"လုလုကိုလဲ ကိုယ်ကပဲ တစ်ဘက်က နှစ်သိမ့်ပေး နေရတယ်၊ စောမောင်ကိစ္စကိုလဲ ဖေဖေနည်းနည်း အားသွား ပြောပြရဦးမယ်"

ကိုစောမောင်၏ ပျောက်ဆုံးမှုမှာ ကိုတာရာ၏ နိုင်းချေ ပါဟု ကိုကျော်သူက တပ်အပ် စွပ်စွဲနေပါပေါ့လား။

"ဒါပဲလေ. . . သီတာ. . . ကိုယ်ဟာ သီတာ့အပေါ် စေတနာရှိတဲ့ 'အစ်ကို' တစ်ယောက်ပါဆိုတာကိုတော့ သီတာ ယုံကြည်စေချင်ပါတယ်"

ခင်သီတာ၏ သက်ပြင်းရှိုက်သံသည် အခန်းနံရံမှ ပဲ့တင် ပြန်လာလောက်အောင်ပင် ကျယ်လောင်သွားချေသည်တကား။

❖ ❖ ❖



● အခန်း (၂၁)

'ဒေါ်ကြည်မြ' ဆိုသည့်အတိုင်း သူ့အသွင်က ကြည်လင် အေးမြခြင်း ရှိလှသည်။

ရိုးသားသော၊ သစ္စာရှိသော သွင်ပြင်က သူ့ကိုမြင်ရုံနှင့်ပင် ပေါ်လွင်နေပေသော အသက်ငါးဆယ်ခန့် အမျိုးသမီးကြီး။

ခင်သီတာအတွက် အဖော်အဖြစ် ဖေဖေ ခေါ်ထားပေး သော ဒေါ်ကြည်မြ။

သို့ပါသော်လည်း. . .

လုလု၏ သံသယ သားကောင်များအတွင်းမှ တစ်စုံ တစ်ယောက် ဖြစ်သော ဦးအောင်ဒွန်း ခေါ်ပေးခဲ့သောသူ. . .

ဦးအောင်ဒွန်းတို့၏ အထက်အညာရွာမှ ဇာတိဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အားကိုးရာမဲ့ မုဆိုးမကြီးတစ်ဦး ဖြစ်သည်ဟု ဆိုပါ၏။

ချက်ပြုတ်ခြင်းနှင့် အိမ်တွင်းမှုကိစ္စများကို သန့်ရှင်းသေသပ်စွာ ဝီရိယရှိစွာဖြင့်၊ ထာဝရ အလုပ်လုပ်ပေးနေတတ်သော အမျိုးသမီးကြီးပါ။

ဦးအောင်ဒွန်းမှတစ်ဆင့် လာသည်ဆိုသော အကြောင်းအရာ တစ်ခုမှလွဲလျှင် ဒေါ်ကြည်မြအတွက် အားလုံးကျေနပ်စရာချည်း ဖြစ်နေပါ၏။ နဂိုတည်းက ဤအိမ်ဤခြံနှင့် အဆက်အသွယ် ရှိခဲ့ဖူးသူ ဟုလည်းဆိုပါ၏။

နှစ်ထပ်တိုက်ငယ် အနီရောင်လေး၏ အပေါ်ထပ်တွင် ခင်သီတာနှင့် ဒေါ်ကြည်မြတို့ နေကြရသည်။ ညဘက်တွင် အပေါ်ထပ်တံခါး လုံခြုံအောင် ပိတ်ထားပြီး စိတ်ချရသည်ဆိုသော ခြံတွင်းအလုပ်သမား နှစ်ယောက်ကို အောက်ထပ်မှာ စောင့်အိပ်စေသည်။

ဒေါ်ကြည်မြက ချက်ပြုတ်၊ လျှော်ဖွပ်၊ သန့်ရှင်းရေး လုပ်သည်။ ခင်သီတာနှင့် သူ နှစ်ယောက်တည်း စားရန်အတွက်သာ ဖြစ်ပါ၏။ ဟင်းလျာက စုံလင် ကောင်းမွန်သည်ချည်း။

"ပင်တိုင်စံ မင်းသမီးလေး"

ဆိုသော ထီးနန်း၊ ကြငှန်းခံတော်က ဘုရင့်သမီးတစ်ယောက် နေထိုင်ရပုံမှာ သည်လိုမျိုးများလားဟု ခင်သီတာတွေးရင်း ရယ်ချင်စိတ်ပင် ပေါ်လာမိသည်။

အလုပ်များလွန်းသော ဖေဖေကိုယ်တိုင် ဘာမှ မစီစဉ်ပေးနိုင်သော်လည်း ငြိမ်းအေးစွာ နေထိုင်ရခြင်းနှင့် ဒေါ်သက်ဦး၏





အမုန်းအညှိုး မျက်ဝန်းများနှင့် ကြည့်တတ်သော အရပ်ဝန်းကျင်မှ လွတ်ထွက်လာသည့် အဖြစ်ကိုပင် ကျေနပ်လှပါပြီ။

"ဒီစာအုပ်တွေက ရှုပ်နေသလားဟင်"

အိပ်ခန်း၏ ကုတင်ဘေး စာအုပ်စင်တွင် တင်ထားသော စာအုပ်များကို ညွှန်ပြရင်း ဒေါ်ကြည်မြက မေးလာသည်။

"မောင်တာရာက ပြောနေလို့"

"ဟင်. . . ဘာပြောတာလဲ"

"သီတာ့အမြင်ရှုပ်နေရင် ဒီစာအုပ်တွေကို သူ့သူငယ်ချင်း တစ်ယောက် အိမ်မှာ သွားထား ပေးရမလား၊ မေးပေးပါတဲ့"

"အို မလိုပါဘူး၊ ရပါတယ်"

"သူနေတဲ့ အခန်းက ခြတွေရှိတယ်၊ မိုးလဲယိုလို့ စာအုပ်တွေ ပျက်စီးကုန်မှာ စိုးလို့တဲ့"

"အင်းပါ. . . ကိစ္စမရှိပါဘူး၊ ဒီမှာပဲ ထားလိုက်ပါလို့ ပြောလိုက်ပါ ဒေါ်ဒေါ်မြ"

"အေးကွယ်. . . ဒါဖြင့်လဲ သူ့စာအုပ်ကလေးတွေ ဖုန်ခါပေးလိုက်ဦးမယ်"

ဒေါ်ကြည်မြ ချလာသော စာအုပ်များကို ကြည့်မိသည်။ အင်္ဂလိပ်စာပေနှင့် ဂန္ထဝင်စာအုပ်များ၊ ခေတ်ပေါ် အင်္ဂလိပ်ဝတ္ထုစာအုပ်များ၊ မြန်မာ့ ဂန္ထဝင်စာအုပ်များချည်းပါလား။

'ရှိတ်စပီးယား'၊ 'ရောဘတ်လူး(စ်)စတီဗင်ဆင်'၊ 'အိုလီဗာတွစ်(စ်)' တို့၏ နာမည်ကြီး အင်္ဂလိပ်ဂန္ထဝင်ဝတ္ထုများအပြင် 'မြန်မာစာညွှန်ပေါင်းကျမ်း'၊ 'စွယ်စုံကျမ်းများ'၊ 'ရတုရကန်နှင့် မဟာဂီတများ'



www.burmeseclassic.com

www.burmeseclassic.com



အပြင် ပထမဆုံး မြန်မာဝတ္ထု 'မောင်ရင်မောင် မမယ်မ' မှ အ…
သိမှတ်စရာများကို ဖြတ်ညှပ်ထားသည့် စာတို အပိုင်းအစ…
များက အစပါရှိသည်။

"ဒါ ကိုတာရာရဲ့ စာအုပ်တွေချည်းပဲလား"

"ဟုတ်တယ် ဒီကောင်လေးက စာကြမ်းပိုးလေး၊ အလု…
အားတာနဲ့ သူ စာအုပ် ကောက်ကိုင်တာပဲ"

"ဟုတ်လား"

"ခုလို ငယ်သေးတဲ့ အချိန်မှာ စာတွေ ဖတ်ထားမယ်…
မဟာဝိဇ္ဇာဆိုလား နားမလည်ပါဘူး၊ အဲဒါလဲ ရအောင်ဖြေမယ်တဲ့"

"သြော်. . . သြော်"

"ပြီးတော့ ဘာတဲ့ သူပြောတာ ရှိပါသေးတယ်၊ ဘ…
အတွေ့အကြုံနဲ့ ရင်းပြီး ကုန်ကြမ်းတွေ ရှာပြီးရင်. . ."

"ဘာလုပ်မှာတဲ့လဲ"

"စာရေးဆရာ လုပ်မလို့တဲ့"

"အို. . . စာရေးဆရာဆိုတာ ဝေါ်တစ်လှည့်၊ ဖြတ်တစ်…
လှည့် အလုပ်ပဲ သူမို့လုပ်ချင်တယ်၊ ကိုယ့်မှာလဲ ပညာရှိတယ်၊ ဒီမှာလဲ
လခ ရရဲ့သားနဲ့"

"ဒါက သူ့ဝါသနာကို"

ဒေါ်ကြည်မြသည် ကိုတာရာ၏လူ ဖြစ်ဟန်တူသည်၊
အမွှန်းသူ့ကို တင်လွှန်းလှသည်။

"မောင်တာရာက သိပ်သဘောကောင်းတာ။ ပြီးတော့
သိပ်လဲကြိုးစားတယ်။ ဒီကောင်လေး တစ်နေ့ဖြစ်ထွန်းမယ်ကြည့်နေ



ကိုတာရာအတွက်၊ အပိုင် တွက်ကိန်းချ၍ ပြောနေသော
ဒေါ်ကြည်မြကို ခင်သီတာ ပြုံး၍ ကြည့်လိုက်မိသည်။

အဝတ်စုတ်နှင့် ဖုန်သုတ်ပြီးသား စာအုပ်များကိုလည်း
ခင်သီတာ ယူကြည့်နေမိသည်။

## ကိုယ်ပိုင်စာကြည့်တိုက်
## စာအုပ်အမှတ်

ဟူသော ရာဘာ တံဆိပ်တုံးနှင့်ခပ်နှိပ်ပြီး နံပါတ်များ
ဘပ်ထားသည်။ စာအုပ်တိုင်းတွင် 'တာရာ' ဟူသော လက်မှတ်နှင့်
ခုနှစ်ကို ရေးထိုးထားပါ၏။

"ဟိုဆရာနဲ့တော့ ကွာပါမေ့"

"ဘယ်ဆရာလဲ"

"သူ့ဌေးသားတော်လေ"

"ကိုကျော်သူကို ပြောတာလား"

"အင်းပေါ့"

"ဘာတွေ ကွာလို့လဲ"

"ပညာပဲကြည့်လေ့ ဒီကအလုပ်.လုပ်ရင်းဘွဲ့ရနေပြီ၊ သူက
ဆယ်တန်းတောင် မအောင်ဘူး၊ အသက်ချင်းက ဘာကွာကြလို့လဲ"

ခင်သီတာ ဘာမှဝင်၍ မဝေဖန်မိ။

"သူ့မအေက သိပ်အလိုလိုက်တာ၊ ငွေဆို ရေလိုသုံးနေတာ၊
အဝတ်အစား အကောင်းဆုံးတွေ ဝတ်ပြီး ကောင်မလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



သွားပို့၊ ကားနဲ့တင်ခေါ်၊ ရုပ်ရှင်ပြ၊ သွားလည်၊ လက်ဆောင်တွေ ေ... ဒါ သူ့အလုပ်လေ"

ဖေဖေပြန်ရောက်သည့်နေ့က၊ အထုပ်တစ်ထုပ်နှင့် မလုံမ... ပြုံးရှင်းဆင်းလာသော ကိုကျော်သူ၏သဏ္ဍာန်ကို ပြန်၍မြင်လာမိသည်

"အင်းပေါ့လေ သူလဲ သူ့ငွေသားကို၊ ပျော်သလိုနေမှာပေါ့ ငါနဲ့ဘာဆိုင်တာမှတ်လို့၊-ငါ့ကို ကြည်ကြည်ဖြူဖြူ ဆက်ဆံတာ ... ကျေးဇူးတင်ရဦးမယ်၊ သူ့အနေနဲ့ ငါ့ကို လက်ခံချင်စရာ အကြောင်း မရှိပါဘူးလေ၊ သူ့အမေလို မဟုတ်လို့ တော်သေးတယ်"

"သီတာ. . ."

"ရှင်. . . ဒေါ်ဒေါ်မြ"

"သီတာဟာ ဦးသိန်းထိုက်ရဲ့သမီး အရင်းခေါက်ခေါက် မို့လို့နော်၊ ဟင်း. . . မဟုတ်ရင်လား၊ ဒီလို ချောချောလှလှလေး များဆို ပိုးကြေး ပန်းကြေးပေးလိုက်မယ့် အမျိုး. . .

"အို. . . ဒေါ်ဒေါ်မြကလဲ"

"ဟုတ်တယ်သီတာ တကယ်ပြောတာ၊ ခုတော့ သူ့စိတ် ထဲက ကြိုက်ချင် ချစ်ချင်ဦး၊ ဦးသိန်းထိုက်တစ်ယောက်လုံးရှိနေတော့ သူ အနားတောင် ကပ်ရဲမှာမဟုတ်ပါဘူး"

"သူက. . . ကိုကျော်သူက ဖေဖေ့ကို ကြောက်ရတယ်ပေါ့"

"ဦးသိန်းထိုက်က စည်းကမ်း နည်းလမ်းနဲ့နေတဲ့သူဆိုတော့ သူ မလွန်ဆန်ရဲဘူးပေါ့"

"သူနဲ့ ဖေဖေနဲ့လဲ-ပြေလည်ကြပုံရပါတယ်"

"ဟုတ်တယ် ဦးသိန်းထိုက်ကလဲ ချစ်ရှာပါတယ်၊ သူကလဲ ...သေရှာပါတယ်၊ ဒါကြောင့်ပြောတာပေါ့၊ သူ သီတာ့နား မကပ်ရဲ ပါဘူးလို့"

ဖေဖေက ဒါကြောင့်များ ငါ့ကို သီးခြားခွဲထားတာလား။ ...အို. . . ဒေါ်သက်ဦးနဲ့ အတူနေလို့ မဖြစ်တာလဲ ပါမှာပါလေ။

သိန်းထိုက်ရတနာ တိုက်ကြီး၏ အတွင်းရေး အတွေးများကို ...ချန်လှပ်လိုက်ပြီး . . .

"ဒါနဲ့ ဒေါ်ဒေါ်မြရေ"

"ဘာလဲ သီတာ"

"ဟို ကိုစောမောင်ဆိုတဲ့လူ ပြန်လာရင် ကိုတာရာ ဘယ်မှာ သွားနေမလဲ"

"ဟိုဘက်ခန်းတွေက အားနေသားပဲ"

"သြော်. . . ဟုတ်သားပဲ"

မေးချင်သော အကြောင်းအရာ ဒါမဟုတ်ပါ။ မေးစရာ၏ ...ဒါန်းမျှသာဖြစ်၏။

"အဲဒီ ကိုစောမောင်ဆိုတာက ဘယ်သွားနေတာလဲ ဟင်"

"မပြောတတ်ပါဘူး၊ မောင်တာရာ ခိုင်းစရာရှိလို့ လွှတ် ...ိက်မှာပေါ့"

"ဟင်. . ."

"ဘာဖြစ်လို့လဲ"

"သူ့ရည်းစားလှလှက မျှော်လှုပြီ၊ ကိုတာရာက ဘာကိစ္စနဲ့ ...ဘယ်ကိုခိုင်းလိုက်တယ်ဆိုတာကိုရော ဒေါ်ဒေါ်မြသိလား ဟင်"

"မသိပါဘူးကွယ် ဒေါ်ဒေါ်လဲ ရမ်းပြောတာပဲ"





www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဒွန်းများ တောလွှတ်လိုက်သလားလဲမသိ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ လုလုအတွက် သူ့ကိုပြန်လာစေချင်လို့ ဒီမှာ ဒေါ်ဒေါ်မြ"

"အင်း . . ."

"ကိုစောမောင်ကို ဘယ်သူခိုင်းလိုက်တာလဲ၊ ဘယ်တော့ ပြန်လာမလဲဆိုတာ မေးပေးစမ်းပါနော်"

"ကောင်းပြီ၊ မေးပေးပါ့မယ်"

"သီတာ မေးခိုင်းတယ်လို့တော့ မပြောပါနဲ့နော်"

"မသိစေချင်ရင် မပြောပါဘူး"

"ဟို . . . ဒီလိုပါ"

"အင်း"

"ဒီကိစ္စကသီတာနဲ့မဆိုင်ပါဘူး၊ လုလုကို သနားလို့ လုလုကိုယ်စား မေးပေးရတာပါ"

"အေးပါ၊ ဒေါ်ဒေါ်နားလည်ပါပြီ၊ ဟုတ်မှာပေါ့၊ ဒေါ်ဒေါ် မရောက်ခင်က သီတာနဲ့ လုလုက အတူနေကြရတော့ အ[illegible] တို့နှစ်ယောက်လိုပဲ သံယောဇဉ်ဖြစ်နေမှာပေါ့နော်"

"အင်းပေါ့၊ ဒေါ်ဒေါ်မြရဲ့"

ခင်သီတာ၏စကားကို ဒေါ်ကြည်မြ ယုံစားသွားရာသည်[illegible]

ဒေါ်ကြည်မြ၏ စာအုပ် ဖုန်သုတ်လုပ်ငန်း ပြီးဆုံးကာ[illegible] တွင် . . .

"မကြည်မြ . . . မကြည်မြ . . ."

"သွား . . . သွား . . . ဒေါ်ဒေါ်မြ ဒါလေးပြန်စီရုံပဲ၊ သီတာ [illegible]င်လိုက်ပါ့မယ်"

"ဘာမှာစရာရှိလို့လဲ မသိဘူး၊ ကိုအောင်ဒွန်း ခေါ်သံပဲ"

သီတာ စာအုပ်မစီဖြစ်တော့။ ဒေါ်ကြည်မြ ဆင်းသွား[illegible]နောက် ခဏလောက်အကြာတွင် လှေကား တစ်ဆစ်ချိုးမှ [illegible]င်းကြည့်မိသည်။

အသက်ငါးဆယ် ဝန်းကျင်အရွယ်ပဲ့ပါပဲ။ ပိန်ပိန် ပုပု၊ မျက်နှာ [illegible]ည်ရှည်နှင့် တင်းမာသောနှုတ်ခမ်း၊ ကျဉ်းမြောင်းသော မျက်ဝန်းများ [illegible] အပြုံးနှင့်ဝေးသော မျက်နှာမျိုးနှင့် ဦးအောင်ဒွန်း။

"ဆရာဦးသိန်းထိုက်တော့ ဝန်ကြီးရဲ့ ပီအေအိမ် သွားနေတာ [illegible]ာက်ကျမှ ရောက်ချင် ရောက်လိမ့်မယ်"

"ဟုတ်ကဲ့"

"ဒီနေ့ စာရင်းအင်းအားလုံး ပိတ်ပြီးပါပြီလို့ မောင်တာရာ [illegible]စ်ပြီးပြီလို့ ပြောနော်၊ ဆရာ စစ်ချင်လဲ စစ်လိမ့်မယ်"

"ဟုတ်ကဲ့ . . . ပြောလိုက်ပါ့မယ်"

"ဆရာက စာရင်းတွေ ဒီအိမ်မှာပဲထားဆိုလို့ လာထား[illegible]ာ၊ ကျုပ်တော့ ကိစ္စရှိလို့ ဒီညမြို့ထဲမှာပဲ သွားအိပ်မယ်၊ မနက် [illegible]လုပ်ချိန်အမီ ပြန်ရောက်မယ်၊ မောင်တာရာဆီမှာလဲ အထွက်ပြတဲ့ [illegible]ာ်မှတ်ထိုးပြီးပြီလို့ . . . အသေအချာ ပြောလိုက်ပါနော်"

"ဟုတ်ကဲ့ . . . စိတ်ချပါ ကိုအောင်ဒွန်း"

ဦးအောင်ဒွန်းဆိုသူက အပြင်သို့သွားရန် အသင့်ပုံစံနှင့်ပါ၊ [illegible]ိုးသစ်၊ တိုက်ပုံအကျီနှင့် ထီးတစ်ချောင်းနှင့် . . .

"ဟင် . . ."





www.burmeseclassic.com

www.burmeseclassic.com



သူက ကျောခိုင်းနေရာမှ တိုက်ပြင်သို့ ပြန်ထွက်ရန် ဖြတ်
လှည့်လိုက်သည်နှင့် ခိုးကြည့်နေမိသော ခင်သီတာနှင့် ဆုံ
သွားရသည်။

သူ့ထံမှ အာမေဋိတ်သံ ထွက်လာပြီးမှ သူပြန်၍ အိန္ဒြေဆ
လိုက်ကာ. . .

"မကြည်မြ ခဏ"

ဆိုပြီး ဒေါ်ကြည်မြကို အပြင်သို့ သူခေါ်ထုတ်သွားသည်

ခင်သီတာ၏ ကွယ်ရာတွင်ပြောကြမည့်စကားက ခင်သီတာ
အကြောင်းအရာများသာ ဖြစ်လိမ့်မည် ထင်ပါသည်။

သံသယစိတ်နှင့် ကြည့်မိ၍လား မသိပါ။ ဦးအောင်ဒွ
ဆိုသူ၏ မျက်နှာခပ်တင်းတင်းကြီးကို ဘဝင်မကျမိသလိုပါ။

ဦးအောင်ဒွန်းသို့တွေးနေရင်း ကိုတာရာ၏ စာအုပ်
များကိုပြန်၍ တရိုတသေ စီကာစဉ်ကာ ပြန်လည် တင်ထာ
ပါသည်။

"နေပါစေ သီတာ၊ ထားလိုက်. . . ထားလိုက်"

ဒေါ်ကြည်မြက အရေးတကြီးပုံစံနှင့် တားမြစ်လိုက်သည်

ခင်သီတာက တွဲတိုးကြီးပင် မေးချပစ်လိုက်သည်။

"ခုန ဦးအောင်ဒွန်းဆိုတဲ့ လူကြီးက ဒေါ်ဒေါ်မြကို အပြ
ခေါ်ထုတ်ပြီးဘာတွေပြောတာလဲဟင်"

"သီတာ့ အကြောင်းပြောတာ"

"ဟင်. . . သီတာ့အကြောင်း ဟုတ်လား"

"ဟုတ်တယ်"





"အို. . . ဘာတွေပြောကြတာလဲ"

"ဦးသိန်းထိုက် သမီးလေးက အချောလေးပဲတဲ့"

"ပြီးတော့ရော"

"သူ့ကို သိပ်ဂရုစိုက်နေ်တဲ့ သူ့အဖေက သူ့သမီးလေး
ကို ရှေ့တန်းတင်ပြီး ဆောင်ရွက်နေတယ်တဲ့"

"အို. . ."

"ဒါကြောင့် သူသိပ်ချစ်တဲ့ သမီးလေးကို ခင်ဗျား သိပ်ဂရု
ရင် ခင်ဗျားအတွက် ကောင်းမှာပါတဲ့"

"အင်း. . . အင်း"

"ကိုယ့်တာဝန်တော့ မပေါ့လျော့ပါစေနဲ့တဲ့၊ ခင်ဗျား
ကွက်ရင် ခေါ်ပေးရတဲ့ ကျွန်တော်လဲ မကောင်းဖြစ်နေပါ
ယ်တဲ့"

"ပြီးတော့ရော"

"ဒါပဲ"

ဒေါ်ကြည်မြ၏ မျက်နှာကို သီတာ စိုက်ကြည့်နေမိသည်။

"ဒါပဲ" နောက်ဘာစကားသံမှ ထွက်မလာတော့။ ဒါပဲနှင့်
းသတ်သွားသော ဒေါ်ကြည်မြထံမှ ဒါပဲ ပင် ဖြစ်ပါလိမ့်မည်"

သူ့မျက်နှာတွင် ဟန်ဆောင် သိုဝှက်ထားသော အရာဟူ၍
င်ရှေ့စာမျှ ရှာမတွေ့ပါ။ စောစောကအတိုင်း၊ ယခင်ကအတိုင်း
င်. . .

ခင်သီတာသည် အပြင်သို့ထွက်လာပြီး အိမ်ရှေ့ပြတင်း
က်တွင် လက်ထောက်ရင်း မျှော်ငေး ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်လွန်းသော မြေပေါ်တွင်၊ များပြားလွန်း
အဆောက်အအုံကြီးငယ်အသွယ်သွယ်တို့နှင့် ကိုက်ပေါင်းသိ
ချို၍ သုံးကာလုပ်နေသော နိုင်လွန်စက်ရုံကြီး . . .

ဤစက်ရုံကြီးကို ပိုင်ဆိုင်ရသည်အထိ မမျှော်မှန်း
မယူရဲပါ၊ မလုပ်ကိုင်ဝံ့ပါ။

ဖေဖေ၏ စေတနာသည် ဦးအောင်ဖွန်း၏စကားအ
သာဆိုလျှင် လွန်ကဲလွန်းနေသည်ပင် ဘင်မိပါသည်။

"အို"

စဉ်းစားရင်း အမှတ်တမဲ့ သည်ဘက်သို့ လှည့်သည်
သူ့တန်းလျားမှနေ၍ မိမိရပ်နေရာသို့ မော့မျှော်ကြည့်နေ
ကိုတာရာ . . .

အမြင်ချင်း ဆုံပြီးသည်နှင့် သူကစတင်မျက်နှာလွှဲ
သည်။ ပြီးတော့ အထဲသို့ ဝင်သွားရာပါ၏။

"ဩော် . . ကိုတာရာဆိုတဲ့ အသိရခက်နေသော သူ

❖ ❖ ❖



● အခန်း (၂၂)

"သမီး မေမေဆီကို ဒီနေ့ပဲ သမီးပို့တဲ့အနေနဲ့ သမီးရဲ့
. . .ည်နဲ့ ဖေဖေငွေသုံးထောင် ပို့လိုက်တယ်"

"အို . . . ဟုတ်လား"

ခင်သီတာ ဝမ်းသာသွားမိသည်။ ဤအိမ်၊ ဤစည်းစိမ်နှင့်
. . .ဘနှစ်ပါးလုံးနှင့် မိမိအပေါ်တွင်လည်း တူပြိုင်မေတ္တာ ထားနိုင်
. . .လျက်နှင့် အတူတကွ ဘယ်နည်းနှင့်မှ မနေနိုင်ရမည့် အဖြစ်ပါ
. . .

ဩော် . . . စောစောဆီက ဝမ်းသာစိတ် သဲသောင်ပြင်ပေါ်
. . .သို့၊ ဝမ်းနည်းမှု ဒီလှိုင်းများက ပြေးလာအုပ်မိုးသွားရပြန်
. . .ပြီသာ . . .



www.burmeseclassic.com

www.burmeseclassic.com



ဤအတွေးများ မဆုံးမီ နောက်ဘက်ဆီမှ. . .

"သမီး. . . မသီတာ"

"ရှင်. . . ဟုတ်ကဲ့. . . ဖေဖေ"

"ဒီမှာနေရတာ ပျော်ရဲ့လား"

"ပျော်ပါတယ်ဖေဖေ. . . မေမေ့ကို အောက်မေ့

တစ်ခုပါပဲ"

ဖေဖေက တွေဝေးရင်း ခေါင်းညိတ်ပြရှာသည်။

"မေမေ့ဆီငွေပို့လိုက်တဲ့အတွက် ကျေးဇူးတင်လှပါတ

ဟိုတုန်းကတော့ သမီးပါ ဝိုင်းကူဈေးရောင်းရတော့တော်သေး

ပေါ့"

"အေးပေါ့ကွယ်"

"ခုတော့ သမီးအတွက် စိတ်အေးသွားရပြီ ဆိုပေမဲ့ ဖေ

မိဘများက အတင်းပေးစားကြတဲ့ နောက်အိမ်ထောင်နဲ့ ရ

မန်းတက္ကသိုလ်က သမီးကြည်ပြာအတွက်က ရှိပါသေးတယ် ဖေ

ဒါကြောင့် ဖေဖေပို့လိုက်တဲ့ ငွေတွေဟာ မေမေ့ အတွက်

အဖိုးတန်မှာပါ ဖေဖေ"

"အင်း. . . မိန်းမတွေ အများကြီးနဲ့ ပွေခဲ့တဲ့ ဖေဖေ

တင့်တင့်နဲ့မှ ခလေးရဖူးတော့ သူ့ကို ဖေဖေ သံယောဇဉ်ရှိတယ်

ခင်သီတာမှာ ဖခင်ကြီး၏ ကျက်သရေ ပေါင်း

မျက်နှာကိုငေးကြည့်နေမိသည်။

"သမီး"

"ရှင်. . . ဖေဖေ"





"ငါ့သမီး ဘာလုပ်ချင်သလဲဟင်"

"ဘာကိုပါလဲ ဖေဖေ"

"ဒီရန်ကုန်မှာ နေချင်သလား၊ ဟိုပင်ကို ပြန်ချင်သလား"

"ဖေဖေ့သဘောပါ"

"သမီးမေမေက ဘာမှာလိုက်လဲ"

"သမီးဖေဖေ စီစဉ်ပေးတဲ့အတိုင်း နာခံပါတဲ့ ဖေဖေ"

ဖေဖေက ညှိုးမှိုင်းသော မျက်ဝန်းများနှင့်၊ နှုတ်ခမ်းက

ယောင်သန်းရင်း ခေါင်းညိတ်ပြရှာသည်၊

"သမီးကရော၊ ဖေဖေ စီစဉ်ပေးတဲ့အတိုင်း နာခံမှာလား"

"ဘာမဆို နာခံပါ့မယ်ဖေဖေ"

ယင်းကတိစကားသည် ခင်သီတာ၏ ဘဝအတွက်

ဆိုးရွားဆုံးအခြေအနေဖြစ်လာနိုင်မည့် ကတိစကားတစ်လုံး

သွား ရပါကြောင်း ထိုအချိန်က ခင်သီတာ မသိရှိမိခဲ့ပါ။

"ဖေဖေနဲ့ မသက်ဦးဟာ စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံကြ

ယ့် ရောဂါကိုယ်စီနဲ့"

"ဖေဖေ့မှာ ဘာရောဂါများ ရှိလို့ပါလဲ ဖေဖေ"

စိုးရိမ်စိတ် နှင့် မေးမိသည်။

"ဆီးရောဂါပေါ့ကွယ်၊ ကျောက်ကပ်မကောင်းဘူး၊ အင်္ဂလန်

မှာသွားပြီး ခွဲစိတ်ကုသထားခဲ့ရဖူးတယ်၊ ကျောက်ကပ် တစ်လုံး

ထားရတယ်"

"အို. . . ဖေဖေရယ်"

"မသက်ဦးမှာလဲ အမြဲဒွန်တွဲတတ်တဲ့ သွေးတိုးနဲ့ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



ရောဂါ ရှိနေတယ်၊ အမြဲ ဆရာဝန်နဲ့ ကုသနေရဆဲပဲ"

"ဪ. . ."

"ဒီတော့ ဖေဖေ ဆိုလိုချင်တာက ဖေဖေတို့ ဇနီးမောင်နှံမှာ ရုတ်တရက် ကွယ်လွန်သွားနိုင်တဲ့ ရောဂါတွေ ရှိနေကြတယ်"

"ဟုတ်. . . ဟုတ်ကဲ့ ဖေဖေ"

"သူကလဲ သူ့အရင်သေရင် သူ့သား ဘာမှ မရမှာစိုးတယ် သူ့သားနာမည်နဲ့ အားလုံးလိုလို ပြောင်းပေးစေချင်တယ်"

ခင်သီတာ ဆက်လက်၍သာ နားထောင်နေပါသည်။

"ဖေဖေကလဲ ဒီအတိုင်းပဲ၊ ဖေဖေကိုယ်တိုင် ကြိုးကြိုးစားစား ရှာဖွေထားရတဲ့ ဒီစည်းစိမ် ဥစ္စာတွေကို ဖေဖေ့ရဲ့ တစ်ဦးတည်းသောသမီးလေး မသီတာအတွက်ပဲထားရစ်ခဲ့ချင်တယ်"

BURMESE CLASSIC .com

"ဖေဖေရယ်"

ရင်ထဲမှ မြည်တမ်းရင်း အတိုင်းမသိ၊ အဆုံးမရှိသော ဖခင်၏ စေတနာများကြောင့် ရင်ထဲမှ လှိုက်တက်လာမိသည်။ မျက်ရည်များ လျှံဝဲလာရပါပြီ။

"ဒီတော့ ဖေဖေ့ အနေနဲ့ မသက်ဦးနဲ့ ညှိရလိမ့်မယ်"

တွေးတွေးဆဆနှင့်၊ တည်တည်ငြိမ်ငြိမ် ပြောနေသော ဖခင်ကြီးကို မျက်ရည်ပြည့် မျက်ဝန်းများနှင့် မှုန်ဝါးစွာ မြင်နေရပါ၏။

"ဖေဖေ မတရားမလုပ်ပါဘူး၊ သူ့ငွေရင်းနဲ့ စခဲ့ရတဲ့အတွက် သူ့သားကို ထက်ဝက်တိတိ ပေးပါ့မယ်"

"ဒါဆိုရင် မသက်ဦးပါလာတဲ့ ငွေရဲ့ အဆတစ်ရာ မ...





...ကြပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဒီတော့ တစ်ဝက်ခွဲယူရာမှာ ဖေဖေက မောင်ကျော်သူကို ...နဲ့ မပေးချင်ဘူး"

"ဟင်. . ."

"ဒီကောင်ဟာ ဖေဖေ့ကို ပထွေးရယ်လို့ ဘယ်တော့မှ ...လေးစားခဲ့ဘူး၊ ချစ်အောင် နေတတ်တယ်၊ ဖေဖေကလဲ ...ပေါ်မှာ သံယောဇဉ်ရှိတယ်"

"ဒါ. . . ဒါနဲ့များ ဘာဖြစ်လို့ မပေးချင်ရတာလဲ ဖေဖေ . . ."

"ဖေဖေ ကိုယ်တိုင် အသွေးအသားနဲ့ မရင်းရရုံတမယ် ...တန် အပင်ပန်းခံပြီး တည်ထားဖြစ်မြောက်လာခဲ့တဲ့ စက်ရုံကြီး ...င့်လက် အပ်လိုက်တာနဲ့ တစ်နှစ်မကြာဘူး ကုန်မှာပဲ"

"ရှင်. . ."

"ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်ချင်တဲ့ ...ပဲ"

ခင်သီတာ ဝင်မပြောသာ၍ ငြိမ်နေရပါ၏။

"သူ့မအေကလဲ အဖမဲ့သားဆိုပြီး သိပ်အလိုလိုက်ထား ...လေ။ ဖေဖေ အသိနဲ့တစ်မျိုး၊ မသိအောင်တစ်မျိုး ငွေတွေ ...ကြိတ်ပေးနေတာ ဖေဖေသိတာပေါ့"

"ဒါပေမယ့် တော်သေးတယ်၊ ဒီကောင် စာမေးပွဲမအောင် ...လွဲပြီး မပျက်စီးသေးလို့"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့"

"သူ့ ကားတစ်စင်း၊ သူငယ်ချင်းတစ်သိုက်နဲ့လည်
စားမယ်၊ အဝတ်အစား လှလှ ဝတ်မယ်၊ ရည်းစား များများထား
ဒါသူ့ အလုပ်ပဲ"

ကိုကျော်သူ ရည်းစားများကြောင်း ဖေဖေပါသိ
ခင်သီတာ ပြုံးလိုက်မိပါသည်။

"ဒီတော့ကွယ်. . . ဖေဖေပြောချင်တာက ငါ့သမီးနာ
ဒီစက်ရုံကြီးကို ဖေဖေ လွှဲအပ်ပေးချင်တယ်"

"အို. . . ဖေဖေရယ်. . . သမီး. . . သမီး ဒီလော
ကြီးမားတဲ့လုပ်ငန်းကြီးကို ဘာမှနားလည်မှာလဲ မဟုတ်ပါ
ပြီးတော့ သမီးအတွက် ဒီလောက်အထိလဲ မလိုအပ်ဘူး ထင်ပါတ

"ခုချက်ခြင်းလဲ အုပ်ချုပ်ရမှာမှ မဟုတ်သေးဘဲ သမီး
ဖေဖေကလဲ ရက်ပိုင်း လပိုင်းအတွင်းမှာ သေသွားမှာလဲ မဟုတ်
ပါဘူး"

"ဖေဖေ အသက်ရှည်ပါစေလို့ပဲ သမီးဆုတောင်းပါတ

"အေးပါ. . . ရှည်ဦးမှာပါ၊ ခုလို ဖေဖေနဲ့အတူနေ
လုပ်ငန်းတွေပြသွားမယ်၊ တာရာနဲ့ ကိုအောင်ဖွန်းကိုလဲ သင်ပြခိုင်း

"ရှင်. . ."

"ငါ့သမီးရဲ့ အရည်အသွေးကို ဖေဖေအကဲခတ်နိုင်
ရှိပါတယ်၊ ဖြစ်ရမှာပေါ့ မသီတာ"

"သမီးအတွက်နဲ့လဲ ဒေါ်သက်ဦးနဲ့ ဖေဖေနဲ့ ပြဿ
မတက်ကြစေချင်ပါဘူး ဖေဖေရယ်၊ ဘာပဲဖြစ်ဖြစ် သမီးဘက်က





လျှော့တွက်ပေးပါ"

"ကောင်းပါပြီ သမီး၊ ဒါကြောင့် မသက်ဦးနဲ့ ညှိယူမယ်လို့
ပြောတာပေါ့"

ခင်သီတာ ငြိမ်ငေးနေမိသည်။

"သမီး"

"ရှင်. . ."

"ငါ့သမီး ဆန္ဒကရော"

"ဖေဖေ့ ဆန္ဒအတိုင်း ဖြစ်ရပါစေ့မယ်"

ထပ်မံ ကတိပေးမိပြန်သည်။

"သမီး လုပ်ချင်တာကို လွတ်လွတ်လပ်လပ် လုပ်စမ်းပါလို့
ခုနေ ဖေဖေက ခွင့်ပေးလိုက်ရင် ငါ့သမီးဘာလုပ်မလဲဟင်"

ဖခင်၏မျက်နှာကို မရဲတရဲမော့ကြည့်မိသည်။ ကိုယ့်ဆန္ဒကို
ပြောသင့်ပါ့မလား။

"ရဲရဲပြောစမ်းပါသမီး၊ သမီးရင်ထဲမှာ တခြားဆန္ဒတစ်ခု
ရှိနေပါသေးတယ်၊ သမီး ဟိုပင်ကိုပြန်ချင်တာလား"

"မပြန်ချင်ပါဘူး ဖေဖေ"

"ဒါဖြင့် ဘာလုပ်ချင်သလဲ"

"ဖေဖေခွင့်ပြုမယ်ဆိုရင် နောင်နှစ်ခါ ကျောင်းပြန်ဖွင့်ရင်
ကောလိပ်ကျောင်းကို သမီးတက်ချင်ပါတယ်"

ဖေဖေက လိုက်လျောစွာ ပြုံးလိုက်သည်။

"ဖြစ်ရမှာပေါ့ သမီးမသီတာရယ်၊ ငါ့သမီးကျောင်းတက်ဖို့
ကားတစ်စင်း ဖေဖေ သပ်သပ်ဝယ်ပေးမယ် ဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး ဖေဖေရယ်၊ သမီးဝမ်းသာရတာတွေ ပြောမပြတတ်အောင်ပါပဲ"

"ငါ့သမီးက အခုမှ ဆယ့်ရှစ်နှစ်ရှိသေးတာ၊ ကျောင်းတက်၊ ဂရက်ဂျူရိတ်ဖြစ်၊ အသက်ကလဲကြီးတော့ စက်ရုံကို ပိုပြီးအုပ်ချုပ်နိုင်တာပေါ့"

"ကျောင်းတက်ရင်းလဲ စက်ရုံလုပ်ငန်းဆိုတာကို နားလည်လာအောင် သမီးကြိုးစားသင်ယူပါ့မယ် ဖေဖေ. . ."

"ကောင်းတာပေါ့ သမီး"

"သမီးရမယ့်အတွက် မဟုတ်ပါဘူး၊ ဖေဖေ့ကို ကူညီခွင့်ရချင်တာပါပဲ"

ဖေဖေသည် ကြည်နူးချမ်းမြေ့စွာပြုံးလိုက်ရင်း ထိုင်ရာမှ ထလိုက်သည်။ ခင်သီတာ၏ ပုခုံးကိုပုတ်ပြီး . . .

"ဖေဖေ့ သမီးလိမ္မာလေး မသီတာ"

"ဖေဖေရယ်"

"ဖေဖေ. . . စက်မှုလက်မှု ဝန်ကြီးရုံး သွားရဦးမယ်. . . သွားမယ်နော် သမီး"

"ဩော်. . . ဖေဖေ"

"သမီး"

"မေမေသင်ထားလို့ ညတိုင်း ဖေဖေဆိုတာကို မှန်းပြီး ရှိခိုးခဲ့ပါတယ်၊ ဒီရောက်တော့လဲ တစ်အိမ်စီနေရတော့ ညဘက်ဘုရားရှိခိုးပြီးချိန်မှာ မတွေ့ရပါဘူး"

"ဖေဖေ့ကို တွေ့ချင်လို့လား"



"မဟုတ်ပါဘူးဖေဖေ၊ ကန်တော့ချင်လို့ပါ"

"ဟင်"

"ဖခင်ဆိုတာရဲ့ခြေအစုံကို ဦးခိုက်ပြီး ရှိခိုးချင်တာ ဆယ်နှစ်ကျော်ခဲ့ပါပြီ ဖေဖေရယ်၊ ဒါကြောင့် သမီးကန်တော့ပါရစေနော်. . ."

ဖတ်တက်ရပ်နေသော ဖခင်ကြီး၏ရှေ့မှ ပုံ့ပုံ့လေးထိုင်လျက် လေးမြတ်ရိုကျိုးစွာ ရှိခိုးလိုက်မိသည်။

အမှန်ပင် ခင်သီတာ၏ ဆံယဉ်စများဖြာဝေနေသော နဖူးပ်ဖွားလေးနှင့် ဦးသိန်းထိုက်၏ ခြေဖျားများ ထိတိုက်သွားရသည်။

"သမီးလေး မသီတာ၊ လိုရာဆန္ဒပြည့်ဝပါစေကွယ်"

"ဖေဖေ့ အသံတွေ တုန်လို့ပါလား"

"အို. . . ဖေဖေပြုံးနေပေမဲ့ ဖေဖေ့မျက်လုံးတွေမှာ မျက်ရည်တွေ ဝဲလို့ပါလား"

"ဖေဖေ့တစ်သက်မှာ ဒီလိုကြည်နူးကျေနပ်မှုမျိုးကို တစ်ခါမှ ခံစားရဘူးသေး ပါဘူးကွယ်၊ သမီးလေး မသီတာရယ်"

ကြည်နူးခြင်း မျက်ဝန်းအတွင်းမှ မျက်ရည်ကြည်များ ဝေသီလျက်၊ ထွက်ခွာသွားရှာသော ဖခင်ကြီးကို မျက်စိအောက်မှ ပျောက်ဆုံးသွားသည်အထိ၊ ခင်သီတာ လိုက်လံငေးကြည့်နေမိပါတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

● အခန်း (၂၃)

အောက်ထပ်တွင် လူစုံရှိနေကြသည်။

ခင်သီတာ ယခုနေရသောအိမ်မှာ ယခင်နေရသော ဖေဖေတို့ တိုက်ကြီးလို ကြီးမားကျယ်ပြန့်ခြင်း မရှိရုံမက နိမ့်လှသဖြင့် အပေါ်ထပ်နှင့်အောက်ထပ်ဆီမှ အသံဗလံများကို ကြားနေရတတ်သည်။

လုလု၊ ဒေါ်ကြည်မြ၊ ဦးအောင်ဒွန်းနှင့် သူ ကိုတာရာတို့ ဖြစ်ကြပါ၏။

ဒေါ်ကြည်မြက အောက်ထပ်သို့ ဆင်းလာရန် ပြောပါ၏။ ခင်သီတာမှာ လုလုကို နှုတ်ဆက်ပြီး အပေါ်ထပ်၌သာ နေလိုက်သည်။





သူတို့လုံးစု ပြဿနာတစ်ခုကြောင့် ဖေဖေကို စောင့်ဆိုင်းနေကြပါသည် ဆိုပါ၏၊ ကိုယ်ဝင်ပါလျှင် ဖေဖေကြိုက်မည် စိုး၍ပါ။

"လုလုပြဿနာဆိုလို့ သီတာလဲ ဆင်းလာပြီး နားထောင်ခင်ပါတယ်၊ ဖေဖေမကြိုက်မှာ စိုးလို့ပါ ဒေါ်ဒေါ်မြ"

ဟုအကြောင်းပြပြီး တစေ့တစောင်း အပေါ်မှပင် ချောင်းမြောင်း နေမိသည်။ သိချင်လှသော်လည်း ဆင်းရဲပါ။

မကြာမီ ဖေဖေရောက်ရှိလာသည်။

အလုပ်များလွန်း၊ ပြဿနာစုံလွန်းသော ဖေဖေမှာ မနိုင်မနင်း ဆောင်ရွက်နေပုံရပါ၏။ ဖေဖေ့သွင်ပြင်က ပင်ပမ်းနွမ်းနယ်လှန်းနေပါသည်။

"သမီးရော မကြည်မြ"

"ရှိပါတယ် အပေါ်မှာ"

"ထမင်းစားပြီးကြပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီရှင့်"

"သမီးစားချင်တာ ချက်ပါ၊ သူ ကိုယ်ရော စိတ်ရော ချမ်းသာအောင် ဆောင်ရွက်ပေးလိုက်ပါ"

"စိတ်ချပါရှင့်"

ဖခင်ကြီး၏ စေတနာစကားများသည် စမ်းရေကြည်များ စီးဆင်းလာသည့်အလားပါ။

"ကဲ. . . မင်းတို့ စောမောင် ထွက်သွားတဲ့ကိစ္စ၊ ပြောမယ်ဆိုတာ ပြောကြစမ်း"

"လုလု ပြောလိုက်လေ. . . ဝန်ခံလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဒွန်း၏ အသံ. . .

လုလုစကားစပြောသည်။ သူ့ အသံကတိုးနေသည်။ ခံစား ချိုင့်ဝှမ်းများကို ဖြတ်သန်းလာရ၍ထင်သည်။ အသံများက တုန်ခိုက်နေပါ၏။

ခင်သီတာ ရှင်းစွာမကြားရတော့။

ပြောကြဆိုကြပြီး ခဏမျှအကြာတွင်. . .

"သီတာ"

"ဟင်. . . ဒေါ်ဒေါ်မြ"

"လာတဲ့. . . ဦးသိန်းထိုက်က"

"ဟင်. . . ဖေဖေက ခေါ်ခိုင်းတယ်"

"ဟုတ်တယ်. . . သူ့ ဖေဖေမကြိုက်မှာစိုးလို့၊ မသင်းရဲ့ဘူး ဆိုလို့ ခေါ်ခိုင်းလိုက်တာ"

ခင်သီတာ ဝမ်းသာသွားရသည်။

"ပြီးတော့ ပြောနေကြဟာတွေကလဲ သီတာ့အကြောင်းတွေပဲ"

"ဟင်. . . သီတာ့ အကြောင်းတွေ"

"ကဲပါ. . . လာ"

သီတာတို့ ဆင်းလာသည့်အခါတွင်၊ ဖေဖေ့ဘေး ကုလားထိုင်မှ ကိုတာရာက ထပေးသည်။ ခြေရင်းပိုင်း ဒေါ်ကြည်မြဘေးမှာ သူဝင်ထိုင်သည်။

"သမီးရောက်တဲ့ညက အကြောင်းတွေပြောနေကြတာ"

"ဟင်"





ဖေဖေက ပြုံးရွှင်စွာပြောသည်။ သူ့ဘေးတွင် ဝင်ထိုင်သော ခင်သီတာကိုသာ ငေးကြည့်နေရှာသော ဦးသိန်းထိုက်တို့ သားအဖကို အားလုံးကဝိုင်းကြည့်နေကြပါ၏။

"သမီးရောက်လာတဲ့ညက ဂျစ်ကားနဲ့ ခေါ်လာခဲ့တဲ့ လူနှစ်ယောက်ဟာ သမီးကို ပြန်ပေးဆွဲမလို့တဲ့"

"အို"

"သမီးဟာ ဦးသိန်းထိုက်တို့အိမ်ရဲ့ အရေးပါတဲ့ ဧည့်သည်တစ်ယောက်မို့ ဟောင်းသလောက်နဲ့ချေးရမှာပဲဆိုပြီး ခေါ်လာကြတာတဲ့"

"သမီးကို ပြန်ပေးဆွဲတာ"

"ဟုတ်တယ်လေ"

"ဒါဆိုရင် သမီးကိုခေါ်သွားမှပေါ့"

"ခုလဲ ခေါ်လာတာပဲ မဟုတ်လား"

"ခေါ်လာပေမဲ့ ကားပျက်တယ်ဆိုပြီး လမ်းထိပ်မှာရပ်လိုက်ပါတယ်၊ ပြီးတော့ မှောင်ထဲမှာ အဲဒီလမ်းပဲ. . . လမ်းထဲကို ဝင်သွားဆိုပြီး လွှတ်လိုက်ပါတယ်"

"ဟုတ်လား သမီး"

"ဟုတ်ပါတယ် ဖေဖေ. . . ပြီးတော့. . . အဲ. . . အဲဒီကားနဲ့ပဲ လိုက်လာပြီး သမီးကို တိုက်သတ်တာပဲ"

"ဟုတ်ပါ့မလား. . . သမီးကို သတ်လို့သူတို့ ဘာရမှာလဲ သမီးကိုပြန်ဖမ်းနိုင်မှ ပြန်ပေးဆွဲလို့ရမှာပေါ့"

"မခင်သီတာပြောတာ ဖြစ်နိုင်ပါတယ် ဦးလေးထိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အားလုံးက ကိုတာရာကို ဝိုင်းကြည့်နေလိုက်ကြသည်။ ဦးအောင်ဒွန်းက. . .

"ဟော့. . . မောင်တာရာ ရှင်းနေတဲ့ပြဿနာပဲကွ၊ ဟိုမှာလဲ လုလုက ဝန်ခံနေပြီ၊ စောမောင်စာလဲ ရနေပြီပဲ"

လုလု၏လက်ထဲတွင် စာတစ်ရွက်ကိုင်လျက်. . .

"လုလု"

ဖေဖေ၏ အောင်မြင်ကျယ်လောင်သောအသံက ဟိန်းထွက်လာသည်။

ဖေဖေသည် ခင်သီတာနှင့် ကိုတာရာကို အကြွင်းမဲ့ယုံကြည်ပြီးသူမို့၊ ယခုအမှုကို ပြန်လည်စစ်ဆေးဦးမည့် ပုံသဏ္ဌာန်မျိုးပါ. . .

ဖေဖေ့ကို ကြောက်ရွံ့စွာ ကြည့်နေသော လုလုကို ဖေဖေကပင်. . .

"စောစောက ဝန်ခံထားတဲ့ ... ကားတွေပြန်ပြောစမ်း"

"ကိုတာရာလာပေးထားတဲ့ ခင်သီတာရဲ့ ဓာတ်ပုံတစ်ပုံကို ရအောင်ခိုးပေးပါတဲ့"

"အင်း"

"ပထမတော့ ဓာတ်ပုံကို ပြန်ကူးယူမလို့တဲ့၊ ဒါပေမယ့် အစ်ကိုလေး ကိုကျော်သူကို လုလုကပြောကြည့်ပါတယ်"

"လုလုပါလိုက်ကြိုးရမယ်ဆိုတော့ ဖိုးနီးကလေးချင်း ရှာတဲ့တတ်ပါတယ်၊ ဒီတစ်ပုံပဲ ယူသွားရအောင်ပါဆိုတော့ အစ်ကိုလေးက လွယ်လွယ်ပဲ သဘောတူပါတယ်"





"ဒီကောင်က ဘာမဆိုလွယ်တယ်လေ"

"ဒီ. . . ဒီတော့. . . ဓာတ်ပုံတစ်ပုံကို စောမောင်ယက်ငြီ ...ခပ်လိုက် မိပါတယ်"

"ဒီလိုဆို သမီးဓာတ်ပုံနှစ်ပုံ ပို့မိတဲ့အတွက် ဖြစ်ရတဲ့ ကိစ္စ ...တွေပဲပေါ့နော်"

"သမီးမှာ ဘာအပြစ်မှမရှိဘူး"

ဦးသိန်းထိုက်က ပြတ်သားစွာ မှတ်ချက်ချပြီး၊ လုလု၏လက် ... စာရွက်ကို ခင်သီတာ၏ လက်သို့ပေးအပ် ဖတ်စေသည်။

လုလု. . .

ငါနဲ့ ပူးပေါင်းမိတဲ့ လူနှစ်ယောက် အနက် ...တစ်ယောက်ကို တခြားအမှုနဲ့ ရဲကမိသွားပြီ။ ခင်သီတာ့ ကိစ္စပါ ...ပေါ်ပေါ်လာတော့မယ်။ ဒါကြောင့် သိန်းထိုက် ရတနာကို ...ပြန်မလာ ဝံ့တော့ဘူး။တို့နှစ်ယောက် ချမ်းချမ်းသာသာ နေနိုင်အောင် သိန်းဆောင်တို့နဲ့ ပေါင်းတာပါ။ ဒါပေမယ့် ...အောင်မြင်လို့ နင်နဲ့ ဝေးရတဲ့အတွက် ငါစိတ်မကောင်းပါဘူး။ ...င်နဲ့နီးရအောင် တစ်နည်းနည်းနဲ့ ငါပြန် ကြိုးစားပါ့မယ်။ ...ကိစ္စကိုလဲ နင့်ဆီကစပြီး လုံးဝမပေါ်စေနဲ့ နော်။ နင်ပါ ...တွေ့ရောက်သွားမှာ။

လုလုကို အမြဲချစ်တဲ့
စောမောင်



www.burmeseclassic.com

www.burmeseclassic.com



ခင်သီတာ စာကိုဖတ်ပြီး လုလုလက်သို့ လှမ်းပေး
လိုက်သည်။

အသားဖြူသော လုလု၏ မျက်နှာတစ်ပြင်လုံး သွေးဆ
လွှမ်း၍ နီမြန်းနေသည်။ သူ့ရင်၌ ကြီးစွာသော ခံစားမှုကြီး တစ်
ဖြစ်ထွန်းလာသော အင်္ဂါရပ်များဖြစ်ကြောင်း ခင်သီတာသိလို
ပါသည်။

မျက်ရည်ဝဲနေသော သူ့အကြည့်များက ခင်သီတာ
တောင်းပန်နေသလိုပါ။

"စောမောင်က အခုရောက်လာမယ်ဆိုတဲ့ ခင်သီတာ
ငါတို့ပြန်ပေးဆွဲမယ်လို့ လုလုကို ပြောသလား"

"ဟုတ်. . . ပြောပါတယ်ရှင်"

"မင်းပါ သဘောတူတယ်ပေါ့ ဟုတ်လား"

ဖေဖေက လုလုသို့ တင်းမာစွာ မေးလိုက်သည်။

"ဟုတ်ပါတယ် ဦးလေး၊ သီတာရထားပေါ်က ဆင်းလာ
လုလုတွေ့ပေမဲ့ တမင် တခြားဘက်ကို အစ်ကိုလေး ကို ခေါ်သွား
ပါတယ်၊ ဒါကြောင့် ဓာတ်ပုံပြနိုင်တဲ့ ကိုသိန်းဆောင်ရယ်၊ ဖိုးသိ
ဆိုတဲ့ လူနှစ်ယောက်နောက်ကို သီတာပါသွားတာပါ"

ဦးသိန်းထိုက်က ဒေါသနှင့် လုလုကို ကြည့်လိုက်သည်။

"သူတို့ အစီအစဉ်ထဲမှာ ခင်သီတာကို သတ်ဖို့ဆိုတာ
မပါပါဘူးရှင်. . .၊ ပြန်ပေးဆွဲမှ ငွေရမယ်လို့ ကိုစောမောင်
တဲ့အတိုင်း လုပ်ကြမှာပါ"

"သမီးက ဘယ်လိုထင်သလဲ"





"မပြောတတ်တော့ပါဘူး ဖေဖေရယ်၊ သမီးပြေးတဲ့ဘက်
ကားကြီးက အတင်းတိုးဝင် လာတာပါပဲ၊ သမီးကလဲ ပြေးရင်း
ောက်ထဲ ကျသွားခဲ့ရတာပါပဲ"

"ကားကောင်းသွားလို့ ပြန်လိုက်ဖမ်းတာလဲ ဖြစ်နိုင်တာပဲ"

ဦးအောင်ဒွန်း၏ စကားကို ကိုတာရာက ချေပသည်။

"ပြန်ဖမ်းချင်ရင် ဒီလမ်းထဲသွားသည့် လွှတ်လိုက်ပါ့မလား
လေးဒွန်းရဲ့၊ သူတို့ကား တကယ်ပျက်တာဆိုရင် ခင်သီတာ
တ်သွားနိုင်တာပေါ့၊ ကားပျက်ရင် တစ်ခြားနည်းနဲ့ တစ်ခြားလမ်း
ခေါ်သွားကြမှာပေါ့"

"ပြောတတ်ဘူး မောင်တာရာရေ၊ ဒီပြဿနာ ငါနဲ့လဲ
ဆိုင်ဘူး၊ လုလုဆိုတဲ့ နာမည်နဲ့ စက်ရုံကတစ်ဆင့် ရောက်လာတဲ့စာ
စောမောင်လဲ ပျောက်နေတာနဲ့ မသင်္ကာလာလို့"

"ဦးလေးဒွန်း ဖွင့်တာလား"

"မဟုတ်ရပါခင်ဗျာ၊ ဦးသိန်းထိုက်ရဲ့လက်ကို တစ်ခါထဲ
လိုက်တာပါ"

"ဟုတ်တယ် တာရာ၊ စာက တကယ် မဖွင့်ရသေးဘူး၊
မြို့ စာတိုက် တံဆိပ်တုံးနဲ့ ငါကိုယ်တိုင် ဖောက်ပြီးမှ ဒီမှာ
ကို ခေါ်ရှင်းကြတာပါ"

ကိုတာရာ သံသယရှင်းပါစေရန် ပြောသော်လည်း
ာရာက လုလုသို့ ကြည့်ပြီး. . .

"မလုလု"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com


"ဒီကိစ္စတွေ အားလုံးကို ကိုစောမောင်က လွဲပြီး တ[...] ခင်ဗျားကို ခိုင်းတဲ့လူ မရှိဘူးလား"

"ဟင်. . . အို. . . မရှိပါဘူး"

"ဒါ တစ်ယောက်ယောက်က ခိုင်းနေတာတော့ မဟု[...] ဘူးနော်၊ မလုလုအနေနဲ့ တစ်ခါထဲ အားလုံးကိုပွင့်ပြော[...] ပါတယ်"

"တကယ်ဖါ ပေးချင်တဲ့ အပြစ် ပေးကြပါ၊ လု[...] စောမောင်နဲ့ ကြုံကြတာပါ၊ စောမောင်ကလဲ လူကောင်းပ[...] သိန်းဆောင်တို့လို လူဆိုးတွေနဲ့ ပေါင်းမိလို့ ဒီအိမ်က အကြောင်[...] ပြောမိလို့ ဖြစ်သွားရတာပါ"

"ဒါဖြင့် ကိုစောမောင်လဲမရှိတော့ ဒီအမှုအားလုံး ခင်[...] ပေါ် ပုံကျလာမှာနော်"

"ကျွန်မ သိပါတယ် ကျွန်မကို ပေးချင်တဲ့အပြစ် ပေး[...] ကျွန်မတို့ကို ဘယ်သူကမှ ခိုင်းတာမဟုတ်ပါဘူး"

မျက်ရည်များသွယ်ကျလာရင်း၊ အားလုံးကို ရင်မ[...] သလို ငုံ့၍ပြောနေသော လုလုကို အားလုံးကဝိုင်းကြည့်နေကြ[...] ပြီးတော့ အံကိုခဲလျက် လုလုကပင်. . .

"နောက်. . . နောက်ပြီး သီတာရောက်လာတော့လဲ [...] ဒုက္ခပေးဖို့ မရည်ရွယ်ကြတော့ပါဘူးရှင်။ သီတာ့ကို ကျွန်မညီမ[...] တစ်ယောက်လို မြင်မြင်ချင်းသနားပြီးပြုစုပေးပါတယ်"

"ဒါတော့ တကယ်ပါပဲဖေဖေ၊ လုလုဟာ သမီးအတိတ်[...] နေစဉ်ကရော၊ ဖျားပြီး ဆေးရုံတက်စဉ်ကပါ တကယ်စေတ[...]



[...]နာပါတယ်"

"ကောင်းပြီလေ၊ လုလုကော့ (စ်) ကိုတော့ ရဲလဲ တိုင်မနေ[...]ပါဘူး၊ သူ့ကို အလုပ်ကထုတ်ဖို့နဲ့ မထုတ်ဖို့ပဲ မသက်ဦးနဲ့[...]ပင်ရမယ်၊ သူတို့ခေါ်ထားတာကိုး"

"အခု စောမောင်ဆီက စာလာတဲ့ကိစ္စကို၊ အစ်ကိုလေးနဲ့[...]ကြီးတောင် မသိကြသေးပါဘူးရှင်၊ သိကြရင် လုလုဒီမှာ[...]နေရတော့မှာ မဟုတ်ပါဘူး"

လုလုက မျက်နှာကို လက်ဝါးနှင့်အုပ်ရင်းငိုသည်။

"အခုရှိတဲ့လူတွေဟာ ကျွန်တော့်လူယုံတွေပါ၊ တာရာ့အနေ[...] သံသယတွေကို ချေဖျက်လိုက်ပါတော့၊ မသက်ဦးတို့သား[...]လဲ ဒီလိုအကြံအစည်မျိုး ကြံ့ဝံ့ကြမှာ မဟုတ်ပါဘူးဆိုတာ[...]ယုံကြည်ပါတယ်၊ ပြောရဲပါတယ်"

ကိုတာရာသည် ထက်မြက်လင်းလက်သော မျက်ဝန်းအစုံ[...]ဦးသိန်းထိုက်ကို ကြည့်နေသည်။ ဘာမှဖြင့် မပြောရှာ။

"လုလု တစ်ဆက်ထဲတောင်းပန်ပါရစေရှင်"

လုလုသည် ပြုံးစေ့စေ့ မဝံ့မရဲနှင့်၊ အဆူခံအပြောခံနိုင်သော[...]အစားမျိုးထဲကမဟုတ်။ သူ့တာဝန်ကို မခိုမကပ်ဘဲ လုပ်တတ်[...]ပြောရဲ ဆိုရဲရှိသော အစားမျိုးထဲကပင် ဖြစ်သည်။

"ပြောစမ်း. . . ဘာလဲ"

ဦးသိန်းထိုက်သို့ တစ်ချက်ဝင့်ကြည့်ပြီး ပြန်ခေါင်းငုံ့လျက်. . .

"ရဲလက်မအပ်ဘူးဆိုတာလဲ ဝမ်းသာလှပါပြီ၊ အိမ်ထဲမှာ[...]တဲ့အပြစ်ပေးကြပါရှင်၊ လုလု ခံယူပါမယ်"


www.burmeseclassic.com

www.burmeseclassic.com



ခင်သီတာမှာ လုလုကို သနားလွန်းရပါပြီ။

"လုလုကို ဒီအိမ်ကတော့ အလုပ်ထုတ်မယ်ပါနဲ့"

"ဟင်"

"လခလဲ ဖြတ်ချင်ဖြတ်ပါ၊ လုလုမှာ ဘယ်မှာမှ သွား
စရာမရှိလို့ ဒီမှာပဲ ဆက်နေပါရစေလို့ တောင်းပန်ပါတ
ဦးလေးရယ်"

"ကောင်းပြီလေ၊ မင်းကိစ္စကို ငါစဉ်းစားပြီးမှ အဆုံးအဖြ
ပေးမယ်၊ လုလု ပြန်နိုင်ပြီ"

လုလုက မျက်ရည်များသုတ်လျက်နှင့် ငိုငိုလေး ထပြန်သွ
ရှာသည်။

"သနားပါတယ် ဖေဖေရယ်၊ သူ့ကို ဆက်ထားလို့မရ
ဘူးလား"

ဦးသိန်းထိုက်က အဖြေမပေးသေး။

ကိုတာရာက ခင်သီတာသို့ စောစောက မျက်ဝန်းမှ
ကြည့်ပြန်သည်။

"ကျွန်တော်ပြန်လို့ရမလား၊ ကျွန်တော့်စာရင်းတွေ မ
ရသေးဘူး"

"ရပြီ ကိုအောင်ဒွန်း၊ သွားတော့"

ဦးအောင်ဒွန်း ထွက်သွားပြီးသောအခါ. . .

"ကဲ . . . တာရာ"

"ဟုတ်ကဲ့. . . ဦးလေး"

"ပြီးတာတွေလဲ ပြီးပြီ၊ မင်းရဲ့သံသယတွေ ဖြေဖျောက်လို



ား၊ ကိုအောင်ဒွန်းဟာ တကယ်ရိုးသားတဲ့သူပါ"

ကိုတာရာ၏ နှလုံးသားတွင်းမှ သံသယမျှင်လေးများကို
သိန်းထိုက်က တစ်စချင်းဆွဲထုတ်ယူပစ်နေသည်။

"မင်းက အင်မတန်တွေးတဲ့ကောင်မို့ပါ၊ လုလုဝန်ခံသွား
ာ တွေဟာ ဖြစ်နိုင်ပါတယ်"

"ဟုတ်ကဲ့၊ ဦးလေးကိုယ်တိုင်က ပြီးပြေပြီ ဆိုရင်တော့လဲ
ကိစ္စက နိဂုံးချုပ်ပြီပေါ့၊ ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာတော့
ှင်းလှသေးပါဘူး"

"ဒါ ဝတ္ထုဇာတ်လမ်း မဟုတ်ပါဘူးကွာ၊ စာရေးဆရာ
ချင်တိုင်း ဇာတ်ကွက်ဆင် တွေးမနေပါနဲ့၊ ကဲ မင်းလဲ ပြန်နိုင်ပြီ"

"ကောင်းပါပြီ ဦးလေး"

ကိုတာရာသည် သူနှင့်မဆီမဆိုင်ပါဘဲနှင့်အကြိတ်အခဲလေး
ကို သယ်ဆောင်ရင်း ပြန်သွားရသည်ဟု ခင်သီတာ ထင်လိုက်
သည်။

"ဖေဖေ ပြန်ရောက်လာပြီပဲ၊ ဘယ်သူမှ ဘာမှ လုပ်ဝံ့
ာမှာ မဟုတ်ပါဘူး၊ သမီးမကြောက်နဲ့နော်"

"ဟုတ်ကဲ့ပါ. . . ဖေဖေ"

"ဖေဖေမရှိတုန်း ဖြစ်ရတဲ့ကိစ္စအတွက်၊ သမီးလေး မသီတာ
ဖေဖေသိပ်သနားသွားတာတစ်ခုပဲ ရှိပါတယ်"

"ရပါတယ် ဖေဖေ"

"သမီး ဘဝအတွက် ဖေဖေဟာ တံတိုင်းကြီးဝိုင်းရံထား
ယ်လို့သာ မှတ်ယူပါ၊ ငါ့သမီးဆီ ဘာအန္တရာယ်မှ ရောက်မလာ



www.burmeseclassic.com

www.burmeseclassic.com



စေရဘူး ကဲ... ဖေဖေသွားစရာတွေ ရှိသေးတယ်၊ သွားတော့မယ်နော်"

ကိုစောမောင်၏ စာကိုကိုင်ပြီး ဖေဖေလည်းထွက်သွားပါပြီ။ ခင်သီတာရောက်ခါစက ကိုစောမောင် မှာပေးခဲ့သည့်စာ လက်ဆောင် ဖြစ်ကတတ်ဆန်း။

ယခုတော့ လှလှပပ သေသေသပ်သပ်။

"ဩော်... ဟိုတုံးက အပြေးအလွှား ရေးသွားရလို့ ထင်ပါရဲ့"

❖ ❖ ❖



● အခန်း (၂၄)

မုတ်သုန်၏ တာဝန် ကုန်လေပြီ။

မိုးစက်ကလေးများကို မမြင်ရတော့။ မိုးရန့်လေးများပင် ပြယ်ပါပြီ။

တစ်နှစ်တာခွဲခွာခြင်းအတွက် နှုတ်ဆက်ရင်းဖြင့် သူထွက်သွားခဲ့သည်မှာပင် ကြာခဲ့ပါပြီ။

ဤမြေပေါ်မှာ စိုးမိုးမင်းမူ၊ နေရာယူတတ်သော မိုးပွင့် မိုးစက်လေးများကိုယ်စား မြူနှင်းမှုန်လေးများကိုပင် မြင်နေရပါပြီ ကော။

ဩော်... သင်းပျံ့သည့် နှင်းရနံ့ လေးများနှင့်အတူ ဆောင်းဦးလေပြည်ညှင်းသည် အေးမြခြင်းကိုပါ တစ်ပါတည်း



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူဆောင်ကျဉ်းခဲ့ပါ၏။

ဤသိန်းထိုက်ရတနာ ခြံကြီးအတွင်းမှာ ခင်သီတာအတွက် ကြာလေ နေသားတကျရှိရလေပါ။

တက်ရုံ၏ လည်ပတ်မှု၊ ဖေဖေ၏လုပ်ငန်းများ၊ အလုပ်သမား များ၏ ရှုပ်ထွေးခွင့်ကိစ္စများမှအစ၊ အမြတ်တော်ကြေးပေးဆောင်ရမှု အထိ အားလုံးအဆင်ပြေပြေပါ။

ဖေဖေ၏ စေတနာကို တုန့်ပြန်ကြသော စက်ရုံလုပ်သား ထု၏ လုပ်အားက အစ အားလုံး အားလုံး အဆင်ပြေပါလေသည်။

ခင်သီတာ့အတွက်လည်း ပြဿနာတက်စရာ ဤခြံကြီး အတွင်းမှာ တစ်ဦးတစ်ယောက်သော်မျှ မရှိပါ။

ဒေါ်သက်ဦးက စ၍ပါ။

ကိုစောမောင်၏ ပြဿနာသည်လည်း ပြီးဆုံးမီးငြိမ်းသွားခဲ့ ရပါပြီ။ လုလုကိုလည်း အလုပ်မဖြုတ်ဖြစ်။ အခု လုလုပင်လျှင် သူချစ်သူ ကိုစောမောင်ကို မေ့လျော့သွားလေပြီလား မသိ။ ယခင်နှင့် မတူတော့။ သူ့ကိုယ်သူ လုပအောင်၊ ထာဝရ ပြင်ဆင်ထားသည်ကို မြင်တွေ့ရပါ၏။

ယခု မူတမျိုးပြောင်းသွားသည်။

ခင်သီတာ၏ အိမ်တွင် ရေခဲသေတ္တာမှအစ၊ အိမ်ထောင် ပရိဘောဂ၊ စားသောက်ဖွယ်ရာ အစုံအလင် ထားပေးပါ သော်လည်း. . .

ယခင်လို အိမ်တွင် ချက်ပြုတ်မစားရ။

နံနက်စာ ထမင်းနှင့် ညစာ ထမင်းကို အိမ်ကြီးပေါ်မှာပင် သွားစားရသည်။

ခင်သီတာတို့ သားအဖနှင့်. . .

ဒေါ်သက်ဦးတို့ သားအမိ အတူတူ။

မိသားစုဝိုင်းပမာ စားရသည်ကို အစပိုင်းက မျိုမကျ မရွံ့မရဲနှင့် ဝလေသလား၊ မဝလေသလားပင်မသိ။ မျက်လွှာချ၍ အမြန်ပြီးအောင် စားပစ်လိုက်မိသည်။

ယခုမူ သည်သို့ မဟုတ်တော့။

"လုလု. . . သီတာက ငါးမြင်းဗိုက်သားမကြိုက်ဘူး၊ အသားတုံး ကောင်းကောင်းလေး သွားထည့်လိုက်စမ်း"

ဤစေတနာစကားကို စေတနာရှင် ဖခင်ကြီးက ပြောကြား ခြင်းလုံးဝမဟုတ်ပါ။

ဒေါ်သက်ဦးမှ. . . ဒေါ်သက်ဦး ပါးစပ်က ပြောကြားခြင်း စစ်စစ်သာ ဖြစ်ပါ၏။

"ညနေစာ ဘာစားချင်လဲ၊ အစ်ကို မြို့ထဲသွားရင်း ဟော်တယ်က ဟင်းတစ်ခုခုဝင်ဝယ်ခဲ့မယ်လေ"

"ရပါတယ် အစ်ကို၊ သီတာ စားကောင်းပါတယ်"

ဖေဖေ၏ စည်းလုံးစေချင်မှုကြောင့် မိသားစုဝိုင်းလေးပမာ ဖြစ်ခဲ့ရပါသည်။

ခင်သီတာ အရင်ခေါ်ဝေါ်ခဲ့သည့် 'ကိုကျော်သူ' ဟူသော နေရာတွင် 'အစ်ကို' ဟူ၍ ဖြစ်လာရပါပြီတည်း။

ထမင်းစားပြီး ပြန်လျှင်လည်း သူတို့သားအမိကပါ ပြန်မသွားစေချင်သေး။ မိသားစုဝိုင်းလေးပမာ အချို၊ အချဉ် သစ်သီး



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက် စသည်တို့ စားသုံးရင်း စကားစမြည် ပြောနေ စေချင်သေးကြောင်း ခင်သီတာ သိပါသော်လည်း ကြာရှည်ကြီးဖြင့် မနေဖြစ်ပါ။ အလိုက်သိစွာ ပြန်လာသည်ချည်းပါ။

"ရော့... ညီမဖို့ အစ်ကို ဝယ်လာတာ"

အဝတ်အစားများ၊ ယာဒလေပေါင်ဒါနှင့် အလှပြင်ပစ္စည်း တစ်ထုပ်။

"အို... မဟုတ်ဘာ၊ မယူပါဘူး အစ်ကို"

"အမယ်လေး... သူက အလကား အသားဝင်ယူပြီး ညီမကို မျက်နှာလုပ်နေတာပါ၊ နေ့လယ်က အန်တီသက် ဗိုလ်ချုပ်ဈေး သွားလို့ သီတာ့အတွက် ဝယ်လာတာတွေပါ"

"အို... နေ... နေပါစေရှင်"

ဒေါ်သက်ဦး၏ ပြုံးရွှင်နေသော မျက်နှာကို ကြည့်ပြီး ခင်သီတာ အံ့ဩစွာ ငြင်းလိုက်မိပါသည်။

"ယူသွားလေ မသီတာ... သူတို့ ငါ့သမီးကို တကယ့် စေတနာနဲ့ ပေးကြတာပါ"

ဖေဖေက လှမ်းပြောလိုက်သည်။ ဖေဖေ့ မျက်နှာပြင်ဝယ် ရှင်အေးစရာ ကောင်းလွန်းလှသော အပြုံးမျိုးကို မြင်တွေ့ရပါ၍...

"ဪ... ဟုတ်... ဟုတ်ကဲ့... သီတာ ယူပါမယ်ရှင်၊ အားနာလို့ ငြင်းမိတာပါ၊ အန်တီသက်နဲ့ အစ်ကို့ ကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးကွယ်...၊ လိုတာရှိရင်လဲ အန်တီသက်ကို ပြောနော်"

ကြောင်နှစ်ကောင်စာအုပ်တိုက်



"ဟုတ်ကဲ့ပါရှင့်"

"ညီးကလဲ နေပါဦးကွ"

"ပြန်တော့မယ် အစ်ကို...၊ ဖေဖေ... သမီး ပြန်ပါရစေ တော့နော်"

"ကောင်းပြီ သမီးလေး၊ သွား... သွားတော့"

ဖေဖေက ချောကလက်တောင့်ထဲမှ စတုရန်းပုံ ချောကလက်ကလေး တစ်တောင့်ကို ဖွဲ့စားရင်း ပြုံး၍ ပြောလိုက်သည်။

"ဪ... ဖေဖေ သိပ်ကျေနပ်နေရှာတာပဲ"

"ဟိုသားအမိကို ဘယ်လိုများစည်းရုံးယူလိုက်ပါလိမ့်..."

"ဦးသိန်းထိုက်ဟာ သိပ်တော်တဲ့ လူ..." လို့ ဒါကြောင့် သူတွေက ချီးမွမ်းကြတာပဲကို။

"ဒေါ်သက်ဦးနဲ့ ကိုကျော်သူတို့ဟာ ဖေဖေ့ ရှေ့မှာတင် ဟန်ဆောင်နေကြတာ မဟုတ်ဘူး။ ဖေဖေ မရှိတဲ့အခါမှာလဲ သူတို့ မျက်နှာတွေမှာ စေတနာပါတဲ့ အပြုံးတွေ မြင်နေရပါတယ်လေ"

"ဪ... ငါကလဲ ဖေဖေ့သမီးပဲဆိုပြီး ဘာတစ်ခုမှ မထောင်လွှားပဲ ကျေးတာစား၊ ထားသလို နေရတာကို သူတို့လဲ နားလည်သွားပြီ ထင်ပါရဲ့။

ခင်သီတာမှာ စိန့်ဘရားသား တံဆိပ်ပါသော စက္ကူအိတ်ကြီးကို ပွေ့ပိုက်ရင်း အပြန်လမ်းတွင် စဉ်းစားလာခဲ့ခြင်း ဖြစ်ပါ၏။

ဖေဖေဟာ ငါရောက်လာမှ စိတ်ချမ်းသာရှာတယ်တဲ့။

ခုဆို မေမေ့ဆီလဲ တစ်လ ငွေသုံးရာ မှန်မှန်ပို့နေရပြီ။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ကြည်ပြာကို ခွဲပြီးနေရတာက လွဲရင် ငါ့ဘဝ အားလုံး အဆင်ပြေနေရပါပြီလေ။

"ဪ. . . ဖေဖေ့ရဲ့ မေတ္တာရိပ်ဟာ သမီးမသီတာ အတွက် စိမ့်စမ်း သီတာရေစင်လို အေးမြလှပါဘိရှင်. . .

❖ ❖ ❖



● အခန်း (၂၅)

တန်ဆောင်မုန်းလ၏ ညဦးယံကလေး ဖြစ်ပါ၏။

ခင်သီတာ၏ အိမ်ကလေးဝန်းကျင်မှာ မာလီနှင့် စနစ်တကျ ...က်ပျိုးထားသော ပန်းခင်းလေးများဖြင့် လှပဝေဆာနေပါပြီ။

ဖေဖေနှင့်ဒေါ်သက်ဦးတို့ သားအမိ ရင်းနှီးသောမိတ်ဆွေ ...၏ ညစ်ခံပွဲသို့ သွားနေကြသည်။ ခင်သီတာ့ကို ခေါ်သော်လည်း ...င်သီတာ၏ ငြင်းဆန်မှုကို ဖေဖေကလက်ခံ၍ ကျန်နေရခြင်းပါ။

လရောင်အောက်မှ စပယ်ရုံလေးဆီမှ မွှေးရနံ့များသည် ...လေနှင့်အတူ လိုက်ပါလာတတ်သည်။

"ဒေါ်ဒေါ်မြ. . . သီတာ အိမ်ရှေ့ကပန်းခြံလေးထဲ ...ွက်ထိုင် နေလိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သွားနေ. . . သွားနေ အနွေးထည်လေး ဝတ်သွား ဒေါ်ဒေါ်မြတော့ ဒီအင်္ကျီလေး ပြီးအောင် ချုပ်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

အဖြူရောင် သိုးမွေးစွယ်တာလေးကို ထပ်ဝတ်ပြီး ခြံဝယ်လေးအတွင်း ဆင်းလာမိသည်။

ပွင့်လုဆဲ စပယ်ငုံလေး သုံးလေးဖူးကိုခူးခွေပြီး ဆံထုံးပေါ်သို့ စိုက်ထိုးလိုက်မိသည်။ အစီအစဉ်တကျ မဟုတ်သော မွေးမြရှိသာ။

စပယ်ရုံဘေးမှ ခုံတန်းလျားလေးမှာ ထိုင်ရင်း တန်ဆောင်မုန်း၏ လသည်၊ စပယ်ရုံဘေးမှ အဖြူရောင်လေးနှင့် မသီတာ၏ ဝန်းကျင်တစ်ဝိုက်မှာ ဖြူပျပျလေး လင်းနေပါ၏။

လဆန်းသော ညမှာ စပယ်သင်းသော ရနံ့လေးနှင့် အေး ကြည်နူးလွှမ်းနေမိသော ခင်သီတာ၏ ဘေးဆီသို့ အရိပ်မဲတစ်ခု ထိုးကျလာသည်။

"အို. . ."

အရိပ်ရှင်ကို ခင်သီတာ အလန့်တကြား မော့ကြည့်ရင်း နှုတ်ကပါ အသံပြုလိုက်မိသည်။

"ခွင့်လွှတ်ပါ မသီတာ၊ ကျွန်တော်ပါ"

"သြော်. . . ကိုတာရာ"

"လန့်များသွားလားဗျာ"

"အင်းပေါ့. . . ရုတ်တရက်ဆိုတော့"

"ခွင့်လွှတ်ပါဗျာ၊ မသီတာ ထွက်လာပြီး ဒီမှာထိုင်နေတာ ကြာသွားပြီနော်"

"ဟုတ်ကဲ့"

"ကျွန်တော် စောင့်ကြည့်နေပါသေးတယ်၊ ပြီးမှ မသီတာနဲ့ စကားပြောချင်လွန်းတဲ့ စိတ်တွေ ရင်မှာ ဝေလာတာနဲ့ ကျွန်တော် ထွက်လာခဲ့မိတာပါ၊ မသီတာ ခွင့်မပြုရင် ကျွန်တော် ပြန်ပါ့မယ်"

အမှန်စဉ်ခံရပါလျှင် အထီးကျန် ဆန်နေသော ဘဝမျိုးတွင် အဖော်လိုတတ်သည် မဟုတ်ပါလား။

ပြီးတော့ ခင်သီတာ ကိုယ်တိုင်ကလည်း ကိုတာရာနှင့် ရင်းရင်းနှီးနှီး ပြုံးမြင့်စွာ စကားပြောနေချင် မိပါသည်။

သို့ပါသော်လည်း မိန်းကလေးဆိုသော သဘော်တ သဘော စကားကိုက ရင်ထဲရှိသမျှ ပြောချ၍ ရတတ်နိုင်သည့် လူသား ဖြစ်နိုင်ခွယ်မှ မဟုတ်ပါဘဲလား။ ဒီတော့. . .

"ရပါတယ်လေ. . . ထိုင်ပါ"

ခုံတန်းလျား၏ တစ်ဖက်စွန်းသို့ ကပ်ပေးလိုက်ပါသည်။

ကိုတာရာကလည်း တစ်ဖက်စွန်း၏ လက်တန်းနှင့် ထိကပ်စွာ ထိုင်ရာပါသော်လည်း အကွာအဝေးက လက်တစ်ကမ်းစာမျှ မရှိပါ။

ခင်သီတာက ဆက်လက် ခူးခွေထားသော လက်ကွင်းမှ စပယ်ငုံလေးများကို ငုံ့ရှိုက်နမ်းနေမိသည်။ သူ့ကိုကြည့်နေသော ကိုတာရာကို ဘေးတိုက် အနေအထားနှင့် မြင်နေရပါ၏။

"မသီတာ"

"ရှင်. . ."

"မသီတာ ဒီမှာ နေသားကျလာပြီနော်"





www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သူတို့အားလုံးကလည်း သီတာ့ကို လက်ခံလိုလား နေပါပြီ"

"မသီတာ"

"ဟုတ်ကဲ့"

"ကျွန်တော်ကြိုပြီးတောင်းပန်ချင်တာကတော့၊ ကျွန်တော် ပြောချင်တာလေးတွေကို အခုလို အခွင့်အရေးလေးရတုန်း ပြောခွ ပြုပါလို့"

"ရပါတယ်၊ ပြောပါ"

"ပြီးတော့လဲ သည်းခံပြီး နားထောင်ပါလို့ ပြောပါရစေ"

"စကားပလ္လင်တွေ ခံလှချည်လား"

"ခံရပါတယ် မသီတာ၊ ကျွန်တော်ပြောမယ့် အကြောင်း မသီတာအတွက် နားမခံသာစရာ အကြောင်းမို့ပါ"

"ဘာများမို့လဲရှင်"

"ကျွန်တော့်အကြောင်းမို့ပါ"

"ဟင်. . ."

"အိုလေ. . . ကျွန်တော့်အကြောင်းဆိုတာထက် ကျွန်တော် ရင်ထဲကလျှံကျလာရတဲ့၊ ဝေဒနာလေးအကြောင်းပါဆိုရင် ပိုပြီးတိကျ ပါလိမ့်မယ်ဗျာ"

ခင်သီတာ သူ့ကိုကြည့်မိပါသော်လည်း၊ သူကမူ မျက်နှာစာ သို့သာ ကြည့်ရင်း. . .

"အို. . . ဒါလဲ မဟုတ်သေးဘူး"

"ဟင်. . ."





"ဝေဒနာတွေချည်းသာဆိုရင် ကျွန်တော် ထိန်းချုပ် နိုင်စွမ်း ရှိပါလိမ့်မယ်ဗျာ. . . ခုတော့"

ခုချိန်ထိ သူ၏ရည်ရွယ် ဦးတည်သွားနေသော စကားဆုံးရာ ရပ်ကို ခင်သီတာမမှန်းဆနိုင်မိသေး၍ သူ့ကို ငေးငေးလေး ကြည့်နေစဉ်မှာ. . .

"ခုတော့ ရင်ထဲက ပွင့်ကျလာမယ့် စကားတွေဟာ ဝေဒနာ တော်ဘူး ထင်ပါရဲ့ မသီတာရယ်"

"ရှင်. . ."

"ကျွန်တော့် နှလုံးသားနဲ့ အပြည့်ပါ၊ ပြည့်ရုံမကလို့ ကျလာ ရတာပါ။ ကျွန်တော် ထိန်းသိမ်းနိုင်စွမ်း မရှိတော့ပါဘူး၊ တော် မသီတာကို မေတ္တာရှိတယ်၊ သိပ်ချစ်တယ်"

"အို. . ."

"ဒါပေမယ့် မသီတာရယ်၊ ရင်မှ လျှံကျလာတဲ့ မေတ္တာ ကို စကားလုံးလေးတွေ အဖြစ်နဲ့ သီကုံးတင်ပြရုံလေးပါ"

"ကျွန်တော့်ဟာ မသီတာရဲ့ တုန့်ပြန်မှုမေတ္တာကို တောင်းခံလိုပါဘူးခင်ဗျာ"

"မသီတာ့ဆီက မေတ္တာကို ကျွန်တော်မရယူရက်ဘူး"

သူ ခင်သီတာကို မကြည့်၊ ခေါင်းငုံ့ထားသည်။ ကြမ်းတမ်း ခံစားမှု ရုပ်ဝန်းဆီမှ ရိုက်ခတ်လာသော သူ့အသံသည် ခိုက်လှိုက်လှဲလွန်းနေပါသည်။

"တစ်စုံတစ်ခုသော သံသယကြောင့် ရောက်လာမယ့် သည်နောက်ကို ကျွန်တော်လိုက်ခဲ့ပါတယ်၊ ကျွန်တော် မမြင်ဘူး



www.burmeseclassic.com

www.burmeseclassic.com

သေးတဲ့ အလှမျိုးနဲ့ မိန်းကလေးတစ်ယောက်ရယ်လို့ မသိပါဘဲ ကျွန်တော်ဟာ ချောက်ထဲက ဆယ်ယူခဲ့ပါတယ်"

"ဒီအတွက် သီတာနဲ့ ဖေဖေက ကိုတာရာကို သိပ်ပြီး ကျေးဇူးတင်နေကြတာပါရှင်"

"ကျွန်တော့်အတွက်တော့ ကျေးဇူးဆိုတာ မလိုအပ်ပါဘူး ဒါပေမယ့် ထားပါတော့လေ၊ ကျွန်တော် ဆက်ပြောပါရစေဦးလား မသီတာရယ်"

"ပြော. . . ပြောပါ"

"ချမ်းသာဆေးကုခန်းကို ရောက်တဲ့အထိ ကျွန်တော့် ရင်ခွင်ထဲမှာ မေ့မြောရင်း လိုက်ပါလာရှာတဲ့ မသီတာရဲ့ အလှ မျက်နှာလေး ကို တစ်ချိန်လုံး ငုံ့ကြည့်နေမိခဲ့တဲ့ အချိန်ကစပြီး ကျွန်တော် မသီတာ့ ပေါ်မှာ ချစ်သွားမိခဲ့တာပါ"

"အို. . ."

"ကျွန်တော့်ဘဝအတွက် ပထမဆုံး ရင်ခွင်ထဲ ရောက်သည် အထိ ထိတွေ့ခဲ့ဖူးတဲ့ မိန်းကလေးဟာ မသီတာပါဗျာ"

သည်တစ်ခါ ခင်သီတာမျက်နှာလွှဲရပါပြီ။ သူက ခင်သီတာ ၏ အရှက်တွေနဲ့ ဝေနေတဲ့ မျက်နှာလေးကို ကြည့်ရင်း. . .

"အဲဒီအချိန်ကစပြီး ခုချိန်ထိ တစ်စက္ကန့်ပြီးတိုင်း၊ ပြီးတိုင်း မသီတာကို ကျွန်တော်ပို ပိုပြီး ချစ်လာခဲ့ပါတယ်"

"ဒီအတိုင်းပဲ ကျွန်တော့်ရင်ထဲက နှလုံးခုန်နေသရွေ့ ကျွန်တော့်ရဲ့ အချစ်ဦး မသီတာကိုပဲ ကျွန်တော်ဟာ ပိုလို့ တိုး၍ ချစ်နေမယ်ဆိုတာလဲ မသီတာ ယုံပါ တကယ်ယုံပါ အချစ်ရယ်"



သူ့ ရင်လှိုင်းခတ်သံ ဝေဒနာက ကူးစက်မြန်သော ရောဂါ ခင်သည်။

ခင်သီတာ၏ ရင်မှားပါ တုန်ခါလာရပါပြီ။

"မိုးပေါ်ကို မော့ကြည့်လိုက်စမ်းပါ မသီတာ"

သူ့စကားအတိုင်း ခင်သီတာ ယောင်ရမ်း၍ မိုးပေါ်သို့ မော့ကြည့်လိုက်မိသည်။

တိမ်မည်းရိပ်များစင်ကြယ်နေပါ၍ ငွေလမင်းသည် သူ့ နံအား ရှိသမျှသော အေးမြခြင်း ရောင်ခြည်များကို ပေးစွမ်းနိုင် နေလေသည်။

အဆုံးအစ ရှာမရသေးသော မဟူရာရောင် ကောင်းကင် ပြင်ကြီးမှာ ကြယ်ငယ်ပေါင်း ကုဋေကုဋာဖြင့် ဖြိုးဖြိုးပြက်လင်းလက် နေပါ၏။

"မသီတာရဲ့ အသိုင်းအဝိုင်းနဲ့ ကြွယ်ဝပြည့်စုံမှုက ကောင်းကင်ပြင်ကြီးလို ကျယ်ပြောပါတယ်"

"မသီတာကတော့ ငွေလမင်းပေါ့"

"ရှင်"

"ကျွန်တော်ကတော့ တာရာဆိုတဲ့အတိုင်း ကြယ်ငယ်လေး တစ်လုံးပါပဲ မသီတာရယ်"

ကောင်းကင်ပြင်ကြီးနှင့်ယှဉ်၍ တင်စားနေသော သူ့စကား များကို ကြားနာရင်း ခင်သီတာမှာ မော့မြဲ မော့နေမိသည်။

လရောင် ဆမ်းထားသော ခင်သီတာ၏ အလှဆုံး မျက်နှာလေးကို ကိုတာရာက ငေးကြည့်ရင်းမှ သူက တစ်ဆင့်တည်း



www.burmeseclassic.com

www.burmeseclassic.com

ပြောနေသည်။

"ကျွန်တော့်အမေဟာ ကျွန်တော့်ဘဝနဲ့ ထိုက်တန်
နာမည်ကို မှည့်ပေးသွားပါတယ်"

"ဟုတ်ပါတယ်၊ ကြယ်ငယ်တစ်လုံးဆိုတာ ဘာမှ အ
မရောက်ဘူး၊ ဘယ်သူကမှလဲ အရေးထားပြီး ဒီနေရာမှာ ဒီကြယ်
လေး ရှိပါလားလို့လဲ စောင့်ကြည့် မနေပါဘူး"

"ကြယ်ငယ်ဆိုတာ အခြေမခိုင်တဲ့ မှိတ်တုတ်ရာမဲ့တဲ့ ဘဝ
ပြီးတော့လဲ တာရာဆိုတာ ကြွေလွယ်တဲ့ အမျိုးအစားသာဖြစ်ပါတ

"ဒီကောင်းကင်ပြင်ကြီးမှာ ထာဝရ မမှိတ်တုတ်နိုင်ပါ
ငွေလမင်းနားကိုလဲ ဘယ်သောအခါမှ ကပ်ခွင့်မရနိုင်တဲ့ အ
ပါလားဆိုတဲ့ အသိတွေ ကျွန်တော့်ရင်ထဲမှာ ရှိပါတယ် မသီတာရ

"ကျွန်တော် မသီတာကို သိပ်ချစ်တယ်၊ ဒါပေမ
မသီတာဆိုတဲ့ သမုဒ္ဒရာကို ပိုင်ဆိုင်တဲ့ အလှနတ်ဖုရားက သမုဒ္ဒ
ရဲ့ ဟိုမှာဘက်ကမ်းမှာ ရှိနေပါတယ်"

"ကျွန်တော်က ငှက်ငယ်ပါ၊ အတောင်ငယ် အားကိုး
ဒီသမုဒ္ဒရာကြီးကို ဖြတ်သန်းရင်း မောဟိုက်ရင်ကွဲပြီး ပင်လယ်
ကျရမယ့် အဖြစ်ဆိုတာလဲ ကိုယ့်ဘဝကိုယ်သိပါရဲ့"

"အို... ကိုတာရာကလဲ"

"စိတ်ညစ်သွားပြီလား မသီတာရယ်"

"စိတ်တော့ မညစ်ပါဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ဟင်"

"သီတာ့ကို သမုဒ္ဒရာနဲ့နှိုင်းပြီး တင်စားတာရယ်၊ ကောင်းတ

ပါက ငွေလမင်းနဲ့ နှိုင်းယှဉ် တင်စားနေတာတွေ ကတော့
လွန်လွန်းနေပြီထင်ပါတယ်ရှင်"

"မလွန်ပါဘူးဗျာ... ဒီကမ္ဘာကကြည့်ရင် ဒါတွေဟာ
အကြီးမား အမွန်မြတ်ဆုံးမို့ နှိုင်းယှဉ်တင်ပြရတာပါ၊ ကမ္ဘာပေါ်မှာ
သက်မြင့်မြတ်ကြီးကျယ်တဲ့အရာ ရှိရင်လဲ ကျွန်တော် တင်စားမိဦး
ာပါပဲ၊ အဲဒါတွေဟာ မြှောက်ပင့်မှုမဟုတ်ပါဘူး ဆိုတာတော့
ယုံပါမသီတာရယ်... မြတ်နိုးလွန်းလို့ပါဗျာ"

"သီတာဟာအဖမဲ့ဘဝနဲ့ ကြီးပြင်းခဲ့ရတဲ့ သာမန်တောနယ်
သူ တစ်ယောက်ပါဆိုတာ ကိုတာရာအသိပါလေ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် မသီတာ လျှောက်ရမယ့်
ရှေ့လမ်းခရီးမှာ သိန်းပေါင်းများစွာ ချမ်းသာတဲ့ သူဌေးမလေးအဖြစ်
...."

"အို... ဒါလဲ... မဖြစ်သေးပါဘူး၊ ဖေဖေစီစဉ်တုန်းပါ"

"မသီတာ... ကျွန်တော့်ရဲ့ မသီတာရယ်"

ခင်သီတာ သက်ပြင်းချရပါပြီ။

"အမြတ်နိုးဆုံးမို့ လားမသိဘူး၊ ကျွန်တော့် အမြင်မှာတော့
သီတာဟာ အမြင့်မြတ်ဆုံးတွေချည်းဘဲ"

"ရှင်"

"မသီတာဟာ သိပ်ချမ်းသာတယ်... သိပ်ပြီး သိမ်မွေ့
ယဉ်ကျေးတယ်၊ အိန္ဒြေကြီးမြင့်တယ်၊ အင်မတန်မှ နူးညံ့ပြေပြစ်တဲ့
တ်ထားရှိတယ်၊ ပြီးတော့ သိပ်လှတယ်၊ အလှဆုံးဆိုတဲ့ အ တွေ
 လှလွန်းတဲ့ မသီတာရယ်"





www.burmeseclassic.com

www.burmeseclassic.com



"အို"

"ဒါတွေကြောင့် တာရာဆိုတာနဲ့ မထိုက်တန်ပါဘူး...
ကျွန်တော်ကိုယ်တိုင်ကလဲ မြတ်နိုးမှု လွန်ကဲလွန်းတဲ့ စိတ်ထွေး...
မသီတာရဲ့မေတ္တာကို မတောင်းခံရက်ပါဘူးလို့ ထပ်ပြီးတင်ပြပါရစေ"

"အို... ကိုတာရာရယ်"

ရင်ထဲက မြည်တမ်းမိခြင်းပါ။

"ကျွန်တော့် ရင်နဲ့မဆန့်အောင်ခံစားနေရတဲ့ မြတ်နိုး...
မေတ္တာ ဝေဒနာလေးတွေ ဟာ... ဒီညမှာမှ ပွင့်ကျလာခဲ့ရ...
ဖွင့်ပြမိရတဲ့ ကျနော့် မိုက်မှားမှုရဲ့ အတွက်ကိုတော့ မသီတာ ခွင့်လွှ...
နိုင်ပါစေ"

"ဟင်"

"ပြီးတော့... အားလုံးကိုလဲ မေ့ပစ်လိုက်ပါဗျာ၊ မသီတာ...
လဲမေ့သွားမယ်ပဲ ထင်ပါရဲ့လေ"

သူ့မျက်ဝန်းဆီမှ ငွေရောင်လေးများ လင်းလက်လာသည်...
မျက်ရည်ကြည်များနှင့် လရောင်တို့ ထိတွေ့မှုမှ ရောင်ပြန်ဟပ်ခြင်း
ပါ။

ခင်သီတာ၏ရင်မှာ နာကျင်လာသလို၊ ဝေဒနာလှိုင်းများ
ရိုက်ခတ်လာသည်။

"မသီတာ"

"ရှင်... ကိုတာရာ"

သူဖြည်းညှင်းစွာ မတ်တတ်ရပ်လိုက်သည်။ ပြီးတော့
ကြာမြင့်စွာပင် လရောင်အောက်စပယ်ရုံဘေးမှ၊ ခင်သီတာ၏





ငေးကြည့်နေရှာသည်။

"ကျွန်တော်သွားပါရစေတော့"

ငုံ့ငိုက်ရင်း လှမ်းထွက်သွားသော ကိုတာရာကို လိုက်လံ
ကြည့်နေမိသည်။

သူ ကွယ်သွားလေတော့၊ မြေပြင်မှ မြက်ခင်းစိမ်းပေါ်သို့
စိုက်ငေးကြည့်နေမိသည်။

မြက်ခင်းပြင်ပေါ်မှာ ငွေရည်စက်လေးများ လက်နေသည်။
ရေစက်လေးတွေလား...

ကိုတာရာ့ထံမှ ကြွေရစ်ခဲ့သော မျက်ရည်စက်လေးများ
လေလားကွယ်။

ကိုတာရာ့ပေးထားခဲ့သော သို့မဟုတ် ကိုတာရာ့ထံမှ
ကူးစက်ကျန်ရစ်သော သူ့ရင်မှ ဝေဒနာ မျိုးပွားလေးများသည်
ခင်သီတာ၏ နှလုံးသားထဲသို့ စတင်ဝင်ရောက်ကာ ဒုက္ခပေး
ပါလေပြီ...။

"ငါဟာ လမင်း... သူကကြယ်တာရာမို့ ထိတွေ့ဆုံစည်း
လို့ ဘယ်နည်းနဲ့မှ မရပါဘူးတဲ့"

"သမုဒ္ဒရာရဲ့ ဟိုမှာဘက်မှာ ငါကရှိနေသတဲ့၊ မရောက်နိုင်
မှန်းသိရက်နဲ့ သူကတော့ မိုက်မဲစွာ ကူးလာမိတဲ့ ငှက်ငယ်တဲ့"

"အို... တင်စားတတ်လွန်းတဲ့ ကိုတာရာရယ်"

"ငါနဲ့ ... ဆုံရတဲ့ညက၊ ငါကသူ့ရစ်ခွင်ထဲမှာ ဆိုပါလား"

"ဒီထဲက သိပ်ချစ်ခဲ့ရပါတယ်တဲ့"

"သိပ်ပြီး မြတ်နိုးလွန်းရပါတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုချစ်လွန်း၊ မြတ်နိုးလွန်းလို့ ငါ့ရဲ့မေတ္တာကို မတောင်းခံလိုပါဘူး။ မတောင်းခံရက်ပါဘူးဆိုပါလား"

"သူ့ရင်မှ မေတ္တာတွေ၊ ဝေဒနာတွေက လျှံပြည့်ပွင့်ထွက်လာလို့ ဖွင့်ပြရုံလေးပါတဲ့. . ."

"သူ့မိုက်မှားမှုကို ခွင့်လွှတ်ပါ. . ."

"ပြီးတော့ မေ့ပစ်လိုက်ပါ. . ."

"မေ့လဲ မေ့သွားမှာပါ. . ."

"ဆိုတဲ့. . . အို. . . ကိုတာရာရယ်. . ."

"တကယ်တော့ ကိုတာရာ သီတာ့ကိုလာပြီး တင်ပြတာ မဟုတ်ပါဘူး"

"သီတာ့ရင်ကိုပါ ဝေဒနာတွေပေးဝေ ကူးစက်သွားစေတာပါ"

"ကိုတာရာပြောသလို၊ သီတာနဲ့ ကိုတာရာတို့ ဘဝတကယ်ပဲ ဝေးကွာ ခြားနားလွန်းနေသလားဟင်"

"ကမ္ဘာပေါ်မှာ အကြီးမားဆုံးအင်အားဆိုတာ မေတ္တာတရားနဲ့ ယှဉ်ရင် သူကဒုတိယဆို. . ."

"အဲဒီလို အင်အားတွေနဲ့ ကြိုးစားတွန်းလှန်လို့ မရနိုင်လောက်အောင်အထိတော့ မခြားနားလွန်းပါဘူး ထင်ပါရဲ့ရှင်"

"သီတာကလဲ မြင်စကတည်းက ကိုတာရာ့ကို စိတ်ဝင်စားနေမိခဲ့သူပါ"

"ဒါပေမယ့် ကိုတာရာ့ ဘေးတစ်ဝိုက်မှာ သံသယ ဖြစ်စရာတွေနဲ့ ကာဆီးထားသလို မြင်နေခဲ့ရလို့ မယုံတစ်ဝက်ယုံတစ်ဝက်နဲ့"





"ဒါပေမယ့်. . ."

"ဖေဖေပြန်လာပြီး ပြောပြတာတွေရယ်၊ အနေကြာလို့ ကိုတာရာရဲ့ လုပ်ဆောင်ချက်တွေကို မြင်နေရတာတွေရယ်ကြောင့်. . ."

"ကိုတာရာ့ ကိုယ်ပေါ်မှာ ရစ်သိုင်းနေတဲ့ သံသယအလွှာတွေ ကွာကျကုန်လို့၊ ဖြူစင်တဲ့ ကိုတာရာရဲ့ နှလုံးသားကို သီတာ့မြင်ရပါပြီ"

"အို. . . ကိုတာရာဆိုတဲ့ သီတာစိတ်ဝင်စားလွန်းသူရယ်"

"မတောင်းခံပါဘူးဆိုတဲ့ အရာကို. . . ပေးချင်စောင်မှဘယ်လိုမှားလုပ်ပြီးပေးလို့ ရမှာလဲ ရှင်ရယ်"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

● အခန်း (၂

မေမေကလဲ မာန အကြီးသား။

ခင်သီတာ့အနေနှင့် ကိစ္စရှိ၍ ခဏလာခဲ့ပါရန် မှာကြားခဲ့ မေမေ ရန်ကုန်သို့ ရောက်ရှိနေပါပြီ။

အမှန်က ဖေဖေ မှာခိုင်းခြင်းပါ။ သူ့အနေနှင့် မှာလှ လာမည်မဟုတ်ကြောင်း သိ၍ပါ။

ယခုပင် မေမေတည်းခိုနေသော ကမာရွတ်အိမ် ခင်သီတာ ပြန်လာသည်။

ခင်သီတာတစ်ယောက်တည်း တစ်ထီးတစ်နန်း စံမြန်း ရသောအိမ်သို့ မေမေ့ကို ညနေလာခဲ့ပါရန်၊ ကားလွှတ်ပေးပါမည် ညနေစာကို သည်မှာပင်စားပါ။





ပြီးတော့ ဖေဖေက ဆွေးနွေးစရာကိစ္စတစ်ခုရှိပါသည်၊ အရေးကြီးပါသည်။

ဟူသော ဖေဖေ၏မှာကြားချက်များကို ပြောအပြီးတွင်. . .

"သူ့မြေပေါ်ကို ငါ့ခြေရာ တစ်ကွက်မချဘူးလို့ ပြောလိုက်ပါ ကိစ္စရှိရင် ငါ့ဆီလာခဲ့ပေါ့၊ အဲဒီအရေးကြီးတယ်ဆိုတဲ့ ကိစ္စဟာလဲ ငါ့သမီးအတွက်ကလွဲလို့ ဘာမှမဖြစ်စေရဘူး"

ဆိုတဲ့ မေမေရဲ့ ဒေါသ ဇနှာသောအပြောကို လျှော့လျှော့ ပေါ့ပေါ့လေးသာ ဖေဖေ့ကို ပြန်ပြောမိတဲ့အခါ. . .

"ကောင်းပြီလေ၊ ညနေ ဖေဖေ သူ့ဆီ သွားလိုက်မယ်၊ ပြောမှာကလဲ သမီး မသီတာရဲ့အကြောင်းပါပဲ"

ဖေဖေက သည်မျှသာပြောပြီး သူ့စက်ရုံအတွင်းမှ ခမ်းနား လှန်းသော အလုပ်စားပွဲတွင် ပြန်လည်၍ အလုပ်ရှုပ်နေသဖြင့် နှုတ်ဆက်ပြီး ခင်သီတာ ပြန်လာခဲ့ရပါတော့သည်။

"သီတာ့ မေမေရော"

"မလိုက်ဘူးတဲ့ ဒေါ်ဒေါ်မြရေ"

"ဒါဖြင့် ဘယ့်နဲ့ လုပ်မှာလဲ၊ ဆရာက အရေးကြီးတဲ့ကိစ္စ ရှိလို့ မှာခိုင်းတာဆို"

"ညနေကျမှ ဖေဖေကိုယ်တိုင် သွားတွေ့မယ်တဲ့"

"ဆရာလဲ ခုတလော အလုပ်တွေသိပ်များပုံရတယ်၊ သနားပါတယ်"

"အမှန်ပဲ ဒေါ်ဒေါ်မြရယ်၊ ကြီးပွားချမ်းသာလေ ပူရော ပတ်ရော ပင်ပန်းရလေပါလား၊ ဖေဖေ့ကိုကြည့်ပြီး နေရစားရ



www.burmeseclassic.com

www.burmeseclassic.com



တာတောင် မျိုးမကျသလိုပဲ"

"အမလေး. . . သီတာ့ကိုတော့ သိပ်သဒ္ဓါရှာတာပါ အာစားစား၊ ဘာသုံးသုံးပဲ၊ ဩော်. . . ဒေါ်ဒေါ်မြတောင် သီတာ့ မေမေ ပါလာမယ်ထင်ပြီး စားစရာတွေ လုပ်ထားသေးတယ်"

"အေးလေ ညနေကျ သူတို့ချင်းပဲ ပြောကြပါစေပေါ့"

"အရေးကြီး အလုပ်များရတဲ့ အထဲမှာ မောင်တာရာကလဲ တမျောင့်"

"ဟင်. . . သူ ဘာဖြစ်လို့လဲ"

"အလုပ်ထွက်ခွင့် တောင်းနေတယ်လေ"

"ဟာ. . ."

"သူ မရှိရင်လဲ ဖြစ်တယ်၊ ဒါပေမယ့် လူသစ်နဲ့ စပြီး အလုပ်မလုပ်ချင်ဘူးတဲ့၊ ပြီးတော့ ဆရာက မောင်တာရာကို သိပ်ပြီး ယုံကြည် စိတ်ချရှာတာ၊ သူကလဲ သစ္စာသိပ်ရှိရှာ တယ်လေ"

"ဒါ. . . ဒါနဲ့ ဘာလို့ထွက်မှာတဲ့လဲဟင်"

"အဲဒါကို ဆရာကလဲ မေးနေတာပဲ"

"ဒီတော့ သူက ဘာပြောလဲဟင်၊ ဒေါ်ဒေါ်မြ"

"မေးလို့ကို မရဘူး"

"ဟင်. . ."

"မင်း ဘာကြောင့်ထွက်ချင်ရတာလဲလို့ မေးတာကို မေးလို့မရဘူး၊ မပြောဘူး၊ ဒီတော့ ဆရာက. . ."

"အင်း . . . အင်း. . . ဘာပြောလဲ"

"မင်းဘက်က ပြစရာ အကြောင်းအရာ ခိုင်လုံအောင်





ပြနိုင်ဘဲ ငါထွက်ခွင့်မပြုနိုင်ဘူး၊ ဒီအတိုင်းပဲ ဆက်လုပ်လို့ပြော လိုက်တယ်၊ ပြတ်ရော"

"အဲဒါတွေ ဒေါ်ဒေါ်မြရှေ့မှာ ပြောကြ၊ ဆိုကြတာလား ဟင်. . ."

"ဘယ်ဟုတ်ရမှာလဲ၊ မောင်တာရာ ပြန်ပြောပြတာ"

"သူက ဒေါ်ဒေါ်မြကိုရော၊ သူဘာကြောင့် အလုပ်ထွက် ချင်ရတယ်ဆိုတာ ပြောမပြဘူးလား၊ ဒေါ်ဒေါ်မြကရော မေးမကြည့် ဘူးလားဟင်"

ဆန္ဒစောလွန်းစိတ်ဖြင့် ဆက်တိုက်မေးလိုက်မိသည်။

ဒေါ်ကြည်မြသည်သာ သတိထားမိပါလျှင်. . .

"သီတာတစ်ယောက် မောင်တာရာ အကြောင်းကို အမော ကော မေးရလောက်အောင် စိတ်ဝင်စားလှချည့်လား"

ဟုတွေးနိုင်မိပါလိမ့်မည်။ ယခု ဒေါ်ကြည်မြ ကတော့ ပေါ့ပေါ့ ခပ်ပြုံးပြုံးလေးပင်။

"ဘယ်နေလိမ့်မလဲ၊ မေးတာပေါ့"

"ဒီတော့ သူက ဘာပြောလဲဟင်"

"ကျွန်တော့် အကြောင်းနဲ့ ကျွန်တော်ပါ ဒေါ်ဒေါ်မြရယ်တဲ့၊ မေးပါနဲ့တဲ့၊ ကဲ. . ."

ဒေါ်ကြည်မြက စကားပြောအပြီးတွင်၊ သူ့တိုက်လက်စ ဇာတ်များကို မီးပူဆက်တိုက်နေသည်။ ပြောစရာ ကုန်ခန်းသွား သည့်အနေမျိုး။

ခင်သီတာမှာ အပေါ်ထပ်သို့ ဖြည်းလေးစွာတက်လာမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေမေထံမှ ပြန်လာကာစမို့ သစ်လွင်နေသော အဝတ်အစား များကိုပင် လဲလှယ်ရန် သတိမထားမိအား။

ဝရန်တာဖက်ထွက်ပြီး ကိုတာရာ၏ အခန်းလေးကို မျှော် ကြည့်လိုက်မိသည်။ သော့ပိတ်ထားဆဲပါ။

သူ့အခန်းတံခါး သော့ပိတ်ထားသည့်သို့ပင်၊ သူ့ရင်ထဲ မြတ်နိုးမှုမေတ္တာ ရတနာများကို ခင်သီတာသို့ တစ်ခါသာ ဖွင့်လှစ် သလိုက်ပြီး ပြန်လည်ပိတ်ဆည်း သော့ခတ်ပစ်လိုက်တဲ့ ကိုတာရာ ရယ်. . .

"ကိုတာရာ ဒီခြံကဘာလို့ ထွက်သွားချင်တယ်ဆိုတာ သီတာ သိပါတယ်လေ"

"မသွားပါနဲ့လို့ တားလှည့်ပါလား မသီတာရယ် လို့ဆိုတဲ့. . ."

စကားလမ်းလေးများ ခင်းထားပေးမယ်ဆိုရင်လေ အဲ လမ်းဝထိပ်က ပိတ်ဆီးပြီး သီတာပြောမှာပါ။ ခု. . . ခုတော့ ရှင်ရယ်. . .။

❖ ❖ ❖



● အခန်း (၂၇)

"သီတာရေ. . ."

"ဟော. . . လုလု"

"သီတာ့ကို၊ သီတာ့ ဖေဖေ ဦးသိန်းထိုက်က ခေါ်ခိုင်း လိုက်လို့"

"ဟုတ်လား၊ ဖေဖေ ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး၊ စကားပြောစရာရှိလို့နဲ့ တူပါတယ်၊ ခင်ကိုလေးတို့ သားအမိလဲ မရှိကြဘူးလေ"

"အင်း. . . အင်း. . . သီတာ လာခဲ့မယ်"

"လာလေ. . . အတူတူသွားရအောင်"

"ဒါဖြင့် ခဏစောင့်. . ."



www.burmeseclassic.com

www.burmeseclassic.com



မသေမသပ်ဖြစ်နေသော ဘလောက်(စ်)အကျႌကို လဲလှ ပြီး ခေါင်းဖြီး ရပါသေးသည်။ သပ်ယပ်ခြင်းဖြင့် ဖခင်ကြီး လေးစားစေရသည့်သဘောပါ။

ပြီး အတူလာခဲ့ကြသော လုလုကို ခင်သီတာ ယ အကဲခတ်မိသည်။

"ဆံပင်တွေ တစ်ခေါင်းလုံး ကောက်ထားလို့ ပါလား"

တရုတ်မများလို ဆံပင်တွေ ဂေနေအောင် အကိုကော ထားသည်။ အိမ်နေရင်း ဖြစ်ပါလျက်နှင့် လုလုက သနပ်ခါး ဖွေး နှုတ်ခမ်းနီရဲရဲနှင့်။ သူ့အမူအယာကလည်း ယခင်ကထက် တက် နေပုံရသည်။

"လုလုက ပိုလှလာတယ်"

"အဟဲ ဟဲ. . . သီတာ့ကို မုန့်ကျွေးရမယ်"

"တကယ်ကျွေးရမှာနော်"

"တကယ်ကျွေးမှာ. . . ဘာစားမလဲပြော"

"အလကား စ,တာပါ၊ ဖေဖေ အပေါ်ထပ်မှာလား"

"ဟုတ်တယ်. . . တက်သွားတော့နော်"

လုလုသို့ ခေါင်းညိတ်ပြမိသည်။ သူက နောက်ဖေးခန်း ဝင်သွားပါ၏။ တစ်အိမ်လုံး တိတ်ဆိတ်နေကြသည်။

"လာ. . . သမီး"

အပေါ်ထပ်ရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ဖေဖေ ပြေလျော့စွာ ထိုင်ရင်း ခင်သီတာ့ကို စောင့်နေပုံရပါ၏။

ခင်သီတာက မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီး. .



"ဖေဖေ၊ သမီးကို ခေါ်ခိုင်းတယ်ဆိုလို့ပါ"

"ဟုတ်တယ် သမီး"

"ပြောပါဖေဖေ"

မနေ့ညနေက တင့်တင့်ဆီကို ဖေဖေရောက်ခဲ့ပြီးပြီ"

"ဟုတ်လား ဖေဖေ"

သူ့တစ်သက်နီးပါးမျှ ကွဲကွာနေသော ဖေဖေနှင့် မေမေ လည်ဆုံတွေ့ကြသည် ဆိုခြင်းအတွက် ခင်သီတာ ပင်လျှံ လိုက်ခုန်လာမိသည်။ ဖေဖေက တော်သော်နှင့် ဘာစကားမှ က်သေးပါ၍. . .

"မေမေ ဘယ်တော့ပြန်မှာတဲ့လဲ ဟင်. . . ဖေဖေ"

"မပြန်သေးဘူး သမီး"

"သမီးကို ပြောတော့ ကိစ္စပြီးရင် ချက်ချင်း ပြန်မှာတဲ့"

"အေး. . . ပြီးစရာကိစ္စက နည်းနည်းတော့ ကြာလိမ့်ဦး ယ် အဲဒီ ကိစ္စဆိုတာဟာလဲ သမီးအပေါ်မှာ မူတည်နေပါတယ်"

ဖေဖေ့ကို အံ့ဩစွာ ကြည့်လိုက်မိပါသည်။ ဖေဖေသည် ည်ကြည် လေးနက်စွာ ပြောကြားနေပါ၏။ အမွေခွဲမည် ဆိုသည့် လား။ ဘာများပါလိမ့်။ ဟုတ်ပါသည်။ ခင်သီတာ ထင်သည့် တိုင်းပါပင်။

"သမီးကို ဖေဖေက အမွေခွဲပေးချင်တယ် ဆိုတဲ့ကိစ္စမှာ က်ဦးနဲ့ ညှိရမယ်လို့ ဖေဖေပြောခဲ့ဖူးတာ မှတ်မိလား"

"ဟုတ်ကဲ့ မှတ်မိပါတယ် ဖေဖေ"

"အေး. . . အဲဒါ ညှိပြီးပြီ၊ ဒီဘက်က အားလုံး ပြေလည်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ"

"ဟုတ်လား ဖေဖေ၊ ပြေလည်သွားပြီလား"

"အင်း. . . ဒါကြောင့် သမီးရဲ့မေမေကို မှာယူပြီး ဖေ
ပြောပြတော့ သူကလဲ ကျေနပ်ပါတယ်တဲ့၊ ရှင့်လက်ကို ရှင့်သ
ပြန်အပ်ပြီးပြီမို့ သူလို မေတ္တာမျိုး ထားပြီးသော သင့်တော်သ
စီစဉ်ပါတဲ့၊ သူ့အနေနဲ့ ကန့်ကွက်စရာ ဘာမှ မရှိပါဘူးတဲ့"

ခင်သီတာမှာ အဖြေထွက်လာနိုင်မည့် နောက်
စကားများကို စောင့်စားရင်း နားမလည်နိုင်စွာ ဖခင်ကြီးကို ငေးကြ
နေမိပါသည်။

"သမီးရဲ့ ဆုံးဖြတ်ချက် တစ်ခုပဲ လိုတော့တယ်လေ"

"ရှင်. . ."

"အားလုံးတော့ ပြေလည်ကြပြီ၊ ငါ့သမီးသာ ဖေဖေ့စကား
ကို နားထောင်နိုင်ပါစေလို့ ဆုတောင်းရင်း ဖေဖေ ပြောရမှာပဲ"

"ဘာ. . . ဘာများမို့လဲ ဖေဖေရယ်"

"သမီး မသီတာ. . . 'မောင်ကျော်သူ' ကို လက်ထပ်လို
ပါလို့ ဖေဖေပြောပါရစေ"

"အို. . . ဖေဖေ"

မမျှော်လင့်၊ မထင်မှတ်မိလွန်းသော စကားမို့ ခင်သီတာ
အလန့်တကြားလို အော်လိုက်မိသည်။

ဦးသိန်းထိုက်က စီးကရက်ကို ဖွာရှိုက်ရင်း၊ ပြတင်းဘက်
မျက်နှာလှည့်ထားသည်။ ခင်သီတာမှာ ငြိမ်သက်စွာ ခေါင်းငုံ့ထာ
ပါသော်လည်း နှလုံးသားကမူ လှုပ်ရှားလွန်းရလှလေစွ။



"ပထမတော့ မသက်ဦးနဲ့ ဖေဖေနဲ့ ကြိုတ်ပြီး ညှိနေကြတာ
"

ဖေဖေက စကားကို ဖြတ်လိုက်၊ ဆက်လိုက်ဖြင့်
စ်ယောက်တည်း ပြောနေသည်၊ ခင်သီတာ့ အနေနှင့်လည်း
းယောင့်နေရုံမှ လွဲ၍ ဝင်ပြောစရာအကြောင်းမရှိပါ။

"မကျေလည်ကြသေးခင်မှာ၊ သူ့အမေက တစ်ဆင့်
ောင်ကျော်သူက ပူဆာ တောင်းဆိုလာတယ်။ သူ သီတာ့ကို
ဘ္ဘာရှိနေပါတယ်၊ လက်ထပ်ဖို့ ဖေဖေ့ဆီမှာ ခွင့်တောင်းပေးပါတဲ့"

ခင်သီတာ ပို၍ ငုံ့သွားရပါပြီ။

"ဒီတော့မှ ဖေဖေနဲ့ မသက်ဦးလဲ အကြံရသွားကြတယ်၊
ဖေက ဖေဖေ့သမီးကို စေတနာရှိသလို ပေးချင်သလို သူကလဲ
သားကို စေတနာရှိမှာပဲ ပေးချင်မှာပဲ"

"မောင်ကျော်သူ တောင်းဆိုလာမှ ဖေဖေတို့နှစ်ယောက်လုံး
တ်သားပါလားဆိုပြီး တွေးမိကြတယ်"

"ဒီကောင်ဟာ မထည်ငြိမ်ဘူး ရည်းစားများတယ်၊
ကြိုးစားဘူး၊ အလုပ်မလုပ်ချင်ဘူး၊ အဲဒါက လွဲလို့တော့
ဖေ့အပေါ်မှာ ပထွေးဆိုတဲ့စိတ်ထား ဘယ်တော့မှ မရှိပဲ ဖေဖေရဲ့
ဆုံးကာမ်းကို လိုက်နာနိုင်တဲ့ အချက်ကိုတော့ ဖေဖေချီးမွမ်းလို့
ဆုံးဘူး"

ကိုကျော်သူ၏ ညွှန်ဖျင်းမှုအားလုံးထဲတွင် 'ရည်းစားများ
ယ်' ဆိုသော စကားတစ်လုံးသည် ခင်သီတာ၏ အသည်းနှလုံး
တွင်းသို့ နာကျင်စွာထိုးဖောက်ဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအကြောင်းကို ဖေဖေကများ သိလေရော့သလား

"ယောကျ်ားလေး ဆိုတာ ဒီလိုပဲ သမီး၊ ဒီကောင် သူဌေးသား၊ မာစီးဒီးကားစီးပြီး ကျွေးနိုင်၊ ပေးနိုင်တော့ ကောင်မလေး တွေကိုက လိုက်နေကြတာ၊ သမီးရှင်တွေကိုက ဘိမ်ကိုဖိတ်ပြီး လက်ခံနေကြတာ"

ကြိတ်၍သက်ပြင်းချမိပါသည်။

"ယောကျ်ားလေးထဲမှာ တာရာလို တည်ငြိမ်တဲ့ကောင်မျိုး ကတော့ မရှိသလောက်ရှားတာ"

အမှတ်မထင် ဖျပ်ခနဲ ဖေဖေ့ မျက်နှာကို မော့ကြည့်လိုက် မိပါသည်။ ကိုတာရာ၏ ခံစားမှုဝေဒနာဆိုသော အကြောင်းအရာ ဖေဖေဘာမျှသိပုံမရပါ။ နှိုင်းယှဉ်ပြခြင်းဖြင့် ချီးမွမ်းရုံသာ ဖြစ် လိမ့်မည်။

"တစ်ခြားလူ မကြည့်နဲ့၊ ဖေဖေ့ကိုကြည့်"

"ဟင်"

"သမီးတို့သားအမိကို ပစ်ထားပြီး ရလိုက်တဲ့ မိန်းမတွေ အလုပ်တွေလဲ ပေါင်းစုံလို့ လုပ်လိုက်တာ၊ ဘယ်နေရာ အတည်ဟုကျမရှိခဲ့ဘူး"

"အဲ. . . ဒါပေမယ့် မသက်ဦးလိုပစ္စည်းရှိပြီး ထိန်းသိမ်း တတ်တဲ့မိန်းမကို ရသွားတော့လဲ ဖေဖေ့ဘဝဟာ တည်ငြိမ်လာ ခဲ့တာပါပဲ"

"မောင်ကျော်သူဟာ ဖေဖေ့လောက် မဆိုးသေးပါဘူး"

"သမီးက လိမ္မာတော့ ထိန်းနိုင်မှာပါ၊ ပြီးတော့ သူရည်းစား များတာ၊ ဘယ်သူ့ကိုမှ လက်ထက်ပါရစေလို့ ခွင့်မတောင်းဘူး သေးဘူး"

"မသက်ဦးကလဲ ပြောတယ်၊ သူ့သားဟာ ခင်သီတာကို တော့ တကယ်မေတ္တာရှိရှာတာပါတဲ့၊ ခင်သီတာက အိမ်ထွေကြီးလွန်း တော့ သူကိုယ်တိုင်မပြောရဲဘဲ မိဘကတစ်ဆင့် လက်ထပ်ခွင့်အထိ တောင်းခံလာတာကို ကျွန်မတော့ ဝမ်းသာမိတယ်တဲ့"

"ဖေဖေတို့ သားအဖကပါ ကျေနပ်မယ်ဆိုရင် အားလုံးပြေ ညပါပြီတဲ့၊ သူကလဲ ခင်သီတာနဲ့ဆိုရင် သဘော ကျတယ်တဲ့"

"ဩော်. . . ဒါ. . . ဒါဖြင့် မေမေ့ကိုမှာတာ"

"အေးပေါ့၊ ဖေဖေ့သဘောတစ်ခုနဲ့ စီစဉ်လို့ဘယ်ဖြစ်မလဲ သမီး၊ သူ့ကိုတင်ပြတော့ ဖေဖေစောစောကပြောသလို သူလဲ ကျေနပ်ပါတယ်တဲ့"

"မေမေကလဲ ကျေနပ်တယ်တဲ့လား"

"သိပ်အဆင်ပြေမယ့် ကိစ္စပဲပဲ့၊ သမီးလဲ ညနေကျ သွားတွေ့လိုက်ဦးလေ၊ ကား လွှတ်လိုက်မယ်၊ သမီး မေမေကလဲ သမီးကို မောင်ကျော်သူနဲ့ လက်ထပ်ဖြစ်ဖို့ နားချပါလိမ့်မယ်"

"ဖေဖေပြောသလို မောင်ကျော်သူကို သမီးတစ်ယောက်ထဲ ချိန်မှာ ထိန်းနေရမှာမှမဟုတ်ပဲ၊ ဖေဖေရော သူ့အမေရော ကြသေးတာပဲ"

"ပြီးတော့ ဖေဖေတို့ကြိုက်သလိုစီစဉ်ပါ၊ သမီးနာခံပါ့မယ် ဆိုရင်၊ သမီးမေမေ မပြန်ခင် အခမ်းနားဆုံး မင်္ဂလာပွဲဖြစ်အောင် စီစဉ်လိုက်မယ်"





www.burmeseclassic.com

www.burmeseclassic.com

"ပြီးတော့ . . . ဖေဖေနဲ့ မသက်ဦးက သမီးနဲ့ မောင်ကျော်သူ အတွက် လက်မှတ်ထိုးပေးမယ်လေ၊ အမွေအားလုံး သမီးတို့ နှစ်ယောက်နာမည်နဲ့ တစ်ယောက်တစ်ဝက်စီ ဆိုင်ခွင့် ရမယ်ပေါ့"

ခင်သီတာမှာ လှုပ်ရှားရလွန်းသောစိတ်ကို ထိန်းချုပ်ရင်း ငေးငိုင်နေမိသည်။

"သမီး . . . မသီတာ"

"ရှင် . . . ဖေဖေ"

"သမီး ဖေဖေ့ကို တစ်ခါထဲ အဖြေပေးထားခဲ့နိုင်မလား"

ဝေသီလာသော မျက်ရည်ကြည်များဖြင့် ဖခင်ကြီးကို ရိုသေ စွာကြည့်လိုက်ပြီးမှ . . .

"သမီး . . . သမီး မေမေနဲ့တွေ့ပါရစေဦး"

ခံစားမှုသစ်ကြောင့် လှုပ်ရှားနေရာသည်ဟု ခွင့်လွှတ်ရင်း ပြုံးရွှင်စွာဖြင့် ဦးသိန်းထိုက်က . . .

"သမီးက ဖေဖေပြောတာမယုံလို့ သမီးမေမေကို သွားမေး ဦးမလို့လား"

"ဟင် . . . မ . . . မဟုတ်ပါဘူး ဖေဖေ"

"ဖေဖေ အလကားပြောတာပါ၊ သမီး မေမေနဲ့သွားတွေ့ဦး သမီးကိုယ်တိုင် ဆုံးဖြတ်ဦး ဖေလနော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဖေဖေကတော့၊ ဖေဖေစီစဉ်ပေးသမျှ နာခံပါမယ်ဆိုတဲ့ ငါ့သမီးရဲ့ စကားကို ယုံစားပြီး သမီးပြန်ကြားလာမယ့် အဖြေကို



စောင့်ယူမယ်၊ ဟုတ်လားသမီး၊ ကဲ့ . . . ကဲ . . . ငါ့သမီး စိတ်ကျဉ်းကျပ် နေပြီ ပြန်တော့"

ဖခင်သို့ပင် မနှုတ်ဆက်ရဲတော့ပါပဲနှင့်၊ ဝဲလာသော မျက်ရည်များကို၊ အနိုင်နိုင် ထိန်းရင်း ကိုယ့်အိမ်လေးရှိရာသို့ ပြန်လာ ခဲ့ရပါသည်။

ကိုတာရာ့ အခန်းလေးက သော့ခတ်ထားမြဲ။

* * * * *

ညနေပိုင်းတွင် မေမေ့ဆီသို့ ရောက်ခဲ့ရသည်။ ဖေဖေပြော သည့်အတိုင်းပင် မေမေကိုယ်တိုင်က တိုက်တွန်းသည်။

အသင့်တော်ဆုံး ဖြစ်လိမ့်မည်ဟု မေမေကပါယူဆကြောင်း တင်ပြသည်။

အကယ်၍ ဤခမ်းနားသော မင်္ဂလာပွဲသာ ဖြစ်မြောက် မည်ဆိုပါလျှင် ဖေဖေ၏ဖိတ်ကြားသွားချက်အရ မေမေကိုယ်တိုင်ပင် မင်္ဂလာပွဲသို့ တက်ရောက်လာမည်ဆိုပါလား။

မိစုံဖစုံနှင့် ခန်းနား တင့်တယ်လွန်းသော မင်္ဂလာပွဲတွင် 'အသည်း' ပျောက်ဆုံးနေရမည့်အဖြစ်မျိုးကို ခင်သီတာမလိုလားမိ။

ယခုအချိန်ထိ ကိုကျော်သူ၏ နှုတ်က မေတ္တာစကား မဆို ရသေး။ ဖေဖေပြောသလို တစ်အိမ်စီမို့ မလာဝံ့လို့ပင်ထားပါတော့။

ရည်းစားများလွန်းသည် ဆိုသော ကိုကျော်သူ . . .

အသည်းတွေခွဲဝေပေးခဲ့ရဖူးသူများ . . . များလွန်း၍



www.burmeseclassic.com

www.burmeseclassic.com

သူ့ရင်ထဲတွင် ချစ်တတ်သည်ဆိုသော မေတ္တာအသည်းလေး၌ အကြွင်းအကျန် ရှိနိုင်ပါဦးမလား။

ခမ်းနားမှုများ၊ ကြွယ်ဝခြင်းများ၊ အဆောင်အယောင်များ စသော ပူလောင်စရာ ဟန်ပြပစ္စည်းများက တစ်ဘက်. . .

သိမ်ငယ် မှေးမှိန်သော်လည်း အေးမြသော မေတ္တာတရားဆိုသည် ကတစ်ဘက်. . .

ခက်သည်က လက်ခံခွင့်၊ ပေးဆက်ခွင့်မရနိုင်သော 'မြတ်နိုးမှု မေတ္တာ' ဆိုသည့်ကို ခင်သီတာ့အနေနှင့် ဘယ်လိုများ မျှော်လင့်၍ ရရှိနိုင်ပါမည်လဲလေ. . .

❖ ❖ ❖



● အခန်း (၂၈)

ဒေါ်ကြည်မြ ထွက်သွားပြီးလေမှ၊ မှားများ မှားပြီလား ဆိုသော အသိဖြင့်. . .

"ဒေါ်ဒေါ်မြ. . . ဒေါ်ဒေါ်မြ"

ဒေါ်ကြည်မြ ပြန်ဝင်လာသည်။ ခင်သီတာ၏ စကားကို နားခံစောင့်မျှော်နေပါ၏။ ခင်သီတာ့စိတ်များ၊ ယောက်ယက်ခတ်နေသလို လူလည်းမတည်ငြိမ်နိုင်။ ဒေါ်ကြည်မြ အနီးသို့ ပြေးကပ်ပိုက်ပြီးမှ. . .

"အို. . . ဘာမှ မဟုတ်တော့ဘူး သွားတော့၊ သွားတော့ သီတာမှာတဲ့အတိုင်း ပြောနော်"

"စိတ်ချပါ၊ ပြီးတော့ သူပြန်ရောက်မှပဲ၊ ဒေါ်ဒေါ်မြ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com

ပါ့မယ်"

ဝေး၍ဝေး၍သွားသော ဒေါ်ကြည်မြကို ပြန်ခေါ်လိုစိတ် ဝင်လာပြန်သည်။ မရတော့၊ မမီတော့...

"အို... သွားပါစေတော့၊ ဒါမှ...ဒါမှပဲ"

ခင်သီတာ ဆက်မတွေးရဲတော့...

ခုလောက်ဆို ဒေါ်ကြည်မြတစ်ယောက် 'ကိုတာရာ'၏အခန်းသို့ ရောက်လောက်ပါပြီ။ ခင်သီတာမှာကြားလိုက်သော...

"ခင်သီတာက မောင်တာရာ့ကို ခေါ်ခိုင်းလိုက်တယ်။ သူ့အဖေခိုင်းလိုက်တဲ့ ကိစ္စ အရေးကြီးတာပြောစရာ ရှိလို့တဲ့"

ဟု ပြောပြီး ကိုတာရာကို သူလွှတ်လိုက်လေမည်။ ပြီးတော့ ဒေါ်ကြည်မြက ကိုတာရာ၏ အခန်းလေးတွင် သူပြန်လာသည် အထိ ထိုင်စောင့် နေပါလိမ့်မည်။ ဒေါ်ကြည်မြသည် စပ်စုဝေဖန်တတ်သူ မဟုတ်၊ စကားရှုပ်ခြင်းလည်းမရှိ၍ ယုံကြည်စွာ လွှတ်လိုက်မိခြင်းပါ။

"မသီတာ ခေါ်ခိုင်းတယ်ဆိုလို့"

"ဟုတ်...ဟုတ်ပါတယ်"

"ဘာခိုင်းစရာ ရှိလို့လဲဟင်"

ဟံခါးဝမှ မတ်တတ်ရပ်လျက်၊ မေးနေသော သူ့ကို ကျော ခိုင်းလိုက်ရသည်။

အံကိုကြိတ်၍ ကိုယ့်စိတ်ကို တင်းလိုက်ပြီး တည်ငြိမ်အောင် မနည်း ကြိုးစားပစ်လိုက်သည်။

"ဧည့်ခန်းမှာ လာထိုင်ပါ"

နှစ်ယောက်လုံး ငြိမ်သက်စွာ ထိုင်မိကြသည်။ ပတ်ဝန်းကျင်



တစ်ခုလုံးမှာလည်း တိတ်ဆိတ်လျက်ပါ။

"ဦးလေးက ဘာပြောခိုင်းလို့လဲဟင်၊ အရေးကြီးတယ်ဆို"

"ဟုတ်...ဟုတ်ကဲ့"

"ပြောပါ သီတာ"

"ပြောခိုင်းတာတော့ မဟုတ်ဘူး"

"ဗျာ"

ခင်သီတာက သူ၏မျက်ဝန်းအိမ်မှ၊ ချစ်နိမိတ်လေးများကို ကိုတာရာ မမြင်သာပါစေရန် မျက်လွှာချထားလိုက်ပြီးမှ...

"ဖေဖေက သီတာ့ကို ပြောတာပါ"

"ဩ်...ဟုတ်ကဲ့"

ခင်သီတာ၏ နှုတ်ခမ်းလေးများ ဆတ်ဆတ်တုန်လာသည်။ ရင်ထဲတွင်ဖြင့် မုန်တိုင်းတစ်ခု မွှေနေသည့်နှယ်...

ခေါ်မိပြီမို့ အပြေပြစ်ဆုံးသော ဖွဲ့ကွယ်မှုများဖြင့် ဝေဒနာကို မရေမရာ ကြေညာရပါတော့မည်သာ။

"ဖေဖေက သီတာ့ကို၊ ကိုကျော်သူနဲ့ သ...သဘောတူ တယ်တဲ့၊ လက်ထပ်ပါတဲ့"

"ခင်ဗျာ"

"အဲ...အဲ သူနဲ့လက်ထပ်ရင် သင့်တော်ပါ့မလားလို့ ကိုတာရာ့ကို မိတ်ဆွေတစ်ယောက် အနေနဲ့ ခေါ်...ခေါ်ပြီး တိုင်ပင်တာပါ"

သာမန်အနေအထားမှ၊ ကြားသာရုံလေး တိုးညှင်းသွားသော ခင်သီတာ၏ စကားအဆုံးတွင် ကိုတာရာက ခင်သီတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာတစ်ခုကို တွေ့လိုက်ရသလို အလန့်တကြား ကြည့်နေမိသည်။

"မိတ်ဆွေတစ်ယောက်အနေနဲ့ ခေါ်ပြီးတိုင်ပင်တာပါ"

ဟူသောစကားကို ယစ်ငေါ့စွာ ပြောမိသော်လည်း လုံးဝ ပြေပြစ်သွား၍ ခင်သီတာ၏ ကြီးမားသော သိက္ခာတံတိုင်းကြီးကို ပွတ်တိုက်မိရုံလေး ထိပါးမည်ထင်ပါသည်။ ပွန်းပဲ့ကျ မသွားတန်ရာပါ။

"ဦးလေး . . . ဦးလေးထိုက်ဟာ ကိုကျော်သူ ဘာလဲဆိုတာ သိရဲ့သားနဲ့များဗျာ"

သူ့အသံယှိုင်းများလည်း တုန်ခါလွန်းလှသည်။ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ရဲကြ၊ မကြည့်ရက်ကြ။

"အဲ . . . အဲဒါ သီတာ ဘာအဖြေပေးသင့်သလဲရှင်"

"မသိကာရယ်"

သောက မုန်တိုင်းသည် ဤနှစ်ဦး၏ နှလုံးသားပေါ်သို့ လူးလာခတ်နေသည်။

"ကျွန်တော် ဘာပြောရမလဲ၊ ဘယ်လိုပြောရမလဲဗျာ"

"ကို . . . ကိုတာရာရဲ့ ထင်မြင်ချက်ကို သိပါရစေ"

"ဦးလေးက သူနဲ့မှ ဘာလို့သဘောတူရတာတဲ့လဲ ဘယ်လိုပြောလဲဟင်"

"ပြောတာတွေကတော့ အများကြီးပါပဲလေ၊ အဓိကကတော့ နှစ်ချက်ထဲပါ"

"ပြောပါဦး မသီတာရယ်"





"ပထမက အမွေခွဲရေးကိစ္စ ပြေလည်မယ်တဲ့"

"အင်း"

"ဒုတိယက ကြာရင် ကိုကျော်သူဟာ တည်ငြိမ်သွားမှာတဲ့"

"ဪ"

"ဒါကြောင့် ဖေဖေ့စကားကို နားထောင်ပါတဲ့"

"မသီတာမေမေလဲ ရောက်နေတယ်ဆို၊ သူကရော ဟင်"

"မေမေကလဲ ဖေဖေ့သဘောပါပဲတဲ့"

"အို . . . ဒါဖြင့် မသီတာကရောဗျာ"

"သီတာ ဖြေရမယ့်သူ မဟုတ်ပါဘူး၊ အမေးရှင်ပါ၊ ကိုတာရာ့ကို မေးနေတာပါ"

သူ သိပ်စိတ်လှုပ်ရှားသွားပုံရသည်။ လက်ဝါးနှစ်ဖက်ကို ယှက်လျက် နဖူးပြင်နှင့်ငုံ့ပြီး ထိကပ်ထားသည်။

ပုံစံကိုသာ ဝိုးတဝါးမြင်ရသည်။ သူ့မျက်နှာ မည်သို့ရှိသည်ကို ခင်သီတာမတွေ့ရ။ ခင်သီတာ၏မျက်ဝန်းမှ မျက်ရည်များကိုလည်း မကျယ်ပြန့်လာစေရန် ထိန်းထားရပါ၏။

"အင်းပေါ့လေ အပြင်က ကြည့်ရင်တော့ အရာအားလုံးဟာ ပြီးပြေချောမောလွန်းလှပါတယ်၊ ဒါ . . . ဒါပေမယ့် . . ."

"ကိုကျော်သူရဲ့ ချစ်သူများ အားလုံးထဲမှာ၊ မသီတာကို အချစ်ဆုံးဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပေးနိုင်ရုံပဲ ထင်ပါရဲ့"

"အို . . ."

"ကျွန်တော် . . . ကျွန်တော် ဒီထက်ပိုပြီး မပြောပါရစေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လားဗျာ"

"သီတာသိချင်တဲ့အဖြေကတော့ ဒါမဟုတ်ပါဘူး၊ ဒါပေမယ့် မပြောနိုင်ဘူးဆိုလဲ ရပါတယ်ရှင်၊ သီတာ့ဘဝနဲ့ သီတာပဲ ရှိပါစေတော့ ကိုတာရာရယ်"

"မသီတာ. . . မသီတာရယ်၊ သမုဒ္ဒရာရဲ့ ဟိုဖက်ကမ်းက မသီတာ ကြားသာအောင် လှမ်းအော်ပြောနိုင်တဲ့ အင်အားတွေ ကျွန်တော့်ရင်မှာ မရှိတော့ပါဘူးဗျာ"

"ဟင်း . . ."

"အို. . . ကျွန်တော် မှားမိပြန်ပြီ၊ ကျွန်တော် တမင် မသီတာကို ရှောင်နေတာပါ"

"မသီတာရယ်၊ အို. . . ကျွန်တော်ပြောခဲ့မယ် မသီတာ ကိုကျော်သူကို လက်ထပ်ရင် အကောင်းဆုံးပဲ. . . ဒါပဲ"

"ရှင်"

"အို"

စကားကို မာန်နှင့်ပြောသော်လည်း၊ အသံများက တုန်ခိုက် လွှန်းလှသည်။ တည်ငြိမ်လွန်းလှပါသည် ဆိုသော ကိုတာရာ လှုပ် ရှားလှချည်လား။

သူ ဖုန်းဆိုထ၍ ထွက်မသွားမီ၊ မြင်လိုက်ရသော သူ့မျက်နှာ မှာဖြင့်. . .

မျက်ရည်တွေ အပြည့်နဲ့ပါ။

မိန်းမသား မသီတာကမူ၊ သူ့ရှေ့တွင် ထိန်းထားနိုင်စွမ်း ရှိသေးသည်။

"သမုဒ္ဒရာခြားပါသည်"

ဆိုသော စကားသည်၊ ယခုအချိန်မှစ၍မှန်ကန်ပါတော့မည် ဆိုသော အသံများကြောင့်. . .

သမုဒ္ဒရာတစ်ပြင်လုံးမှ လှိုင်းလုံးများ ခင်သီတာ၏ ရင်သို့ ... ဆောင့်တော့သည်။

မျက်နှာကို လက်ဝါးဖြင့် အုပ်ကာရင်း၊ တစ်ယောက်တည်း ... နေသော ခင်သီတာ ရင်ဖွင့်ကာ သည်းထန်စွာငိုမိပါသတည်း။

❖ ❖ ❖





www.burmeseclassic.com

www.burmeseclassic.com



## ● အခန်း (၂၆)

ရန်ကုန်မြို့ရှိ အကြီးကျယ်အခမ်းနားဆုံးသော မင်္ဂလာ
ထဲတွင် တစ်ခုအပါအဝင်ဖြစ်သော. . .

**မောင်ကျော်သူ**

**နှင့်**

**မခင်သီတာ**

**တို့၏**

**ထိမ်းမြားမင်္ဂလာ ပါတည်း။**

အနေဝေး၍ မသိကြသေးသော အသိုင်းအဝိုင်းတွင် အဆန်းတကျယ် ဖြစ်သွားရသည့် ကိစ္စ ရှိနေသည်။

ကိုကျော်သူသာလျှင် သိန်းထိုက်ရတနာ နိုင်လွန်စ



ချင်၏သားဖြစ်သည်။ ပထွေးဆိုသော်လည်း တစ်ဦးတည်းသော ားမို့ ဖခင်ရင်းပမာ ရှိခဲ့ရာမှ. . .

'သတို့သမီး'၏ ဖခင်နေရာတွင်၊ ဦးသိန်းထိုက် ရောက်ရှိ ားသည့် အဖြစ်ပါ။

အထက်တန်းလွှာ အဝန်းအဝိုင်းမို့၊ ချီးမွမ်းသူနည်း၍ ရဲ့သူ၊ သတင်းဖြန့်ဝေသူ၊ ဝေဖန်သူ၊ တီးတိုး အတင်းပြောသူ သာ များကြသည်။

နံနက်ပိုင်းတွင် လက်ထပ်မင်္ဂလာ အခမ်းအနားကို ခင်းနီးဆုံး သူများကိုသာ ဖိတ်ကြားသည်။

ညနေနှောင်းမှသည်၊ ညဦးပိုင်းအထိ မင်းပရိသတ် ါင်းစုံစွာကို "ဂါးဒင်ပါတီ"ဟူသော ဉယျာဉ်ပွဲအဖြစ်နှင့် ရောင်စုံမီး း ထွန်းညှိ ထားသော သိန်းထိုက်ရတနာ ခြံကြီးအတွင်းမှာပင်. . .

ခမ်းနားသိုက်မြိုက်၊ စည်ကားလွန်းစွာ ကျင်းပခဲ့ပါသတည်း။

မေမေ ဒေါ်တင့်တင့်နှင့် ကြည်ပြာမှာ သတို့သမီးနှင့် တို့သား ပြီးလျှင် ဒုတိယအကြည့်ခံရသူများ ဖြစ်သည်။ ဤပွဲတွင် ဖေနှင့်မေမေတို့၏ ဇာတ်ကြောင်းပါ ပြောစရာပိုလာခဲ့ကြဟန် ပါ၏။

"သုံးဆောင်ကြပါနော်"

"ဟာ. . . နောက်ကျလှချည်လား"

"ဟော. . . ပြန်တွေ့မယ်လား"

"ခုလို ကြွရောက်ချီးမြှင့်တာကို၊ ကျေးဇူးအထူးတင်ပါတယ်"

ဟူသော အပြောများကို တစ်ချိန်လုံး ဖေဖေနှင့် ဒေါ်သက်ဦး



www.burmeseclassic.com

www.burmeseclassic.com

တို့က လိုက်လံပြောဆို နှုတ်ဆက်နေကြရရှာပါသည်။

မေမေနှင့် ကြည်ပြာက တေးဂီ တီးဝိုင်းဘေးတွင် ထိုင်… ကြရုံသာ. . .

"သီတာက သိပ်ကိုလှတာပဲ၊ အစ်ကို့ ကို ကံကောင်းတယ်… အားလုံးက ပြောနေကြပြီဗျ"

"အို. . . အစ်ကိုကလဲ ငြိမ်ငြိမ်နေစမ်းပါ၊ ဟိုမှာ လူ… အများကြီးနဲ့"

"အေးလေ. . . ဧည့်သည်တွေကလဲ ကုန် မကုန်နိုင်… စားသောက်ပြီးတဲ့ လူတွေကလဲ ပြန်ကြဖို့ကောင်းနေပြီ"

ခင်သီတာ ခေါင်းငုံ့ထားရပါသည်။ ထိုင်မသိမ်းနှင့်၊ ထ… ထဘီနှင့်၊ ဘီးဆံထုံးနှင့် တစ်ကိုယ်လုံး စိန်များ ဖုံးထား၍ ခင်သီ… အနေခက်ရသည့်အထဲ. . .

ကိုကျော်သူက အိန္ဒြေမရ၊ ပြုံးပြုံးရွှင်ရွှင်၊ မြူးမြူးကြွ… ဖြစ်နေရုံမက. . .

ခင်သီတာ့ဘက်သို့ လှည့်လှည့်လာပြီး စကားပြောနေပါ… ခင်သီတာ အနေခက်လွန်းလှရပါပြီ. . .

ဒီအထဲ ပြန်မည့်ဧည့်သည်တွေကို လက်ဆွဲနှုတ်ဆက်ရသည်… လက်ပြုတ်ကျမတတ်ပါ။

စိတ်ရော လူရော မောလှပါပြီ။

သည်သို့ဖြင့် ခမ်းနားလွန်း၊ သိုက်မြိုက် စည်ကားလွ… လက်ဖွဲ့များစွာ ရလွန်းသော "ကိုကျော်သူနှင့် မခင်သီတာတို့… လက်ထပ်မင်္ဂလာပွဲ" မှာ အောင်မြင်စွာ ပြီးဆုံးခဲ့ရပါပြီတည်း။



## ● အခန်း (၃၀)

လုလုက ခင်သီတာကို၊ အရင်လို ရင်းရင်းနှီးနှီး ရောရော …င် မဆက်ဆံတော့။

ဒေါ်သက်ဦးများ တားမြစ်ထား၍လားမသိ၊ ခပ်ရှောင် …င် နေသည်။

ခင်သီတာမှာ ယခင်တိုက်လေးပေါ်မှ ပထမ နေခဲ့ရသော …ကြီးပေါ်သို့ ပြန်လည်ပြောင်းရွှေ့ နေခဲ့ရပါပြီ။

အပေါ်ထပ်တွင် သီးသန့်ခန်းဖွဲ့ပြီး၊ ဇာပန်းပြည်ဖြစ် အိပ်ရာ …နားများဖြင့် ခင်သီတာတို့၏ အိပ်ခန်းမှာ၊ အဖိုးတန် ပစ္စည်းများ …လှပလွန်းလှသည်။

ဤအိမ်ကြီးမှာ ပြန်၍ နေရပါစေဟု ခင်သီတာ ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com

ခဲ့မိပါသည်။

ယခင်အိမ်မှာ ဆိုလျှင် တစ်ခါတစ်ရံ 'သူ့'ကို မြင်ရပေ… မည်။ ယခုဖြင့် အမှန်ပင်။

"သမုဒ္ဒရာ ခြားသွားခဲ့ပါပြီ"

ခင်သီတာ ကိုယ်တိုင်လည်း၊ ခင်ပွန်းသည် ကိုကျော်… ပေါ်တွင်မြှုပ်၊ ဂရုစိုက် တာဝန်ကျေခြင်းများဖြင့် သူ့ကို လုံးဝမေ့… နိုင်အောင် ကြိုးစားရရှာသာ ရှိပါတော့မည်။

"သီတာ. . . ချစ်ရေ"

"ဟော. . . ကိုကိုပြန်လာပြီ"

ကိုကျော်သူက ခင်သီတာ့ကို ဖက်လျက် တစ်ပတ်လှည့်… လိုက်သည်။

"အို. . . အဲဒီလို အကြမ်းမလုပ်ရဘူးလို့ ဆရာဝန်… ပြောထားသားနဲ့"

"ဟာ. . . ဟုတ်ပါရဲ့၊ မူးသွားလားဟင်"

"နည်းနည်းတော့ မူးသွားတာပေါ့"

"ဥုံဖွ. . . ဥုံဖွ ပျောက်စေဗျာ"

ဥုံဖွ မန်းသူ၏လက်က လုပ်လေ့လုပ်ထရှိ ကြသ… ခေါင်းကို သပ်မချ၊ ခင်သီတာ၏ ဝမ်းပြင်ကို သပ်နေ၍. . .

"ကိုကိုကလဲ၊ ဘာမှန်းလဲမသိဘူး"

"သီတာမူးရင်၊ ဟောဒီထဲက သားသားလေးလဲ မူးသွား… မှာပေါ့"

"သားမဖြစ်ပဲ၊ သမီးလေးဖြစ်နေတော့ ဘယ့်နဲ့လုပ်မလဲလို…



"သမီးလေးဖြစ်လဲ ချစ်ရမှာပဲပေါ့ဗျာ၊ သီတာနဲ့တူအောင် …နေနော်၊ ဒါမှ လှလှလေးဖြစ်မှာ"

"ဟင့်အင်း၊ ကိုကိုနဲ့တူအောင် မွေးမယ်၊ သမီးဦးဆိုတာ …ဖေတူမှ ကောင်းစားမှာတဲ့"

ရင်ထဲတွင် လေးလမျှသာ ရှိသေးသော ဘာမှန်းမသိရ …သေးသည့် ကလေးအတွက်၊ ကောင်းစားစေချင်သောစိတ် ယခုပင် …သီတာ၏ရင်မှာ ဝင်လာမိပါသည်။ မိခင်စိတ်၊ မိဘတို့၏ 'မေတ္တာ …ဒါန်း'ကိုက အင်အားကြီးမားလှပါလား။

ကိုကျော်သူက ဝတ်ထားသော ဘောင်းဘီနှင့် အင်္ကျီကို …ချွတ်ပြီး ကုတင်ပေါ် ပစ်တင်လိုက်သည်။

ဘောင်းဘီတိုနှင့်ပင် ဘေစင်ကြွေခွက်တွင် မျက်နှာသစ် …သည်။ မျက်နှာအမြန်သုတ်ပြီး ဘီရိုဖွင့်လိုက်ပါ၍. . .

"သီတာ ဘာလုပ်ပေးရမလဲ ကိုကို"

"အဝတ် ခပ်သစ်သစ်တစ်စုံ ထုတ်ပေးစမ်းပါ သီတာ"

သူက အရေးတကြီး ခေါင်းဖီးရင်း ပြောလိုက်ပါ၏။

ကိုကျော်သူမှာ ခင်သီတာ၏အနားတွင် တစ်နာရီပြည့်အောင် …ငြိမ်သက် အေးချမ်းစွာ ကပ်၍မနေတတ်။ အိပ်ချိန်မှလွဲလျှင် ယခင် …အတိုင်းပင်။ သူ လူပျိုဘဝက အတိုင်းပင်၊ သွားလိုက်၊ လာလိုက်။

ယခုလည်း အပြင်ကပြန်လာပြီး၊ အပြင်သို့ သူပြန်ထွက်ပေ …မည်။

"သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ ကိုကိုသွားလိုက် …မယ်နော်၊ အပြန်နည်းနည်း နောက်ကျချင် ကျမယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com

"အင်းပါ"

"ထမင်းစားထားနှင့် နော်"

"ဟုတ်ကဲ့"

"မြို့ထဲက ကိုကို ဘာဝယ်ခဲ့ရမလဲ၊ ဘာစားချင်လဲ ဟင်"

"နေပါစေ၊ အိမ်မှာလဲ စားစရာအပြည့်ရှိသားနဲ့"

"ဒါဖြင့် ကိုကို သွားလိုက်ဦးမယ် နော်"

ခင်သီတာ ထုတ်ပေးသော၊ အင်းလေးလုံချည် အသစ်နှင့် ရှပ်အင်္ကျီဖြူကို သူဝတ်ပြီး ခင်သီတာ၏ နဖူးပြင်သို့ ဖျတ်ခနဲ တစ်ချက်မွှေးပြီး ပေးဆင်းသွားတော့သည်။

ယောက္ခမကြီး ဒေါ်သက်ဦးက သင်သည်။ ပညာပေး ပေးသည်။ ကိုယ့်ယောကျ်ား ကိုယ့်နားတွင် နေနည်း နိသျှည်းများ

ခင်သီတာ မပြောချင်ပါ။ ခင်သီတာ့ အပေါ်တွင်လည်း တွေ့ဆုံ ကြုံကြိုလေတိုင်း ယခုလို အပြေးလေး အမွှေးလေးများဖြင့် ကိုကျော်သူက ကျေနပ်အောင်လုပ်တတ်သည်။

နက်ရှိုင်းသော နှလုံးသားတွင်းမှ ထွက်ပေါ်လာတတ်သည့် အေးမြ ငြိမ်းချမ်းသော မေတ္တာမျိုးမှ ဟုတ်ပါရဲ့လားဖြင့်မသိ။

ခင်သီတာ့အနေနှင့်လည်း၊ အပြစ်မဲ့သော ခင်ပွန်းကို ရှိသေ လေးစား၍ သံယောဇဉ် တွယ်ငြိမိသည်မှလွဲ၍၊ ရင်ထဲတွင် နစ်နစ်နဲနဲ လှိုက်လှိုက်လှဲလှဲ ခံစားရခြင်းမရှိပါဟု ထင်မိသည်။

"ကိုကိုရယ် သီတာ့ကို ခွဲမသွားပါနဲ့"

"သီတာလဲ လိုက်ခဲ့ချင်တယ်"

ဆိုသော အပြောမျိုးကို ဒေါ်သက်ဦးက ပြောစေချင်သလို



ပြောချင်ပါ။ ပြောမထွက်ပါ။

"မခေါ်ချင် ထားခဲ့လေ"

ဆိုသော သဘောမျိုးဖြင့်ပင် ယခုလို ကျန်ခဲ့သည်ချည်းပါ။

အောက်ထပ်တွင် ဒေါ်သက်ဦး ဆူနေသည်။ လုလုနှင့် တိုးသက်၍ပါ။ နေ့လယ်ကထွက်သွားပြီး ယခုတိုင်ပြန်မလာ၍ဟု ပြောနေသံ ကြားရသည်။

ကိုယ်နှင့်မဆိုင်သည့်ကိစ္စမို့၊ ခင်သီတာ ဘယ်သောအခါမှ ဝင်မပါ ပါ။

'သီတာ' ဆိုသော အမည်နှင့်လိုက်ဖက်အောင် ရေလိုအေးသော ချွေးမလေး ဟူသော တင်စားမှုဖြင့် သူ့အသိုက်အဝန်းတွင်းမှာ ဒေါ်သက်ဦးက တင်စားရှာသည်။

ခင်သီတာနှင့် ဒေါ်သက်ဦးတို့ ကြားမှာ ပြဿနာဟူ၍ မြတစ်ရွေ့စာမျှ မရှိပါ။

ကိုကျော်သူနှင့် ခင်သီတာသည်လည်း ကြင်စဦး ဇနီးမောင်နှံ ထုံးစံအတိုင်း ရန်ဖြစ်လိုက်ကြ၊ ဆူလိုက်ကြ၊ ပြောလိုက်ကြ၊ ပြန်တည့်သွားလိုက်ကြဟူသော ပုံစံမျိုးမရှိ။

'ချစ်လှချည်ရဲ့' ဟူ၍လည်း မရှိပါ။

ကိုကျော်သူနှင့် အစဉ် အဆင်ပြေ၍ ဒေါ်သက်ဦး၏ ကျေနပ် နှစ်သိမ့်မှုကို ရယူနေခြင်းခံရသော သမီးလေးမသီတာ အတွက်. . .

ဖေဖေ ဦးသိန်းထိုက်မှာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် မိသားစုအားလုံး ပျော်ပြုံးကြည်နူးစွာ ရှိနေကြချိန်. . .



www.burmeseclassic.com

www.burmeseclassic.com

ခင်သီတာ့ရင်တွင် ပန်းအိဖြူ ဖြစ်လာမည့် ချစ်သမီးလေး ကိုယ်ဝန်ငါးလရချိန်မှာ. . .

❖ ❖ ❖



● အခန်း (၃၁)

"သီတာ ကော်ဖီသောက်မလား၊ မိုင်လို၊ အိုဗာတင်း သောက်မလားဟင်"

"ဟာ. . . နေပါစေ လုလုရယ်၊ သီတာ့ဖာသာ ဆင်းဖျော် သောက်မှာပေါ့"

"မဆင်းရဘူးတဲ့ ရှင့်၊ ကြီးကြီး မှာထားလို့"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အတက်အဆင်းများရင်၊ ကိုယ်ဝန်ပျက်ကျတတ်တယ် တဲ့"

"ဟင်. . . ဟုတ်လား"

"အဲဒါကြောင့် သွားမေး၊ သောက်ချင်တာ ဖျော်ပေးပြီး တက်ပို့လိုက်တဲ့"

"ဒါဖြင့်လဲ ကော်ဖီပဲ သောက်ပါ့မယ်လေ၊ တခြားဟာ တွေက အီလို့ အန်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ၊ မုန့်လဲအစုံယူခဲ့မယ်၊ အစ်ကိုလေးက သီတာစားဖို့ မုန့်တွေအစုံ ဒီနေ့ဝယ်လာခဲ့တယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ သီတာက အရင်နဲ့မတူဘူး၊ နှစ်ယောက်စာစားရမှာတဲ့၊ ဗိုက်ထဲက သူကလေးအတွက်ပါတဲ့"

ကိုကျော်သူ ကိုယ်တိုင်လည်း၊ ရင်သွေးအတွက် စိတ်ဝင်စားလာပါလားဟူသော အသိဖြင့် ပီတိဖြစ်မိသည်။

ငါ့သံယောဇဉ်ပြီးရင် သား သို့မဟုတ် သမီး သံယောဇဉ်လေးတွေဟာ သူ့အတွက် နှောင်ကြိုးတွေ ဖြစ်လာမှာပါလေ. . .။

သူ့အမေ မသွားစေချင်တဲ့ အပြင်ဆိုတာလဲ သူသွားအားတော့မယ် မထင်ပါဘူး။

ယင်းအတွေးများဖြင့် လှေကားမှ လင်ပန်းကြီးကို သယ်ဆောင်ရင်းတက်လာမည့် လုလုကို ခင်သီတာ စောင့်မျှော်နေမိသည်။

"မဟုတ်ဘူး . . . မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ"

မီးဖိုမှ အထွက်၊ အိမ်မဘက်ဆီမှ လုလု၏ အော်သံနှင့်လူ တစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"အား . . . အမလေး"

"ဒုန်း . . . ဂွမ် . . . ခလွမ်"

ဆိုသော အော်ဟစ်သံ၊ ကျကွဲသံများကြောင့် ခင်သီတာမှာ အလန့်တကြားနှင့် လှေကားတစ်ဆစ်ချိုးထိ ပြေးကြည့်မိသည်။

"ဟင် . . ."



မြင်ရသည့် မြင်ကွင်းက မလှပလွန်း။

ကော်ဖီနှင့် မုန့်များ၊ ပန်းကန်များက ကြမ်းပြင်ပေါ်တွင် ဖိတ်စင် ကွဲရလျက် . . .။

လုလုက မျက်နှာကို လက်နှင့်အုပ်ရင်း အော်နေသည်။

သူ့ရှေ့ တည့်တည့်တွင် . . .

"ကိုတာရာ"

ခင်သီတာမှာ ဆန်းကျယ်လွန်းသော မြင်ကွင်းကြောင့် အသက်မရှူမိပဲ အလန့်လန့်အဖြန့်ဖြန့် ကြည့်နေမိဆဲ . . .

ကိုကျော်သူရောက်လာသည်။

သူ့လက်ထဲတွင် သေနတ်တစ်လက်နှင့် . . .

"ခင်ဗျား ထွက်သွားပါ ကိုတာရာ"

"မထွက်ဘူး . . . တမင်လာစောင့်နေတာ၊ ဦးလေး သိန်းထိုက် ဘယ်မှာလဲ"

"ဒီအိမ်က ကိစ္စ . . . ခင်ဗျားအလုပ် ဘာရှိလဲ"

"ရှိတယ် . . . ရှိတယ်"

ကိုကျော်သူက တည်ငြိမ်အောင် ကြိုးစားနေနိုင်သလောက် ကိုတာရာက ကြုံးအော်နေသည်။ သူ သိပ်လှုပ်ရှား နေသည်။ ဘာတွေဖြစ်နေကြပါလိမ့် . . .။

"ခင်ဗျားကို ကောင်းကောင်းပြောလို့မရရင်၊ ကျုပ်တကယ် ပစ်လိုက်မှာနော် . . . ကိုတာရာ"

"ကျုပ်ကလဲ ခင်ဗျားတို့ကို အပြတ်ရှင်းဖို့ လာခဲ့တာပဲ ကဲ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဟိုက်. . . အမလေး"

ခင်သီတာပင် အလန့်တကြားအော်လိုက်မိသည်။

တိုက်ခိုက်မှုကို ကိုတာရာက စသည်။ သေနတ်နှင့် ချိန်ထားသော လက်ကို ခြေနှင့် ကန်လိုက်ပြီး အတင်းလူချင်းပင်လုံးပူးသတ်သည်။ သေနတ်ကတော့ ကိုကျော်သူလက်ထဲမှာပင်။

လုလုမှာ အကြောသေသွားသူလို တောင့်တောင့်ကြီးရပ်ကြည့်နေသည်။

ခင်သီတာမှာလည်း ကြောင်ငေးလျက်. . .

လုံးသတ်ပွဲက စက္ကန့်ပိုင်းမျှသာ ကြာသည်။ အားချင်းမမျှသော ယောကျ်ားချင်း ထိုးသတ်သည့်ပွဲမို့ အင်အားကြီးသောကိုတာရာ၏လက်သို့ သေနတ်က ရောက်သွားတော့သည်။

"ဟာ. . . မ. . . မလုပ်ပါနဲ့. . . မလုပ်ပါနဲ့ဗျာ"

လက်ကလေးကာ၍ တောင်းပန်ရင်း၊ နောက်သို့ ဆုတ်သွားသော ကိုကျော်သူ၏ နောက်ဆုံးအချိန်ကို ယခုအချိန်ထိ ခင်သီတာမြင်ယောင်နေမိဆဲပါ။

"ဒိုင်း. . . ဒိုင်း. . ."

ဆိုသော သေနတ်သံနှစ်ချက် ဆင့်ထွက်လာသည်။

အနီးကပ် ပစ်ကွင်းဖြင့်၊ ကိုတာရာက ကိုကျော်သူ၏ရင်ဝသို့ နှစ်ချက်ဆင့် ပစ်ချလိုက်သည်။

အရက်စက်ဆုံး မြင်ကွင်းပါတည်း။

ရင်ဝသို့လက်နှင့် ဖိထားသော ကိုကျော်သူ၏ရင်မှ သွေးများက ဒလဟော ယိုစီးကျလာသည်။



ကိုကျော်သူမှာ ခေါင်းလေးငိုက်ရင်း၊ ဖြည်းညှင်းစွာ ညွတ်ခွေကျသွားပါတော့သည်။

"လုလု. . . အဲဒီပန်းကန်တွေ၊ စားစရာတွေကို အစအနကျန်အောင် သိမ်းလိုက်"

"ပြီးရင် ခင်ဗျား နှုတ်ပိတ်နေ၊ ဒီအိမ်က ထွက်သွားတော့ပါပဲ"

ခင်သီတာမှာ မူးမေ့သွားမတတ်၊ မိုက်ခနဲ ဖြစ်သွားသော်လည်း မနည်းထိန်း၍ လှေကားရင်းသို့ ဆင်းခဲ့ရသည်။

"အမယ်လေး. . အမယ်လေး. . ဘယ်လိုဖြစ်ကြတာလဲ"

ပန်းခြံထဲမှပြေးတက်လာသော ဒေါ်သက်ဦးက၊ ရင်ဆို့သောလေသံနှင့် မေးရင်း သူ့သားလေးနားသို့ ပြေးရင်း လဲကျသွားကာသည်။

လုလုမှာ ကွဲရှနေသော ပစ္စည်းများကို အမြန်ဆုံး ကြုံးယူသိမ်းနေသည်။

"ဟုတ်တယ်. . . ကျွန်တော်. . . ဒေါ်ဒေါ့သားကို သတ်လိုက်တယ်"

"အမယ်လေး. . . အမယ်လေးတော်. . ."

"ကျွန်တော်ကိုယ်တိုင် ရဲကို ဖုန်းဆက်ပြီး အဖမ်းခံပါ့မယ်"

ကိုတာရာက သေနတ်ကိုင်လျက်နှင့် ထွက်သွားတော့သည်။

မေ့လဲသွားသော သွေးတိုးနှင့်နှလုံးရောဂါရှင် ဒေါ်သက်ဦးနှင့်. . .

သွေးများအိုင်ထွန်းနေသည့် အလယ်တွင်၊ စစောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းရင်း သေဆုံးနေသည့် ခင်ပွန်းသည် ကိုကျော်သူ
နှစ်ယောက်၏အလယ်တွင်. . .

ကိုယ်ဝန်သည် ခင်သီတာမှာ အားလုံးကို မေ့လျော့
သွားခါနီး၊ မှုးမိုက်ပြာဝေလာဆဲမှာ. . .

သေနတ်သံကြောင့်၊ အော်သံများကြောင့် ပြေးလာကြသူ
များ၏ သဏ္ဌာန်ကို ဝိုးတဝါးမြင်တွေ့လိုက်ရပြီး နောက်တွင် ဘာကို
မမြင်ရတော့၊ မကြားရတော့၊ မသိရတော့အောင် မေ့မြောသွားခဲ့
ပါပြီတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၃...)

"ရထားကလဲ၊ စောင့်ရတာ ကြာသလိုပဲ"

"အိဖြူ စိတ်စောနေလို့ပါ"

"ဟုတ်တယ်၊ မေမေ့ကို တွေ့ချင်လှပြီ"

"ဒေါ်ခင်သီတာ ဆိုတဲ့ အိဖြူရဲ့ မေမေက၊ မောင်မောင့်ကို... ကြည့်ပါ့မလား အိဖြူရယ်"

"ပိုပြန်ပြီ၊ သူ့ဘက်မှာ အန်တီကြည်ပြာရှိနေသားနဲ့"

"ဒါပေမယ့် ဒီကအဒေါ်၊ ဟိုကအမေပဲ"

"ဖခင်မဲ့ ဘဝနဲ့ မွေးဖွားလာခဲ့ရတဲ့ အိဖြူကို မေမေ... သိပ်ချစ်တယ်၊ သိပ်ဂရုစိုက်ခဲ့တယ်၊ ဒါပေမယ့် အိဖြူ ရန်ကု... တက္ကသိုလ် ရောက်လာချိန်ကစပြီး၊ အန်တီကြည်ပြာပဲ အိဖြ...





...ကိုကြည့်ပြီး ကြိုးကိုင်ပဲ့ပြင်ပါလို့ 'မေမေက အပြီးအပိုင်ပြီးသား ...ဆိုနေမှ"

ဒါဖြင့် မောင်မောင်၊ မပူရတော့ဘူးနော်"

"အင်းပေါ့လို့"

"အိဖြူလဲ မပူနဲ့ဦးနော်"

"ဘာဖြစ်လို့"

"လက်မှ မထပ်ရသေးဘဲ"

"မောင်မောင်နော်၊ အထုမခံရတာ ကြာလို့လား"

"ထုရဲ ထုပါလား၊ ဘူတာမှာ လူတွေအများကြီး"

"အောင်မယ်. . . ကဲ. . . ကဲ"

"ဟ. . . ဟ. . . ကြည့်စမ်း၊ တကယ်ထုတယ်"

သံဇကာရှေ့တွင် ရပ်နေရင်းက ကျရောက်လာသော ...သီးချက်များကို "ပြည့်ဖြိုးအောင်" က ရယ်မောရင်း လှမ်း၍ ...ဆုပ်ထားလိုက်ရသည်။

"ပန်းအိဖြူဆိုတာ လက်ရဲဇက်ရဲထဲက၊ သွားမစမ်းနဲ့ မရဘူး"

ဆိုသော ဘွဲ့ကို ယူထားသည့် မြန်မာစာအဓိကဏ်၏ ...သိုလ် ကျောင်းတော်သူ. . .

ပြည့်ဖြိုးအောင်မှာ ရက်ရက်နှင့် ပန်းအိဖြူ၏ လက်ကလေး ...ဆုပ်ကိုင်ဆွဲလျက်နှင့်ပင် နေရာလွတ်နေသည့် တိုင်ပတ်လည်မှ ...ခုံဝိုင်းလေးဆီသို့ ဆွဲခေါ်လာရသည်။နီးကပ်စွာ ထိုင်မိကြသည်။ ...သော ပန်းအိဖြူ၏ မျက်နှာလေးကိုသာ ကြည့်နေမိသည်၊ ... မနောက်ရဲ တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်"

"ရှာ"

"အမှန်က အိဖြူပြန်ဖို့ မေမေက သူချက်ခြင်း လိုက်
ခဲ့မယ်ဆိုတဲ့ ကြေးနန်းပို့လိုက်တာ၊ ဘာများလုပ်မလို့လဲ မသိဘူး"

"တွေ့ရတော့မှာပဲ အိဖြူရယ်"

"မေမေ့မှာ အဖော်ပါမှာ မဟုတ်ဘူး၊ တစ်ယော
လာရမှာ၊ သနားပါတယ်"

"အိဖြူ မေမေက သိပ်မအိုသေးပါဘူး၊ လေးဆယ်
မပြည့်သေးဘူးဆို၊ မာတ်ပုံထဲမှာ တွေ့ရတာလဲ အိဖြူလိုလှတုန်း"

"အင်း. . . မေမေဟာ ငယ်ငယ်ရွယ်ရွယ် လှလှပပ
မုဆိုးမ ဖြစ်ရရှာတယ်၊ မေမေလဲ ရန်ကုန်မလာတာ ကြာလှပြီ"

"ဟုတ်လား"

"ဟုတ်တယ်၊ ခုလို တစ်ယောက်တဲလာတဲ့ခရီးစဉ်မှာ
ရန်ကုန်မှာ ဖြစ်ပျက်သွားခဲ့ဖူးတဲ့ ကိစ္စတွေကိုများ စဉ်းစားလာ
မသိဘူးနော်"

ပန်းအိဖြူ၏အတွေးအတိုင်းပင်၊ ဇာတ်လမ်း၏အ
အဆုံးတိုင် 'ဒေါ်ခင်သီတာ' တွေးလာခဲ့ပါသည်။

ထိုအချိန်တွင် ပန်းအိဖြူ၏ချစ်သူ ပြည့်ဖြိုးအော
သူငယ်ချင်းတစ်ယောက် လာရောက်နှုတ်ဆက်သည်။ ပန်းအိ
ပြုံးပြပြီး တိုင်လေးဟု မှီလျက်၊ သူလည်း သူ့မိခင်လိုပင် တိုတော
သော သူ့ဘဝ ချစ်ခရီးလမ်းလေးအကြောင်းကို တွေးနေမိသည်။

* * * * *



*မိတ်ဆွေ အပေါင်းအသင်း xxx ဖြစ်သွားကြတာတွေ
x စိတ်အနေ ပြောင်းရင်း xxx ချစ်သွားကြတာတွေ xxx
တွေဟာ တကယ်တော့ မဆန်းပေ xxx*

*ကံ့ကော်ပွင့်ရာ xxx ငုဝါပွင့်ရာ xxx စိန်ပန်းပွင့်ရာ
x တက္ကသိုလ် ကျောင်းတော်မှာလေ xxx ဗျာပွေလိုက်လှဲ
x မေတစ်ယောက်ထဲ xxx မပျော်နိုင် xxx ပေ။*

"အင်းပေါ့ဗျ၊ တစ်ယောက်ထဲဆိုတော့ ဘယ်ပျော်နိုင်ပါ့

"ဘာ. . . ဘာ"

အသံလာရာသို့ အလန့်တကြားဖြင့် ပန်းအိဖြူ လှည့်ကြည့်
မိသည်။

ကန်နွန်စပို့ရှပ်နှင့်၊ ဖလဲအပြာနုနှင့်၊ နှစ်ရာကျော်တန်
ခုံမြင့် ညှပ်ဖိနပ်နှင့်၊ ဗိုတိုစန်း မျက်ပုန်နှင့် ဆံပင်ရှည်ရှည်နှင့်
ငယ်တစ်ယောက်။

နေရာက အင်းလျားဆောင်ရှေ့၊ တက္ကသိုလ် လေ့လော်
ဝင်း၊ လူရှင်းသောသရက်ပင်ရိပ် အောက်မှာ။

'ပလပ်စတစ်လေးခင်းပြီး လူရှင်းသော နေရာတွင်
လာကျက်သော ပန်းအိဖြူ။

စာအုပ်များကို ရှာဖွေထုတ်နေရင်းက "ချိုပြုံး" သီချင်းများ
တိုးတိုးလေး ငြီးလိုက်မိချိန်။

သူက သရက်ပင်မြစ်တွင် ထိုင်နေသော ပန်းအိဖြူ၏



www.burmeseclassic.com

www.burmeseclassic.com

အထက်စီးက လက်ပိုက်၍ ပင်စည်ကို မှီလျက်. . .

ပန်းအိဖြူ ဖျတ်ခနဲ ထလိုက်သည်။ ဘလောက် (စ) အ... ခါးထောက်လိုက်ပြီး . . .

"နေပါဦး. . . ခုန ဘာပြောလိုက်တယ်"

"ဩော်. . . သီချင်းအတိုင်းပေါ့ဗျာ၊ တစ်ယောက်ထဲ... တော့ ဘယ်ပျော်နိုင်ပါ့မလဲလို့ ပြောတာပါ"

"ကျွန်မ မပျော်ရင် ရှင့်အမေခေါ်ပြီး ဖျော်ဖြေခိုင်းရမှာလား"

"ကျွန်တော့်အမေက မအားဘူးဗျ၊ အားနေတာ... ကျွန်တော်"

"ဘာ"

"ဟုတ်တယ် ကျွန်တော်က အားနေတာ၊ ပြီးတော့... ဂစ်တာလဲ တီးတတ်တယ်၊ စန္ဒရားလဲရတော့ အခု အော်ဂဲ... စင်သစိုက်ဇာ တောင် တီးနိုင်ပြီ၊ သီချင်းလဲ ဆိုတတ်ပါတယ်"

"ဒါ ဘာစကားတွေလဲ"

"ဩော်. . . ကျွန်တော် ဖျော်ဖြေတတ်တဲ့ အကြောင်း... တွေ တင်ပြရတာပါ"

သူကလက်ပိုက်လျက်၊ ပင်စည်ကိုမှီလျက်၊ ပြုံးလျက်... မထီလေးစားပုံစံမျိုး. . .

"ဒီမှာ ရှင်ဘယ်ကလဲ. . . လာစမ်းလို့များ ရမယ်ထ... လို့လား. . ."

ပန်းအိဖြူက လွယ်အိတ်ကိုငုံ့ကောက်လိုက်ပြီး၊ စလွယ်သို... လွယ်ပစ်လိုက်သည်။ လွယ်အိတ်အတွင်းမှ နိုက်ထုတ်ပြီး. . .



"ချောက်"

ဆိုသောအသံအဆုံးတွင်၊ ပန်းအိဖြူ၏ လက်၌ အော်တို...က်တစ် ဓားတစ်ချောင်း၏ အသွားက. . . ဖျတ်ခနဲ လက်သွား...သည်။

"ဟဲ. . . ဟဲ မလုပ်ပါနဲ့ဗျာ. . . ကျွန်တော်က သူများကိုသာ ...ဓားနဲ့ခွဲနေတာ၊ ကျွန်တော့်ကျတော့ကြောက်တတ်တယ်ဗျ"

"ရှင်လာကြောင်မနေနဲ့နော်. . . ပြီးတော့. . . ဓားနဲ့ခွဲ ...အောင် ရှင်ကခါးမိုက်နိုက်လား"

"အဟဲ. . ဟဲ"

သူက တကယ်လှိုက်လှဲစွာ ရယ်လိုက်သည်။

"ရှင်ဟာ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်နယ်မြေရဲ့ မျက်နှာစိမ်းပဲ၊ ...ရှင့်ကိုတစ်ခါမှ မမြင်ဖူးဘူး၊ လာမစမ်းနဲ့နော်. . . မရဘူး။ အခု ...ကျွန်မနားက သွားမလား. . . မသွားဘူးလားပြော"

"နေပါဦးဗျာ. . . ပန်းအိဖြူဆိုတဲ့ မြန်မာစာ ကျောင်းသူ ...လေးကို တောင်ငူဆောင်မှာလာရှာနေတာ ကြာပါပြီ"

"ဟင်"

ကိုယ့်နာမည်သိနေပြီဆိုတော့၊ ပန်းအိဖြူ လန့်သွားမိသည်။

"ဒီနေ့တော့၊ ဒီဘက်မှာ စာသွားကျက်တယ်ဆိုတဲ့ သတင်း ...ရတာနဲ့"

"မလိုဘူး. . . မလိုဘူး. . . ခုထွက်သွားပါ"

"ဒါ. . . ပန်းအိဖြူပိုင်တဲ့ သရက်ပင်ကြီးလား. . . ဗျ..."

သူက မထီလေးစားနှင့် ပင်စည်ကို ကိုင်ပွတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်သည်။

"ဟင်. . . ကဲ"

"ဟာ. . ."

သရက်ပင်စည်ပေါ်မှ သူ့လက်ပေါ်သို့ ဓားနှင့်စိုက်ေ
ချလိုက်သည်။ သူက ဖျတ်လတ်စွာ သူ့လက်ကိုရုပ်သိမ်း ရှောင်ဖ
လိုက်ရင်း. . .

"ဒေါသကြီးလှချည်လားဗျ"

"ရှင် ရှင်. . . သွားနော်"

အမှန်ပင် တစ်ခုခုလုပ်တော့မည့် ပုံစံနှင့်၊ ပန်းအိဖြူကို သူ
မထိတထိ ရိတိတိကြည့်ပြီးထွက်သွားသည်။

ဒေါသကြီးသော စနေသမီး ပန်းအိဖြူမှာ၊ သူ့ကိုဒီလိုလာ၍
'ကြောင်' သွားသည်ကို နည်းနည်းလေးမှမခံနိုင်. . . ကျောခိုင်းသွ
သော သူ့အရပ်ရှည်ရှည်. . . ကျောပြင်ကျယ်ကျယ် ကြီးဆီသို့. . .

"ကဲ"

ခြေညှပ်ဖိနပ်ကလေးတစ်ဖက်ကိုချွတ်ပြီး လှမ်းပစ်ပေါက်
လိုက်သည်။

သူ့တင်ပါးဘောင်းဘီပေါ်သို့ ထိသွားသည်။ သူလှည့်
ကြည့်သည်။ ဖိနပ်ကိုပါ ငုံ့ကြည့်ပြီး. . .

"ဘယ်လိုလဲ မိန်းကလေးရဲ့"

ပြောပြီးနောက်တွင် သူ့ခြေလှမ်းကပိုမို၍ သွက်လက်
သွားတော့သည်။

ပန်းအိဖြူမှာ ဓားကိုပိတ်၊ ဖိနပ်ကိုပြန်ကောက်ရသည်။



ဆိုနေ့က စာကျေက်ဖြစ်တော့။

* * * * *

" B,Com, B.L. ဘွဲ့နှစ်ခုပိုင်ရှင် အန်တီကြည်ပြာမှာ
5 to 8 ဟူသော ငါးရာမှ ရှစ်ရာစားအရာရှိကြီး ဖြစ်နေပါပြီ၊
သူ့ခင်ပွန်းက သူ့ထက်တစ်ဆင့်နိမ့်သော 450 to 700 ဟူသော
အရာရှိ၊ အလုပ်ကတော့ သီးခြားဌာနစီ၊ အသက်ကြီးမှ အိမ်ထောင်
ကျကြ၍ ခလေးတွေက ငယ်လှသေးသည်။ ယခုမှ ခြောက်နှစ်
တစ်ယောက်နှင့် သုံးနှစ်တစ်ယောက်. . .

အန်တီကြည်ပြာ ခင်ပွန်းကအေး၍၊ သဘောထားပြည့်ဝ
သည်။ ကလေးများက ချစ်စရာကောင်းလှသည်။ အိမ်တွင်
အိပ်ဖော်လည်းရှိ၍ ပန်းအိဖြူအတွက် အနေအထိုင်အဆင်ပြေလှ
ပါသည်။ ကမာရွတ်၊ လှည်းတန်းမှာပင် နေကြပါ၍ ပန်းအိဖြူအတွက်
ကျောင်းတက်ရသည်မှာလည်း အဆင်ပြေလှပါသည်။

" M.D ကြီးက သဘောကောင်းတယ်"

"သူနဲ့လုပ်ရတာ သိပ်အဆင်ပြေတာပဲ၊ အလုပ်ကြိုးစားတဲ့
အန်တီကြည်ပြာကိုလဲ သူကအားထားတယ်"

" M.D ကြီးက. . . 'သူရ' ဘွဲ့ရပြီးသား၊ အငြိမ်းစား
ဗိုလ်မှူးကြီး၊ ဝင်ဒါမီယာမှာနေတာ၊ သူ့မိန်းမက မီးယပ်နဲ့သားဖွား
ရဂုံ O.G ဘွဲ့ရ ဆရာဝန်မကြီး. . . နိုင်ငံခြားက ပြန်လာတော့
ဘက်(စ) ဝက်ဂွန်ပက်ဆက်ကား ပါလာတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟူသော စကားများက ကြားနေကျဖြစ်သည်။ အန်တီကြည်ပြာသည်. . . သူ၏ ဌာနမှ 'ဦးဆောင်ညွှန်ကြားရေးမှူး' ကို အလွန်လေးစားသူဖြစ်ပါ၏။ အဘွားကြီးက၊ အဘိုးကြီးကဟူ၍လည်း ကိုယ့်အထက်အရာရှိကို ခေါ်ဝေါ်လေ့ရှိကြသည့်အတိုင်း ခေါ်ဝေါ် တတ်သည်။

"အားလုံးတော့အဆင်သင့်ဖြစ်ပြီ အန်တီကြည်ပြာရေ"

"ဟော. . . အကောင်းပဲ၊ လာကြပြီ"

မန္တလေးမုန့်တီလုပ်စားသည်။ အန်တီကြည်ပြာ 'အဘိုးကြီး' က မန္တလေးသား၊ မုန့်တီသိပ်ကြိုက်သည်။ အန်တီကြည်ပြာ့လက်ရာကို စားချင်လှသည်ဆို၍ သူတို့မိသားစုအတွက် သက်သက်ချက်ကျွေးရသောပွဲ. . .

"ပန်းအိဖြူရေ လာဦးသမီး. . .

ကြည်ပြာ့ ကုမလေးနဲ့ တစ်ခါမှ မဆုံကြဖူးသေးဘူးနော်"

ပြင်ဆင်နေရာမှ ထွက်လာရသည်။

"ပန်းအိဖြူ ဒါ. . . အန်တီကြည်ပြာတို့ရဲ့ Managing Director၊ ဒါက 'ဒေါက်တာ ဒေါ်တင်စမ်းအေး'၊ ဟောဒါကတော့ မမတို့ရဲ့သားကြီး 'ပြည့်ဖြိုးအောင်'၊ သူက အမ်စီဝမ်းက ဖိုင်နယ်(လ်) ပတ်တူး"

"ဟောတော့"

ပန်းအိဖြူ မျက်လုံးပြူးရပါပြီ။

"သမီးနဲ့သာ မဆုံတာ၊ ပြည့်ဖြိုးအောင်က အိမ်ရောက်နေတာ သုံးလေးခေါက်ရှိပြီ"



"မြတ်စွာဘုရား"

ပန်းအိဖြူ နှုတ်ခမ်းတွေများ၊ ဖြူဖျော့သွားလေပြီလား. . . စိတ်ထဲမှသာ ရေရွတ်နေရသည်။

"သူ. . . သူ. . . ငါ ဖိနပ်နဲ့ပေါက်ဖို့ကိုက်မိတဲ့သူပါလား"

"မပန်းအိဖြူကို ခုလို တွေ့ဆုံခွင့်ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

'ခုလိုတွေ့ဆုံခွင့်ရတာ' ဆိုသော စကားကို ထည့်ပြောရင်း သူက အဓိပ္ပာယ်များစွာနှင့် ပြုံးလိုက်သည်။

"ဟုတ် ဟုတ်ကဲ့ရှင့်"

သည်တစ်ခါ 'ကျွတ်' ရသူက ပန်းအိဖြူ။

မျက်နှာပျက်နေသည့် ပန်းအိဖြူကို သူက ခွင့်လွှတ်ကျေနပ်သောအပြုံးနှင့် တစ်ချိန်လုံးကြည့်နေသည်။

အဘိုးကြီးဆိုသော 'အငြိမ်းစားင်္ဂလိပ်မှူးကြီး သူရဦးအောင်မင်း' က ခပ်အေးအေးပင်ရှိနေသော်လည်း ဒေါက်တာဒေါ်တင်စမ်းအေး က ပန်းအိဖြူ သို့သာ အကဲခတ် နေပုံရသည်။ သူ့မျက်ဝန်းမှာ မနှစ်မျို့ မကျေနပ်သော အရိပ်လက္ခဏာများ မမြင်ရပါ။

"မာမီတို့ပြီးရင် သွားထိုင်ကြလေ၊ သားကထပ်ယူဦးမှာ"

အဘိုးကြီး၊ အဘွားကြီးကို တမင်ပင့်ပေးလိုက်ပြီး သူချည်း ကျန်လေမှ. . .

"မုန့်ကျွေးပြီးရင် ဖိနပ်နဲ့ပေါက်ထုတ်ဦးမှာလားဗျ"

"အို"



www.burmeseclassic.com

www.burmeseclassic.com

"ပန်းအိဖြူရဲ့ အယ်(လ်)ဘမ် (မ်) ကို ကျွန်တော်က ဒီအိမ်မှာ ကြည့်သွားဖူးပါတယ်၊ သိပ်လှလို့ လိုက်ရှာတာ၊ ဓားတွေ ရော၊ ဖိနပ်တွေရောဝင်လာလို့ မနည်းပြေးခဲ့ရတယ်လေ. . . အဟဲ"

"ဒီ. . . ဒီအတွက် အိဖြူ တောင်းပန်ပါတယ်ရှင်"

အမှန်ပင်ရိုင်းပြလွန်းသော မိမိ၏အပြုအမူကြောင့် ဒေါက်တာလေ၁င်း ပြည့်ဖြိုးအောင်ကို ပန်းအိဖြူ အားနာလွန်းရပါပြီ။ ပြီးတော့ အန်တီကြည်ပြာ၏ မျက်နှာကိုလည်း ထောက်ရပါဦးမည်။

"အိဖြူလဲ မသိလို့ပါ၊ ရုတ်တရက်ကြီးဆိုတော့ စိတ်ဆိုးသွား မိလို့ပါ"

"ရပါတယ်. . . ရပါတယ်"

"အိဖြူရဲ့ရိုင်းပြမှုအတွက် ခွင့်လွှတ်ပါလို့ ထပ်ပြီးတောင်းပန် ပါတယ်ရှင်"

"ပို၍ရပါတယ်"

လွင်လွန်းသောသူ့အပြုံးနှင့် ရော၍ ပန်းအိဖြူ ပြုံးရပါပြီ။

"ခေတ်ပုံထဲမှာ သိပ်လှလွန်းလို့ လိုက်ရှာတာ အပြင်မှာ တွေ့ရတော့ ခေတ်ပုံထဲမှာထက် ပိုပြီးလှနေတဲ့ ပန်းအိဖြူရယ်"

ပန်းအိဖြူမှာ ထမင်းစားခန်း၌ သူ့ရှေ့တွင်ငြိမ်သက်စွာ ရပ်နေမိသည်။ ကုန်သွားသော မုန့်များကိုကြည့်ပြီး နောက် တစ်ပန်းကန်စာကို ကိုယ်တိုင်ပြင်ပေးလိုက်မိသည်။

အမ်(မ်)ဒီသားမို့၊ ဆရာဝန်မကြီးရဲ့ ရင်သွေးမို့၊ ဆေးကျောင်း သားမို့ဆိုသော ဂုဏ်ဒြပ်ကြီးများကြောင့် မဟုတ်ပါ။

ဒေါသဖြစ်ဖြစ်နှင့် မဆင်မခြင် ဖိနပ်နှင့်ပစ်ပေါက်မိသော





မိမိ၏ ရိုင်းပြလွန်းမှုကို ခွင့်လွှတ်နိုင်သောသူတစ်ယောက်အဖြစ်နှင့် ပြည့်ဖြိုးအောင်ပေါ်တွင် လေးစားခင်မင်စိတ်ဝင်မိရပါပြီ။

သည့်နောက်တွင်ဖြင့်. . .

ကောက်ကျေးခြင်း၊ ခက်ခဲခြင်း၊ စွန့်စားရခြင်းများ ကင်းသော မေတ္တာလမ်း ဖြောင့်ဖြောင့်ဖြူဖြူလေးမှာ အကြင်နာပန်းရနံ့လေးများ မွှေးမြရင်း ကြည်နူးမှု လေပြည်ညင်းလေးအောက်မှာ. . .။

မောင်မောင်နှင့်အိဖြူ တို့နှစ်ယောက် လက်တွဲ၍လျှောက်ခဲ့ ကြပါပြီ။ ထာဝရမခွဲ၊ လက်တွဲခွင့်ကိုလည်း လူကြီးများက ပေးထားခဲ့ ပြီးပါလေပြီ။

သြော်. . အိဖြူ ချစ်ရလွန်းပါတဲ့ မောင်မောင်ရယ်၊ အိဖြူရဲ့ မေမေလို ချစ်ရသူအပေါင်းနဲ့ စောစီးစွာခွဲခွာလိုက်ရတဲ့ ချစ်ကံခေ လေး မဖြစ်ပါရစေနဲ့။

"မောင်မောင်နဲ့ သက်ဆုံးတိုင် လက်တွဲနိုင်ခွင့် ရပါစေလို့ အိဖြူလေ အမြဲပဲဆုတောင်းနေရသူရယ်ပါရှင်"

* * * * *

"ဟော. . . အိဖြူရေ၊ ရထားဝင်တော့မယ်တဲ့"

"ဟာ. . . မေမေနဲ့ တွေ့ရတော့မယ်"

ဟူသော ဝမ်းသာစိတ်က ပန်းအိဖြူ၏ရင်ကို လိုက်[illegible] စေသည်။

ထုံးနန္ဒင်းရောင်၊ မန္တလေး-ရန်ကုန် အစုန်[illegible]

www.burmeseclassic.com

www.burmeseclassic.com



က လျှောကနဲဖြင့် ဟောဟဲသဲပေးရင်း ရန်ကုန်ဘူတာကြီးတွင်းသို့ ဝင်လာခဲ့ပါပြီ။

ရိုးရိုးတန်းမှပင်ဆင်းလာခဲ့သော ဒေါ်ခင်သီတာ။

အသက်လေးဆယ်ပြည့်ခါနီး၍ နုံနုံဝလာသည်မှ လွဲလျှင် ရင့်ကျက်တည်ငြိမ်ခြင်းများဖြင့် လှပနေဆဲ ဒေါ်ခင်သီတာ။

"မေမေ၊ မေမေရယ်"

"သမီးလေး ပန်းအိဖြူ"

သုံးဆင့်ဖြတ်ဆံပင်လေး ဖွာဖွာဝေနေသည့်ရှေ့မှ မျက်နှာ လှလှဖြူဖြူနုနုနှင့် သမီးလေးကိုကြည့်လိုက်မိသည်။

ထာဝရလွမ်းရသောစိတ်က သမီးလေးကို တွေ့ရပြန်တော့ လည်း မပြေသေးသလိုပါ။ သမီးငယ်၏ပါးလေးကိုမွှတ်ကိုင်ရင်း မျက်ရည်များရစ်ဝိုင်းလာရှာသည်။

အဝါကောက်ဟောက်နှင့် အနက်ပွင့်ပါသောဘလောက် (စ)နှင့် အနက်ရောင်လုံချည်၏ အောက်ဘက်နားတွင် ဇာအနက် အလယ်မှဖြတ်ဆက်၍ ဝတ်ထားသောသမီး၏ဘေးမှ တက်ထရက် ဘောင်းဘီဖြူနှင့်လူငယ်ကို ကြည့်လိုက်ပြီး. . .

"သူက ဘယ်သူလဲသမီး"

"အန်တီကြည်ပြာတို့ . . . အမ်-ဒီရဲ့သားပါမေမေ၊ ကိုပြည့်ဖြိုးအောင် တဲ့ ဆေးတက္ကသိုလ်ကပါ"

"ဩော်. . . ဩော်"

တည်ငြိမ်သောမျက်ဝန်းများဖြင့် ပြည့်ဖြိုးအောင်ကို ကြည့်လိုက်ပြီး ဒေါ်ခင်သီတာ ဖြည်းညှင်းစွာခေါင်းညိတ်ပြလိုက်





သည်။ လူငယ်နှစ်ဦး၏ ချစ်ရည်ရွှန်းနေသော မျက်ဝန်းအစုံကို ဒေါ်ခင်သီတာ သတိထားမိပါသည်။ နားလည်နိုင်စွမ်း ရှိခဲ့ပါသည်။

နောက် ဘူတာထဲမှ ထွက်ခဲ့ကြသည်။

အလာတုန်းကလို ပန်းအိဖြူ မောင်မောင်နှင့်တွဲ၍ ရှေ့မှာ ဆိုင်ရဲတော့။

မေမေနှင့်အတူပင် နောက်ခန်းမှာ ထိုင်လိုက်ရသည်။

ပြည့်ဖြိုးအောင်၏ ဘော်(စ)ကက်ဂွန် ပက်ဆက်သည် ငြိမ်နေအောင်၊ ဘူတာရုံရှေ့မှထွက်လာပြီး သမ္မတရုံကြီးကို ဦးတည် လိုက်သည်။ သမ္မတဟိုတယ်ကြီးကိုပါ မော့ကြည့်လိုက်မိသည်။

"ဩော်. . . အနှစ်နှစ်ဆယ်ကြာတဲ့ ရန်ကုန်မြို့ဟာ အတော့်ကိုပဲ ပြောင်းလဲနေပါပေါ့လားကွယ်"

ဘွဲ့ရတော့မည့် သမီးလေးက၊ ဆရာဝန်လောင်း သူ့ချစ်သူ နှင့်အတူ ယှဉ်တွဲ၍ လာကြိုရှာသည်။ ကြည်ပြာတို့ ကျေနပ်ပြီးသား ဆင်ပါရဲ့။ ကောင်လေးကလဲ ယဉ်ကျေးသိမ်မွေ့လှပါတယ်။ ငါ့သမီးလေးဟာ ငါ့လိုမဖြစ်ပဲ၊ အရာရာမှာကံကောင်းသူလေး ဖြစ်ပါစေကွယ်. . .။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က ရန်ကုန်မြို့သို့ ရောက်လာခဲ့ ရသည့် မိမိ၏အဖြစ်ကို ဒေါ်ခင်သီတာ ပြန်လည်၍မြင်ယောင် လာမိသည်။

ဩော်. . . ကိုတာရာ. . . ကိုတာရာ. . .။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၃၃)

ဒေါ်ခင်သီတာမှာ ဖြစ်ပျက်ခဲ့ရပုံအလုံးစုံကို ပြောပြအပြီး တွင် . . .

"မငိုနဲ့ သမီးရယ်၊ မငိုပါနဲ့တော့"

"သမီးမှာဖြင့် သူ့ကို လေးစားလိုက်ရတာ ကြည်ညိုလို ရတာ၊ ကြည့်စမ်းပါဦး၊ တိုက်တိုက်ဆိုင်ဆိုင်မှ တွေ့တတ်ပလေတယ် သမီးရဲ့ဖေဖေကိုသတ်တဲ့ လူသတ်သမားဆိုတာ ဦးတာရာ ဆို ဒီလူယုတ်မာကြီးပါလား"

ပန်းအိဖြူ၏ရင်ထဲတွင်၊ မမြင်လိုက်ရသော ဖခင် နောက်ဆုံးဖြစ်ရပ်လေးကို မြင်ယောင်ရင်း ကြိတ်မနိုင်ခဲမရ၊ ရင်ထဲ လှိုင်းထလာရင်း အံကြိတ်၍ပြောမိသည်။

"ဟာ. . . မ. . . မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ဗျာ"

ဟု လက်ကလေးကာ၍ တောင်းပန်ရင်း နောက်သ





ဆုတ်သွားနေချိန်တွင် ဖခင်၏ရင်ဝတည့်တည့်သို့ နှစ်ချက်ဆင့်ပြီး သနတ်နှင့် ရက်စက်စွာ ပစ်သတ်ခဲ့သည်ဆိုသော ဦးတာရာ။

"အေး. . . ဒါကြောင့် ငါ့သမီးဆီ မေမေ အချိန်မီ ကိုက်လာတာပေါ့၊ သူနဲ့ ဘယ်လိုဆက်သွယ်မိတာလဲ၊ သူက ခု ဘယ်မှာ နေသလဲ"

"ဆက်သွယ်မိတာကတော့ လွယ်ပါတယ် မေမေ၊ စာရေး ဆရာတွေရဲ့ အတ္ထုပ္ပတ္တိနဲ့ စာပေ စာတမ်းကို ပြုစုရမယ်ဆိုထဲက ဆိုပဲ တစ်ဆင့် တစ်ဆင့် ရှာကြရတာပါပဲ၊ ဖွေမောင် ယူတဲ့ သမီးရဲ့ သူငယ်ချင်းတစ်ယောက်က ဦးတာရာနဲ့တစ်လမ်းထဲနေတယ်၊ ဒီ)လမ်းမှာ တိုက်ခန်းတစ်ခန်းနဲ့ သူတစ်ယောက်ထဲနေတယ်"

"အင်း . . . "

"အဲဒါ သမီးသူငယ်ချင်း 'စန်းငွေ'ဆိုတဲ့ ကောင်လေးက နဲ့သိလို့ သူ့ဆီခေါ်သွားပြီး မိတ်ဆက်ပေး၊ လိုတာမေးခိုင်းတာပါပဲ"

"သူ သမီးအကြောင်းတွေ မမေးဘူးလား"

"ဟင့်အင်း . . . ဘာမှ မမေးဘူးမေမေ၊ မြန်မာစာ အဓိက ကျောင်းသူ ပန်းအိဖြူပါဆိုပြီး မိတ်ဆက်ပေးတာကလွဲရင် သူ သမီး အကြောင်းဘာမှ မသိဘူး"

"အင်း . . . မသိလို့သာ၊ သူဘယ်သူဘယ်ဝါဆိုတာ အတိ တွေ ပြောနေတာပေါ့၊ မဟုတ်ရင် သူ့အဖေကို ငါသတ်ထားတာ သားဆိုတဲ့စိတ်နဲ့ ရင်ဆိုင်ရဲမှာတောင် မဟုတ်ဘူး"

"အင်းပေါ့နော်၊ ဒါနဲ့ သမီးရဲ့ဘွားဘွား ဒေါ်သက်ဦးရော င်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က သူ့သား အလောင်းဘေးမှာ သတိမေ့[...]ကိုက်ရတယ်၊ ပြီးတော့ နိုင်လွန်စက်ရုံကြီးကို ပြည်သူပိုင်အသိမ်း
လဲသွားပြီးထဲက ပြန်မထူနိုင်ဘူးဆိုပါတော့လေ၊ ဆေးရုံပို့ပြီး သုံးရ[...]လိုက်ရတယ်"

အကြာမှာ ဆုံးသွားတယ်၊ ဒင်းဟာ လူနှစ်ယောက်ရဲ့ အသက်[...] "အို. . ."

သတ်တဲ့လူပဲ သမီး" "မေမေရဲ့ ဖေဖေ ကျေးရှူးရှင် ဖေဖေဟာလဲ ထောင်ထဲ

"ဟုတ်တယ်၊ ဟုတ်တယ် မေမေ၊ သမီးဖေဖေနဲ့ ဘွားဘွား[...]ပဲ သေသွားတယ်လို့ သတင်းရခဲ့တယ်၊ မေမေနဲ့ မတွေ့ရတော့

အသက်ကို သတ်ရုံမက မေမေ့ဘဝကိုလဲ သတ်ပစ်တဲ့လူ" [...]ဘူး"

"ဟုတ်တယ် သမီး၊ ဟုတ်တယ်" "သနားပါတယ်နော်၊ ဘိုးဘိုးသာရှိရင်လဲ သမီးကိုချစ်မှာပဲ

"ပြီးတော့ သမီးမှာလဲ မွေးဖွားခင်ထဲက ဖခင်ရဲ့မေတ္တာ[...]နော် မေမေ"

ဆိုတာ မရရှိခဲ့ရဘူး၊ အဖမဲ့သမီးအဖြစ်နဲ့ တစ်ဘဝစာလုံးမျက်[...] "သိပ်ချစ်မှာပေါ့ကွယ်"

ငယ်ခဲ့ရတာ. . ." "ဘွားဘွားဒေါ်သက်ဦးကလဲ ချစ်မှာပဲ၊ ဖေဖေကလဲ မေမေ့

"ဒင်းကြောင့်ပေါ့ သမီးရယ်" [...]သိပဲ နေမှာပဲ၊ အို. . . သမီးကို ချစ်မယ့် သူတွေကို သူသတ်ပစ်ခဲ့

"မေမေ. . ." [...]တယ်နော်"

"ဟင်. . ." "ဒီမှာ သမီး၊ မေမေပြောမယ်"

"သမီး လက်စားချေမယ် မေမေ၊ သူ့ကို သမီး ပြန်သ[...] "ပြောပါ မေမေ"

ပ်စ်မယ်" "ဒီပြင် စာရေးဆရာတစ်ယောက်ကို ပြောင်းပြီးတင်လို့ မရ

"အို. . . သမီးရယ် မဟုတ်တာကွယ်" [...]ဘူးလား"

ပန်းအိဖြူမှာ မိခင်၏ရင်ခွင်မှာမှီကပ်၍ ငိုရှိုက်နေရှာသည်[...] "အချိန်မရှိတော့ဘူး ထင်တယ်"

နောက်ထပ် ဘာစကားမှ မပြောတော့။ "ဒါဖြင့်လဲ မတတ်နိုင်တော့ဘူးပေါ့လေ၊ ဒီမှာသမီးလေး

"မေမေ့ကိုက ကံဆိုးတာပါလေ၊ ပစ္စည်းလေးနည်းနည်း[...]န်းအိဖြူ"

ပါသွားပြီး၊ ဟိုပင်မြို့က မေမေရဲ့မေမေ ဒေါ်တင့်တင့်ဆီမှာ သမီး[...] "မေမေ"

ပြန်ပြီး မွေးဖွားခဲ့ရတယ်" "မေမေ တစ်ခုပဲမှာချင်တယ်"

"မေမေ ပြန်မလာနိုင်ခင်မှာ ဖေဖေဦးသိန်းထိုက် အဖ[...] "ဟုတ်ကဲ့"





www.burmeseclassic.com

www.burmeseclassic.com



"ကိုတာရာနဲ့ လုံးဝ မဆက်သွယ်နဲ့တော့"

"ရှင်. . ."

"အာယာတတွေ၊ ကလဲ့စားတွေလဲ ထားမနေပါနဲ့တော့ သမီး၊ ချေလိုက်တော့. . . ချေလိုက်တော့"

စိတ်ကြီးသော သမီးလေး၊ တစ်ခုခုမှားယွင်းမှာ စိုး၍သာ မှာရသည်။ ဒေါ်ခင်သီတာ၏ ရင်ထဲတွင်ဖြင့် မချေဖျက်နိုင်. . .

မိမိကိုယ်ထက် အဖမဲ့သမီးလေး၏အဖြစ်ကို အသက်ထက် ဆုံး ရင်နာ၍ ဆုံးနိုင်တော့မည် မဟုတ်သည့် ဖြစ်ရပ်ပါလား။

"သူ. . . သူ. . . ဘာဖြစ်လို့ ဖေဖေ့လိုပြန်ပြီး မသေရတာ လဲဟင် မေမေရယ်"

"ပထမတော့ သေဒဏ်ချတာ၊ အယူခံမှာ သေနတ် ကိုကျော်သူ့ သေနတ်မို့ ကြိုတင်ကြံရွယ်မှုမရှိဘူးဆိုပြီး တစ်သက် တစ်ကျွန်း ပြောင်းပစ်လိုက်တယ်"

"ဟင်. . ."

"ထောင်ထဲမှာ သူဆယ့်လေးနှစ်လောက် နေရမှာ သူနာမည်နဲ့ ကြော်ငြာတွေ တွေ့တာတော့ သုံးလေးနှစ် ရှိပြီ"

"ဟုတ်တယ်"

"ဟုတ်တယ် သူလုံးချင်း စာအုပ် (၂၀) ကျော် ရေးပြီး"

"နေ့စမ်းပါဦး ဒီအကြောင်းတွေ၊ ကြည်ပြာ သိသား သမီးကို ဘာမှမပြောဘူးလား"

"ဒီလို မေမေ. . . မေမေ့ဆီသာ၊ သမီးက အကြောင်း စာရေးတာ၊ သမီး ဒီလိုစာတမ်းပြုစုနေတယ် စာရေးဆရာ ခက်ဝေ



သွားတယ်ဆိုတာကလွဲပြီး ပြောမပြမိဘူး"

"ဪ"

"အန်တီ ကြည်ပြာကလဲ၊ သိတဲ့အတိုင်း သိပ်အလုပ်များ တော့ သမီးလဲ အနှောင့်အယှက်ပေးသလို ဖြစ်မှာစိုးလို့. . . ပြီးတော့ ကျောင်းစာကိစ္စလဲဖြစ်လို့ သူ့ကို ဘာမှမပြောပြမိဘူး"

"အင်း . . . မပြောနဲ့တော့ သမီး၊ ကြည်ပြာမသိစေနဲ့ တော့"

"သမီး . . . သူ့အပေါ်မှာ ဘယ်လိုတုန့်ပြန်မှုမျိုးမှ မစီစဉ် ပါနဲ့ဦး ကြားလား သမီး"

"ဘာဖြစ်လို့လဲ မေမေ"

"မေမေကိုယ်တိုင်လဲ သူနဲ့တွေ့သင့် မတွေ့သင့် စဉ်းစား နေလို့ပါ"

"ဟင်. . ."

"မေမေ တစ်ခွန်းထဲ မေးချင်တယ်၊ သိချင်တယ်၊ ဒီလောက် ရက်စက်ယုတ်မာတဲ့ လူသတ်မှုမျိုးကို ဘာကြောင့်များ လုပ်ရက် ရတာလဲ"

"မေမေနဲ့ သမီးနဲ့ သူ့ဆီသွားကြမလား"

"နေပါဦးလေ. . . စဉ်းစားကြသေးတာပေါ့"

ဒေါ်ခင်သီတာက ယခုကိစ္စကို ပန်းအိဖြူ မပါဝင်စေချင်။ သူနဲ့သာ ရင်ဆိုင်ပစ်ချင်သည်။ ငယ်ရွယ်၍ စိတ်ထက်သော သမီးလေးနှင့် သူ့ဖခင်ကို သတ်ထားသော လူသတ်သမား ကိုတာရာ တို့ မဆုံစည်းစေချင်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုတာရာရယ်. . . သီတာ မေးချင်လှပါတယ်"

"ကိုကျော်သူကို ဘာကြောင့် သတ်ရတာလဲ"

"ဒေါ်သက်ဦးကို ဘာကြောင့် သေစေရတာလဲ"

"သီတာ့ကိုရော မုဆိုးမအဖြစ်နဲ့ ဘာကြောင့်များ ဘဝဆုံး စေရတာလဲ"

ပြီးတော့. . .

"ပန်းအိဖြူ"

"အပြစ်မဲ့ မွေးဖွားလာမယ့် သမီးလေးကို အဖမဲ့ဘဝနဲ့ ဘာကြောင့် ဖြစ်စေရတာလဲ"

"ကိုတာရာ. . ."

"ရှင့်ရင်ထဲမှာ မိသားတစ်စုလုံး၊ ဘဝတုံးအောင် လုပ်ရက်တဲ့ ယုတ်မာ ရက်စက်လွန်းတဲ့ အသည်းနှလုံးမျိုး ရှိနေလိမ့်မယ်လို့. . . သီတာ မထင်မိခဲ့ဘူး"

"နည်းနည်းလေးမှ မထင်ရက်ခဲ့ဘူး"

အခုတော့ ရက်စက်လွန်းတဲ့ ရှင့်ကို သီတာ တွေ့ဖြစ်အောင် လာတွေ့မယ် ကိုတာရာရေ. . .

❖ ❖ ❖



● အခန်း (၃၄)

"မမသီတာက ဘယ်လိုသဘောရသလဲ"

"ဩော်. . . ကြည်ပြာရယ် နင်ကျေနပ်တယ်ဆိုရင် ပြီးတာပဲ၊ ပန်းအိဖြူကို နင့်အပ်ထားတာပဲ၊ ပြီးတော့လဲ မောင်ပြည့်ဖြိုးအောင် အနေနဲ့ ပြည့်စုံသင့်တာထက်တောင် လွန်ကဲနေတဲ့ အမျိုးသားလေးပဲ"

"ဟုတ်တယ်၊ ဒီနေ့ခေတ်က တစ်မျိုးဖြစ်သွားပြန်ပြီ၊ ကြည်ပြာတို့ မမသီတာတို့ ခေတ်ကလို မိန်းကလေးနောက်ကို ယောကျ်ားလေး လိုက်တာချည်း မဟုတ်တော့ဘူး"

"ဟင်. . ."

"ပြည့်ဖြိုးအောင်တို့လို စာတော်တဲ့၊ နောက်ပိုင်းတောင့်တဲ့ ကားကောင်းကောင်းစီးနိုင်တဲ့ ကောင်လေးတွေနောက်ကို ကောင်မလေးတွေက အပြိုင်အဆိုင် လိုက်ရှိတ်ကြတာပဲလေ၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com

စကားတွေကြားတာတောင် အသည်းယားမိတယ်"

"ဘုရားရေ"

"ကိုပြည့်ဖြိုးအောင် ရှိပါသလားလို့ ကောင်မလေးတွေဆီက တယ်လီဖုန်းတွေ လာလိုက်တာ တဂွမ်ဂွမ်ပဲလို့ သူ့အမေက ပြော ရတယ်"

"ဒုက္ခပါပဲဟယ်. . . နေစမ်းပါဦး၊ သမီးနဲ့ရော ဘယ်လို တွေ့ကြတာတဲ့လဲ"

"မိန်းကလေးကလိုက် စရိုက်တယ်ဆိုတဲ့ မကြားဝံ့ မနာသာ အဖြစ်မျိုးထဲမှာ ကြည်ပြာတို့သမီး မပါပါဘူး မမသီတာ"

"အင်း . . . တော်ပါသေးရဲ့"

"အဘိုးကြီးကခိုင်းလို့ ပြည့်ဖြိုးအောင်က အိမ်လာရင်း ပန်းအိဖြူရဲ့ ဓာတ်ပုံတွေ တွေ့သွားတယ်၊ သူဟာသူလိုက်ရှာပြီး သူက စကြိုက်တာပါ၊ ပန်းအိဖြူကလဲ သိပ်လှတယ်မဟုတ်လား"

"သူတို့မိဘတွေဘက်ကရော"

"သူ့သားကို ဆတ်စလူးမလေးတွေနဲ့ တွေ့ပြီး အမိဖမ်း ခံရတာမျိုး မဖြစ်စေချင်တာ တစ်ခုပါပဲတဲ့၊ ဒေါ်ကြည်ပြာ တူမဆို စိတ်အေးရပါပြီတဲ့၊ သူ့သားချစ်ရင် ပြီးတာပါပဲတဲ့၊ အဘိုးကြီးကတော့ အားလုံး ကျေနပ်မယ့်ပုံပဲ"

"ဒါဆိုရင်လဲ ပြီးတာပါပဲလေ၊ သမီးလေးကံကောင်းပါစေ လို့သာ ဆုတောင်းပါတယ်၊ ပြီးတော့ သမီးရဲ့ ချစ်သူဟာ သမီးကို ထာဝရ ချစ်မြတ်နိုးသူသာ ဖြစ်ပါစေလို့ ဆိုတဲ့ ဆုပါ ပန်းအိဖြူအတွက် ငါဆုတောင်းရပါတယ် ကြည်ပြာရယ်"



ညီအစ်မနှစ်ယောက် နောက်ဘေးခန်းတွင် တိုးတိုးညင်ညင် ပြောဆိုနေကြစဉ်. . .

အိမ်ရှေ့ဧည့်ခန်းတွင်. . .

ပြည့်ဖြိုးအောင်နှင့် ပန်းအိဖြူ. . .

"အဘွားကြီးက မောင်မောင့်ကို ကြည်တယ်တဲ့လား ဟင် အိဖြူ"

"ကေ လန့်နေလို့တဲ့. . ."

"ဟာ. . . ဆံပင်ရှည်တာနဲ့ တာရိုတ္တာပေါက်ပြားတာနဲ့ တစ်ခြား စီပဲ အိဖြူရယ်၊ နယ်ကျော်င်းက ဆရာခန့် ကြည့်မရှာ ဖြစ်ပါလိမ့် မယ်"

"အလကားနောက်တာပါ မေမေတာ အာပြောလဲသိလား"

"သိတယ်"

"ဟွန်း . . . ဘယ်လိုလုပ် သိရမှာလဲ"

"မောင်မောင် ကြားတယ်၊ အဲဒီကောင်လေးတို့ ငါ့သမီး သိပ်ချစ်လိုက်တဲ့"

"သွားစမ်းပါ အကောင်းပြောမလို့"

"အဟဲ. . . ကဲ. . . ပြော. . . ပြော"

"မောင်မောင်ဟာ အားလုံး ပြီးပြည့်စုံနေသူမို့ သမီးအတွက် ဝမ်းသာပါတယ်တဲ့"

"ဟုတ်ပြီ"

"သူ တစ်ခုပဲ ဆုတောင်းပါတယ်တဲ့"

"ဘာတဲ့လဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်ဟာ အိဖြူကို ရာသက်ပန် ရာနှုန်းပြည့် ချစ်မြတ်နိုးနိုင်ပါစေတဲ့"

"အမလေးဗျာ ရာနှုန်းပြည့် မကပါဘူး၊ ဒီထက်သာတဲ့ အချစ်နဲ့ တစ်ရာ့တစ်နှုန်း ချစ်တာပါ"

"ဘာ"

"ချစ်ရာနှုန်း (၁၀၁) နဲ့ ချစ်တာပါ အိဖြူရယ်"

"ပိုပြီ"

"မပိုပါဘူး အိဖြူ၊ မောင်မောင့်ရင်ထဲမှာ ရာနှုန်းပြည့်ဆိုတဲ့ အချစ်ထက် အစွန်းထွက်နေတဲ့ ချစ်ရာနှုန်း (၁၀၁) နဲ့ချစ်တယ် ဆိုတာ တကယ်ပါပဲ"

"နေပါဦး ဒီနာမည် ကြားဖူးသလိုလိုပါပဲ"

"မောင်မောင့်ရင်ထဲမှာ တကယ်ဖြစ်လာတာကို ပြောတာပါ အိဖြူ၊ မောင်မောင်တော့ ဘယ်ကမှ မကြားဖူးပါဘူး"

"မောင်မောင်ဟာ အိဖြူရဲ့ အချစ်ဦးပါကွယ်၊ ဒါကြောင့် သိပ်ချစ်ရပါတယ်၊ မေမေပြောသလို အိဖြူကိုလဲ ထာဝရ ချစ်နိုင်ပါစေ . . . လို့ အိဖြူလေ ဆုတောင်းရပါတယ် မောင်မောင်ရယ်"

"ချစ်ပါတယ် အိဖြူရယ် သိပ် . . . သိပ် . . ."

ပြည့်ဖြိုးအောင်၏ စကား ရှေ့ဆက်၍ မရတော့၊ နှစ်ယောက်ထိုင် ကုလားထိုင်စုံတွင် ပူးတွဲထိုင်နေရာမှ လူချင်းခွာလိုက်ရသည်။

ဒေါ်ခင်သီတာနှင့် ဒေါ်ကြည်ပြာတို့ အပြင်သို့ ထွက်လာကြ၍ပါ။



"ဟင် . . . မေမေ ဘယ်လဲ"

"မြို့ထဲခဏ သမီး"

"မေမေတစ်ယောက်ထဲလား"

"အန်တီကြည်ပြာ သုံးဘီး လိုက်ခေါ် ပေးလိုက်မယ်လေ"

"မေမေတစ်ယောက်ထဲသွားလို့ ဖြစ်ပါ့မလား သမီးလိုက်ခဲ့ရမလား"

သူ့တစ်သက်တာမျှ ရန်ကုန်မြို့နှင့် ကင်းကွာနေခဲ့ရသော မိခင်ကြီးကို ပန်းအိဖြူ စိတ်မချ။ ချစ်သူကလည်း ရောက်နေ၍ မထားရစ်ခဲ့ရက်။ ချစ်သူမျက်နှာကို ပြန်ကြည့်နေမိစဉ် . . .

"အန်တီကြည်ပြာလဲ တနင်္ဂနွေနေ့မို့ အားနေတာပဲ လိုက်ခဲ့မယ် ပြောပါတယ်"

"တမင် ဘယ်သူ့မှ မခေါ်တာသမီး၊ မေမေ မန္တလေး ဆရာအတတ်သင်သိပ္ပံမှာတက်တုန်းက သိပ်ချစ်ခဲ့တဲ့ သူငယ်ချင်း ဆရာမတစ်ယောက်ဆီသွားမလို့၊ သမီးတို့ ကြည်ပြာတို့ပါတော့ စကားပြောရတာ မဖြောင့်ဘူး"

"ဒါဖြင့် မေမေကြာမှာလား"

"အင်း . . . နည်းနည်းတော့ ကြာမှာပေါ့၊ အပြန်သူ့လိုက်ပို့ ခိုင်းမယ်၊ ဘာမှ ပူမနေကြနဲ့နော်"

"ဟုတ်ကဲ့ မေမေ"

"ကဲ . . . မောင်ပြည့်ဖြိုးအောင်၊ အန်တီမြို့ထဲသွားလိုက် ဦးမယ်၊ အေးအေးနေဦးပေါ့"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်ကလဲ ဒီနေ့မှပဲ ကားယူမလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိဘူး၊ ပါလာရင် လိုက်ပို့လို့ရတာပေါ့"

"ရပါတယ် သားရယ်. . . အန်တီတစ်ယောက်ထဲ သွားချင်လို့ပါ"

"တစ်ယောက်ထဲ"

ဟုတ်ပါသည်။ သူ့ကို တစ်ယောက်ထဲ သွား၍ ရင်ဆိုင်လိုက်ပါတော့မည်။

ကမာရွတ်၊ လှည်းတန်းမှ (၃၈)လမ်းသို့ သုံးဘီးတစ်စင်းစင်းလုံး ငှား၍ လာခဲ့သည်။ ရှစ်ကျပ် ပေးရပါ၏။ အရင်ကြားခဲ့ဖူးသော "မီတာနှင့်" ဆိုသည့်ခေတ် ကုန်နေပြန်ပေါ့လား။

ကားပေါ်မှာ လိုက်ပါလာရင်း လက်ကိုင် အိတ်တွင်းမှစာအုပ် တစ်အုပ်ကို ထုတ်ယူလိုက်သည်။

ခက်ဝေ (ကျွန်းနှမြေ)

၏

သမုဒ္ဒရာ ခြားသည်သို့

ဟူသော လုံးချင်း အချစ်ဝတ္ထု စာအုပ်တစ်အုပ်။ ဤအမည်ကိုသတင်းစာမှ ကြော်ငြာများတွင် တွေ့မိသော်လည်း ခက်ဝေ၏ဝတ္ထုများကို တစ်ခါမှဖတ်၍မကြည့်မိ။ ဖတ်ချင်စိတ်လည်း မရှိပါ။ ဖတ်ရန်လည်း အချိန်ကမအား။ မေတ္တာဘွဲ့ဆိုသော စာများကို လျစ်လျူရှုခဲ့သည်မှာ ကြာပါပြီ။

စာအုပ်ကို လှန်ကြည့်လိုက်သည်။ ထိပ်ပိုင်း ပုံနှိပ်သူ၊ ထုတ်



ဝေသူ၊ စောင်ရေ၊ ခွင့်ပြုချက် စသော နေရာများမှ. . .

ထုတ်ဝေသူ။

ဦးတာရာ၊

သမုဒ္ဒရာစာပေ

အမှတ်(   ) ၃၈ လမ်း၊

အပေါ်ဆုံးထပ်(ဝဲ)

ရန်ကုန်မြို့။

ဟူသော လိပ်စာအတိုင်း သုံးဘီးဆရာကို ပြောညွှန်ရသည်။

မိခင်ကြီး ဒေါ်တင့်တင့် မသေဆုံးမီကာ သမီးလေး ပန်းအိမ်ဖြူကိုထားရစ်ခဲ့ကာ မန္တလေးဆရာအတတ်သင်မှာ အလယ်တန်းပြဆရာမ သင်တန်းတက်ရောက်ခဲ့ဖူးသည်ကို ပန်းအိမ်ဖြူမမှတ်မိသော်လည်း သိထားနေသည်။

အခုယံ၍ ကျန်ရစ်ခဲ့သဖြင့် တော်ပါသေးသည်။

ဒေါ်ခင်သီတာ သွားနေသည်က ကိုတာရာထံသို့ပါ. . .

ကန်ရေပြင်လို ငြိမ်သက်နေပြီဖြစ်သော နှလုံးသားပေါ်သို့ နာကျည်းစရာ ခဲတစ်လုံး ကျရောက်လာသည့်အခါ နှလုံးသားရင်ပြင်မှာ ဂယက်ဝိုင်းများစွာ ဖြစ်ထွန်းကျယ်ပြန့် လာရပြန်ပါပြီ။

သုံးထပ်လှေခါးကို တက်ရသည်မှာ ပေတစ်သောင်းမျှလောက်မြင့်သော တောင်ကိုတက်ရသည်ထက်ပင် ဒေါ်ခင်သီတာအဖို့ ခက်ခဲပင်ပန်းလှရပါချေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ရင်ဆိုင်တွေ့ရတော့မည်"

ဟူသောအသိနှင့် မောဟိုက်လာမှုများက နှလုံးသားကို ကိုင်၍လှုပ်ခါနေသလိုပါ။

ကိုယ့်ရင်ကို ကိုယ့်လက်နှင့်ဖိရင်း၊ အံကိုကြိတ်ခဲလိုက်ရသည်။ လက်ဝဲဘက်၏ အခန်းတံခါးကို ခပ်ပြင်းပြင်းပင်ခေါက်ပစ်လိုက်မိတော့သည်။

တံခါးကပွင့်လာသည်။ မိမိ၏မြုံအုပ်သိုသိပ်ထားခဲ့ရသော အသည်းနှလုံးကိုပါ ဖွင့်လိုက်သည် သို့ပါ။

တံခါးဖွင့်သူက ကိုတာရာမဟုတ်. . .

"ဒါ. . . ဒါ. . . ကိုတာရာ့ အိမ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကြွပါ"

အထဲသို့ လှမ်းဝင်လိုက်မိသည်။ သပ်ယပ်စွာ ဆေးသုတ်ထားပြီး သစ်လွင်သော ပရိဘောဂများနှင့် ပေအဝက်အခန်းငယ်လေးတစ်ခု။

"သူ. . . သူ ရှိသလား"

"ဆရာလားခင်ဗျာ"

"ဟုတ်တယ်"

"မရှိဘူးခင်ဗျ"

"ဟင်"

"အစ်မကြီးက ဘာကိစ္စရှိလို့လဲ ခင်ဗျ"

"မင်းက သူနဲ့ ဘာတော်သလဲ"

"ကျွန်တော်က သူ့တပည့်ပါခင်ဗျာ၊ ဒီအိမ်မှာ သူနဲ့နှစ်ယောက်ထဲနေကြတာပါ။ မှာစရာရှိရင် မှာခဲ့ပါ"

"အေး . . . အေး . . . ကျေးဇူးပြုပြီး ရေတစ်ခွက်လောက်ပေးစမ်းပါကွယ်"

တုန်လှုပ်နေသော ရင်ကိုဖိရင်း ရေတောင်းရသည်။ အသက်အစိတ်ခန့် လူရွယ်လေးက ရေခဲသေတ္တာတွင်းမှ ရေခဲရေပုလင်းနှင့် ဖန်ခွက်ကို ထုတ်ယူလာသည်၊ စားပွဲရှေ့တွင်ချ၍ သွန်းလောင်းထည့်ပေးလိုက်သည်။

"ကျေးဇူးပါပဲကွယ်. . . မှာခဲ့လို့တော့မဖြစ်ဘူး၊ သူနဲ့တွေ့မှ ပြောလို့ပြီးမယ့် ကိစ္စပဲ၊ သူဘယ်အချိန်လောက်မှပြန်ရောက်မှာလဲ"

"ဟာ. . . ဆရာက ဒီမှာကို မနေ့ဘာခင်ဗျ ခရီးထွက်သွားပါတယ်"

"ဟင်"

"စာရေးဖို့ ကုန်ကြမ်းရှာ သွားတာဆိုပါတော့၊ ဒီနေ့ ခေတ်စာဖတ်ပရိသတ်က ညာလို့မရဘူးလေ၊ ကိုယ်တိုင် ကွင်းဆင်းနိုင်မှ ပြီးတော့လဲ ဆရာက သူ့စာဖတ် ပရိသတ်အတွက် သိပ်စေတနာထားတာ၊ ငွေကုန်ခံပြီး ခရီးထွက်လေ့ရှိတယ်"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ. . . အခု ဘယ်သွားနေလဲ၊ ဘယ်တော့ပြန်လာမှာလဲ"

သူ့ဆရာကိုမွှန်းလွန်း၍ စိတ်မရှည်တော့၊ ခပ်ပြတ်ပြတ်ပင် မေးလိုက်မိသည်။

"မောင်းမကန်ပင်လယ်ကမ်းခြေကိုခင်ဗျ၊ ဟိုမှာ စာသွားရေးတယ်ဆိုတော့ အစောဆုံးပြန်လာနိုင်ရင် ဒီလကုန်ပဲ"





www.burmeseclassic.com

www.burmeseclassic.com



"အို"

ယခုမှ ဩဂုတ်လဆန်း၊ ဆယ့်နှစ်ရက်သာ ရှိသေးသည်။ လကုန်ဖို့ အရက်နှစ်ဆယ် နီးပါးလိုပါသေးလား။

သည်အချိန်လောက်ထိ မိမိရန်ကုန်တွင်နေနိုင်။ သမီးတို့ တက္ကသိုလ်နှင့် ယခု အ-ထ-က ကျောင်းပိတ်ရက်များက မကိုက် ညီတော့။ ခွင့်လည်း သည်လောက်ကြာအောင် ယူမလာခဲ့၊ နေ၍ လည်းမဖြစ်၊ သမီးလေး စာမေးပွဲက စက်တင်ဘာလဆန်းတွင်မှ စစ်မည်။

ဩော်...သည်တိုင်းဆိုလျှင်လည်း သူနှင့်လွဲရဦးမှာပါလား...

"အစ်မကြီး"

"ဩော်...ဟင်"

"အရေးကြီးရင် စာဖြစ်ဖြစ် ရေးခဲ့ပါလား...ကျွန်တော် ပို့ပေးနိုင်ပါတယ်"

"နေ...နေပါစေတော့ကွယ်"

"ဟာ...ပြန်တော့မယ်လား"

"အေးလေ...သူနဲ့မှ ဆုံခွင့်မရတော့ပဲ"

ဒေါ်ခင်သီတာ ဖြည်းလေးစွာထလိုက်သည်။ သူနှင့် အပြတ် ရှင်းမည်။ မေးမည်ဟု အားခဲလျက် တမင်တစ်ယောက်ထဲ ထွက်လာ ခဲ့လေကာမှ လွဲရသည့်အဖြစ်။

"ဘယ်သူ လာသွားတယ်လို့ ဆရာလာရင် ပြန်ပြောလိုက်ရ မလဲ ခင်ဗျာ"

"ဟင်..."

"ကျွန်တော့်ကို အစ်မကြီးနာမည်လေးတဆိတ်လောက် ပြောခဲ့ပါ"

"ဒေါ်...ဒေါ်ခင်...အို...အို...နေပါစေ... နေပါစေတော့ ဘာမှမပြောနဲ့တော့"

"ဘယ်လို မိန်းမကြီးလဲ" ဟူသော ကောင်လေး၏ ကြည့်မှုလွဲဖယ်လိုက်ပြီး ခက်ခဲစွာ တက်လာခဲ့သော လှေကား ထက်မှ...

လျှင်မြန်စွာ ပြန်လည်ကာ ဆင်းသက်လာခဲ့မိပါ သတည်း။

❖ ❖ ❖





www.burmeseclassic.com

www.burmeseclassic.com



● အခန်း (၃၂)

ပန်းအိဖြူတစ်ယောက် နောက်ဆုံးနှစ်စာမေးပွဲ ... ကောင်းစွာဖြေဆိုနိုင်ခဲ့သည်။ မဟာဝိဇ္ဇာတန်းကို တက်ခွ... ရရန်လည်း သေချာနိုင်ပါသည်။

"စာမေးပွဲ ပြီးပြီးချင်း သမီးပြန်ခဲ့ပါ"

ဟူသော စကားများကို မှာကြားပြီး မေမေဒေါ်ခင်သီတ... ပြန်သွားခဲ့လေပြီ။

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မေမေကိုယ်တိုင် သူ့... တွေ့ဆုံပြီး ဖြေရှင်းမယ်၊ သမီး ကိုတာရာ့ဆီကို မသွားနဲ့နော်... လုံးဝမသွားနဲ့နော်... မေမေ့ စကားနားထောင်နော်... ကြားလားသမီး၊ မသွားနဲ့နော်..."

ဆိုသော မသွားရန်... စကားများကို အထပ်ထပ်အခါ... မှာကြားပြီး ပြန်သွားရှာသော မေမေ...။

"မေမေရယ်... မေမေ့စကားကို သမီး နားထောင်ချင်ပါတယ်၊ ဒါပေမယ့် ကိုယ့်အဖေတစ်ယောက်လုံးကို သတ်ထားတဲ့လူ၊ မိသားစုတစ်ခုလုံးကို ပြိုကွဲအောင် လုပ်ထားခဲ့တဲ့ လူတစ်ယောက်လုံးကို ရှေ့မှာ တွေ့နေရက်နဲ့ သမီး ဒီအတိုင်း ကြည့်မနေနိုင်ဘူး မေမေရဲ့"

"သားသမီး တစ်ယောက်ဖြစ်လာရင် အမိအဖတို့ရဲ့ မေတ္တာနဲ့ ကြီးပြင်းကြရတယ်၊ ခုတော့ သမီးမှာ မေမေတစ်ယောက်ထဲရဲ့ တစ်ခြမ်းပဲ့ မေတ္တာနဲ့ ကြီးပြင်းခဲ့ရတယ်"

"အဲဒါ သူ့ကြောင့်၊ အဲဒါ ဒီကောင်ကြီးကြောင့်..."

"ဦးတာရာ ပြန်ရောက်လာပြီ" ဆိုသော သတင်းရသည့်ညက ပန်းအိဖြူအိပ်မပျော်ခဲ့။ တစ်ညလုံး တွေးရင်း မိမိ၏တစ်သက်တာအတွင်း အလိုက်လှဲဆုံးသော နာကျည်းခြင်းများ အဖြစ်နှင့် ငိုကြွေးခဲ့မိသည်။

"မေမေ ဘာပြောပြော ငါမနေနိုင်ဘူး"

"သူနဲ့ ပတ်သက်ပြီး တစ်ခုခု လုပ်ရမှကို ငါကျေနပ်နိုင်မယ်"

ယင်းသို့သော နာလုံးများဖြင့် ပန်းအိဖြူတစ်ယောက် ဦးတာရာထံသို့ သွားရန် ဆုံးဖြတ်လိုက်ချိန်တွင်...

"ဟော... မောင်မောင်ရောက်လာပါလား"

"အိဖြူ... ဘယ်သွားမလို့လဲဟင်...၊ ကိုယ့် အချစ်က သူလို့ ပါလားကွယ်"

ပန်းအိဖြူမှာ မောင်မောင်လာသည်ကိုပင်၊ ရွှင်ရွှင်လန်းလန်း မကြိုဆိုနိုင်အားပါ။





www.burmeseclassic.com

www.burmeseclassic.com



"ချစ် ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး မောင်မောင်ရယ်"

"ဒါဖြင့် အခုဘယ်သွားမှာလဲ"

"ဦးတာရာဆီ"

ဦးတည်ရာသို့ လွတ်ကနဲ ပြောလိုက်မိသည်။

"ဟာ. . . ဆရာ ပြန်ရောက်နေပြီလား၊ လာလေ. . . သွားကြမယ်၊ ဆရာ့အိမ်ခန်းလေးဟာ မောင်မောင်တို့အတွက် ချမ်းမြေ့ကြည်နူးစရာ လေးပါပဲ၊ ဆရာက အိဖြူကို သိပ်ပြီးဂရုစိုက်တယ်၊ စေတနာထားတယ်နော်"

"ဟင်း"

ပန်းအိဖြူ သက်ပြင်းချမိသည်။ စာတမ်းကိစ္စနှင့် ဆရာထံသို့ မကြာခဏသွားကြရစဉ်က မောင်မောင်ပါ ပန်းအိဖြူနှင့်အတူပါ ပါလာတတ်၍ ဦးတာရာက မောင်မောင်ကိုပါ ခင်တွယ်နေခဲ့ရှာသည်။

"အိဖြူ အဆင်သင့်ဖြစ်နေပြီပဲ၊ မောင်မောင်လဲ အိမ်ထဲ ဝင်မထိုင်တော့ဘူးနော်၊ လာလေ သွားကြစို့"

စလင်းဘက်လွယ်ပြီးသား၊ ဖိုက်ဟီး ဖိနပ်စီးပြီးသား ပန်းအိဖြူကို ကြည့်ပြီး ပြည့်ဖြိုးအောင် ပြောလိုက်သည်။

ပန်းအိဖြူ ဆင်းလာရသည်။ မောင်မောင့် ကားက(၃၈)လမ်းဆီသို့ ဦးတည်နေပါပြီ။

တစ်ယောက်ထဲသွား၍ တစ်ခုခုလုပ်ပစ်မည်။ အနည်းဆုံး ပက်ပက်စက်စက် ပြောပစ်မည်ဟူသော ရည်ရွယ်ချက်များ ပျက်ပြားရပါလေပြီ။



ပန်းအိဖြူမှာ သူ့မိခင် ရင်လှိုင်းထန်စွာ တက်သွားခဲ့ရသော လှေခါးထစ်များအတိုင်း နင်း၍တက်ခဲ့ရပါပြီ။

ဒေါ်ခင်သီတာ လာသွားသည် ဆိုသည်ကိုဖြင့် ပန်းအိဖြူ သိရှာပါ၊

"ဟော. . . ပန်းအိဖြူတို့ပါလား၊ ရောက်ကတည်းက မျှော်နေမိတာ၊ စာမေးပွဲဖြေနိုင်လား သမီး"

တစ်ခါတစ်ရံ ခေါ်တတ်သော၊ ခေါ်လေ့ရှိသည့်အတိုင်း ခေါ် လိုက်သော ဦးတာရာ၏. . .

"သမီး"

ဆိုသော အသံသည် ပန်းအိဖြူ၏ နုဖျိုသစ်လွင်သော နှလုံးသားလေးကို နာနာကျည်းကျည်း ဆုပ်ခြေ ချေနင်းလိုက်သည် သို့ပါ။

"သမီးတဲ့. . . အဖေခေါ်စရာမရှိတဲ့ ငါ့ကိုများ သူက သမီးတဲ့၊ ကြည့်စမ်းပါဦး"

"အိဖြူလာလေ၊ ဘာဖြစ်နေတာလဲ"

ချစ်သော မောင်မောင်က မေးလာသည်။

"ပန်းအိဖြူ နေကောင်းရဲ့လား ကလေးရယ်၊ ကြည့်ရတာ တစ်မျိုးကြီး ဖြစ်နေသလိုပဲ"

ရင်တွင်း လှိုင်းခတ်မှုများသည်၊ မျက်နှာပြင်မှာ ထင်ဟပ်လာလေပြီဆိုသော အသိဖြင့်. . .

"အေးလေ. . . ငါ ဟန်ဆောင်ပြီး နေဦးမှပါပဲ. . . မောင်မောင်လဲ ပါနေမှတော့ ဒီပြဿနာတွေ သူမသိစေချင်သေးဘူး"

ဟူသော စိတ်ဖြင့် နှလုံးသားမှ ဝေဒနာကို အပြုံးလေးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကွယ်ကာ ဖုံးအုပ်၍ ဟန်လုပ်နေပါသော်လည်း . . .

မောင်မောင်နှင့် စကားပြောနေသောအခါ မောင်မောင့်ကို ကြည့်နေသောအခါ ဦးတာရာကို ရွံ့မုန်းစက်ဆုပ်စွာ ကြည့်နေ လိုက်မိပါသည်။

ဦးတာရာက ဖျတ်ခနဲ လှည့်ကြည့်လာသည်။ ပန်းအိဖြူ၏ မျက်ဝန်းရိပ်မှ အမုန်းစိတ်ကိုများ သူမြင်တွေ့သွားလေပြီလား။

သူကတော့ ခါတိုင်းလို နှုတ်ခမ်းကို စေ့ပိတ်ရင်း မျက်လုံးက ပြုံး၍ ခေါင်းညိတ်သည်။ ခါတိုင်းလို ခွင့်လွှတ်ခြင်း၊ အေးမြခြင်း ဟူသော အပြုံးမျိုးအဖြစ်နှင့် ပန်းအိဖြူ ကြည့်၍ မရတော့။

"အိဖြူက ကျွန်ကော့ကို ခွဲသွားဦးမှာ ဆရာရဲ့"

"ဟုတ်လား၊ ဘယ်သွားမလို့လဲ"

"မေမေ့ဆီ . . . အဲ . . . အိမ် . . . ဟို . . . မြို့ကို ပြန်မလို့ပါ"

ပန်းအိဖြူ၏ လှုပ်ရှားမှုကို၊ သူတို့ ဂရုမထားမိကြလေ သလား မသိပါ။

"ဆရာ ထားဝယ်သွားနေတုန်းကတောင်၊ အိဖြူရဲ့ မေမေ ဟိုပင်က ရောက်လာသေးတယ်"

မောင်မောင့်ကို တတောင်နှင့် တွတ်လိုက်ရသည်။ ဘာ အဓိပ္ပါယ်မှန်း မသိရှာပါသော်လည်း မောင်မောင်က စကားထပ် မဆက်တော့ပါ။

ဦးတာရာမှာလည်း ဟိုပင်၊ ပန်းအိဖြူ၏မေမေ ဆိုသော စကားကြောင့် လှုပ်ရှားသွားသည့် အရိပ်လက္ခဏာလေး တစ်ချက်



လေမှ မမြင်တွေ့လိုက်ရ။

"ဆရာတောင်၊ ဟိုပင်သွားမလို့"

"ဟင်"

"အင်းတော်ကြီးကို သွားရေးလာချင်လို့ အဆက်အသွယ် နေတယ်၊ ရရင်သွားမယ်"

တည်ငြိမ်စွာပြောကြားလာသော ဦးတာရာကို ပန်းအိဖြူ ကြည့်လိုက်မိသည်။

မေမေ ဟိုပင်မြို့သို့ပြန်ရောက်သွားပြီ ဆိုသည်ကို သူသိမည် ဆင်။ စိတ်ဝင်စား၍နေမည်လည်းမဟုတ်ပါပေ။ သူ့အလုပ်တွင် နစ်မြုပ်၍နေပါသော ဦးတာရာ။

အသက်လေးဆယ်မှ စွန်းစုံလေးရှိသေးသည် ဆိုသော် လည်း ဦးတာရာက 'ကျ'သည်။ မေမေနှင့်စာလျှင် အသက်များစွာ ခြားသွားသလိုရှိသည်။ ဆံဖြူမျှင်များက သူ့ခေါင်းတွင် ပြားစွာ ပေါ်လွင်ပျံ့နှံ့နေသည်။

ပိန်၍ အသားမဲသွားသည်။ မျက်မှန်ထူကြီး တပ်ထားပြီး ဝရ အင်္ကျီလက်ရှည်နှင့် တိုက်ပုံနှင့်မို့ အဘိုးကြီးပုံစံ ပေါက် နေသည်။

ထောင်တွင်း၌ ဆယ့်လေးနှစ်လုံးလုံး နေခဲ့ရသည့် ဒဏ်တွေ လား။

"ပန်းအိဖြူ ကျောင်းပိတ်ရင် ဘယ်သွားမလို့လဲ ဟင်"

"ဟိုပင်ကို ပြန်မလို့"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ အိဖြူရဲ့ အမျိုးတွေရှိလို့"

မောင်မောင့်ခြေထောက်ကို နင်းကုတ်ရင်း ပြောလိုက်သည်။ ဘာမှန်းမသိသော မောင်မောင်က ငြိမ်နေရှာပါ၏။

"ကဲ . . . စားကြဦးလေကွယ်"

ဆီချက်ခေါက်ဆွဲ ဝယ်ကျွေးသည်။ သည်သို့ ကျွေးတတ်၏။

"ပန်းအိဖြူ . . . ကလေး"

"ဟင်"

"ဟိုပင်မှာ အမျိုးတွေရှိတယ်ဆိုရင်၊ ဆရာလိုက်လည် ပါရစေ လားကွယ်"

"ဟင် . . . ဆရာက ဟိုပင်လိုက်မယ်"

"ဟိုပင်မြို့ကမှ သွားလို့ရတဲ့ မြန်မာပြည်မှာ အကြီးဆုံး အင်းကြီးနဲ့ ရွှေမဥ္ဇူဘုရားရှိတဲ့ဆီကို သွားချင်လို့ပါ"

"သူလိုက်မယ်တဲ့"

"ဟိုပင်ကို သူလိုက်မယ်တဲ့"

"ဟုတ်ပြီ . . . ဟိုရောက်ရင် ငါ့မြေ၊ ငါ့နယ်၊ ငါလုပ်ချင်တာ လုပ်လို့ ရပြီ။ ငါအပြန်မှာ ဟန်လုပ်ပြီး သူ့ကိုခေါ်သွားမယ် ပြီးရင် . . . ပြီးရင် အို . . . ငါတစ်ခုခုတော့ သူ့ကို ပြန်ပြီးလက်စားချေ မယ်၊ ချေကိုချေရမယ်"

မျိုမကျနိုင်သော ဆီချက်ခေါက်ဆွဲများကို စားနေရင်း ပန်းအိဖြူ စဉ်းစားပြီး . . .

"ဆရာ တကယ်လိုက်လည်မှာလား"

"ကလေးက တကယ်ခေါ်မှာလားကွယ်"





"ခေါ်ရင်ရော"

"လိုက်ချင်တာပေါ့၊ အခု ထားဝယ်နဲ့ မောင်းမကန် အခြေခံပြီး ဇာတ်လမ်း ရေးခဲ့တာ ပြီးလာပြီ၊ အားနေတယ်၊ ကလေး ဘယ်တော့ပြန်မှာလဲ"

"ကောင်းပြီလေ ဆရာ၊ ပြောမယ် ဆရာကို အိဖြူ ပါအောင် ခေါ်သွားမယ်"

"ကျေးဇူးပါပဲကွယ်"

ပန်းအိဖြူပြုံးလိုက်မိသည်၊ လှပနုညက်လွန်းသော မျက်နှာလေးနှင့် မထိုက်တန်၊ မအပ်စပ်သည့် ရက်စက်လွန်းသော အပြုံး။

"ပြည့်ဖြိုးအောင်ရော လိုက်ခဲ့ပါလား"

"သိပ်လိုက်ချင်တာပေါ့ ဆရာရယ်၊ ကျောင်းကိစ္စနဲ့ အိမ်နဲ့ ညှိကြည့်ဦးမယ်လေ"

"ဆရာကတော့ မင်းကိုပါ ပါစေချင်တယ်၊ ဆရာတို့ သုံးယောက်သွားရရင် ပျော်မှာ"

"ကျွန်တော် လိုက်နိုင်အောင် ကြိုးစားမယ် ဆရာ"

"မောင်မောင်က ဘာလိုက်လုပ်မှာလဲ"

"အိဖြူကို မခွဲနိုင်လို့ပေါ့"

"ဟင်း . . ."

ဦးတာရာက သူ့ရှေ့မှ ချစ်သူနှစ်ဦးကို မကြည့်ပါပဲ မျက်လွှာချထားရင်းက ပြုံး၍နေလိုက်သည်။

"ဒီမှာ ဆရာ တကယ်လိုက်မှာနော်"

"အချိန်မရွေးလိုက်မှာပါ ပန်းအိဖြူရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ ဒါဖြင့် စီစဉ်လိုက်မယ်၊ သွားမယ့် ရက်ကို အိဖြူလာ ပြောမယ်"

"ကောင်းပြီကလေး၊ ကောင်းပြီ"

"ကဲ. . . လာ. . . မောင်မောင် ပြန်ကြစို့"

"အို. . . မြန်လှချည်လား၊ ပြန်ကြတော့မလား"

"ဟုတ်တယ် ဆရာ၊ အိဖြူသွားစရာရှိသေးလို့ သွားတော့မယ်နော်"

"အေး . . . အေး . . . ကောင်းပါပြီကွယ်"

ပြည့်ဖြိုးအောင်မှာ ထူးခြားဆန်းသစ်သော ချစ်သူကို ကြည့်ပြီး နောက်မှ အသာကလေး လိုက်ဆင်းခဲ့ရပါတော့သည်။

"အိဖြူ ဘာဖြစ်နေတာလဲ ဟင်၊ ဆရာ့ကို ဆက်ဆံတာလဲ တစ်မျိုးပဲ၊ အရင်ဆို သိပ်ပြီး ရင်းရင်းနှီးနှီး ခင်ခင်မင်မင်နေကြတာ မဟုတ်လား"

ကားပေါ်အရောက်တွင် ပြည့်ဖြိုးအောင်က မေးလာသည်။

"အိဖြူရဲ့ အမူအရာတွေ သိပ်ပျက်နေသလားဟင် မောင်မောင်"

"သိပ်တော့ မပျက်ပါဘူး၊ ဒါပေမယ့် အရင်နဲ့မတူဘူး ဆိုတာတော့ မောင်မောင် သတိထားမိတယ်"

"ဆရာကရော"

"သူကတော့ မြင်တဲ့အတိုင်းပဲ အရင်လိုပါပဲ၊ သူသတိ မထားမိလို့ နေမှာပေါ့"

"သူ အိဖြူ အမူအရာပျက်နေတာ သိမသွားပါဘူးနော်"



"မသိဘူး ထင်တာပဲ၊ ဆရာက ခါတိုင်းလိုပဲ တရင်းတနှီးနဲ့ ကျူးမွေး ညှော်ခံရှာသားပဲ"

"အင်း. . . တော်ပါသေးရဲ့"

ပြည့်ဖြိုးအောင်က ကားကို ဒီးဝီစာရလမ်းဘက် ဦးတည် ိက်သည်။

"မောင်မောင်"

"အိဖြူ"

"အဲဒီ ဦးတာရာနဲ့၊ အိဖြူတို့ ဆွေမျိုး မိဘတွေနဲ့ ပြဿနာ ခဲ့ဘူးတယ် မောင်မောင်"

"ဟင် ဟုတ်လား"

"သူကတော့ မသိဘူး အိဖြူလဲ မေမေသော ပြောပြလို့ ိရတာ၊ သူ့ကို ဟိုပင်ခေါ်သွားပြီး ဟိုကျမှပဲ ရှင်းကြမယ် ဒီမှာ ောင်မောင်"

"ပြောပါ အိဖြူ"

"ဘာပြဿနာလဲ ဆိုတာတော့ အိဖြူကိုချစ်ရင် မမေးပါနဲ့ လို့ အိဖြူတောင်းပန်ပါရစေကွယ်"

"အိ. . . အိဖြူငိုလို့ပါလား၊ ဘယ်လိုပြဿနာမျိုးမို့လဲကွယ်"

"ကျေးဇူးပြုပြီး ခုမမေးပါနဲ့ဦး၊ မောင်မောင်ရယ်နော်၊ အိဖြူ ပြောပြပါရစေနဲ့၊ မောင်မောင် ဟိုပင်ကို လိုက်ခဲ့ပါ၊ ဟိုမှာ ရှင်းကြ ် မောင်မောင် သိရမှာပေါ့"

"လိုက်နိုင်အောင် ကြိုးစားပါ့မယ် အိဖြူရယ်"

"ဩော်. . . ပြီးတော့ အိဖြူရဲ့ မေမေဟာ ဒေါ်ခင်သီတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ အန့်တီဟာ ဒေါ်ကြည်ပြာပါလို့လဲ ဆရာ့ကို မပြောပြလိုက်ဘူး
နော်"

"ဟုတ်ပါရဲ့၊ အရင်တုန်းကလဲ စကားမစပ်မိကြဘူး၊ ခုလဲ
မပြောပါဘူးလို့ မောင်မောင် ကတိပေးပါတယ်ကွယ်"

"ဟုတ်ပြီ အိဖြူ့သူ့ကိုခေါ်သွားမယ်၊ အိဖြူ့ရဲ့ ဟိုပင်မြို့က
မေမေ့ဆီသွားမယ် အပြန်လမ်းမှာ သူ့ကိုပါအောင်ခေါ်သွားတော့
မယ် မောင်မောင်ရေ့"

❖ ❖ ❖



● အခန်း (၃၆)

'ဟိုပင်မြို့'

မန္တလေးမှ နဘားဘူတာ (ကသာလမ်းခွဲ) သို့ (၁၀၅) မိုင်
ဝေးကွာ၍ နဘားမှ ဟိုပင်မြို့က (၁၆၁) မိုင် ကွာဝေးပါ၏။

ထာဝရ အချိန်မှန်လေ့မရှိသော၊ မန္တလေး-မြစ်ကြီးနား
ရထားကို မနေ့ ညနေ (၃) နာရီကျော်လောက်က စီးလာသော
ပန်းအိဖြူမှာ နောက်တစ်နေ့ နေ့လယ်ပိုင်းတွင် အဆင်ပြေ
ချောမောစွာဖြင့် ဇာတိမြေ ဟိုပင်မြို့သို့ ရောက်ခဲ့ရပါပြီ။

"သူ့ . . . ဦးတာရာ ပါမလာခဲ့"

ကြပ်ညပ်နေသော လူအုပ်များကြားမှ အားနှင့်အင်နှင့်
တိုးဝှေ့၍ ပန်းအိဖြူ ဆင်းလိုက်သည်။ မန္တလေး-မြစ်ကြီးနားဆိုတဲ့တန်း



www.burmeseclassic.com

www.burmeseclassic.com



ရထားသာ စီးနေကျ ဆိုပါလျှင်၊ ကရာဝေးတို့ ကွန်ဖူးတို့ ဘားဂွမ်း သင်နေဖို့မလို။ အလိုလို ပညာစုံတတ်သွားပါလိမ့်မည်။ စီးကြည့်ပါ။

ခုန်တက်တတ်ရသည်။ လွှားကနဲ ခုန်ဆင်း တတ်ရသည် တတောင်နှင့်တွက်တတ်ရသည်။ အလစ်သမားများရန်ကိုလည် ထာဝရ မျက်စိလျှင်စွာကြည့်နေတတ်ရမည့်ပညာပါ တတ်သွား ပါလိမ့်မည်။

"မေမေရေ၊ သမီး ဒီမှာ"

မတန်တဆ အလေးအပင်များကို တစ်ယောက်တည် သယ်ချရင်း ပန်းအိဖြူက လှူရှာနေသောဒေါ်ခင်သီတာကို လှမ်းခေ လိုက်သည်။

စိတ်ဓာတ် အားမာန် ပြည့်ဝလွန်းသော သမီးလှလေးနား ဒေါ်ခင်သီတာ ပြေး၍လာသည်။ ဒေါ်ခင်သီတာ၏တပည့်များ ပန်းအိဖြူ၏သူငယ်ချင်းများပါ လာကြိုကြသည်။ ဝိုင်းဝန်းသယ် ပေးကြရင်း၊ ဆူညံစွာနှုတ်ဆက်ကြရင်းဖြင့် တစ်အုပ်ကြီး ဒေါ်ခင်သီတာ၏ အိမ်ရှိရာ၊ သံလမ်း၏အရှေ့ဘက် အရှေ့ရပ်၊ ဟိုပ အင်းတော်ကြီးလမ်းမပေါ်ရှိ . . . ဟိုပင် အထက‌ကျောင်းအနီး . . . စိန်ပန်းပင်များဖြာဝေနေသောခြံအလယ်မှ၊ ခြေတံရှည်ပျဉ်ထော အိမ်ရှိရာသို့ ရောက်ခဲ့ကြရပါပြီ။ ပို့သူများပြန်သွားပြီးချိန်တွင် . . .

"သူ ဟိုပင်ကို နက်ဖြန် ရောက်လာတော့မယ် မေမေ"

"မောင်ပြည့်ဖြိုးအောင်လား"

"မဟုတ်ဘူး၊ ဦးတာရာ"



"အို . . . သမီး"

ဒေါ်ခင်သီတာက အလန့်တကြားကြည့်လိုက်သည်။

"ဟုတ်တယ်မေမေ၊ သူနဲ့ဆုံပြီး တစ်ခုခုမှ ရင်ဆိုင်ဖြေရှင်းခွင့် မရရင် သမီးရင်ထဲက အစိုင်အခဲကြီး ပေါက်ကွဲလိမ့်မယ်"

"မေမေ့ရင်ထဲမှာလဲ ဒီလိုပါပဲ သမီးရယ်"

ဟု ဒေါ်ခင်သီတာက ရင်ထဲမှ ပြောမိသည်။ မျက်ဝန်းမှာ မျက်ရည်များ စို့စွတ်ရင်း . . . အံကို တင်းတင်းကြိတ်ပြီး ပြောနေရှာ သော ချစ်သမီးလေးကိုသာ ငေးကြည့်နေမိသည်။

"ရန်ကုန်မှာ သမီးသူ့ကို ဘာမှမပြောခဲ့ဘူး မေမေ၊ သူလဲ ဘာမှ သိပုံမရဘူး"

"အဲ့ . . . သမီး ခေါ်လာခဲ့တာလား"

"သူက အင်းတော်ကြီးကို သိပ်သွားချင်တယ်ပြောလို့ သမီးလဲ ဒီရောက်မှပဲ မေမေနဲ့တိုင်ပင်ပြီး စီစဉ်မယ်ဆိုတဲ့ဆုံးဖြတ် ချက်တွေနဲ့ သူ့ကို ခေါ်လာခဲ့တာပဲ"

"အင်း . . ."

ယင်းသို့အတိုင်းပင် ဒေါ်ခင်သီတာ ဖြစ်စေချင်ပါသည်။ ကိုတာရာနှင့်ဆုံပြီး မေးချင်လှပါသည်။ သို့ပါသော်လည်း ဤပြဿနာ ကြီးတွင် သူတစ်ယောက်တည်းသာ ဖြေရှင်းချင်သည်။ သမီးလေး ပေါဝင်စေချင်။ ခုတော့ . . .

"မန္တလေးအထိ အတူလာကြတာ တစ်တွဲထဲ၊ ခုံကတော့ သီးခြားစီပေါ့၊ မန္တလေးမှာ ကိစ္စရှိလို့ တစ်ရက်နေခဲ့မယ်၊ နောက်နေ့မှ လိုက်လာမယ် ဆင်းကြိုပါလို့ မှာပြီး သူနေခဲ့တာ"


www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပါတယ်. . . တို့သားအမိ တစ်ရက်ကြိုပြီး စိစဉ်ဖို့ အချိန်ရသွားတာပေါ့"

"သမီးကတော့ ဒီလိုစဉ်းစားလာတယ် မေမေ"

"ပြောစမ်း သမီး"

"ရုတ်တရက် မေမေနဲ့ မတွေ့လိုက်နဲ့ဦး၊ သမီးက ဟန်မပျက်နေပြီး သူ သိပ်သွားချင်တဲ့ အင်းတော်ကြီးကိုပို့ လိုက်ဦးမယ်"

"အင်း. . . ပြောပါဦး၊ ပြီးတော့ဘာလုပ်မှာလဲ"

"ပြန်လာတော့မှ သူရယ်၊ သမီးရယ်၊ မေမေရယ် ဆုံပြီး"

"ဘာလုပ်ကြမှာလဲ"

"သမီး. . . လုပ်ချင်တာ ပြောရမလား"

"ကဲ. . . ပြောစမ်းပါအုံး"

"သတ်ပစ်ချင်တယ်"

"ဟဲ့. . . အို. . ."

"သမီးရဲ့ ဖေဖေသေရသလို၊ သူ့ကိုသေနတ်နဲ့ ပြန်သတ်ပစ်ချင်တယ် မေမေရဲ့"

စိတ်ကြီးသော သမီးလေး၏ ဒေါသမာန်ပြည့်လျှမ်းနေသော မျက်နှာလေးကို ဒေါ်ခင်သီတာ စိုက်ကြည့်နေပြီးမှ. . .

"သမီးလေးရဲ့ ရင်ထဲက ခံပြင်းနာကျည်းမှုကို မေမေ နားလည်ပါတယ်၊ မေမေကိုယ်တိုင်လဲ မေမေ့အပေါ်မှာ ဘာအပြစ်မှ မကျူးလွန်ရှာတဲ့ မထေမဲ့မြင် မပြုရှာတဲ့ လင်ယောကျ်ားကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တဲ့အတွက် နာကျည်းလျက်ပါပဲ သမီး မေမဲ့ကွယ်"

"မေမေနော် လေမျှောမသွားနဲ့"

ရီဝေသော အကြည့်များနှင့်ပင် သမီးလေး၏ အပြောကြောင့် ပြုံးလိုက်မိရင်းက. . .

"မေမေ တစ်ခုပြောပြမယ်။ စစ်ကိုင်းမင်းသား ဘကြီးတော် များ မြတ်နိုးလွန်းခဲ့တဲ့ မိဖုရားခေါင်ကြီး နန်းမတော်မယ်နုဟာ အကာကျဆုံးပြီး နန်းသိမ်းဘုရင် မင်းတော်မောင် သာယာဝတီ မင်းရဲ့ သတ်စေ အမိန့်ကြောင့် သေရအံ့ဆဲဆဲမှာ သူအလွန်ကြည်ညို ကြွယ်တဲ့ ဦးဗုဓ် ဆိုတဲ့ ဆရာတော်ဘုရားကို နောက်ဆုံး ဖူးတွေ့ခွင့် တောင်းတယ်တဲ့"

"ဟုတ်တယ် သမီးသိတယ်မေမေ၊ မယ်နုအုတ်ကျောင်း ပြီး အခုအထိ "အင်းဝမြို့ဟောင်း" မှာ ရှိနေတဲ့ ကျောင်းရဲ့ ကျောင်းထိုင် ဆရာတော်လေ"

"ဟုတ်တယ်၊ အလွန်စကားနည်းပြီး စာပေမှာသာ မွေ့လျော်နေတတ်တဲ့ အဲဒီ ဆရာတော် ဦးဗုဓ်ဟာ မိဖုရားကြီးမယ်နုရဲ့ လျှောက်ထားချက်တွေကို ခံယူပြီး ပြောလိုက်တဲ့စကား သမီး မှတ်ထားစမ်း"

"ဘာတဲ့လဲ မေမေ"

"မယ်နု သူ့ကြွေးရှိတယ်၊ ဆပ်လိုက်တဲ့"

"ဟင်"

"သမီး သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် မေမေ၊ ဖေဖေနဲ့ ဦးတာရာဟာ ဝဋ်ကြွေး ခဲ့လို့ အပြန်အလှန် အသတ်ခံရတယ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သူတို့နှစ်ဦးရဲ့ အကုသိုလ်ကြားမှာ တို
သားအမိမပါဘဲ ဘေးဖယ်နေကြပါစို့လားကွယ်"

"မေမေ့အတွက်တော့ ရင့်ကျက်နေပြီ၊ အချိန်ကကြာခဲ့ပြီ
ကို၊ သမီးအတွက်တော့ လောလောဆယ် အဆန်းသစ်
ခံစားနေရတဲ့ နာကျည်းချက်ပဲ မေမေ"

"ခက်ပါလားကွယ်၊ ဒါကြောင့် သူ့ကို သွားမတွေ့ပါနဲ့
အတန်တန်မှာခဲ့ရဲ့သားနဲ့"

"သမီးတွေ့ပေမယ့် အရင်လို ဆက်ဆံတာပဲ၊ ဘာမှမပြော
မလုပ်ရသေးဘူး၊ တမင် မေမေရှိရာကို ခေါ်လာတာပဲ"

"ကောင်းပြီလေ. . . မေမေကိုယ်တိုင်ပဲ ဖြေရှင်းမယ်
မေးမယ်၊ ပြောမယ်၊ သမီးဘေးဖယ်နေ"

"ဟင့်အင်း . . . သမီးကိုယ်တိုင်လည်း၊ တစ်ခုခုတော့ သ
အဖေကိုယ်စား ဝင်ပြောရမှ"

"အေးလေ. . . ကောင်းပြီ၊ မေမေနဲ့ရှင်းပြီးတော့မှ သ
ဆုံကြတာပေါ့၊ ဒါတို့မြို့ပဲ၊ ဒါတို့မြေပဲ၊ ဒင်း တို့လက်ခုပ် ထဲက
ဖြစ် ရမှာပေါ့"

"ဒါပေါ့ မေမေရဲ့"

သမီးလေး ကျေနပ်ပါစေရန် ပြောလိုက်ရပါသည်။ သ
လေးကို ဤပြဿနာကြီးထဲတွင် ဝင်မပါစေချင်တော့။ ကိုယ်တို
သူနဲ့ အရင်ဆုံတွေ့ပြီး သူ့ကို ပြန်ခိုင်းလိုက်ပါတော့မည်။

"မယ်နု သူ့အကြွေးရှိတယ်၊ ဆပ်လိုက်" ဆိုသော စကာ
အတိုင်း တရားလည်းရပါပြီ၊ ကြွေးသစ် မယူလိုတော့ပါ။ သူ့ကို သ





သည့် အဆင့်ထိလည်း ဒေါ်ခင်သီတာ မကျူးလွန်ခဲ့ပါ။ မကျူးလွန်
တော့ပါ။

"ကိုတာရာရယ် သမီးလေးခေါ်လာတာလည်း တစ်နည်း
တော့ကောင်းပါတယ်လေ။ ရှင့်ကိုသီတာမေးချင်တယ်။ ပြောချင်
ယ်။ ရှင့်ရင်ထဲမှာ နူးညံ့သိမ်မွေ့တဲ့ အသည်းနှလုံး ရှိနေ ရမယ်လို့
တာ အသေအချာ တွက်ထားမိခဲ့ပါလျက်နဲ့. . ."

"ဒီလောက်ရက်စက်တဲ့ လူသတ်မှုကြီးမျိုးကို ရှင်ဘာကြောင့်
ကျူးလွန်ရဲရတာလဲ လို့. . ."

"ကိုတာရာ့ကို သီတာ နုငယ်စဉ်ဘဝက မျက်ဝန်းရိပ်ကနေ
နှိမိတ်လေးတွေ ပြခဲ့တာ ရှင်မြင်မှာပါ ကိုတာရာ. . ."

"ကမ်းတော့မယ့် လက်ကိုတော့၊ ရှောင်ဖယ်ထွက်ပြီး
တော့မှာ ကိုယ်ဝန်ရှိနေချိန်ကျမှ သီတာ့ရဲ့ ယောကျ်ားကို သတ်ပစ်
တော့ ရှင်မိုက်မဲလွန်း၊ ရက်စက်လွန်း၊ ယုတ်မာလွန်းလှ
တယ်လေ"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၃

"အိဖြူတို့ရဲ့၊ ဟိုပင်မြို့ကို မီးရထားလမ်းကြီး ခြား အရှေ့အရပ်၊ အနောက်အရပ်လို့ သတ်မှတ် ထားပါတ ဆရာ. . ."

"ဒီအရှေ့အရပ်မှာ အရှေ့ကျောင်းရှိပါတယ်၊ အဲ ကျောင်းထိုင်ဆရာတော်ဟာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရ သက်တော် (၉၁) နှစ်မှ ပျံလွန်တော်မူခဲ့ပါတယ်"

"ဒီကျောင်းဝင်းထဲက ဟောဒီ ကြေးဆင်းတုတော်ကတေ ကြေးချိန်ပိဿာ (၃၂၀၀) နဲ့သွန်းလုပ် ပူဇော်ထားတာပါ၊ ဒီ မှ တန်ဆောင်းကိုတော့ ဆေးဝက်ပါဆရာတော် မပျံလွန်မီက လာ ပြုပြင်သွားတာပါ၊ ကျောင်းပရဝုဏ်က ကျယ်ဝန်းပြီး ဟောဟို



ောင်းတန်း တွေမှာတော့. . ."

"'တမ်(မ)ခမ်'ဆိုတဲ့ နယ်ဘက်မှာ ကျောက်စိမ်းတူးသမား တွေရှိတယ်၊ ဒီဟိုပင် တစ်မြို့လုံးမှာလည်း နေရာအနှံ့ ကျောက်စိမ်း ရောင်းဝယ်မှုရှိပါတယ်၊ အဲဒီ ကျောက်စိမ်း စတင်တူးဖော်နေကြတဲ့ နေရာတွေကို အထုမ်းနဲ့ ခြေလျှင်လမ်းသွားပြီး ဈေးရောင်းကြမယ့် နယ်နယ်အရပ်ရပ်က လူတွေ တည်းခိုလေ့ရှိတဲ့ စောင်းတန်း ဇရပ် တွေပါ"

"ကဲ. . . နန်းရင်းရွာဘက်ကို သွားကြရအောင်၊ အဲဒီမှာ မ်းနီ'လို့ခေါ်တဲ့ မြန်မာမိသားစုတွေ အနေများပြီး စပါး၊ သားငါးနဲ့ င်းသီးဟင်းရွက်ကအစ ထွက်တဲ့ရွာပဲ၊ ရှမ်းနီ မလေးတွေက ပေမယ့် အဲဒီရွာက ယောက်ျားလေးတွေက မယဉ်ကျေးလှဘူး၊ သ့်သည် မျက်နှာစိမ်းကို နောက်ပြောင် ကျီစယ်တတ်ကြတယ်"

"ဟိုး အရှေ့ဘက်ကတောင်တန်းကြီးဟာ 'လွှယ်ရန်' တောင်တန်းကြီးပါ"

"သူ့အောက်မှာ ရွှေရည်ဝင်းတဲ့ လယ်ကွင်းကြီးတွေ၊ းတော့ ဟောဒီဟာ နန့်ရင်းချောင်းတံတား၊ ဆောက်ထားပုံက အဆန်း၊ သစ်လုံးကြီးတွေကို ထောင်ထောင်ကြီးလုပ်ထားပြီး ကြိုးနဲ့ ိုင်းထားတယ်၊ မိုးတွင်းဆို ဒီချောင်းဟာ ရေပြည့်ပြီး ရေစီးသန် တယ်"

"အပြန်လမ်းမှာတော့ တပ်မတော် ရှေ့တန်းရုံးခွဲ၊ ဟောဒါ ိုပင် မြစ်ကြီးနားကားလမ်းပဲ၊ မိုင် (၇၀) ကျော်လေးပဲ ဝေးပေမယ့် မ်းကစိတ်မချရလို့ သိပ်မသွားကြဘူး၊ ရထားပဲ အားကိုးကြရ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်"

"ကဲ လာ. . . ဟိုပင်၊ အင်းတော်ကြီးလမ်းဖြစ်တဲ့ အရှေ့ အရပ်က အိဖြူတို့အိမ်ရှေ့ကပဲ ဖြတ်ပြီးပြန်ကြရအောင်"

"တစ်လမ်းလုံး စိန်ပန်းပင်တွေနဲ့ ဝေနေတယ်၊ နွေ သိပ်လှတာပေါ့၊ ဟောဒါကတော့ ဟိုပင်ရဲ့ တစ်ခုတည်းသော အထက်တန်းကျောင်းပဲ၊ ဆယ်တန်းမှာ တန်းခွဲနှစ်ခုပဲ ရှိပါတယ် ကျောင်းသားက ဒီနှစ် (၇၀) ကျော်တယ်"

"မျက်နှာချင်းဆိုင် သစ်သားနှစ်ထပ်ကျောင်း လှလှလေး ကတော့. . . အဲဒီ အ. ထ. က ကခွဲထားတဲ့ အ. မ. က ကျောင်း လေးပဲ"

"ကဲ. . . အိဖြူတို့အိမ်လွန်လာပြီ၊ ဟောဒီထောင့်မှ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးစခန်း . . ."

"သံလမ်းကျော်တော့ ဈေးရှိတယ်၊ ရုပ်ရှင်ရုံလဲ ရှိပါတယ် အနောက်ရပ် ဖြစ်သွားပြီ"

"ဟောဒီ လက်ဝဲဘက်မှာ 'မြသီတာ' ဆေးတိုက် ရှိ မြသီတာရပ်လို့ ခေါ်ပါတယ်"

"ကျေးဇူးပါပဲ ကလေးရယ်. . . ပန်းအိဖြူကြောင့် ဟိုပင်မြို့ လေးတော့ နှံ့စပ်ရပါပြီ"

"အမလေး. . . အများကြီးကျန်သေးတယ်၊ ဟို တောင်ကုန်းပေါ်က 'ရန်ကုန်တောင်စေတီ' ပေါ်ကကြည့်ရင် သိပ်လှတယ်၊ ပြန်လာမှ တက်ကြတာပေါ့၊ ကဲ ဆရာ. . . ဒီကားဂိတ် လက်ဖက်ရည်ဆိုင်တာပဲ စောင့်၊ အိဖြူ ကားစီစဉ်လို့ ပြီးပြီလား



ကြည့်လိုက်ဦးမယ်. . . ဟုတ်လား"

ပန်းအိဖြူ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီး ဘာရာမှာ ခပ်သွက်သွက် ထွက်သွားသော ပန်းအိဖြူကို ကြည့်နေမိသည်။

ပတ်ဝန်းကျင်အားလုံးနှင့် မိမိရောက်ရှိနေသည့် နေရာ ရပ်ကိုပါ မသိမှတ်နိုင်လောက်အောင် အံ့သြစွာ ငေး၍ ကျန်ရစ် သည်။

"ဟိုပင်မြို့သူပါ"

ဆိုပါလျက်နှင့် ပန်းအိဖြူ၏ အိမ်တွင် လူကြီးသူမ၊ မိဘ အစ်ကို၊ မောင်နှမ မရှိ၊ မတွေ့ရ။ ပန်းအိဖြူ၏ သူငယ်ချင်း ကလေး တစ်ယောက်နှင့် ယောကျ်ားလေး နှစ်ယောက်တို့ကိုသာ တွေ့ရသည်။

မနေ့က ရထားနောက်ကျသည်။

ညက ဤလူငယ်သုံးဦးနှင့်အတူသာ ပန်းအိဖြူကို သူ့ခတွေ့ ပါ၏။ ထိုအိမ်မှာ အိပ်ရသည်။

ယနေ့ မနက်အစောကြီးထပြီး အရှေ့ဘက် နန်ရင်းရွာဘက် မ်းလျှောက်ကြပြီး. . .

'အင်းတော်ကြီး' သို့ သွားခွင့်ရရန် ကား 'ပါမစ်' ရရေး တွက် ပန်းအိဖြူ လိုက်နေလေပြီ။

မကြာမီ ဂျစ်ကားတစ်စင်း၊ သူငယ်ချင်း သုံးယောက်၊ ားမောင်းသူ တစ်ဦးနှင့်အတူ ပန်းအိဖြူ ပြန်ရောက်လာခဲ့သည်။

"ကဲ သွားကြစို့၊ 'ရွှေမဥ္ဇူဘုရား' အထိ အတိအကျဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

(၃၄) မိုင်ခွဲ သွားရမယ်၊ နေ့ချင်းပြန်မှ မီပါ့မလားပဲ၊ ခုပဲ ရှစ်နာ
နေပြီ"

"အခက်အခဲမရှိရင်တော့ မီနိုင်ပါတယ်နော်. . . ဦး
လဘန်နော်"

"အေး. . . ကြိုးစားကြရမှာပဲ၊ ဧည့်သည်ကို ရောက်အော
ပို့ရမှာပေါ့"

ယခု ကားနှင့်အတူပါလာသော ပန်းအိဖြူ၏ သူငယ်ချင်
'လုတောင်' ၏ ဖခင် 'ဦးလဘန်နော်' ကိုယ်တိုင်မောင်း၍ လိုက်
ရာသည်။ ကားပိုင်ရှင်က ပန်းအိဖြူ၏ငယ်သူငယ်ချင်း၊ သဘောထား
ကောင်းလွန်းသော ကိုဇော်မိုင်။

သူ့ကားကို အလကား ပေး၍ စီးစေသော စေတနာရှင်
ပန်းအိဖြူ နှင့် လုတောင်၊ သူငယ်ချင်း 'ခွန်မိုင်း'
'လုကျော်အောင်'၊ ဦးလဘန်နော်နှင့် ဧည့်သည်တော် ဦးတာရာ
သူတို့အထင်က ပန်းအိဖြူ၏ ဂုဏ်ပြုအပ်သော ဧည့်သ
တော်ကို ပျော်ရွှင်စွာ လိုက်ပို့ကြခြင်းပါ. . . ဟူ၍။

ပန်းအိဖြူ၏ ရင်ထဲတွင်ဖြင့် ကြိတ်မနိုင်၊ ခဲမရ။

တစ်နေ့ညက မေမေ့ကို အတင်း စီစဉ်ခိုင်းခဲ့သည့်အတို
မေမေက သူ့ညီမဝမ်းကွဲအိမ်မှာ ခေတ္တသွားနေရသည်။

အားလုံးက ဘာသံသယမှ မရှိကြ။

အင်းတော်ကြီးမှ အပြန်တွင်ဖြင့် အပြတ်ရှင်းရမည်
ပန်းအိဖြူ သံမဏိဌာန်ချပြီးသား။

ရဲကုန်းနှင့် ဆေးရုံဘေးမှ မိုးညှင်းသွား ကားလမ်း



လွန်လာပြီး တောင်ကုန်းပေါ်မှ ရန်ကုန်တောင်ဘုရားကိုကျော်၍
မြကန်သာ၊ မြကျွန်းသာရပ်များမှ ထွက်လာပြီးလျှင်ပင်. . .

"ခရီးစဉ်ကို ပြောပြပါဦးနော်. . . ပန်းအိဖြူ"

"ဟုတ်ကဲ့ပါ ဆရာ"

"မြို့ခံလူတွေပြောတာကို အသေအချာမှတ်ပြီး ဆရာ့
စာအုပ်ထဲကတစ်ဆင့် ဟိုပင်မြို့နဲ့ အင်းတော်ကြီးကို မရောက်ဘူး
ကြရှာတဲ့ စာဖတ်ပရိတ်သတ်တွေ သိပါစေဆိုတဲ့ စေတနာနဲ့ ဖြန့်ဝေ
ရေးသားရအောင်ပါ"

'စေတနာ' ဆိုသော စကားပါအောင် အမြဲပြောကြားလေ့
ရှိပါသော ဦးတာရာ၏စကားများကို ကြားရလေတိုင်း ယခင်က
ကြည်ညို ခင်တွယ်ဖူးခဲ့သည်များကိုပါ ပြန်သိမ်းယူလို့ ရလျှင်
ယူလိုက်ချင်ပါသည်။

အမုန်းကြည့်၊ နာကျည်းသောအကြည့်များကို သတိထား၍
ရှောင်ကွင်းနေရသည့်အဖြစ်ကို သူကမရိပ်မိပါဘဲ မေးလာပါ၍
အားလုံးရှေ့မှာ ပန်းအိဖြူဟန်လုပ်ရပါဦးမည်။

"ဟိုပင်ကထွက်တော့ ရွာသစ်ကြီး 'လွင်ဦး' က ရှစ်မိုင်ပါ
ဆရာ. . . အဲဒါပြီးရင် တောင်ခြေရောက်ပြီ။

"အင်းတော်ကြီးနယ် မြေပြန့်နဲ့ ဟိုပင်မြေပြန့်ကို ကန့်လန့်ခံ
ခြားထားသလိုရှိနေတဲ့ တောင်တန်းကြီးတစ်ခုရှိပါတယ်၊ အဲ့ဒီ တောင်
အတက်က သုံးမိုင် အဆင်းက သုံးမိုင်ပါ၊ အဲဒါပြီးရင် 'နန့်မွန်း'
တစ်မိုင်၊ 'မိုင်းနောင်' က ခြောက်မိုင်ပါ"

"နေဦးနော်. . . ဆရာမှတ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

မှတ်စုစာအုပ်ငယ်နှင့် ဘောလ်ပဲန်ကိုထုတ်ပြီး သူမှတ်နေသည်။ ဝဲယာရှုခင်းများကိုလည်း ကြည့်ရသည်။

ဩော်. . . အပျော်သွား ခရီးသည်နှင့် အလုပ်သဘောသွားရသော 'ခရီးသည်' ဆိုသည်က ဦးတည်ရာ တူသော်လည်း. . .

အပျော်သွားခရီးသည်က လွတ်လပ်ခြင်းဖြင့် ပျော်ရွှင်ကြည်နူးနိုင်သော်လည်း. . .

အလုပ်သဘောသွားရသော 'ခရီးသည်' က ချုပ်နှောင်မှုများဖြင့် မလွတ်တမ်းလိုက်လံကျက်မှတ်နေရသည်က ပင်ပန်းလှပါချေသည်။

စာရေးဆရာဆိုသည်မှာ ကိုယ်ခန္ဓာအေးငြိမ်း ငြိမ်သက်နေရသော်လည်း ဦးနှောက်တွင်းသို့များစွာသွင်း၍ အသည်းနှလုံးတွင်းမှ ခံစားမှုများဖြင့် ပေါင်းစပ်ပြီး ပြန်လည်ရေးထုတ်ရသောအလုပ်ပါလား. . .

"ကဲ. . . ဆက်ပြောပါဦး ပန်းအိဖြူ၊ ခုထိ (၂၁) မိုင်ရှိသွားပြီ"

"ဟုတ်ကဲ့ 'မိုင်းနောင်' ကနေ 'လုံးတုံရွာ' ကြီးအထိ(၆) မိုင်ဝေးပြန်ပါတယ်၊ တပ်ခွဲရုံးရှိတယ်၊ အဲဒီကနေ 'နန့်ပဒဲ' အထိတစ်ခါ (၆) မိုင် သွားရမယ်၊ နန့်ပဒဲကနေ 'ရွှေမဥ္ဇူ' ဘုရားအထိတော့ တစ်မိုင်ခွဲပါပဲ"

"ဩော်. . . ဟုတ်ပြီ၊ ဒါကြောင့် ဟိုပင်ကနေ (၃၄) မိုင်ခွဲအထိ ရှိတာကို"

"ဟုတ်ပါတယ်ဆရာ"



"ရွှေမဥ္ဇူဘုရားရောက်မှ အင်းတော်ကြီး ရောက်မှာပေါ့နော်. . ."

"ဟာ. . . မဟုတ်ဘူးဆရာ. . . အခုတက်နေတဲ့ 'နန့်မွန်းတောင်တန်း' ထိပ်ရောက်ရင်ကို အင်းတော်ကြီးမြင်ရပါပြီ၊ တောင်ထိပ်မှာ စေတီလေးတစ်ဆူရှိပါတယ်၊ အဲဒီကနေကြည့်ရင်ပဲ ကျယ်ပြန့်လွန်းတဲ့ အင်းကြီးကို တောတောင်ရှုခင်းတွေကြားက မြင်ရတာ သိပ်သာယာတာပါပဲ၊ ကြာခင်ပဲ တွေ့ရတော့မှာပါ၊ ပြီးရင်လဲ တစ်လမ်းလုံးကို မြင်နေရပါပြီ"

ဦးတာရာမှာ သူတောင့်တလွန်း၍ ရောက်ချင်လွန်းသော မြန်မာပြည်၏ အကြီးဆုံး အုံ့သြဖွယ် 'အင်း' ကို မြင်ရ၊ ရောက်ရတော့မည်မို့ များစွာ နှစ်သိမ့်ကြည်နူးနေပုံရပါ၏၊

"ကားက ဘာဖောက်လဲ မသိဘူး၊ သိပ်မကောင်းချင်ဘူး၊ ကာဘရိုက်တာ ကနဲ့ တူတာပဲ. . . အချိန်မဆွဲဘဲသွားကြစို့"

တောင်ထိပ်အရောက်တွင် ဦးလဘန်နော်တ နိုးဆော် သည်။

ခရီးက အဆင်မချော. . .

"လုံးတုံ အရောက်တွင် ကားကထိုးရပ်သွားခဲ့ရလေပြီ၊ ပြင်ဆင်ရချိန်က မျှော်လင့်ထင်မှတ်သည်ထက် ကြာမြင့်သွားလေပြီမို့. . .

"တို့တော့မလွယ်ဘူး ပန်းအိဖြူရေ. . . ဒီအတိုင်းဆို နန့်ပဒဲမှာ ညအိပ်ရလိမ့်မယ်"

"ဟင်"

"ပြန်မမီတော့ဘူးလေ၊ မနက်စောစောမှ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com

ကြရမှာပဲ"

"စိတ်ချရပါ့မလား ဦးလေးရဲ့"

"နန်းပဒဲမှာ စစ်တပ်ခွဲတော့ရှိပါတယ်၊ ဒီနယ်တစ်ဝိုက်မှာ သောင်းကျန်းသူတွေလဲရှိတယ်၊ လာမိမှတော့ ကြည့်လုပ်ကြရတော့မှာပေါ့ကွယ်"

မလွယ်ပါ။ နန်းပဒဲရောက်တော့ နေ့လယ် (၂) နာရီ ရှိနေပြီ၊ ဘယ်လိုမှ ပြန်၍မမီတော့. . .

"ဒုက္ခပဲ. . . မေမေတော့ စိတ်ပူနေတော့မှာဘဲ"

မိခင်၏သောက မျက်နှာကို ပန်းအိဖြူ မြင်ယောင်လာမိသည်။

"ကဲ. . . ဒီတစ်ညတော့ သမီးစိစဉ်တဲ့အတိုင်း သူ့ကိုအိမ်မှာပဲ သိပ်၊ မေမေက မြို့မရပ်က မေမေ့ညီမဆီမှာ သွားအိပ်မယ်၊ နောက်နေ့မှာ ဒီပြဿနာကို မေမေကိုယ်တိုင် ဖြေရှင်းစမ်းပါရစေ၊ ပြီးတော့မှ သမီးကြိုက်သလိုဝင်ပြော၊ နောက်ပြီး အင်းတော်ကြီး သွားဖို့ကိစ္စလဲ၊ ကားငှားတဲ့ နေရာလေး၊ ဘာလေးသာ ညွှန်လိုက်လေ၊ သမီးလိုက်ပို့ စရာဘာလိုသလဲ၊ သူယောက်ျားပဲ သူဟာသူ သွားပါစေပေါ့"

မေမေ စီစဉ်ပေးသည်ကို တစ်လုံးတစ်ပါဒမှ မနာခံခဲ့မိသော ပန်းအိဖြူ။

ကိုယ့်သူငယ်ချင်း တစ်သိုက်နှင့် ကိုယ့်အစီအစဉ်နှင့် ထွက်လာခဲ့မိသည်။ နေ့ချင်းပြန်မို့ ညနေမှ မေမေ့ကို တောင်းပန်ပြီး ကြည့်လုပ်တော့မည်ဟု ငါတကော. . . ကော၍ ထွက်လာမိသော





ပန်းအိဖြူ။

"ဖြစ်လာမှတော့ မတတ်နိုင်တော့ဘူးပေါ့ကွယ်၊ စိတ်သာ အေးအေးထားလိုက်ပါတော့၊ ဆရာ့ကြောင့်ဖြစ်ရတာမို့ ဆရာ တောင်းပန်ပါတယ်. . ."

"အို. . . ဆရာနဲ့ ဘာဆိုင်လဲ၊ ကားပျက်တာပဲ"

"အိဖြူကလဲဟယ်၊ ဆရာ့ အားနာစရာ၊ ဒို့ကတော့ ဒီအင်းတော်ကြီးဘေးမှာ အိပ်ရတာ ပျော်တယ်ဟော့"

ကချင်မလေး လုတောင်က အားပါးတရ ပြောလေမှ ပန်းအိဖြူ၏ ရင်တွင်၊ ဆင်ခြင်ရန်စိတ် ဝင်လာရတော့သည်။

အလျား (၈) မိုင် အနံ (၁၆) မိုင်အထိ၊ ရှည်လျား ကျယ်ပြန့်သော မြန်မာပြည်၏ အကြီးမားဆုံး အင်းကြီး၏ဘေး နန့်ပဒဲရွာမှ ဦးကျောက်လုံး၏ ထမင်းဆိုင်တွင် ထမင်းစား၍ ညအိပ်ရန်ပင် စီစဉ်ပေးခဲ့ရသည်။

ဤနေရာသည် အင်း၏အဆုံးတွင်ရှိသော 'ချောင်းဝရွာ' သွား မော်တော်ဆိပ်ဖြစ်ပြီး ကုန်းထိပ်လေးတွင် စစ်တပ်ရှိပါ၏။ ရှေ့တန်းတပ်ခွဲလေးတစ်ခုပါ။ မအေးချမ်းသော နယ်မြေတွင် ပင်ပမ်းစွာ တိုင်းပြည်တာဝန်ကို ထမ်းနေကြရသည်။

"ကဲ. . . ဗိုလ်ကြီးဆီက အခွင့်ရလာပြီ၊ ဧည့်သည်စာရေး ဆရာ လေ့လာချင်တယ်ဆိုလို့ ခွင့်ပြုလိုက်တာ၊ တခြား ဘာကားမှ သွားခွင့်မပြုဘူး၊ ကဲ. . . တက်ကြ၊ အချိန်ရှိတုန်း ရွှေမဥ္ဇူဘုရား သွားကြရအောင်"

ကားပေါ်မှ ဦးလဘန်နော်က နှိုးဆော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မိုင်ခွဲမျှခရီးကို ကားနင့်သွားရတော့ ခဏလေးပါ။

ကချင်နှင့်ရှမ်းအချို့နေကြသော ရွာငယ်လေး၏ လက်ယာဘက်သို့ မြားပြထားသည့်အတိုင်း မိုင်ဝက်ခန့် ဝင်လိုက်ပြီးသည်နှင့် . . .

"အင်းတော်ကြီး ရွှေမဥ္ဇူဘုရား"

ပွဲတော်ချိန်ကျခါမှ လူသွားလမ်း၊ နတ်သွားလမ်း နှစ်လမ်းပေါ်လာသည်ဆိုသော အံ့ဖွယ်ဘုရား။

ယခုလူသွားလမ်းကိုဖြင့် အုတ်စီ၍ လမ်းခင်းထားပါပြီ။

ရွှေမဥ္ဇူဘုရားကြီး၏ ရှေ့တည့်တည့် အင်းအဆုံးတွင် 'လွဲအိမ်တောင်' ရှိသည်။ 'ရွှေတောင်' နှင့် 'နွားလဘို့တောင်' များကလည်း ဝေးဝေးဆီမှာ မှိုင်းပျစွာ ဝန်းပတ်ခြံရံထားသည်။

'လွဲအိမ်' နှင့် 'ဟဲပါး' 'ဟဲပို့' စသော တံငါရွာများစွာ ရှိသည်။ ကြီးပားကျယ်ပြန့်လှသော ရေပြင်ကြီး၏ အလယ်မှ . . . "ရွှေမဥ္ဇူဘုရား"။

ရေးတန်ဆောင်းများ မီးလောင်သွား၍၊ မန္တလေးမှ နဂါးခေါင်းပြန်လည်ဆောက်ထားသော တန်ဆောင်းများနှင့် ထုံးသယ်နံးဖြင့် စေတီရံငယ်များ များစွာခြံရံထားသည့် အထက်ဆင့်မှ ရွှေချထားသော **"ရွှေမဥ္ဇူစေတီဘုရား"**။

မှိုင်းပျသော တောင်မြင့်ကြီးများအောက်ခြေတွင် ပြာလွင်သော အင်းရေပြင်ကြီးအလယ်မှ စေတီငယ်များစွာနှင့် ရွှေမဥ္ဇူဘုရားကြီးမှာ သပ္ပာယ်လှသည်။ ဖူးရသည်မှာ ကြည်နူးစရာ ကောင်းလွန်းလှပါချေသည်။





ပန်းအိဖြူတို့ မိန်းမသားများ မတက်ရသော အထက်ဆင့်မှနေ၍ ဦးတာရာမှာ လှပသောဆည်းဆာအောက်မှ ပုံရိပ်များစွာကို ဓာတ်ပုံရိုက်ယူသည်။ မှတ်စုငယ်တွင် မှတ်တမ်းတင်သည်။ ပြီးမှ သူဆင်းလာပြီး . . .

"ကြည့်ပါဦးကွယ်၊ ဘုရားဘေးက ခေါင်းလောင်းထိုးဖို့က ဆတ်ချိုတွေချည်းပါလား"

သစ်သားလုံးကြီးများနှင့်သာ ခေါင်းလောင်း ထိုးရလေ့ရှိသော မြန်မာပြည်အရပ်ရပ်၌ ဘုရားဘေးမှ ခေါင်းလောင်းများနှင့် ကွဲပြားနေသော ဆတ်ချိုများကို ကိုင်ကြည့်ပြီး ဦးတာရာက ပြောလိုက်သည်။

"ဒီနေရာက တစ်လမ်းလုံး တောတွေ တောင်တွေချည်းပဲလေ၊ ဆတ်တွေ၊ ချေတွေက ခဏခဏရတာပေါ့၊ ကြံ့ခိုင်းသစ်တောက ကျွန်းသစ်တွေလဲ အများဆုံးထွက်တဲ့နေရာတစ်ခုပါပဲ"

"သိပ်ကျေးဇူးတင်တာပဲ၊ ပန်းအိဖြူရယ်"

"ရပါတယ်လေ"

ပန်းအိဖြူမှာ ဦးတာရာကို ကျောခိုင်းလိုက်ပြီး ရေပြင်ကို ကြည့်နေမိသည်။ ဦးတာရာပေါ်တွင် နာကျည်းစိတ်ကို ဖြန့်လိုက်လျှင် ဤအင်းကြီး မက ကျယ်ပြန့်လာပေလိမ့်မည်။

သူ့ကြမ္မာကို သူမသိသေးသော ဦးတာရာမှာ ဦးလဘန်နော်နားသို့ကပ်ပြီး . . .

"ဒီအင်းနဲ့ ဘုရားကြီးရဲ့သမိုင်းအကျဉ်းလေးကို ပြောပြပါလားခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့သိပါတယ်၊ ဒါပေမယ့် အရှည်ကြီး၊ ဒဏ္ဍာရီဆန်တာတွေလဲ ပါတာပေါ့ဆရာရယ်"

"ဘာပဲဖြစ်ဖြစ် အကျဉ်းသဘောလေးတော့ ကျွန်တော်သိသွားပါရစေ"

"ဟုတ်ကဲ့... ကျွန်တော်သိသမျှ ပြောပြပါ့မယ်"

"ကျွန်တော်ကိုယ်တိုင်ရဲ့ ဒီကကိုယ်တွေ့ရယ်၊ နယ်ခံလူတွေရဲ့ ပြောစကားရယ်ကို မှတ်သားပြီး သမိုင်း အထောက်အထားတွေ ရှာဖွေရပါ့မယ်၊ ပြီးတော့မှ အတတ်နိုင်ဆုံး အကျဉ်းရုံးပြီး တင်ပြရမှာပဲ ဦးလဘန်နော်ရေ"

"ဒီလို ဆရာရဲ့..."

တောင်ပိုင်းရှမ်းပြည်နယ်မှ လူသိများလှသော ရောက်ဖူးကြသူများ၊ များမည်ဖြစ်သော 'အင်းလေး' ထက်ကြီးသည့် 'အင်းတော်ကြီး' ကို ဦးတာရာ မျှော်ကြည့်ရင်း ဦးလဘန်နော်၏ စကားကို ကြားနာမှတ်သားရပါ၏။

"အစကတော့ ဒီနေရာဟာ ရွာရှိတဲ့ မြေသားအတိတဲ့၊ နဂါးတွေက သူတို့နေဖို့ 'အင်းဖွဲ့' လိုက်တာနဲ့ ရွာတွေရေအောက်ရောက်သွားပြီး အင်းကြီးဖြစ်လာတယ်လို့ ဒဏ္ဍာရီ ဆန်တဲ့သမိုင်းမှတ်တမ်းကို အကျဉ်းချုံးပြီးပြောရမှာပဲ"

"ဟုတ်ကဲ့... ဦးလဲဘန်နော်၊ ဆက်ပါဦးဗျာ"

"အဲဒီလို မြေပြင်ကနေ ရေပြင်ကြီးဖြစ်အောင် အင်းဖွဲ့ခါနီးမှာ အိပ်မက်ပေးပြီး 'ထမံသီ' လူမျိုးများ၊ နေထိုင်ကြသူ အားလုံးကို သတိပေးခဲ့တယ်တဲ့၊ ဒါပေမယ့် တစ်ယောက်ကလွဲပြီး ဘယ်သူမှ ယုံကြဘူးတဲ့"

"အဲဒီ တစ်ယောက်ဆိုတာက"

"မုဆိုးမ တစ်ယောက်ပဲ၊ (၇) ရက်ကြာရင် အင်းဖြစ်တော့မယ့် အကြောင်းပြောပေမယ့် မယုံကြလို့ သူတစ်ယောက်ထဲ ထွက်ပြေးခဲ့ပြီး 'လွဲမွန်' တောင်ထိပ်ကတက်ကြည့်တော့ ရေတွေ လွှမ်းသွားပြီတဲ့"

"ဩော်"

"အဲဒီမုဆိုးမ လှမ်းကြည့်တဲ့နေရာမှာ မုဆိုးမဘုရားရယ်လို့ တည်ထားတယ်၊ 'ငွေမဥ္ဇူဘုရား' လို့ အမည်ပေးထားတယ်၊ သူလဲ သိပ်သာယာတယ်။ သွားကြည့်ကြမယ်လေ"

"ဟုတ်ကဲ့"

"ဒီအင်းကြီးနဲ့ ပတ်သက်တဲ့ နဂါးရာဇဝင်တွေ ကတော့ အရှည်ကြီးပဲ၊ နဂါးနောင်တော် ညီတော်ကိစ္စတွေ၊ သားမက်နဲ့ ယောက္ခမ ကန်တော့ချိန် နတ်ဆေးခတ်ချိန်မှာ ရေတွေနီပြီး သိပ်ကြီးတဲ့ ငါးကြီးတွေ သေပြီးပေါ်လာတာတွေဆိုတဲ့ အံ့သြဖွယ်ရာတွေလဲ အများကြီးပဲ ဒီသမိုင်းကို ဆရာ အတိုချုပ်သာ မှတ်သွားပါလေ အရှည်သမိုင်းကို သိချင်ရင်တော့ ဟိုပင်မြို့က ဆရာကြီး ဦးကံဆက် ရဲ့ 'အင်းတော်ကြီးသမိုင်း' ကိုဝယ်ကြည့်ရင်ရပါတယ်"

'ဟုတ်ကဲ့ သမိုင်းကိုသာ သီးသန့်သိချင်တဲ့လူတွေကိုတော့ စာအုပ် ညွှန်လိုက်ပါမယ်'

"ဟုတ်တာပေါ့"

"ကျွန်တော်တို့လို ဖျော်ဖြေမှုဝတ္ထုဇာတ်လမ်းပိုင်းကို





www.burmeseclassic.com

www.burmeseclassic.com

အသားပေးရေးရတာမျိုးကျတော့ အကျယ်ချဲ့လို့ မဖြစ်ပြန်ဘူး. . . ဦးလဘန်နော်။ ဇာတ်လမ်းဇာတ်ဝင်ခန်းကိုလဲ ဖတ်ချင်ကြဦးမှာ မဟုတ်လား"

"ဆရာတို့အလုပ်ကလဲ လွယ်မယောင်နဲ့ ခက်သားပဲနော်"

"ဟုတ်ကဲ့၊ ကဲအင်းကြီး ဖြစ်လာတာတော့ သိပါပြီ ဒီရွှေမဥ္ဇူဘုရား တည်ထားပုံလေး နည်းနည်းလောက်. . ."

"စတည်သူကတော့ 'ဦးညီခေါ' ဆိုတဲ့ တောရ ဆရာတော်ကြီးပဲ"

"ဟုတ်ကဲ့၊ သက္ကရာဇ်ကရော"

"အတိအကျတော့ မရှိဘူး၊ ဒါပေမယ့် ကောဇာသက္ကရာဇ် (၁၂၂၂) ခုနှစ် (၁၂၃၃) ခုနှစ်အကြားမှာ တည်ထားကိုးကွယ်ထားတော့ သေချာတယ်"

"ဪ. . . ဟုတ်ကဲ့ ဒီလောက် သိရရင်ပဲ ပြည့်စုံပါပြီဗျာ အခုလို စေတီရံတွေ၊ တန်ဆောင်းတွေကတော့ ခေတ်အဆက်ဆက်မှာ ပြုပြင်လာကြတာ ဖြစ်မှာပေါ့နော်"

"ဒါပေါ့ဆရာ"

"ပန်းအိဖြူတော့ ပွဲတော်ရက်မှာ ရောက်ဖူးမှာပေါ့နော်"

"ရောက်ဖူးတာပေါ့ ဆရာရဲ့၊ ပွဲတော်ချိန်ဆိုရင်၊ အို. . . သိပ်စည်တာပေါ့၊ ဟောဟိုက ကွင်းပြင်ကြီးမှာ မန္တလေးက ဇာတ်တွေ၊ အငြိမ့်တွေနဲ့ ပွဲဈေးတန်းကြီးကို ဟည်းလို့၊ မြန်မာပြည် အရပ်ရပ်က လာလိုက်ကြတာ လူတွေကို သိပ်စည်တာပဲ"

"ဒါပေမယ့် ပွဲတော်ရက်က တပေါင်း လဆန်း (၈) ရက်က တပေါင်းလဆုတ် (၁) နေ့အထိ ဆိုတော့ ရက်တိုတယ်နော်"

"နယ်ဝေးက လူတွေအတွက်တော့ ရက်တွက်လာရတာ ကဲခဲမှာပေါ့လေ၊ အိဖြူတို့ ဟိုပင်သူတွေ အဖို့တော့ မတိုပါဘူး"

ဘုရားမှ အပြန်လမ်းတွင် ကမ်းခြေအနီးမှာ ပေဒါပင်များ နေသည်ကို ဦးတာရာက ကြည့်ပြီး ဘာမှ မမေးတော့ပါပဲနှင့် ၁၀ကားရှိရာသို့ ဝေးလံစွာ လျှောက်လာခဲ့ကြပါ၏။

မုဆိုးမ, တည်သော လွဲမွန်တောင်ပေါ်မှ ငွေမဥ္ဇူဘုရား ၏ ရှုခင်းများကို ကြည့်ပြီး ကားနှင့်ပင် အမြန်ပြန်လာခဲ့ကြပါတော့သည်။

အပြန်လမ်း၏ လက်ဝဲဘက်ဒေသတစ်လျှောက်လုံးတွင် ခင်းရေပြင် ပြာပြာလွင်လွင်ကြီးကို ဦးတာရာမှာ မလွဲတမ်း းမျှော်ကြည့်ရင်း လိုက်ပါလာပါတော့သည်၊

* * * * *

ညနေစာ ကြက်သားဟင်းနှင့်ထမင်း တစ်ပွဲ "ခွန်နှစ်ကျပ်ခွဲ" ယ်စားပြီးချိန်တွင် နေလုံးကြီး ကွယ်သွားလေပြီ။ ရောင်နီကဖြင့် ကောင်းကင်တစ်ပြင်လုံးမှာ ကျန်နေဆဲပါ။

ဆည်းဆာ၏ အလှအောက်မှ တောင်တန်းညိုနှင့် အင်း ရေပြင်ပြာကြီးများ၊ တံငါလှေငယ်များတို့က သဘာဝအလှနှင့် အာရ လွန်းလှပါသည်။

"ဆရာရဲ့ 'ချစ်ရာနှုန်း ၁၀၁' ဝတ္ထုအတွက်တော့ အကွက်



www.burmeseclassic.com

www.burmeseclassic.com


ကောင်းကောင်း ရေးဖွဲ့လို့ ရတော့မှာပဲ၊ အဲဒါ အိဖြူရဲ့ ကျေးဇူး ပဲကွယ်"

သူ့စကား ကြားရလေမှ ချစ်လှစွာသော မောင်မောင့်ကို လွမ်းမော တသစွာ သတိရလာမိသည်။

အိဖြူကို ရာနှုန်းပြည့်ထက် ပိုချစ်လို့ 'ချစ်ရာနှင်း ၁၀၁' လို့ တင်စားခဲ့စဉ်က ကြားဖူးပါတယ်လို့ ထင်ခဲ့မိသား။ ဝတ္ထုနာမည် ပေးပြီး နယ်အမှာစာ ခေါ်ထားသော ကက်ပြားလေး ဆရာခက် အိမ်သွားကြစဉ်ကတွေ့ခဲ့ရသော "ချစ်ရာနှင်း ၁၀၁"။

မောင်မောင်ရေ၊ အိဖြူ ချစ်ရလွန်းပါတဲ့ မောင်မောင်သာ ပါလာပြီး အပျော်ခရီး ဆိုခဲ့ရင်တော့ ဘယ်လောက်များ ကြည်နူး ချမ်းမြေ့စရာ ကောင်းလိုက်မယ့် ခရီးလဲကွယ်။ ခုတော့. . . ခုတော့လေ. . .

"လာဟေ့. . . အိဖြူ ရေသွားချိုးကြမယ်"

ထုံးစံအတိုင်း လှေနှင့် ထွက်ပြီး ရေလယ်တွင် ရေသွားချိုး ကြရသည်ကို ဆရာကိုတာရာ အံ့ဩလွန်းစွာ သဘောကျနေ ရှာသည်။

အိဖြူတို့က လှေတစ်စင်းနှင့် သူက တစ်စင်းနှင့်ပါ။

"ကမ်းစပ်မှာချိုးရင် ရေကမသန့်ဘူး ဆရာရဲ့၊ ဒီအင်းက အဆန်း၊ ရှိသမျှ အမှိုက်သရိုက် အားလုံးကို ကမ်းဘက်ပုတ်တင်ပြီး ထားပြီး ခုလိုရေလယ်မှာ ကြည်နေတာ၊ ဒါကြောင့် ရေလယ်မှာ ရေထွက်ချိုးကြတာပါ"

ဟိုဘက်လှေဆရာက သူ့ကိုရှင်းပြနေသည်။ ရေထဲမှခပ်ပြီး



လှေပေါ်ပဲ ချိုးလောင်းချလိုက်ရသည်။ သိပ်များလှချင် ခပ်ထုတ်ပစ်။ လှလှပပ်ရင်း ရေချိုးနေရသဖြင့် ရေက အေးမြသန့်စင်လွန်းလှ သည်။

"မြန်မာပြည်အရပ်ရပ်က ရေချိုးဆိပ် အားလုံးထဲမှာ အင်းတော်ကြီးရဲ့ ရေချိုးရပုံကတော့ ကျွန်တော် အံ့မခန်းအောင်ပဲ ကြိုက်နှစ်သက်မိတယ်ဗျာ"

ပန်းအိဖြူတို့လှေ၊ ကမ်းခြေမှ ငံ့ဇာဘားလေးသို့ ပြန်ဆိုက် သည်အထိ ဦးတာရာ ပြန်မရောက်လာသေးပါ။

နေကွယ်ပြီး အမှောင်ရောက်လာသည်၊

အမှောင်နောက်မှ ပြူလာသော ငွေလမင်း၏ အရောင်က အေးမြညင်သာစွာ အဖြူရောင်အလင်း ဖြာလာသည်၊

နယ်မြေ မအေးချမ်း လှသော်လည်း ပတ်ဝန်းကျင်၏ သဘာဝ အလှအပ ပေါင်းစုံက တစုတရုံးတည်း ကြည်နူး ချမ်းမြေ့စရာ ကောင်းလှပါလား။

အင်းရေပြင်ပေါ်မှာ ငွေလရောင်က ပြိုးပြက်စွာ လင်းလက်နေသည်။လေသည် ပိုမို၍ အေးမြလာသည်။

တောတောင်ဝန်းကျင်အားလုံး ငြိမ်းချမ်းစွာ ငြိမ်သက်နေကြပြီ။သို့ပါသော်လည်း . . .

ပတ်ဝန်းကျင်နှင့် မထိုက်တန်လွန်းစွာ ပန်းအိဖြူရင်မှာ. . .

ဆူဝေပူလောင်ခြင်းများဖြင့် ကြီးမားစွာ လှုပ်ရှား ယိမ်းယိုင်နေခဲ့သည် တကား။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၃

ဦးလဘန်နော် ကိစ္စရှိ၍ 'နန့်ပဒဲရွာ'မှ အပြန်တွ 'မမုန်ကိုင်' ရွာ လမ်းခွဲသို့ ဝင်ခဲ့သေးသည်။

ပတ်ကွေ့ထွက်လာပြီးသည့်အခါ၊ လာရာလမ်းနှင့် ပြန်လ ပေါင်းဆုံသည်။

ကြိုးဝိုင်း သစ်တောတွင်းမှ မြန်မာ့ရတနာ ကျွန်းသစ် ဖြောင့်ဖြောင့်ကြီးများ . . .

အသီးတွေ သွယ်ကျနေသော တောအုန်းပင်များ၊ ငှက်ပျော ရိုင်းပင်များနှင့် တစ်မျှော်တစ်ခေါ်ကြီး မြင်နေရသော အင်းရေပြင်ကြ များကို ငုံ့ကြည့်၊ ငေးကြည့်၊ လိုက်ကြည့်ရင်း ရေးလိုက်၊ တေးလို မှတ်လိုက်နှင့် လိုက်လာသော ဦးတာရာ. . .





ကျောက်စိမ်းတွင်းများရှိရာ 'တမ်(မ)ခမ်'သွား ခြေလျင် လမ်းခွဲနေရာကို ညွှန်ပြတော့ သူစိတ်ဝင်စားစွာ ကြည့်လာသည်။

ကချင်မြေ၏ အလှအပများ၊ သယံဇာတ ကြွယ်ဝမှုများကို သူများစွာ စိတ်ဝင်စားနေပါ၏၊

ခရီးစဉ်အတိုင်း 'လုံးတုံ' 'မိုင်းခေါင်' နှင့် 'နန့်မွန်းရွာ'များကို ဖြတ်ပြန်လာပြီး . . .

သုံးမိုင်မျှ အရှည်အမြင့်ရှိသော 'နန့်မွန်းတောင်တန်း'ကို ပြန်၍တက်ရပါပြီ။

"တောင်ထိပ်က ဆုတောင်းပြည့် ကပ်ကျော်စေတီ နေရာ ရှုခင်းသာလေးမှာ ကားခဏရပ်ပေးပါလား ဦးလဘန်နော်"

"ရပါတယ် ဆရာ"

"အဲဒီ အပေါ်စီးက မြင်ရတဲ့ အင်းတော်ကြီး အင်းရေပြင်နဲ့ တောတောင်ရှုခင်းဟာ သိပ်ပြီး သာယာလှပလွန်းလို့ ကျွန်တော် မှတ်တမ်းတင် ဓာတ်ပုံရိုက်ချင်လို့ပါ"

"ရပ်မယ်. . . နားမယ်လေ. . . ဆရာ၊ မနက်ပိုင်းဆိုတော့ နေရောင်လည်းရတယ်၊ ဓာတ်ပုံရိုက်လို့ ကောင်းတာပေါ့"

ပြုပြင်နေဆဲ စေတီလေး၏ရှေ့တွင် ကားရပ်ထားလိုက် သည်။

ဦးလဘန်နော်က ကားစက်ဖုံးဖွင့်ပြီး ကားနှိုက်နေပါ၏။

ပန်းအိုဖြူက ဘုရားကန်တော့ ငွေလှူပြီး မေမေနဲ့ပြေလည် ရပါစေဟု ဆုတောင်းလိုက်မိသည်။ မေမေစိတ်ပူမနေပါစေနဲ့ဟု ဆန္ဒပြုပြီး စေတီလေးရှေ့မှ ထလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခွန်မိုင်းနှင့် လှကျော်အောင်တို့က တောင်ခြေဘက်ဆင်း သွားသည်။ ကိုယ်အလေးချိန် လျှော့နေကြသလား။ တောပန်းများ ခူးနေကြသလားမသိ။

"အဖေ. . . အဖေ. . ."

လှတောင်က ဘာပြောစရာရှိသည်မသိ၊ ပန်းအိဖြူနား အော်ခေါ်ရင်း ဦးလဘန်နော်နားသို့ ပြေးကပ်သွားသည်။

ပန်းအိဖြူတို့ ရှေ့တွင် သူတို့သားအဖ၊ ကချင်လို မခေါ်ကြ မပြောကြ။ မြန်မာလိုသာ ပြောကြဆိုကြပါ၏။

"အဖေ. . . အဖေ. . ."

လှတောင်၏အသံက ပန်းအိဖြူ၏နားထဲတွင် ပဲ့တင်ထပ် လာသည်။

ယင်းပဲ့တင်သံသည် နားမှတဆင့် အသည်းနှလုံးရှိရာသို့ ဆင်းသက်မြည်ဟီးလာသည်။

"အဖေ. . . အဖေ. . ."

မိမိ၏ဘဝတွင် တစ်ခါမှမခေါ်ခဲ့ရဘူးသော 'အဖေ' သို့မဟုတ် 'ဖေဖေ'။

'ဖခင်'ဟူသော တမ်းတချက်ဖြင့် ဦးတာရာကို ကြည့်လိုက်ချိန်တွင် ဦးတာရာမှာ တောင်စွန်းထိပ်မှနေ၍ မှန်ပြောင်းနှင့် ကြည့်နေသည်။

ကင်မရာကို လွယ်၍သူရပ်နေသည်။ သူ့နောက်မှာ ပန်းအိဖြူ။ သူ့ရှေ့ခြေတစ်လှမ်းစာအကွာတွင် နက်လှစွာသော ချောက်ကြီး . . .။

ကြောင်နှစ်ကောင်စာအုပ်တိုက်

"အဖေ. . . အဖေ. . ."

ပန်းအိဖြူ၏ တစ်ကိုယ်လုံး ရှိန်းမြလာသည်။ နှလုံးခုန်နှုန်း မြန်လွန်းလှသည်။

ခွန်မိုင်းနှင့် လှကျော်အောင်တို့ ရောက်မလာကြသေး။ လှတောင်တို့ သားအဖနှင့်ဆိုလျှင် ဂုစ်ကားဘောနပ်(စ်)အဖုံးကြီးနှင့် ကွယ်နေသည်။

"ဦးတာရာ. . . ဦးတာရာဆိုတာ. . ."

"ငါ့အဖေကို သတ်တဲ့လူ၊"

"ငါ့အဘွားကို သေစေခဲ့တဲ့လူ၊"

"ငါ့အမေရဲ့ဘဝကို ချိုးပစ်ခဲ့တဲ့လူ"

"ပြီးတော့. . . ပြီးတော့. . ."

"ငါ့မှာ. . . ငါ့မှာ. . . မမွေးဖွားခင်ထဲက ဖခင်မဲ့တဲ့ အဖြစ်နဲ့. . ."

"အို. . ."

အသားများ ဆတ်ဆတ်တုန်လာရင်း၊ ဇောချွေးများပြန်လာရင်းဖြင့် ပန်းအိဖြူ ရှေ့သို့တစ်လှမ်းချင်း တိုးလာသည်။

ဦးတာရာကတော့ သူ့နေရာမှာ ငြိမ်သက်စွာ ရပ်ကြည့်နေမြဲ။

ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် ပန်းအိဖြူ ဝန်းကျင်ကို ဝဲလှည့်ကြည့်လိုက်မိသည်။ ဘယ်သူမှ မသိကြ၊ မမြင်ကြ။

နာကျည်းမှုကြောင့် ရင်ကွဲထွက်မတတ် တုန်နေသော နှလုံးသားများနှင့် ပန်းအိဖြူ အံတစ်ချက်ကြိတ်၍စိတ်ကိုတင်းလိုက်ပြီး. . .

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးတာရာ၏ ခါးလယ်နေရာသို့ လက်နှစ်ဖက်ဖြင့် ထိထိမိမိ ထောက်၍. . .

တအား တွန်းချလိုက်လေတော့သည်။

"အား. . . အား. . ."

ဦးတာရာ၏ အလန့်တကြားအော်သံကြီးက နန့်မွှန်း တစ်တောင်လုံးပွဲတင် ရိုက်ဟီးသွား လောက်အောင် ကျယ်လောင် လှချေသည်။

"ဟာ. . . ဟာ. . . အမလေး. . ."

"ဆရာ ချောက်ထဲကျသွားပြီ"

"ဓာတ်ပုံရိုက်ရင်း လိမ့်ကျသွားပြီ"

"ဒုက္ခပါပဲ. . . ဘယ်လိုလုပ်ကြမလဲ၊ အိဖြူရယ်. . . ဒုက္ခပါပဲ"

အားလုံး ဝိုင်းလာကြသည်။ လုတောင် မေးနေချိန်တွင် သတိမေ့နေသူပမာ ပန်းအိဖြူ တောင့်တောင့်ကြီး ရပ်နေပြီးမှ ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးနှင့် အုပ်၍အားပါးတရ ငိုချလိုက် မိပါတော့သည်။

သွားပြီ။ ပြီးဆုံးပြီ။

ပြန်လမ်းမရှိသော ချောက်နက်ထဲတွင် အသက်ပျောက် သွားပေတော့မည့် ဦးတာရာ၏ သဏ္ဌာန်များစွာက ပန်းအိဖြူနားမှာ ဝိုင်းဝိုင်းလည်လျက်. . .။

"အမလေး. . . အိဖြူကြောက်တယ် အိဖြူကိုပြန်ပို့ပါ၊ ပြန်ပို့ကြပါ"





"စိတ်ထိန်းပါ အိဖြူရယ်၊ နှင့်ဖြည်းသည်မို့ နှင် စိတ်ဒုက္ခ ရောက်သွားမယ်ဆိုတာ တို့သိပါတယ်"

ခွန်မိုင်းက ပြောသည်၊ လုကျော်အောင်ကလည်း. . .

"ဟုတ်တယ် အိဖြူ မေ့မြောသွားတော့မယ့်အတိုင်းပဲ သိပ်စိတ်လှုပ်ရှားနေတယ်"

"ဟင်. . ."

"ဒါတော့ ဘယ်တတ်နိုင်မလဲ သူ့ဟာသူ ဓာတ်ပုံရိုက်ရင်း မတော်တဆ လိမ့်ကျသွားတာပဲ"

"ဟင်. . . မတော်တဆ"

"အေးပေါ့ သူပဲ တောင်ဆောင်းမှာ ဓာတ်ပုံရိုက်ခဲ့တယ် ဆိုတာကို"

လူငယ်တစ်စုက ပန်းအိဖြူနားတွင် ဝိုင်းဖွဲ့ အားပေးနေစဉ် ဦးလဘန်နော်က ကြုံးအော်လိုက်သည်၊

"ဟာ. . . အတော်ပဲ လုံးတုံက ကားတစ်စင်းထွက်လာပြီ အကူအညီတောင်းရမယ်"

"ဟင်. . . ဘာ. . . ဘာ. . . အကူအညီလဲ"

"ဆရာ့ အလောင်းကောက်ဖို့ပေါ့"

"အမလေး"

"သမီးလုတောင် အိဖြူ သိပ်စိတ်လှုပ်ရှားနေတယ်၊ သူ့ကို ဘုရားနားခေါ်သွားစမ်း"

"သူ့မိတ်ဆွေကိုး အဖေရဲ့"

"ကဲ. . . သွားနေကြ၊ ကားနီးလာပြီ. . . ဟာ အသိကားပဲ



www.burmeseclassic.com

www.burmeseclassic.com


အကူအညီတောင်းရမှာပဲ"

ခေါင်းရှည် ချက်ပလက်ဘတ်(စ်)ကားကြီးတစ်စင်း ထိုးဆိုက်လာသည်။ ကားပေါ်မှ ခရီးသည်များ ခုန်ဆင်းလာကြသည်။

ဧည့်သည်တဲ့။

စာရေးဆရာတဲ့။

"တောင်စောင်းမှာ ဓာတ်ပုံရိုက်ရင်း လိမ့်ကျသွားလို့တဲ့"

"ဟို ဆရာမ ဒေါ်ခင်သီတာရဲ့ သမီးလေးနဲ့ ပါလာတဲ့ သူ့ဆရာတဲ့"

"အေးလေ သနားပါတယ်၊ ပန်းအိဖြူ ဟိုမှာငိုနေပြီ"

"ယောက်ျားလေးတွေ ချောက်ထဲ ဆင်းကြမလို့တဲ့"

"ဘယ်ရမလဲ၊ သွားပြီပေါ့. . . သေရောပေါ့"

"ဟဲ့. . . အလောင်းတော့ ကောက်ရဦးမှာပေါ့၊ ရန်ကုန်က သူ့သားမယားတွေလိုက်လာ သဂြိုလ်ဦးမှာပေါ့"

"အေးလေ. . . ဆရာမ ဒေါ်ခင်သီတာတို့ သားအမိတော့ ပြဿနာပဲ"

"မတော်တဆ လိမ့်ကျသွားတာပဲ၊ ဆရာမတို့ သားအမိနဲ့ ဘာဆိုင်မှာလဲ"

သံသယ ဟူသော သံလွန်စလေးတစ်မျှင်မှ ပန်းအိဖြူပေါ်တွင် ရစ်ပတ် မလာပါ။

ဤမျှ ရက်စက်သော လက်စားချေမှု၊ လူသတ်မှုကြီးကို ပန်းအိဖြူလို ဖြူဖြူနွဲ့နွဲ့ သွယ်သွယ် မိန်းမလှလေးတစ်ယောက်က ကျူးလွန်ရက်လိမ့်မည်ဟု မည်သူကမှ မြူတစ်မှုန်စာ အတွေး



မဝင်နိုင်ကြပါ။

မကြုံရှယ်ပါဘဲနှင့် ပန်းအိဖြူ၏ လျှပ်တစ်ပြက် အတွင်းမှ ကလဲ့စားချေမှုသည် ရာဇဝတ် ဟူသော ဘေးနှင့် မျဉ်းပြိုင်နှစ်ကြောင်းပမာ ဘယ်သောအခါမှ ဆုံစည်းနိုင်စရာအကြောင်း မရှိနိုင်တော့ပါပြီ။

လူတစ်အုပ်လုံး၊ ကြိုးတွေချီကြ၊ ချကြ၊ ဆင်းကြ၊ တက်ကြ၊ မျှော်ကြည့်ကြ၊ ငုံ့ကြည့်ကြနှင့်။

"တွေ့ပြီတဲ့ဟေ့. . . ဟိုးအောက် မရောက်ဘူး၊ အလယ်လောက် မှာတဲ့"

"ဟင်. . ."

"သစ်ပင်ကြီး တစ်ခုနဲ့ ကန့်လန့်ဖြတ်ခံထားလို့တဲ့"

ချောက်ထဲမှ တစ်ဆင့်စကားဖြင့် အဆင့်ဆင့်ကြားကြရသည်။

"အလောင်း သယ်ရအောင်၊ သုံးလေးယောက်လောက် ဆင်းခဲ့ပါဦးတဲ့"

အောက်ခြေမှာ တစ်ဆင့်ပြီးတစ်ဆင့် အော်ကြပြန်သည်။

သန်မာဖျတ်လတ် ငယ်ရွယ်သူများ ဆင်းသွားကြသည်၊

ဖြစ်များ ဖြစ်နိုင်ပါလျှင်. . .

ကောင်းကင်ယံသို့ ပျံတက်သွားပြီး၊ တိမ်တိုက်တွေနှင့်အတူ ဦးတည်ရာမဲ့သော လေနှင်ရာအရပ်သို့ လူးလာခတ်၍ ပြေးလွှား ပုန်းလျှိုးနေချင်မိပါပြီ။

"ပါလာပြီဟေ့. . . ရလာပြီဟေ့. . ."


www.burmeseclassic.com

www.burmeseclassic.com

"ဆွဲကြပါ. . . မ,ကြပါ. . . တွန်းကြပါ"

စသော အသံများ ဆူညံပြီး လူအုပ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်ပြီးချိန်တွင်. . .

"ဟာ. . . ဆရာ့အလောင်းကြီး သယ်လာကြပြီ"

"အမလေး. . . လုတောင်ရယ်"

"မငိုပါနဲ့ဟာ လာ. . . လာပါ သွားကြည့်ရအောင်"

လုတောင် ဆွဲတော့လည်း မငြင်းဆန်မိ၊ ကိုယ်ကိုယ်တိုင်က လည်း မကြည့်ရဲစိတ်နှင့် ကြည့်ချင်စိတ်တို့ ထက်ဝက်စီ ဖြစ်နေ မိသည်။

"ဖယ်ကြ. . . ဖယ်ကြ. . . ဂျစ်ကားပေါ်တင်မယ်"

"မဆိုင်သူတွေ နောက်ဆုတ်နေကြစမ်းပါ"

ဦးလေး ဦးလဘန်နော်ကပင် သယ်မရင်း အော်လိုက်သည်။

သွေးများ ရွှဲနေသည်။ သယ်မ, လာသူများသို့ပါ ကူးစက် လျက် မြေကြီးများနှင့် သွေးများ လူးပေရောထွေးနေကြသည်။

"လာလေ. . . ကားပေါ်တင်ပြီးပြီ၊ တို့သွားကြည့်ကြရ အောင်"

လုတောင် ဆွဲသည့်နောက်က လိုက်လာမိသည်။ ကားနောက်ခန်းတွင် ပက်လက်တင်ပြီး ဘေးဆင့်တွင် ခေါင်းပိုင်း တင်ထားပါ၏။ ဦးတာရာ၏ ရှေ့ဂျစ်ကား ခြေနင်းခုံနေရာမှ ခွန်မိုင်း နှင့် လှကျော်အောင်တို့က ထိုင်ပြီး ထိန်းမ, ထားကြသည်။

"ပန်းအိဖြူ. . . ဆရာ. . . ဆရာ မသေသေးဘူး"

"ဟင်. . . အမလေး"



ဂျစ်ကား၏ အနီးကပ် ရပ်လေမှ လှကျော်အောင်က အော်ပြောလိုက်သည်၊

ထိုအချိန်တွင်. . .

တစ်ကိုယ်လုံး မြင်မကောင်းသော ဒဏ်ရာများနှင့်၊ သွေးများစွာနှင့် ဦးတာရာ၏ ဖူးရောင်-သွေးပေနေသော မျက်နှာမှ မျက်ဝန်းက ပွင့်လာသည်။

"အာ. . ."

ပန်းအိဖြူမှာ အလန့်တကြား လုတောင်ကို ဖက်တွယ် လိုက်ရသည်။

ဦးတာရာက ပြူးကျယ်သော မျက်ဝန်းအစုံနှင့် ပန်းအိဖြူသို့ စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး. . .

"ပန်း. . . အိ. . . ဖြူ"

"ဟင်. . . အမလေး. . ."

သူအားယူသော်လည်း ဘာမှ ဆက်မပြောနိုင်တော့။

"ကဲ. . . အခြေအနေက မကောင်းဘူး၊ ဇော်ခမ်းတို့ အန်ကယ်(လ်) ကားနဲ့လိုက်ခဲ့ကြစမ်း"

"ဟုတ်ကဲ့၊ ဦးလေး"

ရှေ့ခန်းမှ အမျိုးသားနှစ်ယောက် ထပ်တက်လိုက်သည်၊

"သမီးတို့နှစ်ယောက် နောက်က ခရီးသည်ကားနဲ့ပဲ လိုက်ခဲ့ကြ၊ ဆေးရုံရောက်အောင်မှ ခံပါ့မလား မသိဘူး၊ အမြန် မောင်းသွားရမှာပဲ"

အမျိုးသားချည်း ငါးယောက်နှင့်အတူ ဦးတာရာပါသွား


ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



လေပြီ။

"ပန်း. . အိ. . ဖြူ"

ဟူသော သူ့အကြည့်၊ သူ့အပြောနှင့်၊ သွေးတွေနှင့် မျက်နှာကြီးကို ပန်းအိဖြူ ယခုကြည့်နေရသလို မြင်နေရဆဲပါပဲ။

ဂျစ်ကားက အမြန်နှုန်းနှင့် ထွက်သွားပြီးမှ ပန်းအိဖြူတို့ စီးမည့် နောက်က ကားကြီးက လိုက်ထွက်ရသည်။

ဘာပဲဖြစ်ဖြစ် ဦးလေး လဘန်နော် ထားပစ်ခဲ့သည်ကိုပင် ကျေးဇူးတင်ရပါဦးမည်။ သူနှင့် အတူသာ သွားရပါလျှင်. . .

သူသေဦးတော့ မသေမီ အားတင်းလျှက် ပြောကြားသွားမည်မှာ သေချာပါသည်။

"ပန်းအိဖြူ တွန်းချလိုက်ပါတယ်"

ဟူ၍. . .

"အို. . . သူ. . . သူသေပါစေ၊ ဘာမှ မပြောနိုင်ဘဲ သေသွားပါစေ"

"ဟင်. . . ဒီ. . . ဒီလိုလဲ မဟုတ်သေးပါဘူးလေ ဘာပဲဖြစ်ဖြစ် သူမသေပါစေနဲ့၊ ဆေးရုံကို အချိန်မီ ရောက်ပါစေ"

"သူ မသေရင်တော့ ငါကျူးလွန်တဲ့ လူသတ်မှုကို ထုတ်ဖော်မှာ သေချာတယ်"

"ဒါ. . . ဒါဆိုရင် ငါအဖမ်းခံရတော့မယ်"

"မောင်မောင်ကလဲ ငါ့ကို မုန်းသွားတော့မှာပဲ၊ ရွံ့ရှာ ကြောက်ရွံ့သွားတော့မှာပဲ"

"ဒါ. . . ဒါ. . . ဆိုရင်"



"သူ. . . သူ သေတာပဲ ကောင်းမယ်လား"

"သူ မသေပါစေနဲ့ဆိုပြီး ငါပဲ အဖမ်းခံလိုက်ရမလား"

"အို. . . မသိဘူး. . . မသိဘူး၊ ဘာ ဆုတောင်းရမှန်း သိတော့ဘူး"

"မေမေရေ. . . သမီးမိုက်ရဲ့ အဖြစ်ကို မြင်လှည့်ပါတော့၊ မေမေနဲ့ တွေ့ပါရစေတော့"

"မေမေရယ်. . . သမီးကို မေမေက ခွင့်လွှတ်နိုင်မှာပါနော်၊ ကာကွယ်ပေးနိုင်မှာပါနော်. . ."

"မိခင်တို့ရဲ့ အတုမဲ့မေတ္တာနဲ့ သမီးရဲ့ ဒုက္ခတွေကို မေမေ ကယ်တင်ပေးနိုင်မှာပါနော်"

စိတ်ဓာတ် ပြင်းထန်လွန်းလှပါသည်ဆိုသော စနေသမီး ပန်းအိဖြူသည်လည်း မိန်းမသားဆိုသော နုနုငယ်ငယ် နှလုံးသားနှင့် ဘာမို့. . .

တစ်လမ်းလုံး လှိုက်လှဲစွာ ငိုရင်း လိုက်ပါလာခဲ့ရပါတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၃၉

"မိခင်ရဲ့စကားကို နားမထောင်တဲ့ မိအိဖြူ ခုတော့ ဒုက္ခတွေ့လာပြီ မဟုတ်လား ဟင်"

မေမေ၏ ကရုဏာ ဒေါသများ ဖြစ်ထွန်းနေရာ ရင်ခွင်မှာ မျက်နှာအပ်၍ ပန်းအိဖြူ ငိုနေမိသည်။

"တစ်မြို့လုံးကို ဟိုးဟိုးကျော်လို့ တို့ဆီလာလည်တဲ့ စာရေးဆရာ လိမ့်ကျလို့ ချောက်ထဲက ဆယ်ယူခဲ့ရတယ်၊ သေမလား ရှင်မလား မသိဘူးတဲ့"

"မေမေ့ နေရာက တွေးကြည့်စမ်း၊ ကိုယ့်ဧည့်သည်လဲ ဆိုသေး၊ ဆေးရုံလဲ မသွားဘဲ နေနေရတော့ မခက်ဘူးလား"

"ပြီးတော့ ဟိုတုန်းက ကိုတာရာရဲ့ လူသတ်မှုက ဟိုးလေး





ကျော် ဖြစ်ခဲ့တာ၊ သူ့ဓာတ်ပုံတွေ သတင်းစာမှာ ပါခဲ့တာ၊ အနှစ်ဆယ်လောက်ကိုများ မျှော်တွေးကြည့်မယ့်သူတွေ ပေါ်လာရင်တော့ ဒုက္ခမှ တကယ့်ဒုက္ခပဲ"

ဆိုတွေ့ပြီးနောက်တွင် ဒေါ်ခင်သီတာမှာ သူပြောထားပါလျက် ဖွတ်ထွက်သွားသော သမီးကို ဆူပူရင်း အနှစ်နှစ်ဆယ်ဆီမှ ဇာတ်လမ်းများကို ပြန်လည် ဆန်းသစ်လာစေမှာ စိတ်ပူစွာဖြင့် ပြောလိုက်၊ ဆိုလိုက် လုပ်နေပြီးမှ ငြိမ်သက်သွားသည်။ တသိမ့်သိမ့်ငိုကသော သမီးငယ်၏ မျက်နှာကို မော့ယူလိုက်သည်။ အဖြေရှာသလို အသေအချာ ကြည့်ပြီးမှ. . .

"ငါ့သမီး ဘာကြောင့် ဒီလောက် ငိုနေရတာလဲဟင်"

ပန်းအိဖြူ ဘာမှမဖြေနိုင်။ မျက်ရည်နစ်နေသော မျက်နှာလေးကို ဒေါ်ခင်သီတာက မျက်မှောင်ကြုံ့၍ ကြည့်လိုက်ပြီး. . .

"သမီး. . . ပန်းအိဖြူ"

"ရှင်. . . မေမေ"

"မေမေ့ကို မှန်မှန်ပြောစမ်း"

"ဟင်. . ."

"သူ့ကို သမီးတွန်းချလိုက်တာ မဟုတ်လား"

"အမလေး. . . မေမေ"

"ဟင်. . . ဟုတ်တယ်၊ မဟုတ်လား မိအိဖြူ"

"မေ. . . မေမေ ဘယ်လိုလုပ် သိလဲဟင်"

"သမီးဟာ မေမေ့ရင်ထဲက ဖြစ်တည်ပြီးမှ ထွက်သွားရတဲ့ မေမေ့ရဲ့ကိုယ်ပွားပဲ၊ ငါ့သမီး ဒီလောက် စိတ်လှုပ်ရှားနေတာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com


ကလဲ့စားချေခဲ့ပြီ မဟုတ်လား ဟင်"

"မေမေရယ်. . . သမီး. . . သမီး မှားပြီ ထင်ပါရဲ့"

"ခုထိ ထင်ပါရဲ့ ရှိသေးလားဟင်၊ ကိုယ့်ဘဝက ခုနှ… ပွင့်ရတော့မယ့် အဖူးအငုံလေးရှိသေးတာ၊ ပေါက်တာပြည့်ဖြိုးအောင်… လှက်တွဲပြီး ဘဝစကြဖို့ အားလုံးကျေနပ်ကြည်ဖြူပြီးသား မဟုတ်လား ဟင်"

"မေမေရယ်"

"သူက အသက်လေးဆယ်ကျော်ပြီ၊ သူ့ဘဝက နေဝင်… တော့မယ်၊ အဲဒါကိုများ ဘဝချင်းသွားပြီး လဲရလောက်အောင် မိုက်လှချည့်လား မိအိဖြူရယ်"

"မရည်ရွယ်ဘဲ ရုတ်တရက်ဖြစ်သွားခဲ့ရတာပါ မေမေရယ်. . . ဟုတ်တယ်နော် သူသေရင် သမီးလဲသူ့လိုပဲ ထောင်ထဲမှာ အကြာကြီး ဘဝကို မြုပ်နှံနေရမှာပဲ"

"အေး. . . မသေခဲ့ရင်လဲ သူက နေ့မလား၊ သူ့ဘက်က ပန်းအိဖြူဆိုတာ ဘယ်သူမှန်းမှမသိသေးတာ၊ သိလဲ သက်ဆိုင်ရာကို တိုင်မှာပေါ့"

"သမီးဘာလုပ်ရမလဲ မေမေရယ်"

"ညကလဲ ငါတစ်ညလုံး မအိပ်နိုင်ဘူး၊ ကဲ. . . ဒီမှာ မထူးတော့ဘူး၊ မေမေကိုယ်တိုင်ပဲ ဆေးရုံလိုက်သွားပြီး သူ့ကို စကားပြောခွင့်ရရင် အကြောင်းစုံဖွင့်ပြောပြီး သင်ပုန်းချေဖို့ ပြောရတော့မှာပဲ၊ တောင်းပန်ယူရတော့မှာပဲ ပန်းအိဖြူ"

"သူ့. . . သူ့အခြေအနေက မကောင်းဘူးဆို"



"အေး. . . သေသွားရင်လဲ တို့သားအမိပဲသိတဲ့ကိစ္စကို …စ်သက်လုံး နှုတ်ပိတ်နေရုံပဲပေါ့၊ မေမေကတော့ သူမသေခင် သူနဲ့ …ကားပြောခွင့်ရချင်သေးတယ်၊ တို့သားအမိ ဘယ်ထိအောင် …ားနေကြရတယ်ဆိုတာတွေ ဒင်းသိသွားစေချင်သေးတယ်"

ဒေါ်ခင်သီတာလည်း ငိုပါလေပြီ။

ထိုစဉ် အိမ်ရှေ့သို့ ကားတစ်စီး ဆိုက်လာသည်။ ကားကို …ကား. . .

"အမလေး. . . ဘယ်လိုလုပ်ကြမလဲဟင် မေမေ"

"အိန္ဒြေမပျက်နေစမ်း သမီး၊ မေမေကြည့်ရှင်းမယ်"

အရပ်ဝတ်နှင့်ပင် ရဲအရာရှိဖြစ်ဟန်တူသူက အိမ်ပေါ် …က်လာသည်။

"မပန်းအိဖြူဆိုတာရှိပါသလား"

"ရှိပါတယ်. . . ပန်းအိဖြူဆိုတာ ဒီကျွန်မသမီးပါ၊ ဘာကိစ္စ …လို့လဲ"

"ကျေးဇူးပြုပြီး ကျွန်တော့်ကားနဲ့ ခဏလိုက်ခဲ့ စေချင် …တယ်"

"အို. . . ဘာကိစ္စလဲရှင့်"

"ဟုတ်ကဲ့ ပြောပါ့မယ်ခင်ဗျာ၊ ကျွန်တော်စကားပြော …လာသွား လို့ပါ"

"ပြောပါ"

"စာရေးဆရာ ဦးခက်ဝေက မပန်းအိဖြူကို ခေါ်ပေးပါ၊ …တွေ့ပါရစေတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျွန်တော်က သူ့ကိစ္စကို စစ်ဆေးရတဲ့ ရဲအရာရှိပါ"

"သူ့. . . သူ့ အခြေအနေက"

"အင်း. . . သိပ်တော့ မကောင်းလှသေးဘူး ခင်ဗျ"

သားအမိနှစ်ယောက်၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

"ကဲ. . . ခဏလောက်လိုက်ခဲ့စေချင်ပါတယ်၊ ကျွန်တော့် မှာလဲ တခြားတာဝန်တွေရှိသေးလို့ပါ"

ဒေါ်ခင်သီတာက လိုက်ဖို့ အရင်စတင်ပြင်လိုက်သည်။

"သူကပြောတော့ ပန်းအိဖြူတစ်ယောက်ထဲကို တွေ့ချင် တာပါတဲ့"

"ဟုတ်ကဲ့. . . ဒါပေမဲ့ ဆေးရုံအထိတော့ကျွန်မလိုက်ခဲ့ မယ်လေ၊ ဟိုရောက်တော့ သမီးကိုပဲတွေ့စေရမှာပါ၊ ကျွန်မက အ. ထ. က က အထက်တန်းပြဆရာမ ဒေါ်ခင်သီတာပါ"

"ဟုတ်ကဲ့ခင်ဗျ သိပါတယ်၊ ကဲ. . . ဒါဖြင့်လဲ သွားကြ ရအောင်"

သောကရုပ်သွင်များကို အမြန်ဆုံးပြင်ဆင်ပြီး ရဲကားနှင့် လိုက်ခဲ့ ကြရသည်။

မိုးညှင်းလမ်းခွဲမှ သပ်ယပ်သော တစ်ထပ်ဆေးရုံဖြူလေး အတွင်းသို့ ဝင်ခဲ့ကြသည်။

"ပန်းအိဖြူဆိုတာ တစ်ယောက်ထဲပဲ ဝင်တွေ့ပါနော်"

တာဝန်ကျ ဆရာမလေးက လှမ်း၍ သတိပေးလိုက်သည်



ဒေါ်ခင်သီတာမှာ သမီးငယ်၏ လက်မောင်းကို ဆုပ်ကိုင် . . .

"ငါ့သမီးက စိတ်မာတာပဲ၊ ဘာပဲဖြစ်ဖြစ် ရဲရဲသာ င်ဆိုင်လိုက်၊ မေမေအပြင်မှာ ရှိနေတယ်၊ ကြားလား သမီး"

မေမေ့စကားသည် အင်အားတစ်ရပ်ပါပင်၊

စိတ်ကိုတင်း၍၊ အသက်ဝဝရှူပြီး အထူးခန်းတွင်းသို့ င်လိုက်သည်။

အိပ်ရာပေါ်တွင် ပတ်တီးဖြူများနှင့် ဦးတာရာ. . .

သူ့ဘယ်ခြေထောက်ကို ပလာစတာ ကိုင်ထားသည်မှာပင် ခြောက်တတ်သေး၊ သူမှိန်းနေသည်။

"သူ့ခြေတစ်ဖက် သွင်သွင်ကျိုးသွား ပါရောလား"

ပန်းအိဖြူ အသံမပြုရဲ၊ မျက်စိမှိတ်ထားသော သူ့မျက်နှာ ကြည့်မိသည်။

"ဘယ်လိုရင်ဆိုင်ရပါ့မလဲ"

"သူ ဘာပြောမှာလဲ"

ဆိုသော မေးခွန်းနှစ်ရပ်က ပန်းအိဖြူ၏ နှလုံးသားကို တစ်ဘက်မှတစ်ဘက်သို့ တွန်းပို့ ပုတ်ထုတ်နေသလို လှုပ်ခါနေရ သည်မှာ ရင်ပွင့်မတတ်ပါ. . .

"ဟင်"

သူမျက်စိ ပွင့်လာပြီး ပန်းအိဖြူရပ်နေသည်ကို အံ့သြသလို ကြည့်လိုက်ပြီးမှ. . .

"ပန်းအိဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ. . . ဆရာ့နားလာခဲ့ပါကွယ်"

သူ့နားကပ်သွားရသည်။ သူ့မျက်နှာပြင်နှင့် မြင်ရသမျှ အပြင်နေရာများတွင် ဒဏ်ရာများက မြင်မကောင်း၊ ညိုမဲ၊ ဖူးရောင်ကွဲရှ နေသည်။

"ဆရာ့ကို မေးကြတယ်၊ အားလုံးကို ဆရာဘာဖြေလိုက်လဲ ကလေးသိရဲ့လား"

"ရှင်. . ."

"ကျွန်တော်. . . ခြေချော်ကျတာပါလို့"

"အို. . ."

"ဆရာ့ကို ကလေး ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ ဆရာသိပါတယ်ကွယ်"

"ရှင်. . ."

"ဆရာ ခွင့်လွှတ်ပါတယ် ပန်းအိဖြူရယ်၊ ဒီကိစ္စကို ဆရာ ပြောတဲ့အတိုင်းပဲ ပြောစေဖို့ ဆရာ ကလေးကို ခေါ်တွေ့တာပါ"

"အို. . . ဆရာ. . . ဆရာ. . . အိဖြူလုပ်တာသိရက်နဲ့ ဆရာအိဖြူကို ခွင့်လွှတ်နိုင်တယ်လား ရှင်"

သူသည် မောဟိုက်နွမ်းနယ်လွန်းစွာပြောနေရာမှ အားယူ၍ ပြုံးလိုက်သည်။

"ပန်းအိဖြူရယ်၊ မသီတာရယ်ဟာ ဆရာ့ကို ဒီထက်ပိုပြီး ကလဲ့စားချေသင့်ကြပါတယ်ကွယ်"

"ဟင်. . . ရှင်. . . ရှင်. . ."

"ပန်းအိဖြူက မသီတာရောက်လာမှ ဆရာ ဘယ်သူလဲ ဆိုတာ သိတာ မဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်"

"ဆရာကတော့ ပန်းအိဖြူရောက်လာတဲ့နေ့ကပဲ မသီတာရဲ့ သမီးလေးဆိုတာ သိခဲ့ရပြီးသားပါ"

"အို ဘယ်. . . ဘယ်လို သိတာလဲ ဟင်"

"ဆရာနဲ့ အင်ထရီလုပ်ပေးတဲ့ မောင်စန်းဒွေးကို မေးကြည့်တယ်၊ သူ ဘယ်မြို့ကလဲလို့၊ ဟိုပင်က ဆိုတာနဲ့ ဆရာမေးတာ ပြန်မပြောပါနဲ့လို့ သူ့ကိုပိတ်ပြီး ဆရာဟာ ကလေးကို သမီးလို ဆက်ဆံခဲ့တာ ပန်းအိဖြူအသိပါနော်"

"ဟုတ်ပါတယ် ဆရာရယ်"

"မသိဘဲ နေပါ့မလားကွယ်၊ ပန်းအိဖြူရဲ့ မျက်နှာလုပ်ပုံလေးဟာ ဟိုးအနှစ်နှစ်ဆယ်က မသီတာလုပ်ပုံလေးနဲ့ တစ်ထေရာထဲပဲကို"

"ဒါဖြင့် သိရက်နဲ့. . ."

"ဟုတ်တယ် ဆရာ တမင်လိုက်လာတာ၊ ဆရာ စီစဉ်ခဲ့တာတွေလဲ မကြာခင် သိရမှာပါ"

"ရှင်. . ."

"ဆရာ့ ဒဏ်ရာတွေက သိပ်နာလာပြီကွယ်"

"အို. . . ဆရာရယ်. . ."

"ဆရာ မသီတာကို တွေ့ချင်လွန်းလို့ တမင်လိုက်လာပြီး ကလေးတို့သားအမိ ဆုံးဖြတ်သမျှ၊ ကလဲ့စားချေသမျှ ကျေကျေနပ်နပ်ကြီး ခံယူမယ်ဆိုပြီး လိုက်လာခဲ့တာပါ"

"ဩော်. . ."





www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ပန်းအိဖြူကို ကိုယ့်သမီးလေးလို သိပ်ပြီးချစ်ခင်တွယ်တာနေမိခဲ့တဲ့ ဆရာ့ကို ဒီလိုရုတ်တရက်ကြီး လုပ်ရက်လိမ့်မယ်တော့ မထင်မိခဲ့ဘူး"

"အိဖြူလဲ. . . အိဖြူလဲလေ. . ."

"မငိုနဲ့ကွယ် မငိုပါနဲ့၊ ဆရာခွင့်လွှတ်ပါတယ်၊ ပန်းအိဖြူကိုနှစ်ခုမှာစရာရှိလို့ ခေါ်တွေ့တာပါ"

"ဟုတ်. . . ဟုတ်ကဲ့"

"တစ်ခုက ဆရာပြောထားတဲ့အတိုင်း ခြေချော်ကျတာပါလို့ပြောပါ"

"ဟုတ်ကဲ့၊ နောက်တစ်ခုကရော ဆရာ"

"ပန်းအိဖြူတို့ ပေးထားတဲ့ ဆရာ့အတွက်အခန်းထဲမှာဆရာရဲ့ အတက်ချိကေ့(စ်)ကိုဖွင့်ပါ၊ အဲဒီအထဲမှာ 'ရွှေသစ္စာစာပေ' သို့ဆိုပြီး လိပ်စာတပ်ထားတဲ့စာကို ပန်းအိဖြူယူပြီး မသီတာကိုပြလိုက်ပါ"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဆရာ"

"ပြီးတော့လေ ဆရာ ပန်းအိဖြူကတစ်ဆင့် အခွင့်အရေးတစ်ခုတော့ တောင်းခံပါရစေကွယ်"

"ပြောပါရှင်"

"အဲဒီစာကို ဖတ်ပြီးရင် ဆရာ မသီတာနဲ့ ခဏလေး ဖြစ်ဖြစ်တွေ့ပါရစေ၊ တွေ့ခွင့်ပေးပါလို့"

"မေမေ. . . မေမေကလဲ ဆရာ့ကို တွေ့. . . တွေ့ချင်မှာပါ"





"ဒါဆို ဆရာကြိုးစားရကျိုး နပ်ပါပြီလေ၊ ကဲ. . . ကဲ. . . သွားလေးပြန်တော့"

ဒေါက်တာများအဖွဲ့နှင့် ဦးတာရာကို ပန်းအိဖြူမှာ မည်သို့မြေသိမ့်ပြောဆို ရမည်မှန်း မသိတတ်နိုင်တော့ပါဘဲနှင့် အခန်းထဲမှထွေ့ထွေ့ ခွာလာခဲ့ပါသည်။

ရင်ထဲတွင် ဝင်စဉ်ကလို လှုပ်ရှားနေရသည်ခြင်း တူသော်လည်း ပန်းအိဖြူ၏ အပြန်လမ်း လှုပ်ရှားမှုတွင် ကရုဏာတရားများ၊ မှားမိလေခြင်း စသော နောင်တ တရားများပါ ဖြည့်စွက်ရောယှက်လာခဲ့မိပြီ ထင်ပါသည်။

ဦးတာရာသည် ပြင်းထန်စွာ ခံစားနေရသော ဝေဒနာများကြားမှပင် ခွင့်လွှတ်သောအပြုံးဖြင့် အဆုံးထိ လိုက်ကြည့်ရင်းကျန်ရစ်ခဲ့ရှာပါတော့သည်။

အပြင်တွင် စောင့်နေသော မေမေ၏ အမေးစကားများကိုဘာမှ မဖြေကြားနိုင်တော့ပါဘဲ မေမေ့လက်ကို ဆွဲလျက် အိမ်ဘက်သို့ အမြန်ပြန်ခဲ့ကြရပါတော့သည်သာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

● အခန်း (၄၀)

ဦးအေးမောင်
ရွှေသစ္စာ စာပေ
(၃၃) လမ်း၊ ရန်ကုန်မြို့။

ဦးအေးမောင် ခင်ဗျား . . .

ဒီစာဟာ ကျွန်တော် ကွယ်လွန်ပြီးမှ ဦးအေးမောင် ရရှိမယ့်စာပါ။

ကျွန်တော့် မှာ ထောင်ထဲက ရလာတဲ့ ဒဏ်တွေကြောင့် ရောဂါလဲရှိတယ်။ ပြီးတော့ ကျွန်တော်နေရတဲ့ ဘဝဟာ အဓိပ္ပာယ်မရှိလို့ သတ်သေဖို့ အကြိမ်ကြိမ် ကျွန်တော် ကြိုးစားခဲ့ပါတယ်။

ဒီတော့ ရောဂါကြောင့်ပဲဖြစ်ဖြစ်၊ တစ်စုံတစ်ခုကြောင့် ကျွန်တော် သေသွားရင်ပဲဖြစ်ဖြစ်၊ ဘယ်သူ့ကိုမှ သံသယ





မဝင်ကြဘဲ ကျွန်တော့် ကိုယ်ကျွန်တော် သတ်သေသွားတာ ပါလို့သာ ယူဆကြပါ။

ကျွန်တော်မှာချင်တာကတော့ ကျွန်တော်ရရှိမယ့် စာမူခနဲ့ အခွင့်အရေး အားလုံးအပြင် ကျွန်တော့်တိုက်ခန်း မှအစ၊ ဘဏ်မှငွေ အားလုံးကို ဟိုပင်မြို့က အထက်တန်းပြ ဆရာမဒေါ်ခင်သီတာနဲ့ ဦးကျော်သူ(ကွယ်လွန်)တို့ရဲ့ သမီးလေး 'ပန်းအိဖြူ'ကို အားလုံးလွှဲ ပေးခဲ့ပြီးပါပြီ။ ပန်းဆိုးတန်းက ရှေ့နေ ဦးခင်မောင်ကြီးဆီမှာလဲ ကျွန်တော့်ရဲ့စာချုပ်နဲ့ လုပ်ကိုင်ပေးဖို့ တွေအားလုံး မှာခဲ့ပြီးပါပြီ။

ဦးအေးမောင်ဟာ တကယ်သစ္စာရှိတဲ့စိတ်ရှိသူမို့ ကျွန်တော့် ဆန္ဒ အားလုံးကို ကူညီပါလို့ မှာခဲ့ပါရစေ။

(ဒီစာရဲ့ မိတ္တူကိုလဲ ကျွန်တော့်တပည့် စံအေး လက်ထဲ မှာ ထားခဲ့တယ်။ ငါ့သေမှ ဖောက်ကြည့်လို့ ပြောခဲ့တယ်)

ဒါပါပဲ ဦးအေးမောင်၊ ကျွန်တော့်ရဲ့ ချစ်ရာနှန်း ၁၀၁ လဲ ပြီးခါနီးပါပြီ။

အဲဒီစာမူခကအစ အားလုံးလွှဲအပ်ပေးဖို့ ယုံကြည် စိတ်ချ စွာနဲ့ မှာလိုက်ပါရစေ။

ခင်မင်လေးစားစွာဖြင့် . . .
ခက်ဝေ (ကျွန်းနုမြေ)

* * * * *



www.burmeseclassic.com

www.burmeseclassic.com



စာကို ပြိုင်တူဖတ်ပြီးကြ ်နှ်တွင် ဒေါ်ခင်သီတာနှင့် ပန်းအိဖြူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

ရင်ထဲတွင် ပြောချင်စရာစကားများက များပြားလွန်းလှ၍ ပိတ်ဆို့ နေလေသလားမသိ။ တစ်ယောက်နှင့်တစ်ယောက် ဘာမှ မပြောနိုင်ကြ။

ဒေါ်ခင်သီတာက ရင်ထဲမှခံစားမှုများစွာကို ရင့်ကျက်စွာ ထိန်းသိမ်းနိုင်စွမ်းရှိသော်လည်း ပန်းအိဖြူက ရှိုက်ငိုနေရာသည်။

"ဒါဆို. . . သမီးတို့သားအမိက သူ့ကိုပြန်သတ်ပစ်ချင် သတ်ပစ်မယ်ဆိုတာ သူသိလို့ နေမှာပေါ့နော် မေမေ"

"ဒါပေါ့"

ဒေါ်ခင်သီတာက သက်ပြင်းချလိုက်ပြီးမှ. . .

"တို့သားအမိအနေနဲ့ ဒီလောက်မဖိုက်သင့်ကြဘူး၊ မေမေ ပြန်လာပြီး သမီးသွားတွေ့တုန်းက နာကျည်းမှုန်းတီးနေတဲ့ မျက်နှာကို သူသိနှင့်နေလို့ နေမှာပေါ့၊ ပြီးတော့ သမီးမသိအောင် မေမေသွားခဲ့ တာလဲ သူမှန်းမိလိမ့်မယ်ထင်တယ်၊ သူ့တပည့်က ပြန်ပြောမှာပေါ့"

"ဒါပေမယ့် သူက တည်တည်ငြိမ်ငြိမ်ပါပဲ"

"သူက အတွေ့အကြုံစုံခဲ့ပြီလေ သမီး၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ သမီးသိပ်မိုက်တယ်၊ သိပ်မှားတယ်။ ရင်ဆိုင်ဖြေရှင်းစရာ ရှိရင် မေမေနဲ့သာ ဖြေရှင်းသင့်တာပေါ့"

"သမီးအမှားကို သမီးဝန်ခံပါတယ် မေမေ၊ ဆရာ တောင်းပန်တဲ့အတိုင်း မေမေကရော အတွေ့ခံမှာလားဟင်"





"အေးလေ. . . သူမပြန်ခင်တော့ တစ်ခါတွေ့ကြရမှာ ပေါ့၊ မေမေကိုယ်တိုင်လဲ သူ့ကို မေးချင်စရာရှိနေပါတယ်လေ"

"သူက ခြေကျိုးနေပြီ၊ ပြန်လို့ ဖြစ်ဦးမှာ မဟုတ်သေးဘူး မေမေရဲ့၊ သူဘယ်သွားနေမလဲ"

"ပန်းအိဖြူ. . . ဒါနှင့်အပူမဟုတ်ဘူး၊ သူလူကြီး၊ သူ့ဟာသူ ကြည့်ရှင်းလိမ့်မယ်၊ သူနေမယ့် နေရာမှာ သူ့ပစ္စည်းတွေ လိုက်ပို့ ပေးလိုက်ရုံပဲ"

မေမေက နေရာမှထသွားသည်။

ပန်းအိဖြူမှာ အိတ်ဖွင့်စာလေးကို နေရာတကျပြန်ထည့်ပြီး သိမ်းဆည်းမိသည်။

စတင်ဆုံရစဥ်ကပင် ကိုယ့်ပေါ်တွင် ကြီးမားသော စေတနာ သဒ္ဒါတရားနှင့် ကျွေးမွေးကူညီခဲ့ရှာသည့် ဆရာ၏ စေတနာများကို ပြန်လည် မြင်ယောင်ခဲ့မိသည်။

ယခုလည်း 'ခွင့်လွှတ်ပါသည်' တဲ့။

အိမ်နှင့် ဝန်းကျင် တွင်တွင် တိတ်ဆိတ်နေ၍ ...ရေသာ...သံကို ကြားရသည်။

"မြစ်ကြီးနားမှ စုန်လာသောရထား"

မျှော်စရာ. . . လာစရာ လူမရှိပါ။

ကိုယ့်ဖခင်ကို သတ်ထားသူအဖြစ်နှင့် နာကျည်းလွန်းနေခဲ့ သော ပန်းအိဖြူ၏ ရင်ထဲမှ အစိုင်အခဲများကို ဦးတာရာမှ ခွင့်လွှတ်နိုင်ခြင်းဟူသော နွေးထွေးသည့် မေတ္တာအပူရှိန်ကြောင့် တဖြည်းဖြည်း ချင်းများ အရည်ပျော် လျော့နည်းလာရပြီလားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မသိပါ။

မမေက အိမ်နောက်ဖက်မှာ။ ပန်းအိဖြူမှာ အိမ်ရှေ့ဝရန်တာ တွင် ကြာမြင့်စွာငေးငိုင်တွေဝေနေဆဲတွင်. . .

"ကြည့်စမ်းပါဦး၊ မောင်မောင်တက်လာတာတောင် မမြင်ဘူးလား အိဖြူရယ်"

"ဟင် မောင်မောင်"

လက်ဆွဲအိတ်တစ်လုံးနှင့် လိုက်လာရာသော ပန်းအိဖြူ၏ အချစ်ဦး မောင်မောင်. . . ပြည့်ဖြိုးအောင်။

"အိဖြူ. . . မောင်မောင့်အချစ်ရယ်"

"အို. . . အိဖြူဆီလိုက်လာတယ်လား မောင်မောင်ရယ်"

တိုင်ဖုံးအကွယ်တွင် ဖက်တွယ်မိကြသည်။ ကွဲကွာနေရသော အလွမ်းအသည်းလေးနှစ်မွှာချင်း၊ ထိကပ်မတတ် ရင်ချင်းအပ် ထားမိကြပြီးမှ. . .

"နေပါဦး၊ မောင်မောင်ဘယ်တုန်းကရောက်တာလဲ"

"ခုပဲ"

"ဟင်. . . စောစောကဆိုက်သွားတာ မန္တလေးကတက်လာတဲ့ အဆန်ရထားလား"

"မဟုတ်ဘူး၊ မြစ်ကြီးနားကလာတာ"

"ဟင်. . . ဘယ်လိုလဲ"

"မနေ့ကလေယာဉ်နဲ့ မောင်မောင် မြစ်ကြီးနားကို လိုက်လာပြီးမှ ဒီနေ့ ပြန်ဆင်းလာတာ"

အသံကြား၍ ဒေါ်ခင်သီတာ ထွက်လာသဖြင့် လူချင်းခွာ





လိုက်ကြရသည်။

"သြော်. . . မောင်ပြည့်ဖြိုးအောင် လိုက်လာတယ်လား"

"ဟုတ်ကဲ့. . . အန်တီ"

"အေး. . . ခုချိန်မှာ ရောက်လာတာ၊ အန်တီ ဝမ်းသာလိုက်တာကွယ်"

"ဟုတ်ကဲ့. . . ကျွန်တော်လဲ နောက်တစ်ပတ်ဆို လိုက်လာတော့ မလို့ပါ၊ ကြေးနန်းစာရတာနဲ့ ချက်ခြင်းလိုက်ခဲ့ရတာပါ"

"ကြေးနန်းစာ. . . ဟုတ်လား၊ သမီးရိုက်လိုက်တာလား"

"ဟင့်အင်း. . . မရိုက်ရပါလား"

"ဆရာဦးတာရာဆီကပါ၊ ကျွန်တော့်ကို လိုက်နိုင်ရင် အမြန်ဆုံး လိုက်ခဲ့ပါတဲ့"

"ဒါဖြင့် အိဖြူဆီလိုက်လာတာ ဘယ်ဟုတ်လို့လဲ"

ချစ်သူ၏ ချစ်မျက်စောင်းလေးကို ကျေနပ်သောအပြုံးဖြင့် ခံယူလိုက်ရှာသည်။ ယောက္ခမလောင်းကြီးရှေ့မှာမို့ ပြည့်ဖြိုးအောင် ဘာမှမပြောရဲ။

"ဒါနဲ့. . . ဆရာရောဟင် အိဖြူ"

"ဆေးရုံမှာ"

"ဟာ. . . ဘာဖြစ်လို့လဲ"

ပန်းအိဖြူက ဒေါ်ခင်သီတာကို လှမ်းကြည့်လိုက်သည်။ ဒေါ်ခင်သီတာက တည်ငြိမ်စွာပင်. . .

"အင်းတော်ကြီးသွားကြရင်း တောင်ထိပ်ပေါ်က ခြေချော်ပြီး ရိုက်တာတဲ့ကွယ်၊ အန်တီလဲ ပါမသွားပါဘူး၊ အဲဒါ ခြေချော်ကျလို့



www.burmeseclassic.com

www.burmeseclassic.com



ခြေကျိုးသွားတယ် ဆေးရုံမှာ. . ."

"ဟာ. . . ခြေကျိုးရုံပဲလား၊ တခြားရော ဒိုးရိမ်စရာများ ရှိသေးလား၊ ဆရာက သိပ်သဘောကောင်းရှာတာ၊ သနားပါတယ် အိဖြူကိုဆိုလဲ သိပ်ပြီး ဂရုစိုက် အရေးထားတာ၊ သူ့သမီးလေး ကျနေတာပဲ"

ပန်းအိဖြူ ကြိတ်၍ သက်ပြင်းရှိုက်လိုက်ရသည်။

"ကဲ. . . အိဖြူရေ. . . ဒါဖြင့် မောင်မောင်တို့ ဆေးရုံကို သွားကြရအောင်လား၊ အဝေးကြီးလားဟင်"

"ဝေးတော့ မဝေးလှပါဘူး၊ မောင်မောင်နားပါဦးလား ထမင်းလဲ စားဦးလေ"

"မောင်မောင့်အတွက်ကတော့ အရေးမကြီးပါဘူး၊ အိဖြူ လိုက်နိုင်မယ် ဆိုရင်တော့ သွားကြည့်ချင်တယ်ကွယ်၊ အိဖြူနဲ့ ပတ်သက်ပြီးမှ သိရပေမယ့် သိပ်သဘောကောင်းတဲ့ ဆရာတာရာ့ကို မောင်မောင်တကယ်ခင်တယ်၊ သွားကြည့်ချင်လို့ပြီ"

ပန်းအိဖြူ အဖြေမပေးနိုင်မီ. . .

"ဟုတ်သားပဲ သမီး. . . ခဏ သွားကြည့်လိုက်ကြဦးလေ၊ ပြန်လာတော့ ထမင်းစားဖို့ မေမေပြင်ထားလိုက်မယ်"

မြစ်ကြီးနားမှ နံနက် (၇) နာရီ ထွက်လာသော ရထားက ဟိုပင်သို့ ဆယ့်တစ်နာရီကျော်တွင် ရောက်ရှိသည်။ ပြည့်ဖြိုးအောင် နံနက်စာ စားရဦးမည် မဟုတ်သေး။ ယနေ့လည်း ကျောင်းပိတ်ရက် မို့ သားမက်လောင်းလေး စားကောင်းစေရန် ဒေါ်ခင်သီတာ စီစဉ်ထားနှင့်ပါမည်။





"မြန်မြန်လုပ်လေသမီး၊ သွားကြတော့"

"ပြီးပါပြီမေမေ. . . လာ မောင်မောင်ရေ သွားကြစို့"

တစ်ချိန်က သူ၏အဖေကို သတ်ထား၍ စိတ်နာလှပါသည် ဆိုသော သမီးလေးသည် ပြုံးရွှင်ကြည်နူးစွာဖြင့် သူ့ချစ်သူ၏ လက်ကိုတွဲလျက် ဖခင်ကိုသတ်ထားသော လူသတ်သမားထံသို့ ထွက်ခွာသွားလေသည်ကို. . .

ဒေါ်ခင်သီတာမှာ မှုန်မှေးရီဝေသော အကြည့်များဖြင့် ငေးတွေးဆဆ ငေးကြည့်ကာ ကျန်ရစ်ခဲ့ပါတော့သတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၄၁)

"ဓာတ်ပုံရိုက်ဖို့သာ ဇောကြီးခဲ့မှုအတွက် ခုလိုဖြစ်ရတာ ဆိုပြီးဆရာက သူ့ကိုယ်သူ ဒေါပွနေတယ်လေ"

သားအမိနှစ်ယောက်၏ အကြည့်ချင်းက ဆုံရပြန်သည်။ ဦးတာရာသည် ဤကိစ္စကို သူ့အသက်နှင့်အမျှ နှတ်ပိတ်ရေငုံနေမည်မှာ သေချာသည်။ အထူးသဖြင့် ပန်းအိဖြူနှင့် တစ်သက်တာ လက်တွဲရမည့် ပြည့်ဖြိုးအောင်ရှေ့မှာ သူပို၍ ဆင်ခြင်နေပါလိမ့်မည်ဟု သားအမိနှစ်ယောက်လုံး ယုံကြည်လိုက်မိကြပါသည်။

"အဲဒီတော့ ကျွန်တော့်အနေနဲ့ အန်တီကို တစ်ခု တောင်းပန်ပါရစေခင်ဗျာ"

"ဘာကိုလဲ ပြည့်ဖြိုးအောင်"

"ကျွန်တော် တာဝန်ယူပြီး ဦးတာရာကို ပလာဇတာ ကိုင်ရက်နဲ့ ခေါ်သွားရမှာပါ"





"ဩော်. . . ဆေးရုံက ဆင်းခွင့်ရပြီလား"

"ဟုတ်ကဲ့ ခြေကျိုးတာကလွဲရင် ပြင်ပဒဏ်ရာတွေသာရှိလို့ အိမ်မှာ ဆေးဆက်ထည့်တာမျိုး လုပ်ရင်လဲ ရပါပြီ၊ ဒါကြောင့် ဆရာက ရန်ကုန်ပြန်ချင်ပြီတဲ့"

"အဲဒီတော့ ပြည့်ဖြိုးအောင် တောင်းပန်ချင်တယ် ဆိုတာက ဘာလဲကွဲ့"

"ဆရာ့ကို ဆေးရုံကနေ ဒီအိမ်ကို ဆင်းလာခွင့်ပြုပါလို့"

"ဟင်"

ဒေါ်ခင်သီတာက ပန်းအိဖြူသို့ အလန့်တကြား ကြည့်လိုက်မိသည်။

"ဟုတ်ပါတယ်မေမေရယ်၊ သမီးလဲခေါ်လာမိလို့ တာဝန်ရှိနေပါတယ်၊ လက်သင့်ခံပါလို့ သမီးကပါ တောင်းပန်ပါရစေ"

ဒေါ်ခင်သီတာမှာ ခေါင်းလေးငုံ့ပြီး ဖျက်လုံးလေးစွေစောင်း၍ လက်ခံရကောင်းနိုး၊ မကောင်းနိုးနှင့် ဝေခွဲမရနိုင်မိမှာပင်. . .

"တစ်ရက်အလွန်ဆုံး နှစ်ရက်ပါပဲ မေမေ၊ မြစ်ကြီးနားမှာ မောင်မောင်တို့အသိရှိပါတယ်၊ မောင်မောင် စီစဉ်တာကတော့ မြစ်ကြီးနားပြန်တက်သွားပြီးမှ လေယာဉ်နဲ့ ပြန်ကြမယ်တဲ့"

"ဩော်. . . ဟုတ်လား"

"ဒါကြောင့် ဒီမှာ တစ်ညလောက်တော့ နားနေခွင့်ပြုပါ၊ ခွင့်ပန်ပေးကြပါလို့ ဆရာက အန်တီကို ပြောခိုင်းပါတယ်၊ ပြီးတော့ သူမှာထားတဲ့ သူတပည့် လင်မယားနှစ်ယောက်လဲ ရောက်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကလား"

"မသိဘူးခင်ဗျ၊ ဟိုပင်ကို လိုက်လာခဲ့ကြပါလို့ အရင်ထဲ သူမှာခဲ့တာတဲ့၊ စာပေဖြန့်ချိရေး ဆိုင်လေးက တစ်ဆင့်မေးမြန်းကြည့်ပြီး ဆရာ ဆေးရုံမှာဆိုတာနဲ့ ရောက်လာသူတွေလဲ ဆေးရုံမှာပါ"

"သြော်. . . သြော်. . ."

"ဆိုလိုတာက သူ့ကိုပြုစုဖို့လဲ ရောက်နေကြပါပြီ၊ အန်တီ အနေနဲ့ ဘာမှတာဝန်မကြီးစေရပါဘူး ခင်ဗျာ"

"ဟုတ်ပါတယ် မေမေရယ်၊ ဘာပဲဖြစ်ဖြစ် သမီးတော့ ဆရာတောင်းပန်တာကို လက်ခံပြီး ခေါ်ခဲ့ပါရစေနော် မေမေ"

ဒေါ်ခင်သီတာမှာ အဓိပ္ပါယ် ပြည့်လျှမ်းသော အကြည့်များဖြင့် သမီးငယ်ကိုကြည့်ပြီး ဖြည်းလေးစွာ ခေါင်းညိတ်ပြရင်း. . .

"သွားခေါ်ခဲ့ကြလေ၊ သူ့အတွက်အခန်းကို မေမေကိုယ်တိုင် ရှင်းလင်းပြင်ဆင်ပေးထားပါ့မယ် သမီးလေး ပန်းအိဖြူ"



● အခန်း (၄၂)

မြင်ပသိက္ခာသည်သာ ရင့်ကျက် တည်ငြိမ်နေပါပြီဟု မြင်ရ၊ သိရပါသော်လည်း အတွင်းနှလုံးသားက လှုပ်ရှားစရာရှိလာသည့် အခါ လှုပ်ရှားရပါသေးလား။

နှလုံးသားခံစားမှုဆိုသည်မှာ အသက်အရွယ်နှင့် မသက်ဆိုင်ပါလားဆိုသော ကိုယ်တွေ့ အသိများဖြင့် ထိုးဆိုက်လာသည့် ဂျစ်ကားကိုသာ အိမ်ရှေ့မှ မျှော်ကြည့်နေမိသည်။

ပန်းအိဖြူနှင့် အသက် လေးဆယ်ကျော်အရွယ် အမျိုးသမီး ခပ်ဝဝ တစ်ယောက်က သူ့ခြေထောက်ကိုမ၍ နောက်ပြန်ဝင်လာကြသည်။

ပြည့်ဖြိုးအောင်နှင့် ပုပု၊ ဗလကောင်းကောင်း အသက်



www.burmeseclassic.com

www.burmeseclassic.com



လေးဆယ်ကျော်အရွယ် အမျိုးသားတို့က သူ့ကို ဝှာစ့်ဘက်စီမှ မ.ချီ၍ အပေါ်ထပ်သို့ တက်လာနေကြပါပြီ။

"အို. . . သူရုပ်ကျသွားလိုက်တာ"

လေးဆဲယ့်သုံးနှစ်အရွယ်ဆိုသော အမျိုးသားတစ်ယောက်သည် ကျန်းမာသန်စွမ်းပါလျှင် နုပျိုစွာနေနိုင်ပါသေးသော်လည်း. . .

ကိုတာရာမှာ ပိန်၍၊ အသားများညိုကာ ဆံပင်ဖြူများ ကျိုးကျဲစွာပေါက်လျက် မျက်မှန် အထူကြီးနှင့်အဘိုးကြီး တစ်ယောက်ပုံ ပေါက်နေပါလား။

"ပန်းအိဖြူ"

"ဆရာ. . ."

"ဆရာ့အတွက် အပြင်မှာ စားဖို့တစ်ခုခု သွားဝယ်ပေးကြပါကွယ်။ ပြည့်ဖြိုးအောင်ကိုခေါ်သွား"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဆရာ"

အပါးအနပ်မလေး ပန်းအိဖြူမှာ ဂျစ်ကားကို လက်ပြန် တားပြီး ပြည့်ဖြိုးအောင်နှင့်အတူ ထွက်သွားခဲ့ပါပြီ။

"နေကောင်းပါရဲ့လား ဦးတာရာ၊ အားလုံးဖြစ်ရပ်တွေ အတွက် ကျွန်မစိတ်မကောင်းပါဘူး"

"မသီတာရယ်. . ."

အသံကတော့ ဟို အနှစ် နှစ်ဆယ်လောက်ဆီက လိုပါပင်။ အင်အားနည်းလျက် တုန်ခါလျက်နှင့်ပါပဲ။

"ပန်းအိဖြူဟာ သိပ်ငယ်ပါသေးတယ်ကိုတာရာ၊ သူ့ဘက်





က စာနာကြည့်ပါလေ၊ သူ့ကို ခွင့်လွှတ်တဲ့ အတွက်တော့ ကျွန်မ ကျေးဇူးတင်ပါတယ်"

မျက်နှာချင်းဆိုင် ဖြစ်သော်လည်း ဘယ်သူ့ကိုမှ မကြည့်။ ခေါင်းငုံ့လျက် တည်ငြိမ်အိေန္ဒြရစွာ ပြောနေသော ဒေါ်ခင်သီတာကို ဦးတာရာက ကြာမြင့်စွာစိုက်ကြည့်နေပြီး. . .

"မသီတာဟာ နည်းနည်းလေးဝလာပြီး ရင့်ကျက်တည်ငြိမ် တာက လွဲရင် အရင်လိုပဲ လှပချောမွေ့ဆဲပါပဲလားကွယ်၊ နုလဲ နုသေးတယ်နော် မလုလု"

"ဟင်"

"လုလုပါ သီတာ၊ မမှတ်မိတော့ဘူးလား"

"အို"

"အဲဒါက ကိုစောမောင်လေ"

"ကို. . . ကိုစောမောင်ကိုတော့ မမှတ်မိတော့ပါဘူး၊ လုလုကိုတော့ မှတ်မိပါတယ် စောစောက အသေအချာမကြည့်ခဲ့ မိလို့ပါ၊ သီတာ့ကို ခွင့်လွှတ်ပါနော်"

"ရပါတယ် သီတာရယ်"

"နေပါဦး၊ ခုဘယ်မှာ နေကြလို့လဲ၊ ဒီမှာ ဘယ်လိုလာဆုံကြတာလဲဟင်"

"ကျွန်တော် တမင်ခေါ်လာခဲ့တာပါ မသီတာ၊ သူတို့မှာ ကလေး လေးယောက်တောင် ရနေကြပါပြီ"

"အို. . . ဟုတ်လား၊ ကိုစောမောင်နဲ့ ပြန်ပြီးတွေ့ဆုံ လက်ထပ် ဖြစ်ကြတယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သီတာ၊ သူက ခွင့်လွှတ်တယ်လေ"

"ဘာကိုလဲ လုလု"

"အဲဒါတွေကို အစ်ကိုလေးက ရှင်းပြပါလိမ့်မယ်၊ လုလုတို့က သက်သေခံဖို့ ယောက်ခံဖို့ လိုက်လာတာပါ၊ အစ်ကိုလေး ထောင်ကထွက်ပြီး လုလုတို့ကို လိုက်ရှာနေခဲ့တာပဲ လေးနှစ်တောင် ကြာသွားတယ်တဲ့"

"ဩော်. . . ဒီမလောက်တောင် ကြိုးစားရတယ်လား ဒါပေမယ့် လုလုရယ်၊ သူဟာ ကိုကျော်သူကို သတ်ပစ်ခဲ့တာတော့ ရက်စက်လွန်းလှပါတယ်လေ၊ ဒေါ်သက်ဦးလဲ သေခဲ့ရတာ သူ့ကြောင့်ပါလို့ ထည့်ပြောရင် ရပါတယ်"

"ဟုတ်ပါတယ် မသီတာရယ်၊ ဟုတ်ပါတယ်ဗျာ"

"ကျွန်မမှာလဲ တစ်သက်လုံး မုဆိုးမဘဝနဲ့ အဖမဲ့သမီးလေးကို ကြီးပြင်းအောင် ကျွေးမွေး ပညာပေးခဲ့ရတာ၊ ဘယ်လောက်များ ပင်ပမ်းခဲ့မလဲဆိုတာ စဉ်းစားကြပါ"

"ပြောပါ မသီတာ၊ မသီတာ ပြောသမျှ ကျွန်တော် နားထောင်နာခံနေပါတယ်"

"ဟိုတုန်းကတော့ နာကျည်းစိတ်နဲ့ တုန့်ပြန်ဖို့ မဟုတ်တောင် ရှင့်ကို မေးချင်၊ ပြောချင် နေခဲ့တာပါ ကိုတာရာ"

"မေးပါ၊ ပြောပါ မသီတာရယ်"

"ရှင့်ရင်ထဲမှာ ကျွန်မဘဝကို သတ်ပစ်လောက်အောင် ကျွန်မ သမီးလေး ဖတဆိုး ဘဝနဲ့ တစ်သက်စာ မျက်နှာငယ်ရအောင် လုပ်ရက်တဲ့ စိတ်ထားမျိုး ရှိလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့မိဘူး"





"ပြီးတော့ ကိုကျော်သူတို့ သားအမိ နှစ်ယောက်လုံး သေအောင် ရှင်သတ်ပစ်နိုင်လောက်အထိ ရက်စက်ခဲ့တယ်နော် ကိုတာရာ"

"ဟုတ်ပါတယ် မသီတာ ဟုတ်ပါတယ်၊ ကျွန်တော် အနီးကပ် ပစ်သတ်ခဲ့ပါတယ်၊ ဒေါ်သက်ဦး သေစေတာလဲ ကျွန်တော့်ကြောင့်ပါ၊ အဲဒါတွေ ကျွန်တော်ဘာကြောင့် လုပ်ရပါ သလဲလို့ ရှင်းပြချင်လွန်းလို့ ကျွန်တော်ထောင်က ထွက်ကထဲက ဆက်တိုက်ကြိုးစားလာခဲ့တာပါ"

"ပြောပါဦး ကိုတာရာရဲ့"

"လူနှစ်ယောက် အသက်ကို သတ်ခဲ့တာ လူနှစ်ယောက် အသက် ရှင်ဖို့ပါ မသီတာ"

"ဘာ"

"မသီတာ ခုလို အသက်ရှင်နေရက်ရှိနိုင်ဖို့၊ မသီတာ ရင်ထဲက သမီးလေး မွေးဖွားအသက်ရှင်လာနိုင်ဖို့ပါ မသီတာရယ်"

"ဘာ. . . ဘာပြောတယ်ကိုတာရာ"

"ဒီမှာ သီတာ"

ဒေါ်လုလုက ကြားဝင်လာသည်။

"အဲဒီနေ့က လုလုတိုက်မယ့် ကော်ဖီကိုသာ သီတာ သောက်မိရင် သီတာလဲ သေပြီ၊ သိပ်ချစ်စရာကောင်းတဲ့ သမီးလေး ပန်းအိဖြူလဲ လူ့ပြည်မှာ လူဖြစ်လာစရာ အကြောင်းမရှိတော့ပါဘူး"

"ဘာ. . . ဘာရယ် လုလု"

"အဲဒီ ကော်ဖီထဲမှာ သိပ်ပြင်းတဲ့ အဆိပ်တွေခတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ လုလုကိုယ်တိုင်ခတ်ခဲ့တာပါ၊ အဲဒါ ကိုကျော်သူခိုင်းလို့ပါ"

"ဟင်. . . အို. . . မယုံနိုင်စရာ စကားတွေပါလား လုလုရယ်"

"မယုံမရှိပါနဲ့ ခင်သီတာ၊ ခင်သီတာ ရောက်လာမယ့် နေ့ထဲက တစ်ခါထဲ သတ်ပစ်လိုက်ဖို့ ကျွန်တော်တို့ကို အမိန့်ပေးထားခဲ့တာပဲ"

ဦးစောမောင်က ဝင်ပြောပါ၏

"ဟင်"

"အဲဒီနေ့က ဘူတာမှာ သွားကြိုပြီး တစ်ခါထဲ အပျောက်ရှင်းဖို့ လုပ်ကြတာ၊ လုလုနဲ့ သွားကြိုတာက ဟန်ဆောင်ပဲ၊ သူ့တပည့်နှစ်ယောက်ကို ခေါ်လာစေပြီး သတ်ပစ်ခိုင်းတာ၊ ဒီကောင်တွေက လမ်းထိပ်ကျမှ ကားက သစ်ပင်နဲ့ ဝင်တိုက်မိကြတာ၊ ဘာရိုက်ပေါက်တာ မဟုတ်ဘူးတဲ့၊ အဲဒါ ခင်သီတာကို လိုက်ပြီး တိုက်ရင်း ချောက်ထဲကျသွားလို့ သူတို့လဲ ကြောက်ကြောက်နဲ့ ထွက်ပြေးသွားကြတာ၊ အဲဒီနေ့ထဲက အစ်ကိုလေး ကိုတာရာက စိတ်မချလို့ဆိုပြီး ခင်သီတာကို စပြီးကယ်ခဲ့တာပါ"

"ဟင်. . . ဒါနဲ့ ကိုစောမောင် စာထဲမှာတော့ လုလုနဲ့ ပေါင်းပြီး ကြံကြတာဆို"

"ဘာစာလဲ ကျွန်တော် ဘာစာမှ မပေးပါလား"

ဦးစောမောင် ပြောလေမှ ဒေါ်လုလုက. . .

"အဲ. . . ဟုတ်ပါရဲ့၊ အဲဒါ အလကားညာတာ၊ သီတာ ယုံအောင် လှည့်ပစ်လိုက်တာ၊ ဒီတုန်းက လုလုဘာမှ မသိသေးအား





နောက်မှ. . ."

ဟိုစဉ်က ကိုစောမောင် တကယ်ရေး၍ မှားပေးခဲ့သောစာနှင့် နောက်စာတို့ လက်ရေး သေသပ်ပုံချင်း ကွာခြားနေသည်ကို သတိထားခဲ့မိကြောင်း ဒေါ်ခင်သီတာ ပြန်လည်၍ အမှတ်ရလာမိသည်။

"ဒီမှာ သီတာရယ် လုလုရှင်းပြတာကို ယုံစမ်းပါ၊ သီတာ ရောက်မလာခင်ထဲက ဦးသိန်းထိုက်ရဲ့သမီး အမွေယူဖို့ ရောက်လာတော့မယ်ဆိုပြီး သူတို့ သားအမိက တစ်ခါထဲ သတ်ပစ်ဖို့ ကြံခဲ့ကြတာပါ၊ ဦးလေးလုပ်သမျှ အမြဲလိုက်ခိုးကြည့် နေခဲ့ကြတာပါ၊ သီတာ့ကို ခေါ်တဲ့စာကို ဦးအောင်ဒွန်း ခိုးဖတ်ပြီး ပြောပြခဲ့တာပါ၊ ခုတော့ ဦးအောင်ဒွန်းလဲ ဆုံးပါပြီ"

"တကယ်ဆိုရင်တော့၊ တကယ်ရက်စက်တာပဲ"

"တကယ်ပါသီတာရယ်၊ လုလုတို့မှာ အစ်ကိုလေးနဲ့ သီတာ့ အဖြစ်ကို သနားလွန်းလို့ ကလေးတွေထားပြီး တမင်လိုက်လာ ရှင်းပြရတာပါ"

"ဖြစ်နိုင်ပါပြီလေ၊ ကဲ. . . ဆက်သာ ပြောကြပါ"

"ဂျစ်ကားဖြူနဲ့ လစ်ပြေးကြတဲ့ သူ့တပည့် 'ကျော်ကြီး' နဲ့ 'မောင်မောင်' ဆိုတဲ့ကောင် နှစ်ယောက်နောက်ကို၊ ကိုစောမောင်ကို လိုက်ခိုင်းပြီး သတ်ပစ်ခိုင်းတာ၊ ဒါပေမယ့် တော်သေးတယ်၊ ဟိုကောင်တွေက တောခိုသွားကြလို့၊ ဒါပေမယ့် ကိုစောမောင်ကို ပြန်မလာနဲ့၊ လာရင်သတ်မယ်လို့ ခြိမ်းခြောက်လို့ မလာတာ၊ ဟိုအချိန်ကတော့ သူတို့က မင်းပေါက်စိုးပေါက်၊ ငွေကလဲပေါတော့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်ရာ ဖြစ်နေတာပေါ့လေ"

"ကျွန်တော့်မှာ လုလုကို စိတ်မချလို့ ပြန်လာချင်လိုက်တာ။ စိတ်မချတဲ့ အတိုင်းပဲလေ"

"ဟုတ်တယ် ကိုစောမောင် ပြောသလိုပါပဲ၊ သီတာနဲ့ လက်မထပ်ခင်ထဲက လုလုကို၊ ကိုကျော်သူက အယုံသွင်းပြီး ကြံခဲ့တာပါ၊ ကိုစောမောင်ရဲ့ ဖြတ်စာလဲ ညာပြီးပြလို့ လုလုလဲယုံပြီး သူ့ဆန္ဒရှိတိုင်း လိုက်လျောခဲ့ရပါတယ် သီတာ"

"အို. . . လုလုရယ်"

ကိုယ့်ခင်ပွန်းရှေ့မှာပင် ဝန်ခံနေရှာသော လုလု၏စကားမှာ မှားယွင်းနိုင်စရာမရှိပါ။ အပြစ်ကိုဝန်ခံရဲသော လုလုနှင့် ချစ်သူကိုခွင့်လွှတ်နိုင်စွမ်းရှိသော ဦးစောမောင် တို့ကို ဒေါ်ခင်သီတာ လေးစားစွာ ကြည့်လိုက်မိပါသည်။

"အဲဒီလို အချိန်မှာ သူတို့သားအမိချင်း ခေါင်းချင်းဆိုင်နေကြတာ တစ်ခါတလေများ မိုးလင်းခါနီး အထိ"

"ဘာအတွက်လဲ"

"သီတာ့ကို အမွေခွဲပေးရမယ်လို့ ပြောတော့ ဦးသိန်းတိုက်ကိုလဲ သူတို့ မလွန်ဆန်ရဲကြဘူးလေ၊ ဒါပေမယ့် ဒေါ်သက်ဦးက သိပ်တင်းမာတာပဲ၊ ငွေပစ္စည်းတွေနဲ့ရင်းပြီး ကြီးပွားလာတာကို တခြားမိန်းမနဲ့ရတဲ့ကလေးကိုပေးရမှာ ငါရင်နာရချည်ရဲ့တဲ့လေ၊ ဒါနဲ့ နောက်ဆုံးတော့ ကိုကျော်သူက ဘာပြောလဲ. . . သိလား"

"ပြောပါ လုလု"

"သူ့သမီးကို အားရအောင်. . . ကန်တော့ပါရဲ့၊ စော်ကား





ပြီးမှ သတ်ပစ်ကြတာပေါ့တဲ့၊ အဲဒီကိစ္စကို အဘွားကြီးကပါ သဘောတူ ပေါင်းကြံကြတာနော်၊ ကလေးရရင်မလွယ်တော့ဘူး၊ ကလေးမမွေးခင် ရှင်းမှဖြစ်မယ်တဲ့လေ"

"ဟုတ်လား၊ တယ်ကြောက်စရာ ကောင်းကြပါလားကွယ်၊ ဩော်. . . တဏှာ လောဘတွေပေါ့လေ၊ သီတာတို့ သားအဖကတော့ ဘာမှ မသိခဲ့ကြရဘူး"

"လုလုကိုပါ အယုံသွင်းပြီး ခင်သီတာသေရင် လုလုကို တကယ် တရားဝင်ယူပါ့မယ်ဆိုပြီး လက်ထပ်စာချုပ်တောင်လုပ်ပြီး လက်မှတ်ထိုးခိုင်းထားတာ၊ အဲဒါလဲ ညာတာပဲ၊ လုလုကတော့ အဟုတ်ကိုမှတ်လို့. . ."

လုလု၏ စကားအပြီးတွင် ကိုစောမောင်က ဝင်၍. . .

"အေး . . . ဒါတွေက ယုံပါ၊ ခင်သီတာကို အဆိပ်ခတ်သတ်တာကို နင်က ဘာလို့ဝိုင်းကူရတာလဲ"

"ဩော်. . . ဒီတုန်းကတော့ လုလုလဲ ငယ်သေးတော့ သူပြောသမျှ အဟုတ်ကြီးပဲ ထင်နေခဲ့တာပေါ့ ကိုစောမောင်ရဲ့"

"ဟုတ်ပါတယ် ကိုစောမောင်. . . ဟိုလူက သိပ်လည်တော့ လုလုလဲ ယုံရှာမှာပေါ့လေ"

"နေပါဦး . . . ကိုတာရာကရော ဘယ်လိုလုပ်သိတာလဲ"

"ဒီလို ကိုစောမောင်. . . ကျွန်တော်လဲ၊ လုလုနဲ့ ကိုကျော်သူ ဖြစ်နေတယ်ဆိုတာ သံသယဝင်လာတာနဲ့ နောက်ပိုင်းမှာ မသီတာ အတွက် စိတ်ပူလာလို့ မျက်ချည်ပြတ်မခံတော့ဘူး"

"ဩော်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာကြီးနဲ့လဲ ပေါင်းထားရတာပေါ့၊ တစ်နေ့တော့ ကြွက်တွေ သတ်ဖို့လို့ ပြောပြီး တကယ်တော့ အာဆင်းနစ် ဝယ်ဖေး ခဲ့ရတာကို ကျွန်တော့် ပြန်ပြောပြတော့ ကျွန်တော်လဲ နောက်ဖေး ချောင်က လုလုဆီအလာ၊ လုလု ဆေးမှုန့်တွေ ကော်ဖီထဲ ထည့် နေတာ ရာဇမတ်ကွက်ကြားက မြင်တော့ အိမ်ရှေ့က ပတ်ပြေးလာပြီး တားရတာပေါ့"

"လုလုဖြင့် လန့်လိုက်တာ ဒီတုန်းက"

"ကိုကျော်သူက ကျွန်တော် ကော်ဖီလင်ပန်းကို တွန်းမှောက် ပစ်လိုက်ထဲက ကျွန်တော် သိသွားပြီဆိုတာ သူသိသွားလို့ တစ်ခါထဲ သေနတ်ထုတ်လာခဲ့တာပါ မသီတာ"

"ဟုတ်ပါတယ် သီတာရယ်. . . ဟို သားအမိဟာ တကယ့် အယုတ်တမာသားအမိပါ၊ အစ်ကိုလေး ကိုတာရာဟာ လူကောင်းပါ၊ အဲဒါကို သီတာယုံအောင် လုလုတို့ ဟိုး ကရင်ပြည်နယ်၊ ကျိုက်ဒိုးက ဒီအထိ လိုက်လာပြီး သက်သေခံ တင်ပြရတာပါ"

ဦးစောမောင်ကလည်း . . .

"ဘာပဲဖြစ်ဖြစ် အစ်ကိုလေးဟာ သူ့ပြစ်ဒဏ်ကိုလဲ သူခံပြီး ရှာပါပြီလေ၊ တကယ်တော့ မသီတာတို့ သားအမိ အသက်ရှင်ဖို့ သူ့ဘဝနဲ့ လဲလိုက်ရရှာတာပါ၊ ကံကောင်းလို့ ကြိုးစင်မတက်ရတာ၊ တစ်သက်တစ်ကျွန်းကျတော့ သူ့ဘဝရဲ့နှစ်ပေါင်းများစွာဟာ ထောင်ထဲမှာ ကုန်လွန်သွားခဲ့ရပြီးပါပြီဗျာ"

ဦးတာရာသည် ငေးနေသော ဒေါ်ခင်သီတာ၏ မျက်နှာ လေးကို အေးတိုက်အနေထားနှင့် ကြည့်နေရှာသည်။





အကြင်နာရိပ်လေးများ မိုးလာမလား၊ ခွင့်လွှတ်နိုင်ခြင်း အလင်းရောင်လေးများ လက်လာမလားနှင့် ဟိုမျှော်လင့်၊ သည်မျှော် လင့်နှင့် မဝံ့မရဲပါ။

ဒေါ်လုလုက ဒေါ်ခင်သီတာ၏လက်ကို ဆုပ်ကိုင်ပြီးမှ ပခုံးကို ဖက်တွယ်ရင်း . . .

"လုလုရဲ့ မိုက်ပြစ်ကိုလဲ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ လုလုတို့ ရှင်းပြတာတွေကို သီတာ ယုံပြီလား ဟင်"

"ယုံသင့် ယုံထိုက်တဲ့ စကားတွေပါပဲလေ၊ လုလုအပေါ် မှာလဲ သီတာ အပြစ်မယူပါဘူးကွယ်. . .၊ သီတာ့ ဘဝ ဝဋ်ကြွေး ပေါ့လေ"

"ဒါဖြင့် အစ်ကိုလေး ကိုတာရာကိုပါ ဆက်ပြီးခွင့်လွှတ်လိုက် ပါတော့နော်. . . သီတာရယ်၊ သူ့ခမြာ သီတာ့ကို တွယ်တာကြင်နာ လွန်းလို့ သီတာ အသက်ရှင်ဖို့ သူ့ဘဝ၊ သူ့အသက်နဲ့ လဲပေးခဲ့ ရသူပါဆိုတာ သီတာ ယုံလိုက်စမ်းပါတော့ကွယ်"

"ကဲ စကားပြောကြရစ်ဦး၊ လုလုတို့ ဟိုဘက်လျှောက် လိုက်ဦးမယ်နော်"

စွန်းပေနေသော အဖြူရောင်တစ်စကို ရေဆေးချပြီး၍ စင်ကြယ်သွားသည်သို့ပင် ကြည်လင်သော အပြုံးများနှင့်. . .

ဦးစောမောင်နှင့် ဒေါ်လုလုတို့သည်လည်း ထွက်ခွာသွား ကြ ပြန်ပါလေပြီတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၄၃)

"ရန်ကုန်တောင်ဘုရား" ဟူသော ကုန်းမြင့်ပေါ်မှ စေတီ လေးသို့ လှေကားထစ် အထစ်လေးများစွာ နင်းတက်လာရသည် ထန်းနှစ်ပင်က လှေကားအဆုံး ဘုရားကုန်းတွင် မြင့်မတ်ခြင်း၊ ညီညာ စွာဖြင့် လှေကားထိပ် တစ်ဘက်တစ်ချက်စီမှာ လှပစွာ ရှိနေသည်

ဟိုပင်မြို့နှင့် ဝန်းကျင်ကိုအပေါ်စီးမှ မြင်ရသော ရှုခင်းလေ ပါပင်။

အရှေ့မှာ အရှေ့ရပ်၊ တောင်ဘက်မှာ ရဲကုန်း၊ မြောက်ဘက် မှာ အင်းတော်ကြီးသွားလမ်းနှင့် ဟိုးဝေးဝေးဆီမှာ ဂေါ်ရခါးမှာ နေသည့် ရွာ၊ အနောက်မှာ အနောက်အရပ်၌ အိမ်ခြေများ အိမ်ကောင်းများ ပေါလှသည်။





ဘုရား၏ လှေကားထိပ်မှ ရှေ့တည့်တည့်တွင် မြင်ရသော ဒိုးညွှင်းသွား ကားလမ်းလေးက အမြင်ဝေး၍ သေးသွယ်နေသည်။

ထိုလမ်းဘေးမှာ ဆေးရုံ။ ဦးတာရာ တက်သွားရသော ဟိုပင်မြို့၊ ပြည်သူ့ဆေးရုံ။

ဤသာယာလှသော ဘုရားကုန်းလေးပေါ်မှ ခရေပင်ရိပ် အောက်မှာ ပြည့်ဖြိုးအောင်နှင့် ပန်းအိဖြူတို့ ချစ်သူနှစ်ယောက် ရှိနေကြသည်။

ဦးတာရာ၏ တားမြစ်ချက်၊ မေမေ၏ အတန်တန်မှာကြား သော စကားကြောင့် တစ်သက်တာ နှုတ်ပိတ်၍ နေပါတော့မည် ဟူသော ဆုံးဖြတ်ချက်ကြောင့်သာ. . .

"နန့်မွန်းတောင်ထိပ်မှ ဦးတာရာကို တွန်းချခဲ့မိပါသည်"

ဆိုသောအကြောင်းကို ပန်းအိဖြူ ချန်လှပ်ထားခဲ့ပါသည်။ ဒိမိ၏အသည်းနှလုံးတွင် ဤမျှရက်စက်နိုင်မှုမျိုး ဖြစ်ထွန်းလာခဲ့ ပါသည်ဆိုသည်ကိုလည်း ချစ်သူမသိစေချင်ပါ။ ဖခင်၏သွေးများ ပါလေရော့သလား။ ကိုယ့်အမှားကိုကိုယ်သိရပြီမို့ နောင်တွင် ထာဝရ ဤကိစ္စမျိုးမဖြစ်စေရပါဟု ဘုရားမှာပင် ပန်းအိဖြူ သစ္စာပြုမိပါသည်။

ဤအကြောင်းမှလွဲပြီး ဟိုး . . . အနှစ်နှစ်ဆယ်ဆီမှ "ခင်သီတာ" သိန်းထိုက်ရတနာသို့ ရောက်လာခဲ့ပုံ၊ "ကိုတာရာ" ဆိုသူ နှင့် တွေ့ပုံ၊ ရင်တွင်းခံစားမှုများကို မြှုသိပ်ထားကြပြီး ကိုကျော်သူနှင့် လက်ထပ်လိုက်ရပုံမှအစ. . .

ဦးတာရာ ဤလူသတ်မှုကို ဘာကြောင့် ကျူးလွန်ရပါ ကြောင်း။ ဦးစောမောင်နှင့် ဒေါ်လုလုတို့ကိုပါ သက်သေတည်ပြုပြီး၊



www.burmeseclassic.com

www.burmeseclassic.com



ဦးတာရာက မိမိတို့သားအမိအတွက် ရှေ့နေနှင့် ထုတ်ဝေသူနှင့် ပေးကမ်းဖို့ စီစဉ်ထားခဲ့ကြောင်း အဆုံးထိတစ်လုံးမကျန်. . .

ပြည့်ဖြိုးအောင်သို့ ပန်းအိဖြူ ပြန်လည်ပြောပြပြီးချိန်တွင်. . .

"ဒါကြောင့် အန်တီသိတာလာပြီးမှ ဆရာ့ကို အိဖြူဆက်ဆံတာ. . . ကြည့်တာတွေ သိပ်ပြောင်းလဲသွားပါလားလို့ မောင်မောင်တောင် သတိထားမိတယ်"

"ဒါဆို ဆရာကပိုသိမှာ ပေါ့နော် မောင်မောင်"

"အင်းပေါ့"

"ဆရာ့အဖြစ်ကို ကြားရတော့ သနားလာမိတယ် မောင်မောင်ရယ်၊ ကိုယ့်အဖေကို သတ်ထားလို့ နာကျည်းတဲ့ စိတ်တွေတောင် ပြေပျောက်လာသလိုပါပဲ"

"အမှန်တော့ ပြေပျောက်သင့်ပါတယ် အိဖြူရယ်၊ အချစ်တို့ သားအမိ အသက်ရှင်ဖို့အတွက် သူ့ဘဝကို စတေးခဲ့ပြီး ဝင်ကယ် ပေးလိုက်ရရှာတာပါ"

"ဟုတ်တယ်နော်. . . ဒီအတိုင်းဆို အိဖြူ လူ့ပြည်ကို မရောက်ပဲနဲ့ လူ့ပြည်က ပြန်ထွက်ခွာသွားရမှာပေါ့နော်",

"ဒါပေါ့. . . မောင်မောင့် အတွက်လဲ သိပ်လှတဲ့၊ သိပ်ချစ်စရာကောင်းတဲ့ ချစ်သူလေးတစ်ယောက် မွေးဖွားလာနိုင်အောင် သူ့အသက်နဲ့ဝင်လဲပေးခဲ့တဲ့ ဆရာ့ရဲ့ကျေးဇူးက တကယ်ကြီးမားပါတယ် အိဖြူရယ်",

"အောင်မယ် သူများကိုမတွေ့လဲ တခြားလှတဲ့ကောင်မလေးတွေ လိုက်ရှာမှာပဲဟာကို"



"အိဖြူမှ အိဖြူပါကွယ်. . . မောင်မောင် အိဖြူကို ဘယ်လောက်ချစ်တယ်ဆိုတာ အိဖြူသိပါတယ်လေ၊ ခုလဲ အဘိုးကြီး အဘွားကြီးတွေက မသွားစေချင်လှဘူး၊ ဒါပေမယ့် မောင်မောင်က သွားတော့မယ့်ဆဲဆဲမှာ ဆရာ့ကြေးနန်းစာရတော့ ချက်ခြင်းလိုက်လာခဲ့တာပေါ့၊ ဒီမှာအိဖြူ"

"မောင်မောင်"

"မောင်မောင်က ကြာရှည်နေခွင့် မရဘူး၊ ပြန်ရမှာ"

"အိဖြူလဲ သိပ်ပြီး လွမ်းကျန်ခဲ့ရမှာပါ မောင်မောင်ရယ်"

"မောင်မောင်သိတယ်၊ မောင်မောင်လဲ ခွဲမသွားနိုင်ဘူး၊ တော့ ဒီလိုလုပ်ရအောင်"

"ဟင်. . . ဘယ်လိုလုပ်မလဲ"

"ဆရာနဲ့ အန်တီ့ကို ကြည့်အောင်လုပ်ပေးခဲ့ပြီး အနှစ်နှစ်ဆယ်စာ တစ်ခါထဲချစ်ကြပါ၊ ခွင့်လွှတ်ကြည်ဖြူ ကြပါလို့ ပြောခဲ့ပြီး. . ."

"အို"

"မောင်မောင်နဲ့ အိဖြူနဲ့ ရန်ကုန်ကို ပြန်ကြရအောင်ပါကွယ်"

"အို. . . မဟုတ်တာ၊ ဒါနဲ့ မောင်မောင် အောင်ပြီးမှ လက်ထပ်မှာဆို"

"အင်းပါ. . . အန်တီကြည်ပြာတို့အိမ်မှာ အိဖြူနေလေ၊ မောင်မောင်က ခါတိုင်းလို ချစ်သူလေးဆီ နေ့တိုင်းပြေးလာမှာပေါ့၊ လက်ထပ်ဖို့ကိစ္စက မာမီတို့ အဘွားကြီးတွေအလုပ်ပဲ၊ မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



တို့က ခွဲမနေရရင် ပြီးရောမဟုတ်လား အချစ်ရယ်"

"အိဖြူရင်ထဲမှာလဲဒီလိုပဲ၊ မောင်မောင်နဲ့ ဘယ်ခွဲချင်ပါ့မလဲလို့"

"ဒါကြောင့် ပြောတာပေါ့"

"ဒါပေမယ့် မောင်မောင်နဲ့ဆရာနဲ့ ပြန်ကြဖို့ စီစဉ်ထားပြီးသားပဲ၊ မဟုတ်တာ မောင်မောင်ကလဲ"

"ဟုတ်ပါတယ် အိဖြူရဲ့၊ ဒီထက်ကောင်းတဲ့ အစီအစဉ် ဘာရှိသေးလဲ၊ အဘိုးကြီး အဘွားကြီးတွေလဲ အနှစ်နှစ်ဆယ်စာ ကြည်ကြပါစေ၊ မောင်မောင်တို့လဲ ဟို မိုးပေါ်တက်ပြီး အတူ လေယာဉ်ကြီးစီးပြီး ပြန်ကြရအောင်ပါ အိဖြူရယ်. . . နော်"

"မောင်မောင်"

"ဗျာ. . ."

"အိဖြူကလဲ လိုက်ချင်ပါတယ်"

"ဟာ. . . ဝမ်းသာလိုက်တာ"

"ဆရာဦးတာရာကလည်း နေခဲ့ချင်မှာပဲ"

"ဒါပေါ့၊ ဆရာက အန်တီသီတာ့ပေါ်မှာ ဘဝအဆုံး ခံနိုင်တဲ့အထိ ချစ်ခဲ့တဲ့သူပဲ၊ သူလဲ နေခဲ့ချင်မှာပေါ့"

"ဒါပေမယ့် မောင်မောင်"

"ဘာဖြစ်လဲ အိဖြူ"

"မေမေက အိဖြူကိုလဲ လွှတ်မှာမဟုတ်ဘူး၊ အိဖြူကို မောင်မောင်နဲ့ ကြည်ဖြူပြီးသားမို့ လွှတ်နိုင်တယ်ထား၊ ဆရာနေခဲ့မှာကို မေမေကလက်ခံမှမဟုတ်ဘူး မောင်မောင်ရဲ့"





"ဘာဖြစ်လို့လဲ"

"မေမေက သိပ်အိန္ဒြေကြီးတာ၊ တွေ့တဲ့အတိုင်းမေမေက နုလဲနုသေးတယ်၊ လှလဲလှသေးတော့ လက်ထပ်ချင်ကြသူတွေ အများကြီး"

"ဟုတ်လား"

"အဲဒီလို အကြောင်းတွေများ တိုက်ဆိုင်လာရင် မေမေက ဟောက်လွှတ်တာ အိဖြူတောင် ကြောက်တယ်၊ သိလား မောင်မောင်ရဲ့"

"အဲဒါတွေက တခြားလူတွေကိုး"

"နောက်ပြီး ပြောသေးတယ်၊ ငါ့သမီးပျိုလေး ဘယ်တော့မှ ပထွေးနဲ့မနေစေရဘူးတဲ့"

"အချစ်ကလဲကွာ အဲဒါတွေကမှန်တယ်လေ၊ အခုဆရာက သူ့ချစ်သူပဲ၊ ပြီးတော့လဲ အိဖြူမှာ ပထွေးနဲ့နေစရာ ဘာပြဿနာ ရှိတော့လဲ၊ မောင်မောင်နဲ့ မကြာခင် လက်ထပ်တော့မှာပဲ၊ ဒီမှာ. . . အိဖြူအနေနဲ့ကရော ဆရာ့ကို ပထွေးအဖြစ်နဲ့ လက်ခံနိုင်ပြီလား"

"ဟိုတုံးကတော့ သိပ်စိတ်နာတယ်၊ ခုတော့လဲ ဆရာ့ကို သိပ်သနားတာပဲ"

"ဟုတ်ပါပြီ၊ မောင်မောင်မေးတာ ဖြေစမ်းပါ၊ အိဖြူကရော ဆရာ့ကို လက်ခံနိုင်မှာလား"

"ဘာလက်မခံနိုင်စရာရှိလဲ မောင်မောင်ရယ်၊ သူ့ခမြာ အိဖြူကို တကယ်ပဲ သမီးလေးလိုချစ်ရှာတာ မောင်မောင့်အသိပဲ၊ ပြီးတော့ အိဖြူရဲ့ အဖမဲ့ ဘဝဖြစ်ရတာ သူ့ကြောင့်ပါဆိုပြီးသူသေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရင် သူနဲ့သက်ဆိုင်တဲ့ အမွေတွေအားလုံး အိဖြူကိုလွှဲ ပေးထားပြီး သား"

"ဒါဖြင့် အိဖြူက ဆရာ့ကို အန်တီသီတာနဲ့သဘောတူတယ် ဆိုပါတော့"

"မောင်မောင်ကလဲလေ အိဖြူတို့က ကလေးတွေပဲ၊ အိဖြူ တို့ပြောတာကို မေမေတို့က ပြန်ပြီးနာခံရမယ့် ကိစ္စမျိုးမှ မဟုတ်တာ"

"အို . . . မောင်မောင်လိုချင်တဲ့အဖြေက တစ်ခုထဲ၊ အိဖြူ အနေနဲ့ ဆရာ့ကို လက်ခံနိုင် မခံနိုင်ဆိုတာပဲ၊ ခုတိုင်းဆို အသာနေ၊မောင်မော့င်နဲ့ ဆရာနဲ့တိုင်ပင်ပြီး ကြည့်စီစဉ်မယ်"

"မေမေလက်ခံရင်တော့ ကောင်းသားပေါ့မောင်မောင်ရဲ့၊ မေမေက ရမှာမဟုတ်ဘူး၊ သူ့သိက္ခာကို သိပ်ထိန်းတာ"

"အဘိုးကြီးမှာလဲ အသည်းနဲ့ပါ၊ အဘွားကြီးမှာလဲ အသည်း နဲ့ပါ အိဖြူရဲ့၊ ရာဇဝင်ရှိခဲ့ဖူးတဲ့ အတိတ်နှောင်းက အသည်းတွေဟာ အကြောင်းဆုံလာရင် ပြန်လည်လှုပ်ရှားလာကြမှာပါ"

"ဟုတ်ပါ့မလား ,မောင်မောင်ရယ်"

"လာ. . . ပြန်ကြမယ်၊ အသာလေး ချောင်းကြည့်ကြမယ်၊ ခုလောက်ဆိုရင်တောင် သူတို့ နှစ်ယောက်ထဲမို့ ကြည်ချင်ကြည်နေ ကြရောပေါ့"

"မောင်မောင် ကလဲလေ"

"ဩော် . . . အဘိုးကြီးအဘွားကြီးတွေ ကြည်ဖို့ပြောရတာနဲ့ ဘဲ မောင်မောင်တို့တောင် မကြည်ရသေးဘူး၊ လာပါဦး"

"သွား . . . ဒါ ဘုရားပေါ်မှာရှင့်"





ပြုံးရွှင်ကြည်နူးစွာ ပြေးဆင်းသွားသော ပန်းအိဖြူ၏ နောက်မှ ပြည့်ဖြိုးအောင်က မြူးတူးပျော်ရွှင်စွာ ပြေးလိုက်လာပါ သတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ● အခန်း (၄၄)

"မသီတာကို ခွင့်လွှတ်ပါလို့ ကျွန်တော် လာတောင်းပန်တာ
မဟုတ်ပါဘူး"

"ဟင်. . ."

"မသီတာတို့ပေးသမျှအပြစ်ကို ကျွန်တော် ထိုက်ထိုက်
တန်တန် ခံယူဖို့လာခဲ့တာပါ မသီတာရယ်"

"ဒါနဲ့ လုလုတို့က. . ."

"သြော်. . . သူတို့ကို အကြာကြီးလိုက်ရှာ၊ ငွေတွေပေးခဲ့ပြီး
သီတာဆီကိုလိုက်ပြီး သက်သေခံပေးကြပါလို့ တောင်းပန်ပြီး
ခေါ်လာခဲ့ရတာပါ"

"ဒီလိုရှင်းပြပြီးရင် ကျွန်မအနေနဲ့ ဘာများပြောစရာ ကျန်





တော့မှာလဲ ကိုတာရာ၊ သမီးလေးရဲ့မိုက်မဲမှုအတွက်ကို ကျွန်မက
တောင် ပြန်ပြီး တောင်းပန်ရဦးမှာပါလေ"

"ကလေးနဲ့ပတ်သက်လို့ ဘာအပြစ်မှ မယူရက်ပါဘူး၊
ပန်းအိုးဖြူကိုလဲ ပြောပြပြီးပါပြီလေ၊ သူ့အပေါ်မှာ ကျွန်တော်
သမီးလေး လို့ချစ်ခဲ့တာ သူလဲသိရှာပါတယ်၊ ကျွန်တော် မေးချင်တာ
မေးပါရစေ မသီတာ"

"မေးပါ ကိုတာရာ"

"ကျွန်တော်ရှင်းပြတာတွေကို လက်ခံနိုင်ရဲ့လား မသီတာ"

"လက်မခံနိုင်စရာ၊ မရှိတော့ပါဘူးလေ"

"ဒါဆိုရင် ကျွန်တော်ကြိုးစားရကျိုးနပ်ပါပြီ မသီတာရယ်၊
တစ်ခုပဲမေးဖို့ ကျန်ပါတော့တယ်"

"ဟုတ်ကဲ့"

"ကိုကျော်သူကို တကယ်ပဲ သတ်ပစ်ခဲ့မိတဲ့ ကျွန်တော့်ကို
မသီတာ ဘယ်လိုများ အပြစ်ပေးချင်ပါသလဲ၊ ထိုက်ထိုက်တန်တန်
ခံယူမယ်ဆိုတဲ့ သံဓိဋ္ဌာန်နဲ့ ကျွန်တော်လာခဲ့တာပါ"

ဒေါ်ခင်သီတာမှာ သူ့ကို ကြည့်နေသော ဦးတာရာသို့
မကြည့်၊ အခန်း၏ပြတင်းမှတစ်ဆင့် အပြင်သို့ လှမ်းကြည့်နေရင်း
က. . .

"ပြီးခဲ့တာတွေလဲ ပြီးပါစေတော့လေ၊ သည်ဝန်ကြွေးတွေ
ပေးဆပ်လို့ ပြီးပြေပါပြီလို့သာ သတ်မှတ်လိုက်ပါတော့၊ ကိုတာရာလဲ
ထောင်ထဲမှာ အကြာကြီးနေလာခဲ့ရပြီပဲ၊ ကျွန်မအနေနဲ့ နောက်ထပ်
ဘာမှ ကိုတာရာ့ကို ဒုက္ခမပေးလိုတော့ပါဘူးရှင်၊ ကိုတာရာ့အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငှ်လွှတ်နိုင်ပါပြီ"

"အို. . . မသီတာရယ်၊ ဒီလိုစကားမျိုးလေးကြားနိုင်ဖို့ အတွက် ထောင်ထဲမှာ ဆယ့်လေးနှစ်၊ အပြင်မှာ အောင်မြင်အောင် ကြိုးစားရတာက ခုနစ်နှစ်နီးပါး ပါဗျာ"

ဒေါ်ခင်သီတာမှ တိုးညှင်းညင်သာစွာ ပြောကြားလာသော းတာရာသို့ လှည့်ကြည့်လိုက်မိသည်။

မှုန်ဝေနေသော သူ့မျက်ဝန်းရိပ်မှာ ဟိုစဉ်က ခင်သီတာ ခဲ့ဖူးသော ချစ်နိမိတ်လေးများ ထင်ဟပ် ပြန်ပေါ်လာနေသည်။ ဒေါ်ခင်သီတာ၏ အကြင်နာ မျက်ဝန်းများကိုလည်း သူမြင်သိ တွေ့ မိမှာပါ။

"မသီတာ"

"ရှင်"

"ကျွန်တော့် စာပေအမည်ကို 'သမုဒ္ဒရာစာပေ' လို့ ပေးခဲ့တာ သီတာကို ရည်ညွှန်းခဲ့တာပါ။ သီတာဆိုတာ ရေမဟုတ်လား"

သူက စကားကိုခဏရပ်ပြီးမှ ညင်သာစွာပင် ဆက်၍ပြော ာသည်။

"ကမ္ဘာပေါ်မှာ အများအပြားဆုံး ရေရှိတဲ့ နေရာဟာ သမုဒ္ဒရာမို့သာ တင်စားရတာပါ၊ တကယ်တန်း ကျွန်တော့်ရင်ထဲမှာ သီတာကိုချစ်ခဲ့ရတဲ့ အချစ်ဟာ သမုဒ္ဒရာ မက များပြားခဲ့ပါတယ်ဗျာ"

"အို. . ."

"ပြီးတော့ ရာနှုန်းအနေနဲ့ပြောရရင်လဲ ရာနှုန်းပြည့်ဆိုတာ က်ကို ပိုလို့ အခု ကျွန်တော်ရေးလက်စ စာမူကို 'ချစ်ရာနှုန်း





၁၀၁' လို့ အမည်ပေးခဲ့တာလဲ မသီတာကို ရည်ညွှန်းခဲ့တာပါပဲ"

သည်အသက်အရွယ်ရောက်လာခါမှ၊ သည်စကားမျိုးကြား လာရပြန်တော့ ဒေါ်ခင်သီတာ နုပျိုစဉ်ကလိုပင် ရှက်စိတ်ဝင်၍ ရင်မှာ လှုပ်ရှားလာရပါသေးလား။

"ကျွန်တော် မသီတာကို ပွေ့ချီမပြီး ဆေးရုံပို့ ပေးရတဲ့ညက စပြီး ချစ်ခဲ့ရတဲ့ အချစ်မျိုးအတိုင်း ဒီနေ့ထိလဲ ချစ်နေဆဲပါပဲ ဆိုတာတော့ မသီတာရယ် ယုံပါဗျာ"

ဒေါ်ခင်သီတာ မျက်နှာလွှဲပစ်လိုက်သည်။

"အဘိုးကြီးပါးစပ်က ချစ်စကားအလှတွေ ပြောနေတယ် လို့တော့ မထင်လိုက်ပါနဲ့ မသီတာရယ်၊ ကျွန်တော့်အတွက် ပြောစရာ အခွင့်အခါကလဲ ခုလို အနှစ်နှစ်ဆယ်ကြာမှ ပေးလာလို့ပါ ဗျာ"

"ကို. . . ကိုကျော်သူနဲ့ လက်ထပ်ခါနီးတုန်းက ကျွန်မ. . . ကျွန်မ ခေါ်ပြီး ပြောပါသေးတယ်လေ"

"ကျွန်တော် မမေ့ပါဘူး မသီတာရယ်၊ မသီတာရဲ့ မျက်ဝန်း လေးက ပြနေတဲ့ ချစ်နိမိတ်လေးတွေကို ကျွန်တော် ခုချိန်ထိ သတိရနေမိဆဲ၊ မြင်ယောင်နေမိဆဲပါဗျာ"

"ဒါနဲ့များ ရှင်"

"ဪ. . . ဟိုတုန်းကတော့ ကျွန်တော် ဘေးဖယ် ပေးလိုက်ရင် ကျွန်တော်ချစ်ရတဲ့ မသီတာဟာ အမွေသိန်းပေါင်း များစွာ ပိုင်ဆိုင်ရမယ့် သူဌေးကတော်လေး ဖြစ်အောင်လို့ပါ၊ ဒီအချိန်က ဦးလေး ဦးသိန်းထိုက်လဲရှိနေလို့ သူတို့စိစဉ်ပေးတာ မှန်ကန်မယ်လို့ တင်ခဲ့မိတာနဲ့ ကျွန်တော်ဘေးဖယ်ပေးခဲ့မိတာပါ



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ဒီလောက် အသည်းကျွမ်းအောင် ရင်ပမ်းခဲ့ရတာပါ မသီတာရယ်၊ အို. . . ဘယ် သွားမလို့လဲ"

"ကျွန်မ နောက်ဖေးမှာ လုပ်စရာရှိသေးလို့၊ ကလေးတွေလဲ ပြန်လာတော့မှာနီးပြီလေ"

ဦးတာရာက ဒေါ်ခင်သီတာ၏လက်ကို လှမ်းဆွဲမလို လုပ်ပြီးမှ မော်ကြည့်ရင်း ဆက်ပြောနေသည်။

"မသီတာ့ ဘဝထဲကို ကျွန်တော်ဝင်လာပါရစေ၊ စာရေးတဲ့ အလုပ်ဆိုတာ ဒီမှာနေပြီး ရေးလို့လဲရပါတယ်၊ ဒါမှမဟုတ်လဲ မသီတာ ရန်ကုန်လိုက်ခဲ့ပါလား ကွယ်၊ အသက်လေးဆယ်ကျော်မှ ဘဝကို ပြန်စကြရအောင်ပါ၊ ကျွန်တော် ချစ်ခဲ့ရလွန်းတဲ့ မသီတာ ရယ်"

"ကျွန်မ သံဓိဋ္ဌာန် ချထားတာ တစ်ခုရှိပါတယ် ကိုတာရာ၊ ဒီအတိုင်းလဲ နေခဲ့ပါတယ်"

"ဘာများလဲ၊ မသီတာရယ်"

"ကျွန်မ သမီးလေးကို ပထွေးနဲ့ ဘယ်တော့မှ မနေစေရဘူး လို့"

"အို. . . ကလေးက ကျွန်တော့်ကို သိပ်ခင်တွယ် ရှာတာပါ၊ ခုကိစ္စပြီးမှ. . . ကျွန်တော် ခွင့်လွှတ်ပြီးမှ သူ. . . ပန်းအိဖြူ လေ. . . ကျွန်တော့်ကို ပိုပြီးကြင်နာခင်တွယ်လာရှာတယ်၊ ဖခင်စားဆိုတဲ့ စိတ်မျိုး မထားနိုင်တောင်မှ ဦးလေးအရင်းတစ်ယောက် လောက်တော့ သူချစ်ရှာပါတယ်၊ ကျွန်တော်နဲ့ပန်းအဖြူကြားမှာ ပြဿနာမရှိ စေရပါဘူး ဆိုရင်ကော"



"အို. . . သီတာ မပြောတတ်တော့ဘူး"

"ကျွန်မ"အစား ယခင်ကလိုနာမ်စားနှင့် "သီတာ"ဟု သုံး လိုက်သည်ကို ဦးတာရာမှာ အားတက် ရွှင်လန်းစွာဖြင့် ဒေါ်ခင် သီတာ၏ လက်ကိုဆွဲယူပြီး သူအိပ်နေသည့် ကုတင်ပေါ်သို့ ထိုင် စေလိုက်သည်၊

အပြင်မှ ချောင်းကြည့်၊ နားထောင်နေကြသော ပန်းအိဖြူ၏ မျက်နှာလေးကို ပြည့်ဖြိုးအောင်က ဆွဲမော့ယူလိုက်ပြီး . . ."

"ကဲ. . . ဘယ့်နဲ့ရှိစ"

ဟု မေးလေးဆတ်ပြီး အသံတိတ် မေးနေချိန်တွင် အတွင်းမှာ. . . .

"ခြေကျိုးနေတဲ့ ကျွန်တော် မပြန်ပါရစေနဲ့ဦး မသီတာရယ်၊ မသီတာ မျက်နှာပူနေမယ်ဆိုရင် ပြည့်ဖြိုးအောင် အပြန်မှာ ပန်းအိဖြူကို ထည့်လိုက်ပါ၊ ဒေါ်ကြည်ပြာတို့ အိမ်မှာစောင့်နေ နှင့်ပေါ့"

ဒေါ်ခင်သီတာထံမှ ဘာစကားပြန်သံမှ မကြားရမီ 'အောင်ပြီ' ဆိုသော ဟန်ဖြင့် ပြည့်ဖြိုးအောင်က မျက်စိတစ်ဖက် မှိတ်၍ လက်မထောင်ပြလိုက်သည်။

ပန်းအိဖြူသည်လည်း ပြုံးရွှင်ကြည်နူးစွာဖြင့် အသံ မထွက်အောင် ပါးစပ်လေးပိတ်၍ ရယ်ကြပြီး ခြေသံမကြားအောင် ခြေဖျားလေးများဖြင့် ဖွနင်း၍ အောက်သို့ ဆင်းလာကြ ချိန်တွင်. . . .

"နော်. . . မသီတာရယ်၊ ချစ်ရမယ့် အချိန်ကနည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လေး ကျန်တော့မှ ပြန်ပြီး ခွဲမသွားပါရစေနဲ့တော့ နော်. . ."

"အို. . . ဒီဟိုပင်မှာတော့ သိတာရှက်တယ်ကွယ်၊ ကလေးတွေက သိက္ခာရှိလှတဲ့ ဆရာမဆိုပြီး"

"ဒါဆို ရန်ကုန် ပြန်နေကြမလား ဟင်၊ ကိုယ့်အတွက်လဲ အဆင်ပြေ၊ ကလေးတွေ လက်ထပ်ပေးပြီးရင်လဲ အဆင်ပြေတာပေါ့၊ ဒါဖြင့် ရန်ကုန်ကို တစ်ခါထဲ လိုက်သွားကြမလားဟင် မသိတာ"

"အို. . . သားသမီး တွေနဲ့လည်း အတူတူမသွားချင်ပါဘူး၊ သူတို့ သွားနှင့်ပါစေ၊ 'သူ' ခြေထောက် ကောင်းမှ သွားတာပေါ့"

"ဟာ. . . ဒါဆို ကိုယ် ထပြေးနိုင်ပြီ ထင်ပါရဲ့ဗျာ"

"သိတာမှာလဲ အရင်းအချာ ဒီမှာ တွယ်တာစရာ မရှိပါဘူး၊ ကြည်ပြာကလဲ ဟိုမှာ၊ အိဖြူလက်ထပ်ပြီးရင်လဲ ရန်ကုန်မှာပဲ နေမှာဆိုတော့"

"ဟုတ်တယ်၊ ကိုယ်နဲ့ သိတာလည်း ရန်ကုန်နေမှ အဆင်ပြေမှာ၊ ဒီမှာ မသိတာ"

"ရှင်. . ."

"ကျွန်တော် ချစ်မြတ်နိုးလွန်းခဲ့ရပါတဲ့ မသိတာရယ်၊ ဒီကမ္ဘာပေါ်မှာ ကျွန်တော့်လို မသိတာကို ချစ်နိုင်တဲ့ အချစ်မျိုး ရှိမယ်ကို မထင်ပါဘူးဗျာ"

"အမယ် အမှတ်တွေ ယူတတ်လိုက်တာ၊ ဟိုတုန်းက ကမ်းတော့မယ် လက်ကိုဖြင့် မကြိုဆိုပဲနဲ့. . . မသိတာရဲ့ အချစ်ကိုလည်း မတောင်းခံပါဘူးဆို"

"စေတနာ လွန်ကဲသွားတာပါဗျာ၊ ကဲ. . . ခုအချစ်တွေ



အများကြီး ပေးပါတော့ မသိတာရယ်၊ ပြီးတော့ လက်ကိုတင် ကြိုမှာ မဟုတ်ဘူး၊ တစ်ကိုယ်လုံးကိုပါ ကြိုပါပြီတဲ့ဗျာ"

"အို. . ."

ဦးဦး/ဒေါ်ဒေါ် ခေါ်နေရသည့်တိုင် အချစ်ဦးနှစ်ယောက်၏ ရင်ခွင်နှစ်ခုမှာ နှစ်ပေါင်းများစွာ ကြာလေမှ ထိတွေ့ ပေါင်းဆုံခွင့် ရကြလေပြီသာ. . .

"သြော် ကျွန်တော့်ရဲ့ အချစ်ဦး မသိတာရယ်"

"သိတာရဲ့ အချစ်ဦးဟာလည်း သူပါပဲကွယ်"

"ကိုယ်က ဘဝပျက်ခဲ့ရတယ်၊ မသိတာက ဘဝနွမ်းခဲ့ရတယ်၊ ခုတော့ အဲဒီ ပြီးဆုံးခဲ့သမျှတွေကိုပါ ချန်မထားဘဲ ပြန်ပေါင်းဆွဲယူပြီး ၊ အနှစ်နှစ်ဆယ်စာ အချစ်တွေ ထပ်တိုးလို့. . .

'အို. . . ကို. . . ရယ်. . . သိတာလေ၊ ဟိုးငယ်ငယ်လေးတုန်းကထက်တောင် ရှက်တယ်ကွယ်"

ဦးတာရာ၏ ရင်ခွင်မှာ မျက်နှာအပ်၍ တိုးတိုးလေး ငြီးလိုက်ချိန်မှာ ဦးတာရာသည် ပြန်လည် ပျောက်ဆုံးသွားမှာ စိုးရိမ်လွန်းသလိုဒေါ်ခင်သိတာကို မြတ်နိုးလွန်းစွာ. . . မြဲမြံလွန်းစွာ ပွေ့ပိုက်ထားလိုက်ပါတော့သတည်း . . . ။

❖ ❖ ❖

ပြီးပါပြီ။

ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

၁၉-၉-၁၉၉၉



www.burmeseclassic.com